
www.burmeseclassic.com



www.burmeseclassic.com

ဖလင်စတားတိုက်ထုတ်

# " တောင်တန်း ဧကရီ "

## (ဒုတိယပိုင်း)

ဗိုလ်မှူးတာရာ( ရဲဘော်သုံးကျိပ် )

စာစဉ်အမှတ် (၄၁)

အမှတ် ၂၇၆၊ ဘားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း(၁၀၈၁၅)

☆ ၁၉၆၄-ခု၊ ဧပြီလ၊ ပထမအကြိမ် ရိုက်နှိပ်ခြင်း။ ☆

တအုပ် ၂-ကျပ်

T. D. B. L. 1.

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ထုတ်ဝေသူ .... .... .... .... | ဦးထွန်းမင်၊ မှတ်ပုံတင်အမှတ် ... (၁၂၀၈) ၂၇၆၊ ဘားလမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပန်းချီ.... .... .... | ဦးစန်းလွင်၊ |
| ဘလောက် .... .... .... .... | ခေတ်ဆန်းဘလောက်တိုက်၊ ၇၈အထက်ပန်းဆိုးတန်း ရန်ကုန်၊ |
| ပုံနှိပ်ဌာန .... .... .... .... | ဦးချစ်စိုး၊ မှတ်ပုံတင်အမှတ်........ ၀၁၉၉၊ သိဒ္ဓိဗလ ရောင်စုံပုံနှိပ်တိုက်၊ ၇၈ အထက်ပန်းဆိုးတန်း၊ရန်ကုန် |





ပြည်လုံးကျွတ် စာပေဖြန့်ချိရေးဌာန

ဖလင်စတားစာပေ

အမှတ် ၂၇၆၊ ဘားလမ်း၊ ရန်ကုန်မြို့။


ဗိုလ်မှူး တာရာ (ရဲဘော်သုံးကျိပ်)

# ထောင်တန်းဇကရီ

## မှတ်တမ်းတင် စာအုပ်သုံးအုပ်၏ နိဂုံး

ဤ ဗိုလ်ကြီး- အောင်မင်းကျော်၏ မှတ်တမ်း စာအုပ်သုံးအုပ်ကြောင့်လည်း ကျွန်တော့်အနေဖြင့် အတော်အလုပ်ရှုပ်ခဲ့ရပေ၏။ ဆွေးနွေးခြင်း၊ စုံစမ်းခြင်း၊ ညှိနှိုင်းခြင်းစသည့် အလုပ်များကြောင့်လည်း ကျွန်တော်၏အဘိုးတန်လှသော အချိန်တွေကုန်ခဲ့ရပေ၏။ သို့ရာတွင် ကျွန်တော်၏အဘို့ ဤကဲ့သို့ အချိန်ကုန်လူပမ်း ဆွေးနွေးခဲ့ရသည်အတွက် အဘိုးမဖြတ်နိုင်သောအထွေထွေ ဗဟုသုတတွေ တသီကြီး ရရှိခဲ့ပေ၏။ ထိုအထွေထွေ ဗဟုသုတများ အနက် ကျွန်တော်တကြိမ်တခါမှပင် စိတ်မကူးခဲ့သော လောကီ ပညာရပ်များ၊ ဂန္ဓာရီဝိဇ္ဇာလမ်းနှင့်ပတ်သက်သော ရှေးမြန်မာများ၏ အင်မတန်လျှို့ဝှက်နက်နဲခဲ့သည့် ပညာရပ်အခြေခံများနှင့်တကွ အာနာပါနအလုပ်ငန်းစဉ်များ အကြောင်းဆီသို့လည်း ကျွန်တော်၏စိတ်အာရုံတွေနှင့် အတွေးအခေါ်တွေကားရောက်ရှိသွားပြီး ဗုဒ္ဓရှင်တော်မြတ်၏ ဓမ္မအဆွေအနှစ် အာနာပါနအလုပ်ငန်းများဆီသို့ နှစ်ချိုက်မွေ့လျော်စ ပြုခဲ့ပေပြီ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဓမ္မတရားဟူသည် အင်မတန်နူးညံ့ပြောင်းပျောင်းသာလော ကျယ်ဝန်းနက်ရှိုင်းလှပေတကား။

ကျွန်တော်သာလျှင် ဓမ္မလောကကြီးထဲသို့ ဖြုန်းဖြုန်းဂိုင်းဂိုင်းနှင့် ရောက်ရှိခဲ့သော နုနယ်သည့် ခလေးသူငယ် နို့စို့အရွယ်မျှသာ ဖြစ်နေကြောင်းကို ရိပ်စားမိခဲ့ပေ၏။ နောက်တချက်ကလည်း ဗုဒ္ဓရှင်တော်မြတ်၏ ဓမ္မတရားသည် ကျင့်သုံးခံစားသူသတ္တဝါများအဘို့ အင်မတန်အေးမြသော စိတ်သဘာဝကိုတုံ့ပြန်စေသော အရသာထူးရှိကြောင်းအချက်ပင်ဖြစ်ပေ၏။

ဗိုလ်ကြီး-အောင်မင်းကျော်၏ နေ့စဉ်မှတ်တမ်း သုံးအုပ်ကိုကိုင်ကာ ကျွန်တော်သိလိုသော အချက်ကလေးများကို နှုတ်ထုတ်၍ စာအုပ်တအုပ်တွင်ရေးမှတ်ခဲ့ပြီး ပညာကျော်ဆရာတော်များ၊ လူပုဂ္ဂိုလ်များ၊ တရားကျင့်သုံးသူ ယောဂီပုဂ္ဂိုလ်များဆီသို့ ကူးချီသန်းချီနှင့် ကျွန်တော်သွားရောက်ခဲ့ပြီး၊ မှတ်တမ်းပါ အတွေးအခေါ်များ၊ အကြောင်းအရာများ၊ လောကီပညာရပ်၊ အာနာပါဏပညာရပ်များ၊ သမထလုပ်ငန်းစဉ်များကိုမူချက်ာ ဆွေးနွေးခဲ့သည်၊ လျှောက်ထားခဲ့သည်၊ စုံစမ်းမေးမြန်းခဲ့သည်၊ သက်ကြီး-ဝါကြီး ပညာရှင် ပုဂ္ဂိုလ်ကြီးများ၊ ရဟန်းရှင်လူများအနေဖြင့် နေ့စဉ်မှတ်တမ်းပါ ဗိုလ်ကြီးအောင်မင်းကျော်၏အတ္ထုပ္ပတ္တိကို တအံ့သြသြ ရင်သပ်ရှုမောစွာဖြင့် ဝေဖန်ကြ၏၊ သာဓုခေါ်ကြ၏။

ဗိုလ်ကြီး-အောင်မင်းကျော်၏ လောကီပညာပိုင်းအခြေအနေကို တီးခေါက်စုံစမ်း လျှောက်ထားသည်တွင် လောကီ ပညာရပ်သည် အင်မတန်ဆန်းကျယ်နက်နဲသလောက် အတွေးရခက်သောပညာရပ်ဖြစ်သည်အလျောက် မဖြစ်နိုင်ဟူ၍မပြောနိုင်ပေ။ ရှေးဟောင်းရာဇဝင်နှင့် ကျမ်းစာများသာမက ဘုရားရှင်လက်ထက်၌ပင် မြော်များစွာသော ဝိဇ္ဇာဓိုရ်ရှိ အန္တရဓာရှင်များ ပေါ်ပေါက်ခဲ့ဘူးကြောင်း



အထင်အရှားရှိနေသည်ကြောင့် ဝိဇ္ဇာဓိုရ်ပညာရပ်များသည်သာသနာ အတွင်းသာမက သာသနာအပတွင်ပင် ဆက်လက်၍ပေါ်ထွန်းနေမည့် ပညာရပ်များဖြစ်နိုင်ကြောင်းကို အမိန့်ရှိကြပေ၏။

ထို့ကြောင့်လည်း ဗိုလ်ကြီး-အောင်မင်းကျော်၏ ဘဝအခြေအနေမှာ လူတသောင်းလျှင် တယောက်လောက်သာ ပေါ်ထွက်နိုင်မည့် ရှာမှရှားလူတန်းစားထဲမှ အလွန် ထူးဆန်းအံ့သြစရာ ကောင်းသော ပါရမီရှိသည့်ပုဂ္ဂိုလ်တဦးသာ ဖြစ်နိုင်ပေမည်ဟူ၍ ကျွန်တော် ထင်မြင်မှတ်ယူမိပါသည်။

အိန္ဒိယနိုင်ငံရှိ ဟိန္ဒူယောဂီများ၊ဆာဓုမိခေါ် ဟိန္ဒူသံယာများ ဗမာအခေါ် တောမှီယောဂီကြီးများ၏ အစွမ်းသတ္တိရှိပုံ၊ ထက်မျက်ပုံများကို အနောက်နိုင်ငံထုတ် သိုးဆောင်းမဂ္ဂဇင်းကြီးများ(WIDE WORLD) ခေါ် အင်္ဂလိပ် မဂ္ဂဇင်းကြီးများတွင် ကျွန်တော်သည် ငယ်စဉ်ကပင်ဖတ်ရှုခဲ့ပြီး မယုံကြည်သည့်ဘက်ကများခဲ့ပေ၏။ ယောဂီကြီးများ၏ အနောက် ဥရောပ တိုက်သားများ၏ ရှေ့မှောက်၌ အစွမ်းပြခြင်း၊ ကြိမ်ဆဲခြင်းစသည်တို့ကို ကိုယ်တွေ့ကြုံခဲ့သော ကာယကံရှင် မျက်နှာဖြူအရာရှိကြီးများ ဖွင့်ဟရေးသားခဲ့သည်ကို ဖတ်ရှုခဲ့ရပေသည်။

ယခု ဗိုလ်ကြီး-အောင်မင်းကျော်၏ အတ္ထုပ္ပတ္တိမှာလည်း သူ၏ တသက်တာ ကိုယ်တွေ့ခဏ်းများတွင် ရိုးသားပွင့်လင်းစွာ ရေးသားမှတ်တမ်းတင်ခဲ့ခြင်းဖြစ်၍ သူ၏ကိုယ်တွေ့ ကြုံခဲ့ရသည့် ဘဝဖြစ်စဉ်များမှာ စာဖတ်သူအနေနှင့် ဇာတ်သုတ အဖြစ်လည်းကောင်း၊ သို့မဟုတ် ပညာရှာမှီးရန် အခြေခံတရပ် အနေနှင့်လည်းကောင်း၊ သို့မဟုတ် ယခု ဒုံးပျံခေတ်အမြင်နှင့် ဗိုလ်ကြီး-အောင်မင်းကျော်၏ကိုယ်တွေ့ ဖြစ်ရပ်များကို နှိုင်းယှဉ်လေ့လာနိုင်ခွင့်ရစေရန်အတွက် စာအုပ်တအုပ်အဖြစ် ရေးသားအစီရင်ခံလိုက်ရခြင်းဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီး-အောင်မင်းကျော်၏ အတ္ထုပ္ပတ္တိ တတိယပိုင်းကို ပြန်၍ ကျွန်တော် ပြန်လှန်ကာလေ့လာသည့်အခါတွင် ဗိုလ်ကြီး အောင်မင်းကျော် အဘိုးသည်လည်းကောင်း၊ တောင်တန်းကောရီ သစ်ပင်ကြီး သည်လည်းကောင်း၊ စောခမ်းနွဲ့သည်လည်းကောင်း၊ သူတို့၏ ဇာတ်ဆောင်အပိုင်းများ၌ လောကီလူသားတို့ စိတ်ဓါတ်အရင်းခံကာ ဇာတ်သိမ်း၊ ဇာတ်ဆုံးပိုင်းအဘို့တွင် လောကုတ္တရာဘက်သို့ အတော်ဆောင်ကျဉ်းသွားပြီး၊ တဦးနှင့်တဦး အပေါင်းအဖေါ် မပြုသော သူတော်ကောင်းစိတ်ဓါတ်အရင်းခံကာ မိမိတာဝန်ပိုင်းကို ပိုင်နိုင်စွာ ထိမ်းသိမ်းစောင့်ရှောက်သွားခဲ့ခြင်း၊တာဝန်ကျေပြွန်ခဲ့ခြင်း၊ဗိုလ်ကြီး အောင်မင်းကျော်သည် သူ၏တပ်မှူးရဲမက်များကို စစ်ဗိုလ် ဘဝသာမက အရပ်သားဘဝပင် ရောက်စေကာမူ သူ၏ထားရှိခဲ့သည့် ဂတိသစ္စာအတိုင်း သူ့နောက်သို့ပြန်လည်လိုက်ပါပြီး ထာဝရ ငြိမ်းချမ်းရေးကို ပေးဆောင်နိုင်သည့် ဥတ္တရပူရမြို့ဘော်သို့ အပြီးအပိုင်ဆောင်ကျဉ်းသွားခဲ့သည့်အဖြစ်ကို အံ့ဩလောက်ဘွယ်ရာ သူရသတ္တိ၊ ဇွဲ၊ ဝီရိယတို့ဖြင့် ခေါင်းဆောင်သွားခဲ့သည်ကို တွေ့ရပြန်ပါသည်။

ဤကား ဗိုလ်ကြီး-အောင်မင်းကျော်၏ တတိယနေ့စဉ်မှတ်တမ်း စာအုပ်မှ နိဂုံးချုပ် အကြောင်းအရာများကို အကျဉ်းချုံး၍ မှတ်ချက် ဝေဖန်ချက်ကို ကျွန်တော့် အနေဖြင့်ချမှတ်ခြင်းသာဖြစ်ပေ၏။

လောကီပညာရပ်၊သမထတံခိုးများနှင့်ပတ်သက်၍ ယခု တောင်တန်း ကောရီ ပဌမ၊ ဒုတိယပိုင်းများ ထွက်ပြီးမှ လူကိုယ်တိုင် တမျိုး၊ စာဖြင့်တဖုံ လာရောက်ဆွေးနွေးကြသူ တော်တော်များများရှိခဲ့ပေ၏။ စာပေလောကမှ စာရေးဆရာကြီးများ၊ စာပေဝါသနာရှင် ညီငယ်၊ ညီမငယ်များလည်းရှိခဲ့ပေ၏။ ကျွန်တော်၏ ထင်မြင်ယူဆချက်ကို သူတို့သည် နောက်ဆုံးတွင် အတိအလင်းဖေါ်ပြရန် မေးမြန်းစောင်းဆိုကြ၏။ ကျွန်တော်သည် ဗိုလ်ကြီး- အောင်မင်းကျော်၏



အတ္ထုပ္ပတ္တိများကို ဖတ်ရှုဝေဖန်နေသောကာလတွင်ပင် ရှိနေသေး၏။ နောက်တချက်ကလည်း ဒုံးပျံခေတ်တွင်ပင် ယခုအထိဆက်လက်၍ လက်ခံနေသေးသော ဗေဒင်ပညာနှင့် တွဲဖက်ထားသည့် လက္ခဏာ ပညာရပ်အကြောင်းကို ကျွန်တော်စဉ်းစားမိပြန်သည်။

ဗေဒင်ပညာ၊ လက္ခဏာ ပညာရပ်များသည် ဘုရားဟောမဟုတ်သော်လည်း ရှေးနှစ်ပေါင်းအသင်္ချေခေတ်ကရှိခဲ့သည့် ရသေ့ ရှစ်သောင်း အမည်ခံ ယောဂီပုဂ္ဂိုလ်မြတ်ကြီးများ၏ ပညာအခြေခံများသာ ဖြစ်ပေ၏။ရသေ့ ရှစ်သောင်းပုဂ္ဂိုလ်ကြီးများသည် တောတောင်ထဲတွင် တရားကိုရှာမှီးရင်း သစ်သီး-ဝါးသီး စားကာ သူတော်စဉ် အကျင့်များဖြင့် သမထလုပ်ငန်း၊ဈာန်လုပ်ငန်းစဉ်များပွားများကာ ပေါ်ပြသည့်ဗေဒင်ပညာရပ်၊လက္ခဏာပညာရပ်၊ဆေးဝါးအင်္ဂါယတ် ပညာများစသည့် လောကီပညာများကို နောင်လာနောင်သားများ အတွက် ထားရှိပေးအပ်ခဲ့ခြင်းဖြစ်ပေ၏။

ထိုခေတ်ထိုအခါကသာ လောကီပညာလိုက်စားတတ်မြောက်သည့် လောကီပညာရှင် ရသေ့ရှစ်သောင်းတွေသာမရှိခဲ့လျှင် ယခုဒုံးပျံ ခေတ်၌ ဆက်လက်လက်ခံနေသည့် ဗေဒင်ပညာရပ်၊ လက္ခဏာပညာ ရပ်များကို ကျွန်တော်တို့မနုဿလူသားတွေ လေ့လာသင်ကြားခွင့် မရှိမည်မှာ ငြင်းဆိုစရာအကြောင်း မရှိတော့ပါ။ ထိုပညာရပ်များ အနက် အင်မတန်နက်နဲထိရောက်သော ဗေဒင်လေးပုံအနက် သမုဒ္ဒရိ ကျမ်းကြီး ပျောက်ကွယ်ခဲ့သည်မှာလည်း အဓိကရပင် ဖြစ်ပေ၏။ အနောက်နိုင်ငံ၏ လက္ခဏာပညာရှင် ကိုင်ရိုပင်လျှင် လက္ခဏာဘက်၌ ဟောပြောမှု မှန်ကန်ခဲ့ခြင်းကြောင့် လက္ခဏာ ပညာရပ်များသည် ပညာပိုင်းတပိုင်းအနေနှင့် ဥရောပတိုက် ယခုဒုံးပျံခေတ်၊ဂြိုဟ်ခေတ် တိုင် ထွန်းကားနေခဲ့ခြင်းမှာ အထူးဖေါ်ပြရန်လိုမည်မဟုတ်ချေ။

ကျွန်တော်တို့ အနေဖြင့် ဖေါ်ပြပါ လောကီ ပညာရပ်များကို

www.burmeseclassic.com

www.burmeseclassic.com



ကြွားဘူးခြင်းသာ ရှိပြီး ပေါက်ပေါက် ရောက်ရောက် မလိုက်စားခဲ့ခြင်းကြောင့် အမှားအမှန်ကိုအတိအကျအဆုံးအဖြတ်မပေးနိုင်ခဲ့ပါ။ ထူးခြားချက် တရပ်အနေနှင့်လည်း ငလျင်လှုပ်ခြင်း၊ ဥက္ကာပျံခြင်းစသည့် နိမိတ်လက္ခဏာများ၏ နောက်ဝယ် ဗမာပြည်တွင်း၌ ထူးထူးခြားခြား ပြောင်းလဲခြင်း၊ ပေါ်ပေါက်ခြင်း အကြောင်းကြီးများကဖြင့် လိုက်ပါနေကြောင်းကိုမူ စာရေးသူ အနေဖြင့် အမြဲတစေမှတ်သားသူတဦးဖြစ်၍ "တိုက်ဆိုင်မှု" တရပ် အနေဖြင့် မှန်ကန်ကြောင်းကို ရိုးသားပွင့်လင်းစွာဝန်ခံရပေမည်။

စာရေးသူ၌ မူလ ပဌမကပင် ဗိုလ်ကြီး-အောင်မင်းကျော်ဆီ၌ ဂတိဝန်ခံချက်ယူခဲ့သည့်အတိုင်း သူ၏အဖြစ်အပျက်များကို မကွယ်မဝှက်စတမ်း စာပေလောကတွင် 'မူရင်း' အတိုင်း ရေးသားဖေါ်ပြပေးပါမည်ဟူသော ဂတိခံဝန်ချက်ကြောင့် ဤတတိယပိုင်း ဇာတ်သိမ်းခန်းကို ရေးသားအစီရင်ခံလိုက်ရခြင်းလည်း ဖြစ်ပေ၏။ စာဖတ်သူအချို့ကပင် ဗိုလ်ကြီး-အောင်မင်းကျော်၏အကြောင်း အရာများနှင့်ပတ်သက်၍ သံသယရှိသည့်လေသံများ ထွက်ပေါ်ခဲ့ပေ၏။ တချို့ကလည်း 'အကြွားအမြင်' ပညာရပ်မှာ မဖြစ်နိုင်ကြောင်းကို ဝေဖန်နေကြောင်းကြားရပေ၏။

'အကြွားအမြင်' ပညာရပ်၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ စွမ်းရည်များသည် အဘိဉာဏ်ခြောက်ပါးတွင် ပါဝင်လျက်ရှိပြီး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင်ကဖြစ်နိုင်ကြောင်း၊ရှိကြောင်းကိုဟောကြားခဲ့ပေ၏။ ဗုဒ္ဓကိုယ်တော်သခင်သည် မည်သည့်အခါမျှ မုသားကြီးငယ်ဟူသရွေ့မသုံးဟူ၍ ကျွန်တော်သည် ချင်းချက်မရှိယုံကြည်ခဲ့ပေ၏။

သို့ရာတွင် ယခုခေတ်လူငယ်များအဘို့ ရှေးမြန်မာရိုးရာ ပညာကောင်းများနှင့် ဝေးကွာခြင်း၊ အကျင့်သီလသိက္ခာဟူ၍ ချိန့်လား



ဟူ၍ မေးလာရအောင် မပြည့်စုံခဲ့ခြင်းကြောင့် မလိုက်စားခဲ့ခြင်းကြောင့် ဖေါ်ပြပါ လောကီအဘိဉာဏခြောက်ပါးကို မယုံကြည်၊ မသိခြင်း၊ မပေါက်ရောက်ခြင်းသာ ဖြစ်ပေလိမ့်မည်။ မျက်စေ့မရှင်ရှာသော ဒုက္ခိတတဦးအား ပန်းရောင်ကမည်ကဲ့သို့၊ အပြာနုရောင်က မည်သို့ဟူ၍ ရှင်းလင်းပြောပြငြားသော်လည်း ထိုရှင်းပြခြင်းခံရသူ ကိုယ်တိုင်က နဂိုရိကပင် မျက်စေ့မမြင်ခြင်းကြောင့် မည်သည့်နည်းနှင့်မျှ သဘောမပေါက်နိုင်ရှာမည့် အဖြစ်မျိုးကို စာရေးသူ တွေးမိခဲ့ပေ၏။

ထို့ကြောင့်လည်း စာဖတ်သူများသို့ မေတ္တာရပ်ခံလိုသည်မှာ ဤစာအုပ်များကို အရှေ့တိုင်းသားများ၏ လောကီပညာ အခြေခံသော ပညာရပ်အကြောင်း အရာများနှင့်မှီ၍ ရေးသားသော ထူးဆန်း အံ့သြဘွယ် ကောင်းသည့် စာအုပ် တအုပ် အနေ ဖြင့်လည်း ကောင်း၊ စိတ်ဝါဒဆန်သော ပညာရပ် အနေနှင့် လည်းကောင်း၊ လူပုဂ္ဂိုလ်တဦးတယောက်၏ ဆန်းကျယ်စွာတွေကြုံရသော ဘဝ ဖြစ်စဉ် အတ္ထုပ္ပတ္တိတခု အနေဖြင့်လည်းကောင်း၊ ဗဟုသုတ ရရှိစေသည့် စာအုပ်တအုပ်အဖြစ်ဖြင့်သာ ဖတ်ရှုစေရန်မေတ္တာရပ်ခံအပ်ပါသည်။

ယုံကြည်သည်-မယုံကြည်သည်မှာ စာဖတ်သူများ၏ ကိုယ်ရေးကိုယ်တာ ပိုင်ဆိုင်ခွင့်သာဖြစ်ပါသည်။ ဤစာအုပ်များကို အင်္ဂလိပ်ဘာသာသို့ ပြန်၍ ထုတ်ဝေရန် အကြံပေးသော ပုဂ္ဂိုလ်များ၊ စာရေးဆရာများကိုလည်း အထူးတောင်းပန် လိုသည်မှာ စာရေးသူအဘို့ အချိန်မရ၊ မအားလပ်ခဲ့ခြင်းကြောင့် ဘာသာပြန်လိုသော စာရေးဆရာများ အနေနှင့် စာရေးသူ၏ အလုပ်သဘောမျိုးအနေနှင့် တိုင်ပင်၍ အင်္ဂလိပ်ဘာသာနှင့် ပြန်ထုတ်နိုင်ကြောင်း ခတ်တိုတိုနှင့်ပင် ပြန်ကြားအပ်ပါသည်၊ စာအုပ်သုံးအုပ်ကိုပူးပေါင်း၍ ဇာတ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကာ လေ့လာဆုံးဖြတ်နိုင်ကြပါစေရန်လည်း အထူးမေတ္တာရပ်ခံ သတိပေးအပ်ပါကြောင်း။

## ပိတ်ဆွဲမှ ရန်သူသို့

"ကျွန်တော်တို့နောက်ပိုင်းက တပ်ရင်း တပ်မဟာဌာနချုပ်တွေနဲ့ အဆက်ပြတ်နေတော့ တာတွေဖြစ်ပျက်နေတယ်ဆိုတာ ကောင်းကောင်း ပိုင်ပိုင်နိုင်နိုင်မသိရပါဘူး အဘိုးရယ်.... ဖြစ်နိုင်စရာတော့ ရှိပါတယ်၊ ကျွန်တော်များမြေပြန့်မှာရှိစဉ်ကတည်းက ဂျပန်တွေဟာ ဗမာ့တပ်မတော် အပေါ်မှာ စော်ကား မော်ကား အမူအယာတွေ စိတ်ထားတွေရှိတယ်ဆိုတာကတော့ ကျွန်တော်ကိုယ်တွေ့ပါဘဲ"

"ခုအချိန်မှာ အခြေအနေက သိပ်ဆိုးတယ် သခင်ကြီး၊ ရှင်၊ လူ၊ ရဟန်းတွေလဲ ပြားပြားဝပ် မိစ္ဆာကောင်တွေရဲ့ ဒဏ်ကို ခံနေရရှာတော့တယ်၊ အမျိုးရယ်၊ ဘာသာရယ်၊ သာသနာရယ်ဟာလဲ အင်မတန် ညှိုးနွမ်းနေပြီ၊ ကိုင်း....ရောက်မဆိုက်ဘဲ ရှုစမ်းပါအုံး သခင်ကြီး...."

ဘိုးအာယုခေါ် ဘိုးသက်ရှည်သည် ကျောက်ဂူကြီး၏ နံရံကို လက်ဖဝါးနှင့် ပွတ်၍ ချလိုက်ပြီး ကြည့်လိုက်ပါသည်။ ဗိုလ်ကြီး-အောင်မင်းကျော်၊ တောင်တန်းကေရီသခင်မကြီး စောခမ်းနွဲ့တို့နှင့် အတွင်းပုဂ္ဂိုလ်ကြီးလေးယောက်တို့သည် ညီညာသော ကျောက်ပြားကြီးဆီသို့ အာရုံပြုကာစိုက်၍ အကြည့်လိုက်တွင် ထူးခြားစွာ ရုပ်လက္ခဏာတွေ ပေါ်ပေါက်လာပါတော့၏။

အဖြူရောင်ဘက်သို့လူနေသော ကျောက်ပြားကြီးပေါ်တွင် ရုပ်ရှင် ပြစက်နှင့်ထိုးကာ ပြသလိုက်သလို လှုပ်လှုပ် ရွရွ သဏ္ဍာန်တွေ တသီကြီး ပေါ်ထွက်လာချေ၏။ လှုပ်ရှားနေသော အရုပ်များနှင့်



အတူ အသံများပါတပါတည်း ပေါ်ထွက်လာပါတော့သည်။

"ခိုးရာ ဘီရှမာဘုန်းကြီးမကောင်းဘူးရှိတယ်၊ ကဲရေ့နိုင်းကား"

ဟူသော ဂျပန်စစ်သားတယောက်၏ ကြုံးဝါးသံများနှင့် အတူ ဂျပန်စစ်သား တယောက်သည် ဆွမ်းခံနေရှာသော သပိတ်တလုံးကို ရင်ခွင်တွင်ပိုက်ထားသည့် ဦးပဉ္ဇင်းတပါး၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်နှက်နေပါတော့၏။ သပိတ်ကြီးမှာ ရုတ်တရက် ဦးပဉ္ဇင်း၏ လက်တွင်းမှ လွင့်စင်ကာမြေပေါ်သို့ကျပြီး ကွဲထွက်သွားလျက် ဆွမ်းရော-ဆွမ်းဟင်းတွေပါ ပြန့်ကြဲနေတော့၏။

"သခင်ကြီး.... ဂျပန်စကားနားလယ်တယ်မဟုတ်လား....၊ အဲဒီ မိစ္ဆာကောင်ပြောနေတာဘာတဲ့လဲ"

ဘိုးသက်ရှည်က ဗိုလ်ကြီး-အောင်မင်းကျော်ကို လှမ်း၍ မေးလိုက်ရာ....

"သူ့ကို အလေးမပြု၊ အရိုအသေမပြုလို့ တဲ့ဘိုးဘိုး၊ ဗမာ ဘုန်းကြီး မကောင်းဘူးဆိုပြီး ကြိမ်းဝါးနေခြင်းဖြစ်ပါတယ်"

"အဲဒါဘဲကြည့်ပေတော့ သခင်ကြီး၊ ဂျပန်တွေကတော့ မဟာယန ဂိုဏ်းဆန်တဲ့ ဗုဒ္ဓဘာသာ အနွယ်ဝင်တွေ ဖြစ်ပေမဲ့ အကုသိုလ် ဖန်တီးလာတော့ ရတနာ သုံးပါးမှာ တတိယအမြတ်ဆုံးရတနာ သံဃာကိုစော်ကားလာခြင်းဘဲ၊ အမှန်ကတော့ အဲဒီ ဂျပန် စစ်သားဟာ သူ့ကို ဦးပဉ္ဇင်းက အလေးမပြုသည်ထက် သူ့အထက်က လူကြီးတွေက မှာကြားထားတဲ့ အမိန့်အရ ဗမာတွေကို စော်ကား မော်ကားရန်စခြင်းသာဖြစ်တယ် သခင်ကြီး"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ဘိုးသက်ရှည်ပြောလိုက်သော သူ့အထက်လူကြီး၏ ခိုင်းစေချက် ဟူသောစကားကို အနည်းငယ် သံသယရှိခဲ့ပေ၏။ ဘိုးသက်ရှည်မှာ အထင်နှင့်မှန်းဆ[illegible]ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပေလေလောဟူ၍ သူ၏အတွင်းစိတ်ထဲ၌ ပေါ်ပေါက်လာသည်နှင့် တပြိုင်နက်ထည်း....

"သူ့ အထက်က လူကြီးတွေ၊စစ်ကဲတွေက ခိုင်းတာအမှန်ပါဘဲ သခင်ကြီး၊ လူပုဂ္ဂိုလ်တဦးတယောက်ရဲ့ မကောင်းသတင်း ဖြစ်စေမဲ့ ကိစ္စမှန်သမျှကို ဘိုးသက်ရှည်က ္လုပ်ကြံပြီးမပြောရ၊ မပြရပါဘူး၊ ဗုဒ္ဓဘုရားရှင်ရဲ့ ပညတ်တော် အင်မတန်ခိုင်မြဲ ကြီးလေးပါတယ်၊ ကိုင်း ပါလေ....သခင်ကြီးပို့ပြီးရှင်းသွားရအောင်"

ပါးစပ်က ပြောလိုက်သည့် တပြိုင်နက်ထည်း ကျော့ပြုးပေါ်မှ ဂျပန်စစ်သားနှင့်ဘုန်းကြီးရုပ်မှာ ရုတ်တရက် ကွယ်ပျောက်သွားပြီး တခဏအတွင်း ဂျပန် စစ်ဗိုလ်များ စုဝေးထိုင်နေ ကြသည့် ရုပ်များ ရှင်းလင်းစွာ ပေါ်ထွက်လာပါတော့သည်။ ဂျပန်စစ်ဗိုလ် များ၏ ရာထူးအဆင့်အတန်းများကို အရေးတကြီးဂရုတစိုက်ကြည့်ရှုလိုက်ရာ ရာထူးရှိသော အရာရှိကြီးနှစ်ဦးနှင့် ဗိုလ်မှူး ကာနယ် (ဗိုလ်မှူးကြီး) ရာထူးရှိသော အရာရှိကြီးနှစ်ဦးနှင့် ဗိုလ်မှူး ရာထူးရှိသောအရာရှိ ခြောက်ယောက်တို့ကိုတွေ့နိုင်ပေ၏။

မျက်မှန်နှင့်ကာနယ်အရာရှိက ဂျပန်ဘာသာဖြင့်....

"ဗမာစစ်သားတွေကိုမယုံရဘူး၊ ကွန်မြူနစ်တွေလိုလို သတင်း ကြားရတယ်၊ ပြီးတော့ ဒို့ဂျပန်စစ်တပ်တွေကို အံတုချင်တဲ့ လက္ခဏာတွေ တွေ့ရတယ်၊ ဒါကြောင့် မင်းတို့လက်အောက်ငယ်သားတွေ ကို မယုံကြည်နဲ့၊ ဦးစားမပေး အထိ သတိပေးထား၊ ဗမစစ်သားတွေကို မယုံကြည်နဲ့၊ ဦးစားမပေး အထိ သတိပေးထား၊ ဗမစစ်သားတွေကို မယုံကြည်နဲ့ နိပ္ပန်စစ်ဘက်က သူတို့ နဲ့၊ ဗမာမှန်ရင် ခတ်တင်းတင်းဆက်ဆန်ခိုင်း၊ နိပ္ပန်စစ်ဘက်က သူတို့ ဗမာတွေအထက်စီးက ရှိတယ်ဆိုတာကို အလုပ်နဲ့ပြပြီး ခုထည်းက နှိမ်ထားပေတော့....မှတ်မိရဲ့လား"

"ကဲ—ကြားရဲ့လား သခင်ကြီး၊ ဂျပန်တွေက တချိန်တခါက လက်ရုံးရည်ခြင်းရှည်ပြီး မိစ္ဆာကုလားဖြူတွေကို တိုက်ခိုက်ခဲ့တဲ့ ရောင်း



ရင်း ရဲဘက်ခြင်းတောင် မညှာမတာ မယုံမကြည်တမ်းဖြစ်ပြီး၊ သူတို့ ကစပြီး သစ္စာဖေါက်နေကြပြီ"

ကိုင်း....ဆက်ပြီးရှုစားပါအုံး သခင်ကြီး၊ မြေပြန့်မှာဖြစ်ပျက်နေ တဲ့ ဖြစ်ရပ်တွေ၊ ဘိုးသက်ရှည်တို့ဖြင့် နေရင်း ထိုင်ရင်း အသက်ရှူ ကြပ်နေပြီပေါ့"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ကျောက်ပြားကြီးဆီသို့ ပြန်၍ ကြည့်လိုက်သည်တွင် ရုပ်ရှင် ပြနေသကဲ့သို့ ဂျပန်စစ် သားများနှင့် ဗမာအမျိုးသမီးများ၏ တရုံးရုံးဗလုံးဗထွေးအမူအယာတွေကို တွေ့ လိုက်ရပေ၏။ ဂျပန်စစ်သားများက သကြား၊ ပိတ်ထည်များနှင့် မြူ ဆွယ်နေသော အမူအယာများဖြင့်....

"ဘိရုမာမိန်းမ အားကြီးလှတယ်၊ မာစတာ အများကြီး ရော ဒေါ်ရှိတယ်ကား"

ဟူသောဂျပန်စကားသံများအပြင် တကွာအရိုးတွေဝေနေသော မျက်နှာကြီးများဖြင့် ဗမာအမျိုးသမီးများကို မြူဆွယ်နေသလော ဗမာအမျိုးသမီးတို့ကလည်း တဟီးဟီး-တဟဲဟဲ-ရယ်မောရင်း ဂျပန် စစ်သားများ၏ လက်ဆောင်များကိုခံယူကာ ကိုယ်ချင်းရင်းနှီးကာ စီးပွားရှာလိုသည့်လက္ခဏာများ ပေါ်ထွက်နေတော့၏။

"တဆိတ်ရှုစားပေတော့ သခင်ကြီး၊ မြေပြန့်မှာ အမျိုးဘာသာ နဲ့ ယဉ်ကျေးမှုတွေကွယ်ပျောက်လှုနီးနေပြီ သခင်ကြီး၊ အကုသိုလ် ကံ ဖန်လာချက်ပုံက ဘယ်လောက်များကြောက်စရာကောင်းသလဲလို့"

"ခုလိုဖြစ်ရတဲ့အရေးကိစ္စမှာ ဂျပန်တွေကို ဗမာပြည်ထဲကို ခေါ် ဆောင်လာတဲ့ တာဝန်ခံပုဂ္ဂိုလ်တွေကိုအပြစ်တင်ထိုက်မတင်ထိုက်ဘဲ အမိန့်ရှိပါ ဘိုးဘိုး"

အတွင်းပုဂ္ဂိုလ်ကြီးတဦးက လျှောက်တင်လိုက်ရာ....

"ဘယ်သူ့ကိုမှ အပြစ်မတင်ထိုက်ပါဘူး ဘိုးသစ္စာရှင်....သူ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်အခါနဲ့ သူဖြစ်ပြီး၊ သူ့အချိန်ကုန်ရင် ပျက်စီးသွားမှာပါဘဲ၊ ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန်ပျက်ဘဲ၊ပြီးတော့ကာ ဗိုလ်အောင်ဆန်း နဲ့ အပေါင်းပါရဲမက်တွေက ဂျပန်နဲ့ ပူးပေါင်းပြီး မိစ္ဆာကုလားဖြူ တွေကို တိုက်ခိုက်သုတ်သင်ဘို့ ရည်ရွယ်ချက် တခုထည်းနှင့်သာ ပူး ပေါင်းကြတာဘဲ၊ လွတ်လပ်ရေးကို လိုချင်ကြရှာတာကိုး...၊ ဒီပြင် ညစ်နွမ်းတဲ့ ပယောဂစေတနာ တစိုးတစေ့မှမပါချာကြပါဘူး၊ ဒါ ကြောင့် ဘယ်သူ့ကိုမှ အပြစ်မတင်စေလိုဘူး၊ ဗိုလ်အောင်ဆန်းနဲ့ ရဲမက်တွေကလဲ သူတို့တာဝန် သူတို့သိကြပါတယ်၊ မကြာမတင်မှာဘဲ ဒီကိစ္စကို သူတို့တာဝန်ယူပြီး ရှင်းလင်းပါလိမ့်မယ်၊ အာဂ-အာဇာနည် စိတ်ထားရှိတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေပါကသွားကြယ်တို့

“ဗမာပြည်ဇာတ်လမ်းဟာ—ကောင်းလိုက် မကောင်းလိုက်နဲ့ အတော်ကြာဇာတ်မျောနေအုံးမှာဘဲဘိုးဘိုး၊ ဘုရားသာသနာအစစ် အမှန်ပေါ်ပေါက်ဘို့တော့ ကိုးကျော်ဆယ်စွန်းမှ နေမွန်းတည့်ချိန် ဖြစ်ပါလိမ့်မယ် ဘိုးဘိုးဘုရား”

“မှန်တယ် သခင်မကြီး၊သတ္တဝါတွေရဲ့ကံတရားပေါ်လေ၊မေတ္တာ ခေတ်ဟာ မကြာခဏရိုက်ခတ်ပေးဘို့လိုတယ်၊ ခုအချိန် အခါက စပြီး ဒီကြားကာလမှာ ဘီလူးခဏ်းတွေထွက်ရမဲ့ အချိန်အခါ ဖြစ် တယ် သခင်မကြီး”

ဗိုလ်ကြီး-အောင်မင်းကျော်အဘို့ မျိုးချစ်စိတ် ပြင်းပြသူ ပြိုပြို သူတွေ့မြင်နေရသော ဗမာမ,များ၏ အမျိုးဖျက် စိတ်ဓါတ်များ ကြောင့် ကြိတ်မှိတ်ကာ ဒေါသချောင်းချောင်းထွက်နေရှာတော့၏။ သူနှင့်သူ၏ရဲဘော်များသည် တိုင်းပြည်လူထုနှင့် တပ်မတော်အတွက် စွန့်စားတိုက်ခိုက်ရသည့် ပင်ပန်းမှုများ ကြားမှပင် သူ၏တပ်မတော် နှင့် တိုင်းပြည်အပေါ် ကျရောက်နေသည့် ဖက်ဆစ်ဂျပန် များ၏ ဘမျိုးလုံးတပြည်လုံးကိုဝါးမျိုတော့မည့်အန္တရာယ်ကြီးကို သတိပြုမိ



ပါတော့၏။ ထိုနောက် သူတွေ့မြင်နေရသည့် မြင်ကွင်းဆန်းများ အကြောင်းဆီသို့ အာရုံရောက်သွားပြန်၏။ သူ၏စိတ်ကိုလှည့်စား၍ စိတ်အာရုံမှဖန်တီးလာသော မြင်ကွင်းဆန်းများ ဖြစ်သလော ဟု သော အတွေးများသည် ပေါ်ပေါက်လာပြန်တော့၏။

“မဟုတ်ပါဘူး သခင်ကြီး၊ တကယ်ဖြစ်ရပ်များကို ဘိုးသက်ရှည် က ရတနာသုံးပါး၊ အနန္တောအနန္တငါးပါး ဦးထိပ်ထားပြီး အသိ ဉာဏ်နဲ့ ယှဉ်ပြီး ဖြစ်ရပ်အမှန်တွေကို တင်ပြတဲ့ တကယ့်မြင်ကွင်း တွေပါ သခင်ကြီး”

လှတ်ကနဲ....ဘိုးသက်ရှည်သည် သံသယစိတ်တွေ ရှိနေရှာသည့် ဗိုလ်ကြီး-အောင်မင်းကျော်ဆီသို့ပြောချလိုက်ရာ တောင်တန်းကေရီ သခင်မကြီးသည် နှုတ်ခမ်းကလေး ပတ္တမြားသွေးကဲ့သို့ ရဲတက်လာ အောင် ပြုံးရောင်ကလေးသန်းကာ ပြုံးလိုက်ရှာပါသည်။

“သခင်ကြီးရဲ့ ခေါင်းထဲမှာ မေးလိုတော်မူတဲ့ မေးခွန်းတွေ မှန် သမျှ မကျင်းမကျန်လျှောက်တင်ခွင့်ရှိကြောင်းပါ သခင်ကြီးဘုရား ဘုရားနှမတော်ထက် ဘိုးအာယုမှာဖြေဆိုခွင့် ရှိကြောင်းပါဘုရား”

ဤတွင်မှ ဗိုလ်ကြီး-အောင်မင်းကျော်သည် သူလမ်းတလျှောက် လုံး၌ မရှင်းလင်းခဲ့သော မေးခွန်းတွေ တသီကြီး ရှိခဲ့ကြောင်းကို ပြေး၍ သတိရလာတော့၏။

ဘိုးအာယုသည် တချက်နက်နဲစွာပြုံးလိုက်ပြီး....

“ဖြေပါ့မယ် သခင်ကြီး၊ ဖြေရမှာပါဘဲ သခင်ကြီး၊ခေတ်အတွေး အခေါ်တွေဆန့်တဲ့ သိုးဆောင်းအယူအဆတွေကို မှိုင်ငြိမ်းပြုလက်ခံခဲ့ တော့ ဗုဒ္ဓတံခိုး အာဏာစက်နဲ့ ဝေးခဲ့တာမို့ ဗုဒ္ဓတံခိုး တော်ရဲ့ ပြန့်နှံ့မှုတွေက ဝေးကွာခဲ့တာကိုး၊ကောင်းပါပြီ — ဈာန်သမာပါတ် ဝင်စားတုံးမှာ အစာအဟာရမစားဘဲ နေနိုင်ကြတာကို သံသယဖြစ်ခဲ့ တယ် မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



“ဖြေကြားပါ့မယ် အဟာရမမှီဝဲဘဲနေနိုင်ခွင့်ရှိတဲ့ အကြောင်းအရာလေးပါးနဲ့ အဟာရ ၄-ပါးရှိတယ်၊ ခတ်တိုတိုသဘောပေါက်အောင် ဘိုးသက်ရှည်လင်းပါရစေတော့”

“ဂပလီကာ အဟာရဆိုတဲ့ သာမန်နေ့စဉ် နေ့တိုင်း အချိန် တိုင်း စားတော်မှီဝဲနေကြ အဟာရတမျိုးဖြစ်ပါတယ်သခင်ကြီး၊ နောက် တချက်ကတော့ ဖဿ-အဟာရဆိုတာ အလွန်သာယာတဲ့ အတွေ့အထိ ဖဿအာရုံမှာ ရင်ဆိုင်ခံစားနေရခြင်းကြောင့် အစာ အဟာရ အစစ်ကိုသတိမရဘဲ ရှိနေခြင်း ဖြစ်ပါတယ်၊ ဥပမာပေးရရင် ဘုရားလောင်း ဣသိင်္ဂရသေ့ဟာ နတ်သမီးနဲ့ ထိတွေ့ခြင်းကြောင့် သုံးနှစ်တိုင် အစာအဟာရကိုသတိမရနိုင်တန်း ရှိခဲ့ပါတယ်၊နောက်တချက် ကလဲ ဘုရားလောင်း ဇနက ဇာတ်တော်ကြီးထဲမှာဆိုရင် ခုနစ်ရက်တိုင်လုံး ဘုရားလောင်း ဇနကမင်းသားဟာ သမုဒ္ဒရာပြင်ကျယ်ကြီးထဲမှာ မလျှော့သောလုံ့လနဲ့ ကူးခတ်ပြီး နောက် မဏိ မေခလာ နတ်သမီးရဲ့ နူးညံ့သော ဖဿရင်ငွေ့ကြောင့် ဘုရားအလောင်းတော် ဇနကမင်းသားခမျာ ချက်ခြင်းအိပ်မောကျပြီး ပင်ပန်းခြင်း ဆာလောင်ခြင်း ဝေဒနာများကင်းလွတ်ခဲ့ကြောင်းကို ဖတ်ရှုကြားဘူးပါလိမ့်မယ်သခင်ကြီး....၊ ရာဇဝင်မှာ အထင်အရှားပါရှိခဲ့တဲ့ မင်းသက္ကရာဇ် ၇၆၃-ခုနှစ်မှာနန်းတက်ပြီး တနှစ်သာနန်းသက်ရှိတဲ့ မင်းကြီးစွာ စော်ကဲ၏သားတော်ဖြစ်တဲ့ ဆင်ဖြူရှင် တရမှာ ဆိုရင်လဲ သူ့လက်မှာရှိတဲ့ လကျ်ာရစ် ပရှသင်းကို ဝိဇ္ဇာထိုရ်ဘဦးက နတ်သမီးအတွေ့ဖဿအာရုံကြောင့် သမာဓိတရားအခြေခံမရှိတော့ စားရမှန်း-အိပ်ရမှန်းမသိတဲ့ ဝေဒနာတွေ ခံခဲ့ရတယ်၊အတွေ့ထူးတဲ့ ဖဿအာရုံခံစား ကြုံကြိုက်စဉ်မှာ-ခံစားကြုံကြိုက်ရတဲ့ ပုဂ္ဂိုလ်ဟာ အဟာရမမှီဝဲတဲ့ ဖဿအာရုံတည်းဟူသော အရသာအဖြစ်နဲ့ တင်းတိမ်နိုင်စွမ်းရှိပါတယ်သခင်ကြီး....”



“နောက် တတိယအချက်ကတော့ ရှေးရှေးဝေးဝေးညွှန်ပြ သက်သေထူစရာမလိုစတမ်းဘဲဆိုကြပါစို့၊ ဥပမာ အပြင်းအထန်ဝေဒနာခံစားနေရသူ၊ မမာနေသူများဖြစ်ပါတယ်၊ သူတို့ဆိုရင်တခါတခါ သတိလစ်သွားတဲ့ အခါမှာဘဲဖြစ်စေ၊ အပြင်းအထန် ဝေဒနာခံနေရတဲ့ အခါမှာဘဲဖြစ်ဖြစ် အမှတ်တရ ထမင်းအစားအစာဟူ၍ ဆာလောင်ခြင်း၊ တောင်းဆိုခြင်းမရှိခဲ့ပါဘူး၊ တဖက်ကဝေဒနာက နှိပ်စက်ခဲ့ခြင်းကြောင့်ဖြစ်ပါတယ်၊ တချို့ဝေဒနာရှင်များဟာ လေးငါးရက်မျှောနေတာ တွေ့ဘူးမြင်ဘူးပါလိမ့်မယ်သခင်ကြီး အဲဒီအချိန်တုန်းမှာ ရေပေးပါ၊ ထမင်းပေးပါလို့ မတောင်းဆိုခဲ့တာတွေကို မတွေ့မြင်ရပါလိမ့်မယ် အဲဒါကို ဝေဒနာအဟာရလို့ ခေါ်ဆိုကြပါတယ်”

ဗိုလ်ကြီးအောင်မင်းကျော်သည် ဘိုးအယုခေါ် ဘိုးသက်ရှည်၏ ရှင်းလင်းချက်များကို လေးနက်စွာ နားထောင်ရင်း စဉ်းစားကာ မညင်းကွယ်နိုင်တမ်းလက်ခံနေမိပေ၏။

“နောက်စတုတ္ထအဟာရကတော့ မနောဝင် စေတနာအဟာရဖြစ်ပါတယ်၊ ပုဂ္ဂိုလ်တယောက်ယောက်ဟာ သူ့ရဲ့ မှန်မြတ်သော စေတနာရည်ရွယ်ချက်တခုခု ဈာန်သမာပါတ်အရာမှုဖြစ်ဖြစ် သမထဝင်စားရာမှာဘဲဖြစ်ဖြစ်၊ အာရုံပြု မျှော်မှန်းပြုနေစဉ်အခါမှာ ဆာလောင်ခြင်း၊မွတ်သိပ်ခြင်းအစရှိတဲ့ ဝေဒနာတွေဟာ မပေါ်ပေါက်မခံစားရပါဘူး၊ အဟာရအစား မနောဝင် စေတနာစိတ်တွေက လွှမ်းချယ်နေတဲ့ အတွက်ဖြစ်ပါတယ်၊ ဥပမာပေးရရင် သခင်ကြီးတို့ ဘိုးသက်ရှည်ဆီလာရင်း လမ်းတလျှောက်မှာတွေ့မြင်ခဲ့ရတဲ့ဈာန်ဝင်စားနေကြတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ အဖြစ်ကို တွေ့ကြုံမြင်လာရခြင်းဖြင့် သိသာနိုင်ပါတယ်၊ တရက်နှစ်ရက်လဲမက လ နဲ့ ချီပြီးဈာန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားနေခဲ့ကြလို့ ဆာလောင်ခြင်း၊ ရေငတ်မွတ်ခြင်း၊ညောင်းညာခြင်းစသည့်ဝေဒနာ တစုံတရာမခံစား မပေါ်ပေါက်ဘဲ ဈာန်ကိစ္စ သမထကိစ္စအရာမှာသာ တခုတည်းမနေ့အာရုံဝင်စားနေခြင်းသာ ဖြစ်ပါတယ်”

“ခု- ဘိုးသက်ရှည်ရှင်းလင်းပြတဲ့ အကြောင်း တရားလေးပါး ကြောင့်သာ သတ္တဝါတွေအစာအဟာရ မမှီဝဲဘဲနေနိုင်ခွင့်ရှိပါတယ် သခင်ကြီး၊ နက်နက်နဲနဲစဉ်းစားလေ၊ ဘိုးသက် ရှည် ရှင်း လင်းပြသချက်ဟာ အဓိပ္ပာယ်ပိုပြီးပေါက်ရောက်လေလေ ဖြစ်မှာပါဘဲ သခင်ကြီး”

ဗိုလ်ကြီးအောင်မင်းကျော်သည်အပြန်ပြန်အလှန်လှန်စဉ်းစားနေမိတော့၏။ သူ့အဘိုးလောကုတ္တရာစာပေများနှင့် ရာဇဝင်စာ အုပ်များကို ကောင်းစွာဖတ်ရှုခဲ့သူဖြစ်ပြီ ဘိုးအာယုပြောချက်များပါအခိုင်အမာဖြစ်နေသည့်ကြောင့် ငြင်းဆိုစရာ အချက်အလက် တခု တလေမှပင်မတွေ့မမြင်တော့ချေ။

“ဘိုးသက်ရှည်ပြောတာတွေ ဖြစ်နိုင်မဖြစ်နိုင် သခင်ကြီးရဲ့ ပင်ကိုယ်ဉာဏ်အတိုင်းကိုယ်တိုင်ကျင့်သုံးကြည့်ပြီးရင်ပိုပြီးသဘောပေါ်ပါလိမ့်မယ်သခင်ကြီးရဲ့”

ဘိုးသက်ရှည် အေးဆေးစွာပြောလိုက်ပြီး ပုတီး ကို တလုံးခြင်း စိတ်လျက် တစုံတခုတွေးမိဟန်ဖြင့်....

“ဩော်- သခင်ကြီး....သခင်ကြီး မီးခဲပြာဖုံးဘဝ ပြန်ရောက်နေရှာတာကိုး-၊ ဘဝမကူးခင်တုံးကဆိုရင် ပညာအရာမှ လျှမ်း လျှမ်းတောက်အခြေအနေက ဒေါသစိတ်မီးကြောင့် ဘဝ ပြောင်း ခန္ဓာနာမ်အိမ်ပါပြောင်းခဲ့ရှာရတယ်၊ အမြင်တွေ- အထင်တွေ- ပညာရပ်တွေလဲ တပါထဲခန္ဓာနာမ်အိမ်ပြောင်းရာနဲ့ အတူပါသွားရှာခဲ့တယ်၊ ပျောက်ကွယ်ခဲ့တယ်၊ ဒါပေမဲ့လေ မကြာပါဘူး အချိန် ရှိပြီး သွား



ပုဂ္ဂိုလ် အခံဓာတ်ရှိပြီးသားမို့ ကျင့်ရရင် ပေါက်ပေါက် ရောက်ရောက်ပြန်ရှိလာမှာပါဘဲလေ”

“ဒါ့ထက် ဘိုးသက်ရှည်ကို ကျွန်တော်နောက်ထပ်မေးမြန်းပါရစေ”

ဗိုလ်ကြီး-အောင်မင်းကျော်သည် အားနာသည့် အသံဖြင့် ခွင့်တောင်းလိုက်ရာ သူ၏နောက်ပါးမှ တောင်တန်းကေရီသခင်မကြီးသည် ကြည်လင်ချိုအေးလှသောအသံဖြင့်....

“အဘိဉာဉ်ခြောက်ပါးအကြောင်းဆွေးနွေးစုံစမ်းဘို့ ကျန်သေးတယ်မဟုတ်ပါလားသခင်ကြီးဘုရား”

ဗိုလ်ကြီးအောင်မင်းကျော်သည် အနည်းငယ်နောက်သို့လှည့်ကာ သူ၏ကြင်ဘက်တော် တောင်တန်းကေရီ သခင်မကြီး ကို ကြည့်ကာ ကျေနပ်စွာဖြင့် လေးလေးနက်နက်ခေါင်းငြိမ့်ဝန်ခံရှာပါသည်။ သူ၏စိတ်ထဲ၌ ခံစားဖြစ်ပေါ်သမျှသည် တောင်တန်းကေရီသခင်မကြီးက သိရှိပြီး သူ့အတွက် ရှေ့မှနေ၍လမ်းခင်း ခွင့်တောင်းပေးသောကြောင့် ဗိုလ်ကြီးအောင်မင်းကျော်သည် ကျေနပ်စွာဖြင့်ခေါင်းငြိမ့်ဝန်ခံနေခြင်းသာဖြစ်ပေ၏။

“အဘိဉာဉ်ခြောက်ပါးဆိုတာ ကျင့်နိုင်ရင်-ကျင့်တတ်ရင်၊သိလိုမြန်ရင် ဘာမှမခဲယဉ်းပါဘူးသခင်ကြီး၊ သာသနာတော်တွင်းကြုံကြိုက်ခိုက်မှလဲကျင့်လို့ရတယ်၊ သာသနာအပမှာလဲ ကျင့်လို့ရတဲ့အရေးအကြီးဆုံး အခက်ခဲဆုံးက သစ္စာလေးပါးသိကြဘို့ဖြစ်တယ် ဘင်မတန်ခက်ခဲ နက်နဲလှပေတယ်သခင်ကြီး၊ တမင်္ဂတဖိုလ်ဆိုတာ ရခဲဘိခြင်း၊ သစ္စာလေးပါးမသိရ၊ မမြင်ကြ၊မရကြလို့ ဘိုးသက်ရှည်တို့သခင်ကြီးတို့ သံသယာရှည်နေကြတာ ကြာခဲ့ပြီဘဲ လေ..၊ ကျိုးစားပြီးကျင့်ကြံအားထုတ်ကြဘို့အရေးကြီးတာ၊ယ်ကလမ်း ဈာန်လမ်း၊ ဉာဏ်လမ်းဆိုတာ သုံးမျိုးရှိပါတယ်၊ ကိုကောင်းဘို့ သိလ

www.burmeseclassic.com

www.burmeseclassic.com



မြဲဘို့၊ သမာဓိရဖို့၊ သမထလုပ်ငန်း၊ ပုတီးလုပ်ငန်း၊ အဓိဋ္ဌာန်လုပ်ငန်းတွေလုပ်ဆောင်ကြရပါတယ်၊ ဈာန်လမ်းဖြစ်တဲ့ ကသိုဏ်းလုပ်ငန်း၊ ကသိုဏ်းဆယ်ပါးလုပ်ငန်းတွေကို ဆက်လက်ဆည်းပူးကြမယ်ဆိုရင် သမာဓိတရားတွေနိုင်လာမယ်ဆိုရင် အဘိဉာဉ်ခြောက်ပါးဟာ မခဲယဉ်းလှပါဘူး၊ မြေလျှိုး မိုးပျံ ဆိုတဲ့ ဣဒ္ဓိဝိဒဆိုတဲ့ အမျိုးမျိုးသော တန်ခိုးသတ္တိတွေဟာ ရနိုင်ပါတယ်၊ ခုတင်က ဘိုးသက်ရှည် ပြသွားတဲ့ အောက်မြေပြန့် အခြေအနေအဖြစ်အပျက်ဟာ အဘိဉာဉ်ခြောက်ပါးထဲက တန်ခိုးသတ္တိတွေနဲ့ ပြသသွားခြင်း ဖြစ်ပါတယ်၊ ဒါတွေ တကယ်မြဲရဲ့လားဆိုတော့ မမြဲပါဘူး၊ စိတ်တန်ခိုး ထက်သန်တုန်း၊ သမာဓိရှိတုန်းသာရပြီး၊ သမာဓိလျော့သည်နှင့် တပြိုင်နက် အလိုလိုပျောက်ကွယ် သွားကြတာပါဘဲ၊ အမြဲဆုံးကတော့ သစ္စာလေးပါး တရားအရင်းခံတဲ့ ဝိပဿနာတရားတွေသာဖြစ်တယ်၊ အဲဒီဝိပဿနာတရားတွေကို ကျင့်သုံးရင်လဲ ပေါက်ပေါက် ရောက်ရောက် ဖြစ်ရင် သမထလုပ်ငန်းဟာလဲဖြစ်နိုင်ပါတယ်လေ....ခုလက်ရှိအချိန် ကာလမှာတော့ သခင်ကြီးရော၊ သမီးတော်-စောခမ်းနွဲ့ရော သမထဘက်မှာ ထိပ်ထိပ်ကြဲ ပေါက်ပေါက် ရောက်ရောက် ရှိလာအောင် သမထလုပ်ငန်းတခုဘဲ ဖိုပြီးကျိုးစား ကြပေတော့၊ သခင်ကြီးတို့ အနေနဲ့ တိုင်းပြည်နဲ့ သာသနာကိုပြုစုဘို့ ဆုပန်ချက်တွေ၊ တာဝန်တွေ၊ ဂတိသစ္စာတွေကရှိနေခဲ့တော့ လောကီနဲ့ မကင်းသေးတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေကြလို့ သမထစျာန်အဆင့်အတန်းမှာဘဲဆက်ပြီး ကျင့်သုံးကြဘို့လိုပါသေးတယ်”

ဘိုးအာယုသည် အကျိုးအကြောင်းဆုံးမဩဝါဒများ ပေးလိုက်ပြီး....

“ကိုင်း.... အနားယူကြအုံး... သခင်ကြီးဟာ ဒီနေ့ညကစပြီး ဘိုးသက်ရှည်နဲ့ အိပ်စက်ရမယ်၊ အတွင်းပုဂ္ဂိုလ်ကြီး လေးဦးအနေနဲ့ လဲ



ဒီမီကိုအလုပ်ရှိတဲ့အတိုင်း သမာဓိတရားကို ဆက်လက် နှလုံးသွင်းကြပေတော့၊ နောက်တရက်နှစ်ရက်အတွင်း ပြသစရာတွေ၊ သွန်သင်စရာတွေကို သွန်သင်ပြသပြီး၊ အတွင်းမြို့တော်ဖြစ်တဲ့ ဟောဒီ နယ်တစိုက်ကို လိုက်လံပြီးပြသပါမယ်လေ၊ တောင်တန်းကေရီသခင်မကြီးအနေနဲ့ စောခမ်းနွဲ့ကို နှုတ်တိုက် သမထပညာ စခမ်းများကို သင်ကြားပြသလိုက်ပေတော့၊ ဒီက ဘိုးသက်ရှည်ကလဲ အာရုံ ပြုလိုက်ပါမယ်လေ....”

ဗိုလ်ကြီး-အောင်မင်းကျော်သည် တောင်တန်းကေရီသခင်မကြီး၏ ကြိုတင်မှာကြားခဲ့သည်အတိုင်း အတွင်းမြို့တော်အမည်ခံ တကယ်တရားရှင်များ နေထိုင်သီတင်းသုံးရာ အထွဋ်အမြတ်နယ်ပါယ်တွင် ကိလေသာကာမနှင့်ပတ်သက်သော အိမ်ထောင် သားမွေးလုပ်ငန်းများ ။ လျှင်းမရှိစေရဟူသော သတိပေးချက်ကို ပြေးကာ သတိရမိပါတော့၏။ ထိုနောက် ဘိုးသက်ရှည်က ခေါင်းရင်းရှိ ကျောက်ဖြူရေအိုးထဲမှ ခတ်၍ပေးလိုက်သောရေတခွက်ကို ရှိသေစွာယူ၍ သောက်ချလိုက်ပါတော့၏။

ရင်ထဲအသဲထဲတွင် အေးမြ၍သွားသော ရေတခွက် ၏ အကျိုးအာနိသင်ကြောင့် ဗိုလ်ကြီး အောင်မင်းကျော်သည် အုံ့ဩမိ ရာက သူ၏ ခေါင်းထဲ ဦးနှောက်ထဲ၌ တရိပ်ရိပ်ရှင်း၍ ပေါ့ပါး၍လာသည်ကိုလည်း သတိပြုမိပါတော့၏။ ထိုနောက် သူ၏ တကိုယ်လုံးသည် ပေါ့ပါးလာသလောက် ညောင်းခြင်း၊ ပင်ပန်းခြင်း၊ ကိုက်ခဲခြင်း၊ လေးလံခြင်းစသည့် ကာယဒုက္ခများသည် ယူ၍ပစ်လိုက်သလို ပျောက်ကွယ်သွားသည်ကို သတိပြုမိပြီးနောက် သူ၏စိတ်အာရုံသည် သမထလုပ်ငန်းတခုထည်း၌သာ တန်းတန်းစွဲ လုပ်ကိုင် အားထုတ် လိုသော ဆန္ဒများ ပေါ်ပေါက်လာတော့သည်ကို နောက်ဆုံး သတိပြုမိပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်သော အလင်းရောင် တခုသည် ကျောက်ဂူအတွင်း၌ လွှမ်းမိုးနေတော့၏။ ရာသီဥတုအနေနှင့်လည်း မပူလွန်း-မအေးလွန်းသော အခြေအနေမျိုးကို တွေ့ရပြီး၊ နေပျော် ထိုင်ပျော် ရှိလှပေ၏။ တသင်းသင်းမွှေးကြိုင်နေသော ရနံ့ပေါင်းစုံပန်းဝတ်မှုံများသည် အေးခဆးစွာဖြင့် တိုက်ခတ်နေသောလေပြေတဲဝယ် တကယ့်ကြည်နူးစရာ အခြေအနေကိုဖန်နေတော့၏။

"သခင်ကြီး အာရုံပြတ်သွားပြန်ပြီ သတိလက်မလွှတ်စေနဲ့၊ ထွက်သက် ဝင်သက်ကို နှာဖျားမှာထိတာမှတ်ပါ...၊ အသက် ရှူလိုက်ရင် နှာဖျားကလေးနှုတ်ခမ်းကိုထိတာမှတ်၊ ဗိုက်ထဲကလေပြန်အထုတ်မှာ နှာဖျားကလေးထိတာမှတ်၊ ဆက်ကျင့်ပေတော့ သခင်ကြီး"

ဘိုးအာယုသည် ဗိုလ်ကြီး- အောင်မင်းကျော်ကို ဘေးမှ ကြည့်ကာ ကြပ်မတ်၍စံနစ်ကျသော အထိရောက်ဆုံးသောသမထလုပ်ငန်းစဉ်ကို ပြသပေးနေပါသည်။ ဗိုလ်ကြီး-အောင်မင်းကျော် အဘို့ နဖူးမှချွေးပေါက်ကလေးတွေကို့ လာအောင် ဂရုတစိုက် အသက်ရှူမှန်ရန်သတိထားတဲ့ အာနာပါနလုပ်ငန်းစဉ်ကို လေ့ကျင့်နေရပြန်၏။ မှန်မှန်ရှူ၍နှာသီးဖျားတွင် ထွက်လေဝင်လေထိခြင်းကို သိရှိရန် အမှတ်သညာထားကာ လေ့ကျင့်၍အချိန်မှန်စ ပြုနေပါတော့၏။ ဂူတွင်းတခုလုံး၌ များစွာငြိမ်နေပါတော့သည်။

နှစ်နာရီခန့်အကြာမှ....

"သခင်ကြီး ခေတ္တအနားယူပေတော့၊ သခင်ကြီး အာရုံတော့ဟာ နှစ်ကြိမ်တိတိ အပြင်လောကကို လွင့်ပါးသွားသေးတယ်၊ ချက်ခြင်းတော့ ပြန်ပြီး ထိမ်းနိုင်ပါတယ်"

"မှန်ပါတယ် ဘိုးဘိုးရယ်....နှစ်ကြိမ်ပါဘဲ၊ တကြိမ်က တပ်ကို သတိရမိအောင်ရပြီး လွတ်ထွက်သွားတယ်၊ တကြိမ်ကတော့ နေ့ခင်းက မြေပြန့်ကိစ္စဆီ စိတ်ကစောသွားမိတယ်"



ရိုးသားစွာဖြင့် ဗိုလ်ကြီး-အောင်မင်းကျော်က ဖြေကြားလိုက်ပါသည်။

"ဒီအာနာပါနလုပ်ငန်းစဉ်ဟာ လောကီ-လောကုတ္တရာ တရားတွေရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်၊ လောကီ ပညာရပ်တွေကဖြင့် အဆမတန် များပြား လှပေတယ်၊ ဘိုးသက်ရှည် မှတ်သားထားတဲ့ ကျမ်းတွေကြည့်ချင်ရင် အညွှန်းပြောလိုက်ခဲ့ပေတော့"

ဘိုးအာယုသည် သူ၏ရှေ့မှ ဖလ်သီးမှမီးရောင်တွေထွက်စေသကဲ့သို့ ဂူတွင်းတခမ်းလုံး ထိန်လင်းစေသည့် ဇီးသီးခန့်သာရှိသည့် အရောင်တွေ တောက်နေသောအလုံးကလေးကို ကောက်ခါ ငင်ကာ သူ၏လက်ဝါးပြင်တွင်တင်ကာ ရှေ့မှမီးရောင်အဖြစ်ကိုင်ဆောင်ကာ လမ်းပြကာ ကျောက်ဂူ၏ အတွင်းပိုင်းသို့ ခေါ်ဆောင်ခဲ့ပါသည်။ ကျောက်ဂူ၏အတွင်းဘက်၌ အခန်းငယ်များစွာတွေ့ရှိရပြီး ရှေးဦးစွာတွေ့ရှိရသည့်အခန်းအပေါက်ဝမှရပ်ကာ....

"ဟောဒါ....ဘိုးသက်ရှည်ရဲ့ ဓါတ်ခန်းဖြစ်ပါတယ်"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ထူးဆန်းစွာအလင်းရောင်ထွက်နေသည့် ဇီးသီးခန့်အလုံးကလေးမှတဆင့် ဖြတ်ကျော်၍ သူ၏ ကျင့်သားရ မျက်လုံးကြီးများနှင့် သီးသန့်ဂူကလေး အတွင်းသို့ ကြည့်လိုက်သည့်အခါ၌ ဖါးဖိုကြီးတလုံးနှင့် အဂ္ဂိယာတ် ပစ္စည်းများ၊ မီးသွေးများကို တွေ့လိုက်ရပေ၏။

"ရွှေငွေဖြစ်တယ်ဆိုတဲ့ပညာရပ်တွေလား ဘိုးဘိုး"

"ရွှေငွေပစ္စည်းတွေ လုပ်တဲ့ အလုပ်စခမ်းမလိုတော့ဘူး သခင်ကြီး၊ သခင်ကြီး လာခဲ့တဲ့လမ်းတလျှောက်မှာ မြင်ခဲ့ရဲ့မဟုတ်လား၊ ရွှေတောင်၊ ငွေတောင်၊ပတ္တမြားတောင်တွေရှိနေပြီမို့ ဘိုးသက်ရှည် လုပ်ခဲ့တာက အာယုသဒ္ဒိစခမ်းနဲ့ သဒ္ဒိဆယ်ပါး အောင်မြင်ရေး အတွက်ပါဘဲ၊ ဉာဏ်ကစားတဲ့လုပ်ငန်းမျိုးဘဲ သခင်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် ဘိုးဘိုး....၊ အင်္ဂလိပ်ပညာတော့ ကျွန်တော်နဲ့နဲမှ မခေါက်မိပါဘူး ဘိုးဘိုး"

"ခေါက်မိဘို့လဲ မလိုပါဘူး သခင်ကြီး၊ ကိုယ်ခံ သမာဓိမရှိဘဲ ဘယ်လိုနည်းလမ်းကောင်းပါစေ မအောင်မြင်နိုင်ပါဘူး၊ဒါကြောင့် သမာဓိတရားကိုသာကျိုးစားပါ၊ ခိုင်မြဲအောင်လုပ်ပါ သခင်ကြီး၊ ပင်ကိုယ်စိတ်ဓါတ်ရှိလာရင် သမာဓိတက်လာရင် ဘာဖြစ်ဖြစ်မခဲ ယဉ်းပါဘူး၊ ဟောဒီအလင်းရောင်ကြည်ဟာ ပဒါးလုံးကထွက်တဲ့ အလင်းရောင်ဘဲ၊ သခင်ကြီးကိုင်ကြည့်ပါလား- ဘိုးသက်ရှည်လက်ဝါးထဲက အလင်းရောင်ထွက်တာဟာ ပဒါးလုံးဖြစ်ပါတယ်"

ဤတွင်မှ ဗိုလ်ကြီးအောင်မင်းကျော်သည် အိုးသြ တုံလှုပ်သောလက်များဖြင့် ဘိုးသက်ရှည်လက်ဝါးပြင်မှ ဘိုတရာကဲ့သို့ လင်းနေသောအရောင်များထွက်လာသည့် ဇီးသီးခန့် သဏ္ဍာန်ရှိသည့် ပဒါးလုံးကို အသာကောက်ကြည့်လိုက်မိ၏။

"အတော်ထူးဆန်းတာဘဲဘိုးဘိုး၊ပဒါးလုံးကအလင်းရောင်တွေ ထွက်တယ်ဆိုတာဟာ"

အမှတ်မထင်မြောလိုက်ရာ....

"ပဒါးလုံးက အလင်းရောင်တွေသာမကဘူး သိဒ္ဓိ တက်လာသလို၊လိုရာစေနိုင်တယ်သခင်ကြီး၊ သမာဓိအခြေခံလမ်းစဉ်ကိုဘဲ သိပ် သမာဓိခိုင်မြဲလာတဲ့အခါမှာ ပဒါးလုံးကိုမလိုတော့ပါဘူး၊ နောင်လာနောင်သားတွေအတွက် တမင်ကလာစီစဉ်ခဲ့ခြင်းဖြစ်ပါတယ်"

"အ်....ဟောဒီအခမ်းရဲ့နောက်မှ ပေစာတွေတာကြည့်ပေတော့ သခင်ကြီးအတွက် နေ့စဉ်ရက်ဆက်မေတ္တာပို့ရင်း ကိုယ်တွေ့ ပညာရပ်တွေကို ဘိုးသက်ရှည်မှတ်သားပြီး၊ နောင်လာနောင်သားတွေအတွက် ထူးဆန်းအံ့သြလောက်တဲ့ ဗမာလူမျိုးတွေရဲ့ အမွေအနှစ် အဖြစ်နဲ့ တမင်ကလာရေးမှတ်စီစဉ်ခဲ့ခြင်းဖြစ်တယ်"



အခမ်းမျက်နှာကျက်နှင့် ထိလုနီးနီးပေစာရွက်များကို ညွှန်ပြရင်း ဘိုးအာထုသည် ပြောလိုက်ပါသည်။

"အားတဲ့အခါ သခင်ကြီးလေ့လာခွင့်ရှိပါတယ်၊လောကီပညာရပ်တွေဟာ ဆန်းကြယ်တယ်ဆိုတာ ပြောမယုံကြုံမှသိနိုင်ပါတယ်"

"ကျေးဇူးကြီးလှပါတယ်ဘိုးဘိုး၊ ဒါထက် တောင်တန်းကေရီသခင်မကြီးလဲ ဒီဘက်ပညာရပ်ကို အတော်ကြွမ်းကြင် တတ်မြောက်ခဲ့ပြီလားဘိုးဘိုး"

"သခင်မကြီးအတွက်တော့ ဖူလုံပါပြီ၊ ရှေ့ပညာအဆင့်ကုန်ရင် ပြီးအနာဂါတ်ကို ကြူးဘို့ဘဲကျန်တော့တယ်၊ သခင်ကြီး ကို စောင့်မျှော်ရင်း သူ့ခမျာလဲ-သနားစရာပါဘဲသခင်ကြီးရယ်....၊ ဒီတခါတော့ သခင်ကြီး ကိုယ့်ရပ်ဌာနေ အောင်မြေကခွါလို့မရနိုင်တော့ပါဘူး၊ မြေပြန့်မှာ ကျန်ရှိတဲ့ လုပ်ငန်းနဲ့ ထားရှိခဲ့တဲ့ ဇတ်သစ္စာစကားကြောင့် ခေတ္တခဏလောကသာ နှစ်ပိုင်းပေါင်းကာကြည့်ပြီး လုပ်စရာကိစ္စတွေ-စစ်တာဝန်တွေလုပ်ရမှာပါ"

ဘိုးသက်ရှည်သည် စကားတပြောပြောနှင့် အတွင်းခမ်း တခမ်းသို့ဆိုက်ရောက်ခဲ့ပြီးနောက် အရံသင့်ခင်းကျင်းထားသောကော်ဇောကချပ်၊ ခေါင်းအုံးတလုံး နှင့် ကျောက်ရေအိုးတလုံး၊ ကျောက်ရေခွက်တခွက်စသည့်ကိရိယာများအပြင် အခြားတဖက်တွင်လည်း အိပ်ရာပစ္စည်းအစုံ ခင်းကျင်းထားသည့် တယောက်အိပ် နေရာ တခုကို ကြည့်ကာ....

"အိပ်ကြစို့ နက်ဖန်မှစပြီး သခင်ကြီးတို့အတွက်လုပ်ငန်းတွေအသေးစိတ်စီစဉ်ညွှန်ကြားပေးမယ်၊ သခင်ကြီးက လက်ဝဲဘက်အိပ်ရာကအိပ်၊ ဘိုးသက်ရှည်က လက်ျာဘက်အိပ်ရာကိုဝင်၊ စောင်ခြုံဘို့မလိုပါဘူးသခင်ကြီး၊ ဒီအတွင်းမြို့တော်ဟာ ဥတုသပ္ပာယ အမြဲတန်းမျှတတဲ့သူတော်ကောင်းတွေနေရာဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးအောင်မင်းကျော်အတွက် ညဥ့်ကလည်း အတော်နက်လာပြီး ခရီးပန်းလာသည်ကြောင့် ဘိုးသက်ရှည်ညွှန်ပြသောအိမ်ရာတွင် ဝင်ရောက်၍ သူ၏စစ်ဝတ် ဖြုနစ်ဘက်ကိုချွတ်ကာ ခေါက်လိုက်ပြီး အိပ်ရာဝင်ခါနီး၌ ဘိုးသက်ရှည်ကိုဦးသုံးကြိမ်ချကာ ကန်တော့လိုက်ပြီး အိပ်ရာထဲသို့ လဲလျောင်းလိုက်ပါတော့သတည်း။

## တောင်တန်းကေရီသခင်မကြီး၏ တာဝန်နှင့်ဝတ္တရားများ

ဥဒေါင်းတွန်သံ၊ ဥသြငှက်သံများသည် အတွင်းမြို့တော်၊ သို့မဟုတ် သူတော်ကောင်းများ၏ ပျော်စံရာ သိပ်ငြိမ်လှသော ရှေးဟောင်းဌာနကြီးတလျောက်ရှိသော တောတောင်များ၌ တွန်ကြူးလျက် သာယာနာပျော်ဘွယ်ရှိချေ၏၊

နေရောင်ခြည်များကလည်း အရှေ့အရပ်ဆီက တရွေ့ရွေ့တက်ကာ တောင်အထပ်ထပ်ကို ကျော်လွှားလျက် ထွက်ပေါ်လာချေသည်။

ဘိုးသက်ရှည်၊ ဗိုလ်ကြီးအောင်မင်းကျော်၊ တောင်တန်းကေရီသခင်မကြီးနှင့် စောခမ်းနွဲ့တို့သည် အတွင်းမြို့တော် တလျောက်သို့ လှည့်လည်ကာ စကားပြောရင်း၊ ပညာသင်ရင်း လှည့်လည်နေကြ ခြင်းသာဖြစ်ပေ၏။

"ဟောဒီအပင်တွေမြင်ရဲ့မဟုတ်လားသခင်ကြီး"

ဘိုးသက်ရှည်သည် လမ်းဘေး၌ အပင်ခြင်းထိလုခမန်း ပေါက်ရောက်နေသော သစ်ပင်ငယ် စိမ်းစိမ်းများကို ညွှန်ပြရင်း မေးလိုက်သည်ကြောင့် ဗိုလ်ကြီးအောင်မင်းကျော်သည် ဘိုးသက်ရှည်ညွှန်ပြရာကိုဂရုတစိုက်ကြည့်ရှုလိုက်မိပါသည်။ အမြင့်မှာ ခြောက်လက်မနှင့် ဆယ်လက်မကြားတွင်ရှိပြီး စိမ်းစိုနေသော အရွက် တရွက် နှစ်ရွက်



မျှသာရှိပြီး အရွက်၏ပုံပန်းသဏ္ဍာန်အမျိုးမျိုးဖြစ်နေသည့် သစ်ပင်ကလေးများကိုကြည့်ကာ...

"ဘာပင်ရယ်လို့ ကျွန်တော်မသိပါဘူးဘိုးဘိုး၊ အရွက်ခြင်း၊ အရောင်ခြင်းကွဲကြားနေတာကတော့ မြင်ပါတယ်"

ဘိုးသက်ရှည်သည် တချက်ပြုံးလိုက်ပြီး....

"မြေပြန့်မှာဆိုရင် ဒီတပင်မပြောနဲ့ တရွက်ရဘို့အင်မတန်ခက်ခဲတဲ့ အင်မတန်အစွမ်းထက်မျက်တဲ့ ဂမုန်းအစစ်တွေပေါ့၊ ဒီနေရာမှာတော့ တောအဖြစ်နဲ့သာ ဘိုးသက်ရှည်တို့ သဘောထားခဲ့တယ်၊ ပြီးတော့-ဟောဒီက ကျောက်ထရံကြီးမှာ တွေ့မိရဲ့လား... အနက်ရောင်ကျောက်တွေ အဲဒီတောင့်နားက ငွေရောင်တွေ၊ ရွှေရောင်တွေလိုထွက်နေတဲ့ ကျောက်မျက်နှာတွေ၊ အဲဒါကဗဟန်းရွှေဝါကြီးဆိုတဲ့ကျောက်တွေ၊ အဂ္ဂိယတ်ဆရာတွေ အင်မတန်လိုချင်တဲ့ ဓါတ်သားတွေပေါ့သခင်ကြီးရဲ့၊ ဘိုးသက်ရှည်တို့အဘို့ အဂ္ဂိယတ်ဓါတ်သားတွေ ဂမုန်းတွေ ဘာမှုမလိုချင်တဲ့လူတွေအဘို့ ပေါချင်တိုင်းပေါပြီး တကယ်ဓါတ်သားတွေ- ဂမုန်းတွေ လိုချင်တဲ့လူတွေအဘို့တော့ အိပ်မက်တောင် မက်လို့မရစတမ်း ရှားပါးနေတော့တယ်၊ ဒါကြောင့် လိုချင်တိုင်းလဲမရဘူး မလိုချင်လို့မနေရဘူးဆိုတာ"

ဗိုလ်ကြီးအောင်မင်းကျော်သည် သူရောက်ရှိနေသည့် အလွန်ထူးဆန်းအံ့ဩဘွယ်ရာ များပြားမြည့်နှက်နေသည့် အတွင်းမြို့တော်၏ မြေမျက်နှာပြင်ကို အကဲခတ်နေမိ၏။ မြေမျက်နှာပြင်မှာစည်ချက်သကဲ့သို့ ညီညာနေပြီး ငါးမိုင်ပတ်လည်တွင်း နယ်နိမိတ်အဆုံးသပ်ကာ မြားတဖက်တချက်တွင် နိမ့်ကျသွားသော တောင်စောက်ကြီးများ၊ တောင်ခါးပန်းကြီးများကို အတိုင်းသားတွေ့မြင်နေရတော့၏။ သူတို့လျောက်နေရာ မြေမျက်နှာပြင်မှာ အရပ် လေးမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



သို့လှမ်း၍ကြည့်လိုက်သည်တွင် အခြားတောင်တန်းများ၏ ထိပ်မှာ တောင်ထွဋ်များသည် မိုးတိမ်များနှင့်ငြိစွန်းနေဟန်တွေ့နေရပေ၏။ တောင်တန်းကေရီသခင်မကြီးနှင့် စောခမ်းနွဲ့တို့နှစ်ယောက်သားအား ဘို စကားတမျိုးပြောနှင့် များစွာကြည်ဖြူနေကြပြီး သူမတို့၏ မျက်နှာအမူအရာမှာသည်း ညီအမအရင်းကဲ့သို့ချစ်ကြည်နေကြောင်းကို ပေါ်လွင်နေကြပါတော့သည်။

"မောင်တော်သခင်ကြီး မနေ့ညက ဘိုးဘိုးကို ဘုရားနှမတော်ရဲ့ပညာအဆင့်အတန်းနဲ့ အခြေအနေကို ဆန်းစစ်လျှောက်ထားတယ်ဆိုတာသိရပါတယ်"

တောင်တန်းကေရီသခင်မကြီးသည် ဗိုလ်ကြီးအောင်မင်းကျော်၏အနီးသို့ချဉ်းကပ်လာရာ မသိမသာတိုက်ခတ်နေသောလေပြေဝယ် စူးရှမွှေးကြိုင်သော အမွှေးနံ့များသည် တလှိုက်လှိုက်ပေါ်ထွက်လာပါတော့သည်။

"ဟုတ်တယ်သခင်မကြီး...သခင်ကြီးရဲ့ပါရမီပြည့်ဘက် သခင်မကြီးရဲ့ပညာခစမ်း ဘယ်အဆင့်အထိဆိုက်တာ သိချင်လွန်းလို့ ဘိုးဘိုးကိုလျှောက်တင်ကြည့်ပါတယ်"

"လျှောက်တင်အပ်ပါတယ်သခင်ကြီးဘုရား၊ လောကီပညာရပ်ဆိုတာ ခက်သလောက်လဲ လွယ်ပါတယ်၊ လွယ်သလောက်လဲ ခက်လှပါတယ်၊ စခမ်းအမျိုးမျိုးလဲရှိပါတယ်၊ ပညာခမ်းတွေလဲ စုံပါတယ်-မောင်တော်သခင်ကြီး၊ ဘုရားနှမတော်ရဲ့ အဓိကတာဝန်နဲ့ဝတ္တရားအနေနဲ့ သီလဝံသမြို့တော်၊ ရက္ခဘုမ္မိမြို့တော်နဲ့ အတွင်းမြို့တော်တို့ကာကွယ်စောင့်ရှောက်ပြီး သီလဝံသမြို့တော်နဲ့ ရက္ခဘုမ္မိနယ်မြေကို အုပ်ချုပ်ဘို့ဖြစ်ပါတယ်....၊ ဒီနယ်မြေကိုအုပ်ချုပ်နိုင်ဘို့အတွက် အာဏာနဲ့ကိုက်ညီတဲ့ တန်ခိုးအာဏာမျိုးသာ ဘုရား နှမတော် အဓိကထားမိကြောင်းပါမောင်တော်သခင်ကြီး"



စစ်သားပြိုပြို ရှေ့ရေးများကို ကြိုတင်တွေးတောတတ်သူ ဗိုလ်ကြီးအောင်မင်းကျော်သည် တောင်တန်းကေရီသခင်မကြီး၏အတွက် ကြီးလေးလှသော တာဝန်ဝတ္တရားများကို တွေးတောစဉ်းစားရင်း ငိုင်မိသည့်ကြောင့်....

"တကယ်လို့ အင်အားကြီးမားတဲ့ လက်နက်အစွမ်းထက်မျက်တဲ့ရန်သူတွေဟာ စက်ယန္တရားတွေ စေခိုင်းပြီး ရက္ခဘုမ္မိနယ်မြေနဲ့ သီလဝံသမြို့တော်ဆီကို သိမ်းပိုက် နှောက်ရှက်ဘို့ ချီတက် လာရင် တောင်တော်သခင်မကြီး ဘယ်လိုစစ်ရေးစစ်ရာ အစီအမံတွေ ခန့်ခွဲမှာလဲသခင်မကြီး၊ မြေမျက်နှာပြင် အနေအထားကတော့ တောတောင်ထူထပ်ပြီး ရာသီဥတုအခြေအနေနဲ့ကြတော့ ညီမျှနေတာမို့ ကြံ့ခိုင်မဲ့ရန်သူအတွက် လွယ်တဲ့အပိုင်းကရော၊ ခက်တဲ့အပိုင်းကရော ဖြစ်နေလို့"

တောင်တန်းကေရီ သခင်မကြီးသည် ပြုံးရောင်သန်းနေသော မျက်နှာတော်ဖြင့် သူမ၏မောင်တော်သခင်ကြီး၏မျက်နှာကို စေ့စေ့ကြည့်ကာ ရုတ်တရက်အဖြေမပေးဘဲ ဆိုင်းငံ့ထားလိုက်၏။ တိုးသက်ရှည်က....

"မေးလဲမေးစရာပေဘဲသခင်မကြီး-၊ စစ်သားဆိုတော့ စစ်သားစိတ် စစ်သားအကွက်ဘဲရှိပြီး မေးမြန်းစုံစမ်းရှာတာကလား"

ဝင်ရောက်၍ ဆွေးနွေးလိုက်ပြီးမှ....

"အလွယ်သားဘဲသခင်ကြီးရဲ့ မနောစိတ်ကို ချုပ်လိုက် နိုင်တဲ့အာရုံခံတွေပြိုပြို မိမိနယ်မြေကို ရန်ရှာဘို့ထွက်လာပဲ့ ရန်သူတွေရဲ့ မနောစိတ်ကို အတွင်းကဝင်ပြီး စိတ်နဲ့သိလိုက်၊ လှည့်လို့ လှည့်ပြီး ဒီနယ်မြေကို တိုက်ခိုက်နှောက်ရှက်ချင်တဲ့စိတ်ဆန္ဒတွေကိုဖျက်လိုက်ရုံပါဘဲ မခက်ပါဘူးသခင်ကြီးရယ်"

ပြုံးရယ်သံနှင့် ဖြေကြားလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းကေရီသခင်မကြီးသည် အေးဆေးသာယာလှသော အသံတော်ဖြင့်....

"ယန္တရားတွေ- ခေတ်လက်နက်တွေ၊ လေယာဉ်ပျံတွေကို သခင်ကြီးက ကိုးစားပြီး ဒီနယ်မြေကို အန္တရာယ်ပြုနိုင်တယ်ဆိုတဲ့ စိုးရိမ်တဲ့စိတ်နဲ့ အမိန့်တော်ရှိနေရှာတာကိုး၊ ဘုရားနှမတော်မှာ ရှိအပ်တဲ့ ပညာစွမ်းနည်းနည်းပါးပါးတော့ပြခွင့်ပြုတော်မူပါသခင်ကြီး"

"ဟောဟိုဘက်က တောင်နံရံကို မောင်တော်သခင်ကြီးတဆိတ်ရှုစားတော်မူပါဘုရား"

တောင်တန်းကေရီသခင်မကြီးသည် ဗိုလ်ကြီးအောင်မင်းကျော်၏လက်ျာဘက်အေးမှ အသာကပ်၍ယှဉ်ကာရပ်လိုက်ပြီး သူတို့မျက်နှာမူရာ အတွင်းမြို့တော်၏နယ်နိမိတ် တောင်ကုန်းကြီး၏ ရှေ့တည့်တည့်ကျောက်ကြီးခြားထားသည့် ကျောက်တောင်ကြီး၏ ကမ္ဘားကြီးကို ညွှန်ပြလိုက်ပါသည်။

"တကယ်လို့ ရန်သူတွေဟာ အဲဒီကျောက်တောင်ကြီးပေါ်မှာ အခိုင်အမာရှိခဲ့ရင် ဘုရားနှမတော်အနေနဲ့"

တလုံးခြင်းဖွင့်ဟပြောပြလိုက်ပြီး တောင်တန်းကေရီသခင်မကြီးသည် ခြေစုံရပ်ကာ မျက်လုံးနှစ်လုံးကို ခဏမှိတ်ကာ စိတ်အာရုံပြုလိုက်ပြီး စက္ကန့်ပိုင်းအတွင်း၌ သူမ၏ နူးညံ့ပျော့ပြောင်းလှသော ညာဘက်လက်တော်ကို ရှေ့သို့တန်းကာ ရှေ့တည့်တည့်ရှိကျောက်တောင်ကြီးကို လက်ညှိုးနှင့်ထိုးချလိုက်သည်တပြိုင်နက် အဝါရောင်မီးတန်းကြီးသည် ဝေါကနဲကြောက်မက်ဘွယ်ရာ မိုးခြိမ်းသံကြီးကဲ့သို့မြည်ဟီးကာ တောင်တန်းကေရီသခင်မကြီး၏ တချောင်းတည်းသော ညာဘက်လက်ညှိုးဖျားမှ လျှင်မြန်လှသော အဟုန်ကြီးဖြင့် ပေါ်ထွက်ကာ ရှေ့တည့်တည့်ကျောက်ဆောင်ကြီးနဖူးဆီသို့အလိပ်လိုက် အခွေလိုက်ပြေးကာ တခဲနက်ဆောင့်၍ ချလိုက်သည့်တခဏ၌



ကျောက်တောင်ကြီးသည် ဒိုင်းနမိုင်စက်ရုံကြီး တရုံလုံး ပေါက်ကွဲသွားသည့်အလား ကိုးရပ်တုံဟီးကာ တခဲနက် ဂွင်းဆက်ပေါက်ကွဲသွားပြီး မီးတောက်ကြီးများ တဟုန်းဟုန်းတောက်လောင်နေတော့၏။

ထိုနောက် တောင်တန်းကေရီသခင်မကြီးသည် သူ၏လက်ဝဲလက်ဖြင့် မီးတောက်များရှိရာသို့ပြန်ကာမြှလိုက်ရာတွင် စက္ကန့်ပိုင်းအတွင်း၌ တဟုန်းဟုန်း တောက်လောင်နေသော မီးပန်း မီးစွယ်ကြီးများသည် တန့်ကနဲရပ်ကာ ငြိမ်းကုန်တော့၏။

"ဘယ်လိုရန်သူမှ နှမတော်ဘုရားရဲ့ သီလသမာဓိကို ရင်ဆိုင်ဝန့်ပါမလဲသခင်ကြီးဘုရား"

ငြိုးရှင်သောမျက်နှာတော်ဖြင့် တောင်တန်းကေရီ သခင်မကြီးကလျှောက်တင်လိုက်သည်တွင် ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏ပါရမီဖြည့်ဘက် သခင်မကြီး၏ သီလသမာဓိတန်ခိုးကို လှိုက်လှဲစွာ ချီးကျူးမိနေပါတော့၏။

"ဘုရားနှမတော်ရဲ့ ကာမစိတ္တိကို ဆက် လက်ရှု စား တော် မူပါ သခင်ကြီးဘုရား"

တောင်တန်းကေရီသခင်မကြီးသည် မတ်တပ်ရပ်နေရာမှ လက်နှစ်ဘက်ယှက်ကာ ရှိခိုးလျှောက်ထားလိုက်ပါသည်။ ထိုခဏ၌ တပြိုင်နက်လိုပင် တောင်တန်းကေရီသခင်မကြီး၏ လက်ဝဲလက်ျာဘက်တို့တွင် နှစ်ယောက်ကျစီ တောင်တန်းကေရီသခင်မကြီး၏ရုပ်ပုံတော်အတိုင်း ခွဲမရနိုင်သည့် သခင်မကြီး၏အရပ်အမောင်း အမူ အရာ အပြောအဆိုနှင့် ဟန်အမူအရာပါမကျန်တမ်း ကိုယ်ခွဲရုပ်ပုံ လေးယောက်နှံတော်လေးဦးသည် တပြိုင်နက်ထဲ ပေါ်လာပါတော့သည်။ ရုတ်ပေါ်း တောင်တန်းကေရီသခင်မကြီး ငါးပါးသည် လက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ယှက်ကာ ဗိုလ်ကြီးအောင်မင်းကျော်ကို ဦးတိုက်ရင်း အကြောင်းအရာအမျိုးမျိုးကို လျှောက်တင်နေပြန်တော့၏။

"ပညာအရာမှာဖြင့် ကြီးမားအံ့ဩဘွယ်ဖြစ်ပါတယ် အမတော်ကြီးဘုရား"

စောခမ်းနွဲ့သည် ကြည်ညိုမြတ်နိုးသောမျက်နှာဖြင့် ပုဆစ်ဒူးချ ထိုင်ကာ လက်အုပ်ချီလျက် အလယ်ဗဟိုရှိမှနေကာ ဗိုလ်ကြီးအောင်မင်းကျော် ဆီသို့ ဦးတိုက် ကန်တော့နေသော တောင်တန်း ကေရီ သခင်မကြီးတို့ ဦးသုံးကြိမ်းကန်တော့ပန်း ဆက်သနေရှာပါတော့၏၊

"တော်ကောက်ပါပြီ သခင်မကြီး၊ သခင်ကြီးအဘို့ ဒီလောက်ဆိုရင် အရိပ်ပြ အကောင်အထည်ပေါ်လောက်ပါပြီ"

ဘိုးသက်ရှည် မိန့်ကြားလိုက်မှ တောင်တန်းကေရီ သခင်မကြီးသည် သူမ၏ဘယ်ဘက်လက် ညာဘက်လက်ကို ဆန့်တန်းလိုက်သည်တွင် သူမ၏ ဝဲ-ယာနှစ်ဖက်မှ ပိုတော်ခွဲများသည် ဖျတ်ကနဲ-ဖျတ်ကနဲ ရုပ်ခြင်းပေါ်ငြင်းကာ နောက်ဆုံးတွင် တောင်တန်းကေရီ သခင်မကြီး တကိုယ်ထည်းသဏ္ဍာန်သာ ထည်းထည်းကြီးကျန်ရပါတော့၏။ ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏တပ်ဖွဲ့ဝင်ရဲမက်များ ရွှေမျဉ်းကြောင်း နယ်နိမိတ်အတွင်းသို့ တောင်တန်းပေါ်မှဆင်းရန် လမ်းရှာမရခိုက်တွင် တောင်တန်းကေရီသခင်မကြီး၏ အမှာတော်စကားဖြင့်....

"ဘုရားနှမ စံဖိမ်တော်ကနေပြီး နှုတ်ခွန်းဆက်သ,တော် မူတဲ့ အထိမ်းအမှတ်မင်္ဂလာအနေနဲ့ ရွှေလမ်းငွေလမ်း ခင်းပါတော့မယ် မောင်တော် သခင်ကြီး"

ဟူသောအသံနှင့်အတူ တောင်နံရံမတ်စောက်စောက်ကြီး ပြိုကျကာ တောင်ဆင်းလမ်းအဖြစ်သို့ ဖန်တီးဆောင်ကျင်းခဲ့သည့် အဖြစ်ကို ချက်ခြင်း သတိရမိနေတော့၏။ ထိုနောက် သူ၏ကြင်ဘက်တော်



[illegible]မကြီး၏ဘုန်းကံပါရမီနှင့် သမာဓိဂုဏ်ကို အဖန်တလဲလဲ သတိ[illegible]ကာ...

"[illegible]မှာ မောင်တော် သခင်ကြီးလဲ သခင်မကြီးရဲ့ဘုန်းက [illegible]ကို မှီအောင် ကျိုးစားမယ်လို့ အဓိဋ္ဌာန် ဆုံးဖြတ်လိုက်[illegible]"

[illegible]မပြောက်သောအသံကြီးဖြင့်ကြုံးဝါးကာ သူ၏ညာလက်ရုံးကို [illegible]တန်းမြှောက်တင်လိုက်ပါတော့၏။

"[illegible]-သာဓု-သာဓု"

[illegible]သော သာဓုခေါ်သံများနှင့်အတူ ဘိုးသက်ရှည်သည် [illegible]သော မျက်နှာကြီးဖြင့် ဗိုလ်ကြီး-အောင်မင်းကျော် [illegible]စားစားကြည့်ရှုရင်း....

"[illegible]ကျားအာဇာနီဆိုတာ ဒီလိုစိတ်ဓါတ်မျိုးရှိမှပေါ့ သခင်[illegible]၊ '[illegible]ကိုင်- တက်နိုင်ဖျားရောက်' ဆိုတဲ့စကား အတိုင်း [illegible]ကျားဘာသားပြုပြိုနဲ့ ကျိုးစားရင် သခင်မကြီးထက်မက ထက်[illegible] ဆောင်နိုင်တဲ့ ပညာရပ်တံခိုးသတ္တိတွေ ရ,ရမှာပေါ့ သခင်[illegible]၊ '[illegible]တံခွန်၊ လူရည်ချွန်၊ ကောင်းကင်တမှတ် ကြယ်ကို [illegible] မလှတ်စတမ်းရမြဲတမ်းတည်း' ဆိုတဲ့ဆောင်ပုဒ်ကို နှလုံး[illegible]မှာ [illegible]ပိုက်ထားပြီး ဒီကရှေ့ကို သခင်ကြီး လုလ္လဝါယမ ပြုပေ[illegible]"

"[illegible]ကြီးရဲ့ သာသနာပြုဘို့နဲ့ အမိုက်တရားဘက် ပါနေတဲ့ [illegible]မျိုးသားတွေကို သာသနာ့အလင်းရောင်ရရှိဘို့ ဗုဒ္ဓသာသ[illegible] [illegible]ဝါနေဘို့လင်းဘို့ လုပ်ငန်းစဉ်တွေ ကျန်သေးတယ်၊ ရှေ့[illegible]ပြီး မဝေးတမ်း-မပန်းတမ်း လုပ်ဆောင်ရမှာတွေအာ [illegible] [illegible]တဝေါကြီးပါဘဲလေ"



www.burmeseclassic.com

www.burmeseclassic.com



အားပေးချီးကြူးစကားများနှိမ့်ဖိ်ိန်ဟလိုက်ပေသည်။ တောင်တန်းကေရီ သခင်မကြီးသည် ဗိုလ်ကြီး-အောင်မင်းကျော်ကို ဦးသုံးကြိမ်ချကာ ကန်တော့လိုက်ပြီး၊ ညင်သာစွာလှမ်းကြကာ စောခမ်းနွဲ့၏ ညာဘက်လက်မောင်းကလေးကို ယုယစွာကိုင်ဆွဲ၍ သူမနှင့်ယှဉ်ကာ ရပ်ခိုင်းလိုက်ပါတော့သည်။

"ရွှေတန်းကယောကျ်ားအာဇာနည်ပြုမြိန်ပြီ၊ သခင်ကြီးလုပ်ဆောင်ရမဲ့ သာသနာ့တာဝန်တွေနဲ့ သတ္တဝါတွေရဲ့ ကျမ်းမာရေး၊ ချမ်းသာရေးအတွက် နောက်ပိုင်းကမလစ်လပ်တန်း တာဝန်ထမ်းဆောင်မဲ့ ဘုရားနှမတော်တို့ ညီအမနှစ်ယောက်လဲ သခင်ကြီးရဲ့ ပါရမီတော်ဖြည့်ထမ်းပြီး ခရီးကြမ်း လိုက်ပါချိတက်ဘို့ အရံသင့်ပါတဲ့ မောင်တော် သခင်ကြီး"

"ဟုတ်တယ်မဟုတ်လား ညီမတော်၊ ညီမတော်ပညာစခမ်းဟာဖက်ဘို့-ခရီးရောက်ဘို့ တယ်မဝေးလှပါတော့ဘူး၊ အားငယ်ကြောင့်ကျစရာမရှိတော့ပါဘူး ညီမတော်ရယ်....မ-ဘုရားနဲ့ ခြေလှမ်းညီညီ ကျိုးစားမယ်မဟုတ်လား ညီမတော်ဘုရား"

"စိတ်ချတော်မူပါ အမတော်ဘုရား၊ အမတော်ဘုရားရဲ့ ခြေရင်းမှာ ရေပူရေချမ်း ဆက်သ, ကမ်းလှမ်းရင်း အမတော်ဘုရားရဲ့ ပညာရှေ့နို့ ကိုသောက်စို့ ပါရစေပါ အမတော်ဘုရား"

စောခမ်းနွဲ့သည် မာနဟူသမျှ ရွေးမျှမရှိသော ပကတိရိုးသားပွင့်လင်းသောမျက်နှာကလေးဖြင့် တောင်တန်းကေရီသခင်မကြီးကိုပန်ကြားလျှောက်တင်လိုက်ရှာပါသည်။

"ဒီအကြောင်းကနောက်ပိုင်းကိုလှည့်ထွက်ကြစို့ရဲ့၊ ဒီနေ့ဟာ မင်္ဂလာနေ့ထူးနေ့မြတ်ဖြစ်လို့ တချို့တချို့သော ဈာန်ဝင်စားရှာတဲ့ သူတော်စင်များ သမာပါတ်ကခေတ္တအနားထ, ကြလိမ့်မယ်"

ဘိုးသက်ရှည်သည်ရှေ့မှဦးဆောင်ကာခေါ်ငင်လိုက်ပြီး လက်ျာ



ရစ် လမ်းအတိုင်းလျှောက်ခဲ့ကြပါသည်။

"မှတ်ထားပေတော့သခင်ကြီး၊ လောကမှာကံလမ်း၊ ဈာန်လမ်း ဉာဏ်လမ်းဆိုတာ သုံးဆင့်ရှိနေတယ်၊ ကံကြောင့် ကောင်းသော ကုသိုလ်ကံကြောင့် လူရယ်၊ နတ်ရယ်၊ ဗြဟ္မာရယ်လို့ အမြင့်မြတ်ဆုံး လူသုံးပါးရှိတဲ့ဘုံတွေမှာရောက်ရှိခဲ့တယ်၊ မြင့်မြတ်တဲ့နေရာတွေ ရောက်ပြီး ပါရမီးစုံက ကိုအသစ်တဖန် ကောင်းမှုကုသိုလ်အသစ် မစိုက်ပျိုးခဲ့ရင် ပါရမီးစုံမျိုးစပါးနဲ့ တူတဲ့ကံဟာ လာလတ္တံ့သောဘဝရဲ့အာလသတွက်အတိုးအပွါးမရှိဘဲ ကံကုသိုလ်ဆက်ရန်ကို အကုသိုလ်ပိုးက အကြွေးဟောင်းလိုက်လာရင် တဖန်ပြန်ပြီး အကုသိုလ် အကြွေးဟောင်းအတိုင်း ဒုက္ခဆင်းရဲရောက်ခဲ့ရပြန်တယ်"

"ဒါကြောင့် ကံလမ်းပေါ် ရောက်ရှိခိုက်မှာ ဒီဘဝကိုမတောင်းတမ်းဘဲ တဆင့်တက်ပြီး၊ သမထလုပ်ငန်း-ဈာန်လုပ်ငန်း တဆင့်တက်ပြီး ကိုယ့်အခြေအနေ၊ ကိုယ့်ကုသိုလ်ကံ မြင့်သည်ထက်မြင့်အောင် ကျိုးစားကြရမယ်၊ ကမ္ဘာပေါ်မှာရှိရှိသမျှ ဘာ သာတွေမှန်သမျှဟာ ကံလမ်းနဲ့ ဈာန်လမ်းဟာ အဆုံးစွန်ဘဲရှိဘယ်၊ ဘဝဖြတ်ပုံ၊ ဖြတ်ကျွမ်းတဲ့ ဉာဏ်လမ်းဖြစ်တဲ့ တမဂ်-တဖိုလ်ကို ဗုဒ္ဓဘာသာရဲ့ ဗုဒ္ဓလမ်းစဉ်မှလွဲလို့ တခြား ဘာသာလမ်းစဉ် 'ဘဝတဖန်မဖြစ်တဲ့ ဘဝ၏အစွန်ဆုံး၊ နောက်ဆုံးစခမ်း' မရှိခဲ့ပါဘူး သခင်ကြီးရယ်"

"ကမ္ဘာပေါ်မှာရှိတဲ့ ဘာသာခြားတွေ ဘယ်လောက် စိတ်ဝါဒလွဲလွဲ၊ တန်ခိုးကြီးတဲ့ပုဂ္ဂိုလ်တွေမှန်သမျှဟာ ကိုယ့်ဘာသာအယူအဆအရ သမထလုပ်ငန်းတွေကို လက်မလွှတ်နိုင်ကြပါဘူး၊ ဒါကြောင့်လဲ သမထလုပ်ငန်းဟာ သာသနာအတွင်းနဲ့ သာသနာအပ ကာလတွေမှာ ကျင့်ရစ်တည်တဲ့ဖြစ်တဲ့ သူတော်ကောင်းလုပ်ငန်းပညာရပ်ဖြစ်နေတော့တယ်"

"ဒါပေမဲ့ ယံသရာလည်တဲ့ဘေးက မလွတ်သေးပါဘူး၊ လွတ်

www.burmeseclassic.com

www.burmeseclassic.com



ဘိုဟာ ၃၁-ဘုံရဲ့ နောက်ဆုံးပိတ်စခမ်းဟာ နိဗ္ဗာန်ရွှေပြည်တဲ့ ထိုးထိုး တွေ့နိုင်တော့တယ်၊ နိဗ္ဗာန်ရွှေပြည်ရောက်ဘိုဟာက အဓိက အချက်ကတော့ သစ္စာလေးပါး မြတ်တရားသာပင်ဖြစ်ပေတယ်၊ သခင်ကြီးတို့ သခင်မကြီးတို့ ညီအမတော်များဟာ နောက်ဆုံးပိတ် ဒီသစ္စာလေးပါးမြတ်တရားကိုသိဘို့ ကျိုးစားစွမ်းဆောင် နိုင်ကြပါစေကြွယ်တို့"

လမ်းလျှောက်ရင်း သံသရာထွက်ပေါက်ခရီးကို ဘိုး သက်ရှည် ညွှန်ပြနိုးဆော်နေပါတော့သည်။

ဗိုလ်ကြီး-အောင်မင်းကျော်နှင့် တောင်တန်းကေရီ သခင်ကြီးတို့ ညီအမပါ တပ်ပိုင်နက်ထည်းလိုပင် သာခုသုံးကြိမ် ခေါ်လိုက်ကြပါတော့သတည်း။

လေးဦးသားခတ်မှန်မှန်ထွက်ခဲ့ကြရင်း ယောဂီပုဂ္ဂိုလ်တော်တော်များများကို စတင်ကာတွေ့ရှိ နေကြပါတော့သည်။ တရုပ်ပုဂ္ဂိုလ်၊ အိန္ဒိယသားပုဂ္ဂိုလ်များ၊ မြန်မာပုဂ္ဂိုလ်များ စသည်တို့သည် ကိုယ့်လုပ်ငန်းနှင့် ကိုယ်အားထုတ်လျက် ဆိတ်ငြိမ်စွာဖြင့် သမထလုပ်ငန်းတွင် ဇောသန်လျက်ရှိနေကြပေသည်။ သစ်ရိပ် ဝါးရိပ်များကလည်း အထက်မှမိုးကာ,ကာ တင့်တယ် လှုံလောက်သော အရိပ်အာဝါသများအဖြစ် ဖန်တီးစောင့်ရှောက်နေသကဲ့သို့ တွေ့နေရပေ၏။ နေရာအနှံ့ အပြားတွင် တသွင်သွင်စီးဆင်းနေသောကြည်လင်အေးမြသည့် စမ်းချောင်းငယ်များကိုလည်း လှပစွာတွေ့နိုင်ပေ၏။ ကျောင်း-ကဝိရမ်များ၊ ဂူများ-လိုဏ်များကိုလည်း သိုသိုသိပ်သိပ်သူ့နေရာနှင့်သူ တွေ့မြင်နေရပေ၏။

ဘိုးသက်ရှည်တို့လေးဦးသား၏ ခတ်ကြွကြွလှမ်းနေသော ခြေသံပင် နေရာအသိုင်းအဝိုင်း၏ ဆိတ်ငြိမ်မှုကြောင့် ကျယ်လောင်သော အသံများအဖြစ် ပေါ်ထွက်နေစေ၏။ တနေရာ ဂူဝဠ်ကား အညို



ရောင်ဝတ် ယောဂီပုဂ္ဂိုလ်တဦးသည် ဖါးဖိုကြီးတလုံးနှင့်အဂ္ဂိယာတ် လုပ်ငန်းကို တကိုယ်ထည်း အာရုံပြုကာ တရှဲရှဲဖိုဆွဲရင်း လုံးပမ်းနေပါတော့သည်။

"ကိုယ့်အထုံကိုယ့် ဝါသနာနဲ့ ကိုယ်ဘဲ သခင်ကြီး၊ဒီပုဂ္ဂိုလ်ကြီး သမထဘက်ကပေါက်ခဲ့ပြီး၊ သူငယ်စဉ်အခါက မကျွမ်းကျင်မသိရှိခဲ့တဲ့ ဓါတ်စခမ်းဘက်ကိုပြန်ပြီးလေ့လာနေဘာပါဘဲ"

ဘိုးသက်ရှည်သည် ခတ်တိုးတိုး လေသံဖြင့် ပြောလိုက်သည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်သည်....

"ဓါတ်စခမ်းဘက်ကကျွမ်းကျင်တော့ ဘယ်အဆင့်တက်အုံးမလို့လဲ ဘိုးဘိုး"

"ပညာအဆင့်ကိုမရည်ရွယ်ပါဘူး သခင်ကြီး၊ ဓါတ်သဘောကို ဆီးဘပ်လေ့လာရင်း ဓါတ်သဘောရဲ့မမြဲမှုကိုသိလာပြီး၊ သခါရသဘောတရားဘက်ကိုဆွဲပြီး ဆက်စပ်ပြီး ဝိပဿနာနှင့်ယှဉ်မှာပါဘဲ၊ ဒီစခမ်း-ဒီနေရာရောက်နေမှတော့ သူ့အတွက်လောကီကိစ္စဟာ ဘာပူစရာရှိတော့လို့လဲ သခင်ကြီးရယ်"

လေးဦးသားသည် အဂ္ဂိယာတ်ဘက်ကိုလေ့လာနေသော ပုဂ္ဂိုလ်ကို ကျော်လွန်ကာ တသွင်သွင်စီးဆင်းနေသော စမ်းချောင်းထိပ်၌ထိုင်၊ လွှင်ခွကာထိုင်ရင်း ရေပြင်ကို ရှုနေ သော ကုလားယောဂီပုဂ္ဂိုလ်အနီးသို့ ဖြတ်သန်းရောက်ရှိခဲ့ကြပြန်သည်။

"ဒီပုဂ္ဂိုလ်ကတော့ ရေကသိုဏ်းရှုနေတာဘဲ၊ ကသိုဏ်းဆယ်ပါးနဲ့သောင် စေ့အောင်ကျင့်နေတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်"

ဘိုးသက်ရှည်သည် ခတ်တိုးတိုးပြောလိုက်ရာ ကုလားသည် တစုံတရာ မကြားသည့်-မသိသည့်အသွင်ဖြင့် အနည်းငယ်မျှပင် သတိမထူမရှုရသည်ကြောင့်—

"ဘယ်လိုလဲ ဘိုးဘိုး...စိတ်ကို ချုပ်တည်းထားတာလား၊ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ ခြေသံ၊ စကားပြောသံတွေကိုဘဲ မကြားလို့လား၊ ကျွန်တော်တို့ကိုဘဲ မမြင်တော့လို့လား”

ဗိုလ်ကြီး-အောင်မင်းကျော်သည် စိတ်ပါဝင်စားစွာဖြင့်မေးမြန်းသည်တွင်....

“ဇောကျနေတာပါ သခင်ကြီး....၊ ခုအချိန်အခါမှာ သူ့အနားသွားပြီး အမြောက်စိန်ပြောင်းသံဘဲ ပေးပေး သူသတိမရဘူး၊ သူ့နားထဲမှာ ကြားတယ်ဆိုတဲ့ အာရုံက မပေါ်ဘူး-လက်မခံဘူး၊ သူ့ရှေ့မှာသွားရပ်ပြလို့လဲ သူမမြင်ဘူး၊ သူ၏အာရုံအစုဟာ ရေပြင်တဂိုက်မှာ တည်နေတဲ့ အာဘောကသိုဏ်းတွင်မှာသာ ရှိနေတော့တယ်”

“မောင်တော်သခင်ကြီးလဲ ဈာန်သမာပတ်နဲ့ သမထလုပ်ငန်းကို ကြပ်ကြပ်ဝင်စားလေလေ ယောဒီ ယောဂီပုဂ္ဂိုလ်လိုဘဲ အာရုံသမာဓိတည်သေလေဖြစ်မှာပါဘဲ”

တောင်ဘန်းကေရီသခင်မကြီးသည် နောက်နားမှနေ၍လျှောက်တင်လိုက်ပါသည်။

လေးဦးသားသည် အတွင်းမြို့တော်၏နယ်နိမိတ်ထဲသို့ လှည့်ကာပတ်ကာဖြင့် လေ့လာကြည့်ရှုနေရင်း ကွေ့တကွေ့သို့ ဆိုက်ရောက်ခဲ့ပါသည်။ လမ်း၏အနီးတောင်စွန်းထိပ်၌ တရုပ်ယောဂီတဦးသည် မတ်တပ်ရပ်ကာ ပါးစပ်မှကျယ်လောင်စွာ ရွတ်ဖတ်သရဇ္ဈာယ်နေတော့၏။ ဗိုလ်ကြီး-အောင်မင်းကျော်သည် တရုပ်ယောဂီ၏ရွတ်ဖတ်သံများကို နားစွင့်ကာထောင်လိုက်ရာတွင် တရုပ်ဘာသာ မဟုတ်ဘဲ အမည်မဖေါ်နိုင်သောဘာသာတမျိုးဖြင့် ရွတ်ဖတ်နေသည်ကိုကြားလိုက်ရပေ၏၊ တခါတခါတွင် သိုးဆောင်းဘာသာစကားလုံးများ၊ တခါတခါတွင် အိန္ဒိယဘာသာစကားလုံးများ ညှပ်ကာ ပါလာပါတော့သည်။



[illegible]ကလောကီကိစ္စအတွက်ကျိုးပမ်းခဲ့လို့ အောင်မြင်ခါနီး[illegible]ဖြစ်တယ် သခင်ကြီး၊ သူရွတ်ဖတ်နေတာဟာ ကမ္ဘာပေါ်ရှိ[illegible]ရဲ့ ဂါထာစကားတွေသာ ဖြစ်တယ်၊ ပညာရှာထတ်ရင်[illegible]တာတွေမှတ်နိုင်ရင် အင်မတန်အစွမ်းထက်မျက်တဲ့ဂါထာ[illegible]အဖြစ်သုံးစွဲနိုင်တယ်၊ သူရဲ့ ဝိညာဉ်ဟာ သူ့စိတ်နဲ့အကူ[illegible]အရုပ်ရုပ် ဒေသအရုပ်ရုပ်ကို ရောက်ရှိပြီး လမ်းမှာတွေ့သမျ[illegible]တွေရဲ့ ဂါထာတွေကိုရွတ်ဖတ်သရဇ္ဈာယ်နေခြင်းဖြစ်တယ်”

[illegible]ရှင်းလင်းပြောပြလိုက်ပြီး....

“[illegible]ကြောင့်မို့လို့ အထက်မြို့တော် သီလဝံသ မြို့သားတွေကို[illegible]နေတဲ့ ဘိုးဘိုးတို့နဲ့ တောင်တန်းကေရီ သခင်မကြီးဟာ[illegible]လို့ အောက်မြို့သားတွေက ခေါ်ဝေါ်နေကြတာကလား၊[illegible]တော့ သုံးဆယ့်နှစ်ကဋ္ဌာ အစုအဝေးရှိတဲ့ လူထဲက လူ[illegible]ပါဘဲ သခင်ကြီးရယ်၊ သီလသမာဓိနဲ့ ပညာအဆင့်အတန်းမှာ[illegible]အမန့်လူတွေနဲ့ ကွာခြားတာတခုပါဘဲ- သတ္တဝါတိုင်းဟာ[illegible]ကြီးလေးပါးစုစီးနေတဲ့ရုပ်နာမ်အစုတွေသာဖြစ်ပါတယ် သခင်[illegible] လူခြင်းကွာခြားတာဟာ တရားမရှိတဲ့ ဒုသီလပုဂ္ဂိုလ်၊ တရား[illegible] သုသီလပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ် အစရှိတဲ့ သီလ[illegible]မာဓိအရာမှာ ကွဲပြားတာတခုပါဘဲ သခင်ကြီး”

[illegible]ယောဂီပုဂ္ဂိုလ်များ၏ကျောင်းသခ်မ်းများ ကိုကျော်လွန်ပြီးနော[illegible]ရှည်၏ နေထိုင်သီတင်းသုံးရာ ဂူကြီးအနီးသို့ ပြန်လည်ရောက်ခဲ့[illegible]ပါသည်။

[illegible]ခင်ကြီးတို့အားလုံး ဒီနေ့နံနက်ကစပြီး၊ ကိုးရက်တိတိ နဝင်[illegible]မောင့်ထိမ်းကြရမယ်....၊ ဒီကြားကာလမှာဘဲ ပညာပါရမီ[illegible]တန်းတက်ဖို့စီစဉ်ပေးမယ်၊သမာဓိမြဲဖို့ အင်မတန် အရေး[illegible]ကြီးတယ်”

www.burmeseclassic.com

www.burmeseclassic.com



ဘိုးသက်ရှည်သည် လေးနက်စွာ မိန့်ကြားလိုက်ပါတော့သည်။

## ကမ္ဘာ့အရေးနှင့် ဗမာ့အရေး

လန်းဆန်းအေးမြသော လေပြေသည် အတွင်းမြို့ရင်ပြင်ပေါ်[သို့] တသွင်သွင်တိုက်ခတ်နေတော့၏။ ကောင်းကင်ယံတဝိုက်၌ ကြယ်ပွင့်များသည် တောက်ပစွာဖြင့်ကောင်းကင်ပြင်တလွှား၌နေရာယူလျက် ရှိနေတော့၏။ လမင်းကလည်း လဆန်း ဆယ့်နှစ်ရက် ကာလဖြစ်[သည်]ကြောင့် တိမ်လွှာကင်းစင်သောကောင်းကင်ပြင်ဝယ် ဘော်လွှာ ရောင်များ ဖြန့်ချီတန်ဆာဆင်လျက် ကြည်နူးဘွယ်ရာတွေ့မြင်နိုင်ပေ၏။

ဘိုးသက်ရှည်သည် အပြင်မြက်ခင်းပေါ်၌ရပ်လျက် ဗိုလ်ကြီး-အောင်မင်းကျော်၊ ဟောင်တန်းကေရီသခင်မကြီး၊ စောခမ်းနွဲ့တို့နှင့် အတူ ကောင်းကင်ပြင်မှ နက္ခတ် တာရာ များကို စေ့စေ့ စပ်စပ် တခဏ်းပြီးတခဏ်း လေ့လာသုံးသပ်နေခိုက်ဖြစ်ပေ၏။

"ဟောဒီ ကြာသပတေးနက္ခတ်ဟာ မြန်မာပြည်မြန်မာအမျိုးသားတွေနဲ့ ဆိုင်တယ် ဟောဒီနက္ခတ်ကအိန္ဒိယပြည်နဲ့ ဆိုင်တဲ့နက္ခတ် မြင်ရဲ့လား သဘောကြီးလို ကြယ်တွေတတန်းကြီး ဖြစ်နေတာက ဂန္ဓာလရစ် တရုပ်ပြည်နဲ့ဆိုင်တဲ့ နက္ခတ်ဖြစ်တယ် သခင်ကြီး"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ကြယ်တာရာများကိုကြည့်ရင်း သူ၏ခေါင်းထဲ၌ မေးခွန်းတွေတသီကြီး ပေါ်ထွက်နေရှာပါသည်။ ဘိုးသက်ရှည်ကို သူသိလိုသောမရှင်းလင်းသည့်မေးခွန်းများကို မေးသင့်-မမေးသင့် ချီတုံချတုံဖြစ်နေရာမှ သူ၏စိတ်ခေါင်တွင်းမှစိတ်ကို စေသည့်သဘောဖြင့် ဟောင်တန်းကေရီ သခင်မကြီးရှိရာသို့ အာရုံပြုကာ စိတ်ထဲမှပင်'မေးခွန်းတွေမေးလိုက်ရမလား သခင်မကြီး'ဟူ၍



စိတ်ကူး မနောခေါ်တ်ဖြင့်ပို့ကာ ကြိတ်၍ စိတ်ထဲမှပင် တိုင်ပင်ကာ စိတ်အာရုံ၏သတ္တိကို လက်တွေ့စမ်းသပ်လိုက်ပါသည်။

တောင်တန်းကေရီသခင်မကြီးသည် ပြုံးယောင်သန်းနေသော မျက်နှာတော်ဖြင့်....

"မေးမြန်းနိုင်ပါတယ်သခင်ကြီး"

ဆုတ်မဆိုင်းပင် ချက်ခြင်းပြန်၍ရွှေနှုတ်တော်မှ ဖွင့်ဟဖြေကြားလိုက်ပါတော့သည်။

"မေးမြန်းစရာရှိရင် ဘိုးသက်ရှည်ကို အားမနာတမ်း မေးမြန်းနိုင်ပါတယ်သခင်ကြီး၊ ပညာသင်တယ်ဆိုတာ နှုတ်လေးနေလို့ ဘယ်ဖြစ်ပါမလဲ၊ နက္ခတ်အကြောင်းတွေ၊ ဗေဒင်အကြောင်းတွေက ချီပြီး ကံကုသိုလ်ဆိုတာတွေအထိ မေးပါလေ၊ ဆွေးနွေးကြတာပေါ့"

ခွင့်ပေးလိုက်သည်ကြောင့် ဗိုလ်ကြီး-အောင်မင်းကျော်သည်....

"ဗေဒင်ဆရာတွေက လူသတ္တဝါတွေရဲ့ ကံကြမ္မာတွေကို ဟောဒီမြင်ရတဲ့ ဂြိုဟ်တွေနက္ခတ်တာရာတွေက ဖန်တီးတယ်လို့ ဟောကြပါတယ်၊ တဖက်တကြောင်းကလဲ ဗုဒ္ဓတရားတော်အရ သတ္တဝါတွေဟာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးတဲ့ကောင်းမှု မကောင်းမှုဟာကိုယ်က ကြုံးသွန်လို့ ဖြစ်ပေါ်တယ်လို့ ဟောခဲ့ပါတယ်၊ ဒါ-ဘယ်အချက် အလက်က မှန်တယ်ဆိုတာ အမိန့်ရှိပါဘိုးဘိုး"

"ဗုဒ္ဓမြတ်ရှင်ဟောကြားတဲ့တရားဓမ္မဟာ အမှန်ပေါ့သခင်ကြီးရဲ့၊ နက္ခတ်တာရာ ဂြိုဟ်တွေ-သတ္တဝါတွေရဲ့ ကောင်းကျိုးမကောင်းကျိုး ဖန်တီးတယ်ဆိုတာက ဗေဒင်ဆရာတွေက [illegible] ခက်ကို ကိုဟောဒါဖြစ်ပါလိမ့်မယ်၊ အမှန်ကတော့ အနည်းငယ် ရှင်းလင်း ပြောပြမှ ဖြစ်ပါလိမ့်မယ်....

ထားကြပါစို့ သခင်ကြီးရယ်၊ လူတွေက တစုံတခု မကောင်းမှု-ကောင်းမှုကိစ္စတွေလုပ်ခဲ့ရင် အဲဒီ ကောင်းကျိုးဆိုးကျိုး အရိပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဂြိုဟ်ကြီးကိုးလုံးမှာ ရောင်ပြန်လာဟတ်ပြီး အဖြစ်မှန်ပေါ်နေတာပါတဲ့၊ ဒါကို လူတွေက ကိုယ့်အဖြစ်ကိုယ် လုပ်ကိုင်ခဲ့မှုကိုအရင်မစဉ်းစားဘဲ လွယ်လွယ်ကူကူ ဂြိုဟ်ကြီးကိုးလုံးကို လက်ညှိုးထိုးပြီး ဂြိုဟ်ကြီးတွေကဘဲ ဖမ်းစားသလိုလို စွပ်စွဲနေကြတာပါ"

"ရှင်းပါတယ်ဘိုးဘိုး၊ ဆက်ပြီးအမိန့်ရှိပါ အုံးအင်မတန်မှကျေနပ်စရာကောင်းတဲ့ အဖြေပါဘဲ"

ဗိုလ်ကြီး·အောင်မင်းကျော်သည် လည်ပင်းမှ ပုတီးကို လက်ချောင်းများဖြင့် တယုတယပွတ်သပ်ရင်း တောင်းပန်လိုက်သည်တွင်·

"အဲဒီတော့ မြေပြင်မှာရှိတဲ့ လူသတ္တဝါတွေကမှ တရားမရှိအကျင့်မမှန်တော့ အထက်က ရောင်ပြန်ဟတ်စေဘို့ တည်ရှိနေတဲ့ ဂြိုဟ်တွေ၊ နက္ခတ်တွေမှာ အတိုင်းသားပြန်ပြီး အမှန်အတိုင်း ပေါ်နေတော့တာပေါ့၊ အဲဒီတော့ ဂြိုဟ်တွေ နက္ခတ်တွေဟာ ခါတိုင်းရက်ပိုင်း လ ပိုင်းအရ လှည့်လည် သွားလာနေကြ ခရီးလမ်းစဉ်တွေမှာ အသွားအလာ မမှန်တော့ဘူးပေါ့၊ လူတွေရဲ့ စေတနာက တွေ မကောင်းစိတ်တွေ ဒုစရိုက်တွေအတိုင်း ဂြိုဟ်နက္ခတ်တွေမှာရောင်ပြန်အဟတ်ခံရတာကိုး၊ တခုနဲ့တခု ဆက်စပ်နေကြတဲ့ လောကကြီးကို သတ္တလောကလို့ဆိုတာ လောကသုံးပါးမှာ ပါတဲ့ လောကကြီးထဲက ဖြစ်ပျက်နေကြတာကိုးသခင်ကြီးရဲ့"

သုံးဦးသားသည် လေးနက်စွာဖြင့် ဘိုးသက်ရှည်၏ ဂြိုဟ်နက္ခတ်များအကြောင်း ရှင်းလင်းချက်ကို စိတ်ပါဝင်စားစွာ နားထောင်နေကြပါတော့၏။

"ဂြိုဟ်နက္ခတ်တွေက သတ်မှတ်ထားတဲ့ ကမ္ဘာ့နီယာမ ခရီးလမ်းကြောင်းတွေမှာ အသွားမမှန်တော့ သခင်ကြီးတို့မြေပြန့်ကတောင် လူသားတွေသုံးနေကြတဲ့ နာရီသံပါတ် စက်ပျက်သလို မိုးလေဝသရာသီဥတုတွေကလဲ မမှန်တော့ဘူး၊ နေပူရမဲ့ အချိန်မှာ မိုးရွာချ



လိုက်တာသဲ၊ အေးမြရမဲ့ အချိန်အခါမှာ ရက်ရက်စက်စက် နေပူလိုက်တာကဲ…၊ နောက်တော့ ဘာတွေဖြစ်လာသလဲဆိုတော့ ဥတုဖေါက်ပြန်လာတော့ မနုဿလူသားတွေမှာ စီမံချက်ဖြစ်တဲ့ "ကမ်ဘ်ဥတုအဟာရ" ဆိုတဲ့ အကြောင်းတရားလေးပါးမှာ ဥတုဖေါက်ပြန်ချက်ကို ခံရတဲ့တပြိုင်နက်ထဲ ထဲကို ညှိုးနွမ်းလို့ ဂြိုဟ်နက္ခတ်တာရာတွေရဲ့ ဖေါက်ပြန်ခတ်ချလိုက်လို့ ဥတုဖေါက်ပြန်ခြင်းခံရပြန်တယ်၊ နောက်တော့ သီးနှံစပါးတွေက ဥတုဖေါက်ပြန်ချက်ကြောင့် ထိခိုက်ပျက်စီးပြီး မလုံမလောက်ဖြစ်ကြတယ်၊ မြေသီးမြေလွှာက အဆီအသား ခမ်းခြောက်ကြတယ်၊ သီးနှံတွေမှာ အဆီအသားမပါကြဘူး၊ သတ်မှတ်ခေါင်းပါးမှု ကပ်ကြီးတွေဆိုက်လာတော့တယ်၊ ဒါကြောင့် မနုဿလူသားတွေ စိတ်ဓါတ်ပျက်ပြားလာကြပြီး သူတို့ကိုယ်မှုအတိုင်း ခံစား-စံစားရခြင်းသာဖြစ်တယ်သခင်ကြီး"

ဗိုလ်ကြီး·အောင်မင်းကျော်သည် ဆက်လက်၍အသေးစိတ်သိလိုသည့်အကြောင့်....

"ဂြိုဟ်တွေ နက္ခတ်တွေဟာ လူဘဦးတစေယံနဲ့ဘဲ ဆိုင်သလား၊ လူများစု တိုင်းပြည်တွေနဲ့ ဆိုင်သလားဘိုးဘိုး"

"တဦးချင်းလဲဆိုင်တယ်၊ လူများစုရဲ့ကံကြမ္မာကိုဖန်တီးမဲ့ တိုင်းပြည်တွေနဲ့လဲဆိုင်တယ်၊ ဒါကြောင့် ဆိုကြပါစို့ လူတယောက်ဟာ ကောင်းတာတွေကြည့်ပြီး မိမိကံကြမ္မာဟာ မကောင်းမှုနှုန်း သိရင်·မကြုံရအောင်ချကြတယ်၊ ယတြာ ချေဘယ်ဆိုတာ တခုခု ကုသိုလ်ကံကောင်းအောင် ကုသိုလ်ကောင်းမှုတခုခု လုပ်ဆောင်စေခြင်းဘဲ၊အကျိုးတော့ ကြီးမားတဲ့မကောင်းမှုကံကြမ္မာကို နည်းပါးပြီး အင်အားလျော့သွားအောင် တဖက်ကကောင်းမှုကုသိုလ်တွေနဲ့ လျော့ကြခြင်းသာဖြစ်တယ်"

"အတော်နက်နဲ့ကဲ့ ပညာရပ်တွေဘဲဘိုးဘိုး.... ဒီဂြိုဟ်သွားဂြိုဟ်

www.burmeseclassic.com

www.burmeseclassic.com



လာနက္ခတ်တာရာကိစ္စတွေကို ကျွန်တော်တို့ ဘယ်လိုသဘောထား ရမလဲဘိုးဘိုး"

ဗိုလ်ကြီးအောင်မင်းကျော်သည် ဆက်လက်၍ မိမိတို့မည်သို့မည် ပုံကျင့်သုံးရမည့်အရေးအတွက် မေးမြန်းလိုက်သည်တွင်....

"ဘုရားဟောတရားတော်ကိုသာ အဓိကထားပါသခင်ကြီး....၊ ဘုရားသခင်ကြီး ဆိုဆုံးမတဲ့အတိုင်းကျင့်သုံးရင် ကုသိုလ်ကောင်းမှု ဟာ အလိုလိုပါနေပြီး အကုသိုလ်ကင်းစင်နေတာဘဲမဟုတ်လား.... ဒါပေမဲ့-တိုင်းပြည်နဲ့ ချီလာတဲ့အရေးအခင်းမှာ ဂြိုဟ်သွား ဂြိုဟ် လာတွေကို သတိထားရမယ်၊ ပူမြင်တန်ပူမြင်ပေးရမယ်....၊ တရား သမာဓိမရှိတဲ့ သာမန်လူပုဂ္ဂိုလ်တွေထက် တရားသမာဓိရှိတဲ့ပုဂ္ဂိုလ် တဦးရဲ့ စိတ်တန်ခိုးသတ္တိအင်အားဟာ အင်မတန် ပြင်းထန် ကြီးမား သလောက် မေတ္တာပို့ခြင်း၊ အဓိဋ္ဌာန်ပြုခြင်းတို့မှာ သာမန်ပုဂ္ဂိုလ် တွေထက်ပိုပြီး ခရီးရောက်ပါတယ်၊ ဘိုးဘိုးတို့--သခင်ကြီးတို့ မနုဿ လူသားတွေဟာ တဖက်တလမ်းကကြည့်ရင်လဲ တမင်္ဂတဖိုလ်မှ မရ ကြသေးတော့ လောကီနယ်ပယ်က မလွတ်နိုင်ကြသေးတာမို့ လော ကီကိုလဲလုံးလုံးလက်လွှတ်လို့မဖြစ်ကြသေးဘူး၊ အရေးအကြီး ဆုံး အချက်ကတော့ လောကီကိစ္စချီတက် ယုံကြည်ကိုးစားပြီး နက္ခတ် ဗေဒင်ကြောင်းတွေချည်း ယုံကြည်ကိုးစားနေခဲ့ရင် မိစ္ဆာလုပ်ငန်းအဘက် ကို ရိုင်စည်းသွားမှာပေါ့သခင်ကြီး....၊ ဘုရားကိုယ်တော်မြတ်ကြီး ဟောပြဆုံးမချက်ကိုသာ ဦးထိပ်ပန်ဆင်ပြီး ကျင့်သုံးရှိသေပါ၊ဘုရား သခင်ကြီးရဲ့တရားတော်ကို ကျင့်သုံးခြင်းအားဖြင့် အမှားမရှိနိုင်ပါ ဘူး၊ အကျိုးမယုတ်နိုင်ပါဘူး-လောကီပညာတို့ဆေးဝါးမန္တာန်တို့ ဗေဒင်နက္ခတ်ပညာဟာ လောကီဘက်သက် ပညာရပ်တွေဖြစ်တယ်၊ ဒါ့ကြောင့် ဘုရားဟောချက်ကိုလျော့ပြီးကျင့်ရင် ဘုရားတောဘက် ပိုမိုပြင်းထန်ပြီးကျင့်ရင် အပြစ်ဖြစ်နိုင်ပါတယ်၊ လျော့လျင်မိစ္ဆာ-



...ပ်မှုဆိုတဲ့ ဆုံးမဩဝါဒစကားကို မြဲမြဲမှတ်ထားပေတော့ ...၊ မေးမြန်းစုံစမ်းစရာရှိရင် မေးမြန်းနိုင်ပါတယ်- ဘိုးဘိုး ...သလောက်တော့ သိသင့်သိထိုက်တာတွေ သိကြရမှာပေါ့ ...ကြီး"

"...မတန်ကျေးဇူးကြီးမားလှပါပေတယ် ဘိုးဘိုး....၊ ဒါထက် ...ထိုင်သားတွေ၊ သိုးဆောင်း လူမျိုးတွေဟာ လောကဓါတ် ...တွေ ထွန်းကားချက်ကို ကိုးကားပြီး ဒုန်းပျံတွေနဲ့ နေဗိမာန်၊ ...မာန်ကိုသွားရောက်ဖို့ ကြိုးစားနေကြတယ် ဘိုးဘိုး၊ သူတို့အကြံ ...ကို ဘယ်လိုမြင်ပါသလဲ သူတို့အကြံအစည်တွေ အောင်မြင် ...မှာလား တည်တံ့အမိန့်ရှိပါဦး"

...ဆက်ရှည်သည် လေးခလေးနက်နက် ရယ်မောလိုက်ပြီး...

"...ိုင်း.... သခင်ကြီးရဲ့ မေးမြန်းချက်ကို တောင်းတန်း ကေရီ ...မကြီးကဖြေပေတော့"

"...ကာ တောင်တန်းကေရီသခင်မကြီးဆီသို့ တာဝန်ပေးအပ် ...ါသည်။

...တောင်တန်းကေရီသ ခင်မကြီးသည် တစုံတခုကို အာရုံပြုကာ ...မနေလိုက်တော့သည်။ အတန်ကြာမှ --

"...မောင်တော်သခင်ကြီးရဲ့ မေးခွန်းဟာ မေးသင့်မေးထိုက်သော ...ကာလသို့ ဆိုက်ရောက်ခဲ့တဲ့အတွက် ဖြေဆိုဘို့အချိန်အခါလဲ ...ပါကြောင်း၊ နေဗိမာန်၊ လဗိမာန်တို့ဟာ ကောင်းမှာပါတဲ့ ...သားတွေနဲ့ ကတ္တားခြားနားထားတဲ့ ဘုံဗိမာန် သီးခြား ...သီးခြားတွေဖြစ်ပါတယ်သခင်ကြီး၊ က ကိုက ခြင်း မဆက် ...အောင်မကျိုးစားဘဲ ပေါကိဥာဏ်၊ လောကိဝီရိယ ဆိုကြ ...ရင်း လောကသားတွေ၊ ဒေါသသားတွေပြီပြီ ... ...တွေနဲ့ စခမ်းတရပ်ဖွင့်ပြီး နေတို့-လတို့ရောက်အောင် ကြံ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခြင်းဟာ မလွယ်လှပါဘူး သခင်ကြီးဘုရား၊ မူလကြံစည်ချက်ကလဲ စေတနာမသန့်ကြပါဘူး၊ လောဘရမက် ဒေါသတွေပက်ပြီး သူ့ထက်ငါ နေဗိမာန်-လဗိမာန်ကိုရောက်ကြပြီ၊ ပိုင်ကြပြီဆိုတဲ့ မသမာစိတ်ဓါတ်တွေနဲ့ ကျိုးစားသမျှဟာ မနုဿလူသားတွေ အတွက် မဟာဘေးကြီးတွေ အဖြစ်နဲ့ ရှိပါလိမ့်မယ်၊ ပွင့်ပွင့်လင်းလင်း ပြောကြားရင် မနုဿလူ့ပြေက နေဗိမာန်-လဗိမာန်ကိုရောက်ဖို့ မပြောနဲ့ ခရီးတဝက်ကျော်ပြီးမရောက်နိုင်ပါဘူး"

"အဓိကသတိပြုဘို့အချက်ကတော့ မနုဿလူသားတွေဟာ နေဗိမန်-လဗိမာန်ကိုရောက်အောင်ကျိုးစားသမျှ၊ စက်မှုလက်မှုလောက စိတ်ပညာတွေနဲ့လုံးပမ်းသမျှဟာ နေတို့-လတို့ရောက်ဖို့ ပညာရပ်အဖြစ်နဲ့ ဖြစ်ပေါ်မလာဘဲ မနုဿလူသားချင်း နိုင်လိုမင်းထက်စိုးမိုးအုပ်ချုပ်ဘို့ စစ်မက်ရေးရာမှာ လူသားချင်းချင်း တမျိုးလုံး ပြုတ်ဘို့ကြံစည်တီထွင်တဲ့ အဖျက်ပညာရပ်တွေသာ ဖန်တီးခြင်းဖြစ် ပါလိမ့်မယ် သခင်ကြီး"

ဗိုလ်ကြီး-အောင်မင်းကျော်သည် နားမရှင်းသေးသည့် အတွက် ထပ်ဆင့်မေးခွန်းများ ထုတ်လိုက်ပြန်ပါသည်။

"ဘယ်နည်းမျိုးနဲ့ မနုဿလူသားချင်း ဒုက္ခပေးနိုင်တဲ့ပညာရပ်တွေ ဖြစ်နိုင်မှာလဲ သခင်မကြီး"

"မှန်လှပါ မောင်တော်သခင်ကြီး....နေဗိမာန်-လ ဗိမာန်တို့သိ အရောက် စီပကိန်းကိုကြံစည်ရင်း အာကာသကိုကြီးစိုးနိုင်တဲ့ ပညာရပ်အဖြစ်တွေကို မနုဿလူသားတွေအချို့ ရကြပါလိမ့်မယ်၊ နေတို့ လတို့တော့ ရောက်ဘို့မဖြစ်နိုင်ပါဘူး၊ လမ်းခုလပ် တလျှောက်မှာ ဓါတ်လေးပါးတည်ရှိပုံတွေ၊ လှည့်ပတ်မှုပညာရပ်တွေကို ရရှိကြပြီး၊ မနုဿလူသားအချို့ဟာ ရောက်ရှိခဲ့တဲ့ အလွန်မြင့်မားတဲ့ ကောင်းကင် ယံထလွှားကနေပြီး သူတို့ရဲ့ လျှင်မြန်လှည့်ပတ်နိုင်တဲ့ ယာဉ်ပျံ



တွေကိုအသုံးပြုပြီး သူတို့နဲ့ ဝါဒခြင်း မကိုက်ညီတဲ့၊ သူတို့မလိုတဲ့ ပြည်ရွာများကို အဆိပ်ငွေ့ဗုံးများ၊ မီးလောင်ဗုံးများကို အချိန်နာရီ အကွာအဝေးနဲ့ ကိုက်ပြီး ဖြုတ်ချကာဖျက်ဆီးတတ်တဲ့ပညာရပ်တွေ၊ လူချင်းသတ်ဖြတ်ဖျက်ဆီးတတ်တဲ့ ပညာရပ်တွေကို သူတို့ရရှိသွားပြီး မနုဿလူသားခြင်း လောဘ ဒေါသ မောဟ အကြောင်းတရားမှ ဆောင်ချက်ကြောင့် ဖျက်ဆီးကြပါလိမ့်မယ် သခင်ကြီးဘုရား"

ဗိုလ်ကြီး-အောင်မင်းကျော်အတွက် သူ၏ပါရမီဖြည့်ဘက် တောင်ယန်း ကေရီ သခင်မကြီး၏ လျှောက်ဘင်ချက်မှာ အကြောင်းအရာတွေ အင်မတန်ခိုင်လုံနေသည်ကြောင့် ငြင်းဆိုရန်တကွက်မှ မပေါ် မပါက်တော့ဘဲ ကျေနပ်စွာဖြင့်လက်ခံလိုက်ရပေ၏။

"ခြော်... လူသားတွေ..လူသားတွေ...အင်မတန် မှန်မြတ်တဲ့ မနုဿလူ့ပြည်ကို ရောက်နေလျက်နဲ့ တရားမသိ- တရားမရှိကြတော့ အင်မတန်ဝမ်းနည်းစရာ၊ ကြေကွဲစရာကောင်းတဲ့ အခြေအနေမျိုးတွေ ရောက်ရှိနေကြပြီကဘဲ၊ ပျက်စီးကြအုံးမယ်- ပျက်စီးကြအုံးမယ်၊ သံသရာ စက်ရဟတ်ကဖြင့် ထွက်လမ်း မမြင်နိုင်ကြ ရှာပါ ကလား သခင်ကြီးရယ်"

"ရန်သူကြီးသုံးယောက်ဖြစ်တဲ့ လောဘ ဒေါသ မောဟ ဆိုတဲ့ အချက်မီးတွေစေခိုင်းရာ မပြင်းတမ်းလုပ်ကြ- ကိုင်ကြတာတာလေး— ကြည့်လိုက်စမ်း တောင်တန်းကေရီသခင်မကြီး၊ မနုဿလူသားတွေ အကြောင်း ကောင်းကင်ပြင်မှာရှိတဲ့ ကြိုက်သွား- ကြိုက်လာ တွေမှာ ပေါင်းသား-အရှင်းသား ပေါ်နေတာမြင်ရဲ့လား၊ ကဲ....ဘိုးသက်ရှည်ကို တောင်တန်း ကေရီ သခင်မကြီးက မြင်သရွေ့- သိသရွေ့ လျှောက်တင်စမ်းကြည့်တို့"

ဘိုးသက်ရှည်သည် မနုဿလူသားများအတွက် မချိတင်ကဲလေသဖြင့် ပြောဆိုလိုက်ပြီး၊ တိုင်းပြည်များ၏အခြေအနေကို သိရှိရန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် တောင်တန်းကေရီသခင်မကြီးကို ဝေဖန်ခိုင်းလိုက်ပါသည်။

"မှန်လှပါ ဘိုးဘိုး၊ တရုပ်ပြည်ကြီး အခြေအနေဟာ အင်မတန် စိုးရိမ်နေရပါတယ်၊ တရုပ်လူမျိုးချင်းချင်း မကြာမတင် ကာလမှာ စစ်ခင်းဘို့စီစဉ်နေကြောင်းပါ ဘိုးဘိုး"

"မှန်း....ဟုတ်ပြီ- ဟုတ်ပြီ...တရုပ်ပြည်ရဲ့ ဒုက္ခတွေဟာ နှစ်ခြမ်းကွဲမဲ့ လက္ခဏာတွေပြသနေတာကိုး၊ မင်းရဲ့နက္ခတ်ကလဲ အင်မတန် မှန်နေတာကိုး၊ ဆက်ပြီးအမိန့်ရှိပေတော့ သခင်မကြီး"

"မှန်လှပါ ဘိုးဘိုး၊မဇ္ဈိမဒေသ တိုင်းပြည်(အိန္ဒိယ)ရဲ့နက္ခတ် ဟာ....သခင်မကြီးအနေနဲ့တော့ သိပ်သဘောမကျသေးဘူးဘိုးဘိုး နက္ခတ်တွေရဲ့ ခုလက်ရှိတည်နေပုံဟာ အထက်အောက် ပြောင်းပြန် ဖြစ်နေလို့ ပြည်တွင်းမငြိမ်မသက်ဖြစ်ခြင်း၊ လူမျိုးရေး ကွဲပြားပြီး၊ ပြည်တွင်းသွေးထွက်သံယိုဖြစ်ခြင်းစတဲ့ ဘေးအန္တရာယ်ဆိုးကြီးတွေ ဖြစ်နေကြောင်းပါ ဘိုးဘိုး"

"ဖြစ်မယ်-ဖြစ်မယ်—လူမျိုး ကွဲပြားမှုဆိုတာ ဟိန္ဒူနဲ့မူဆလင် ပြဿနာအခြေခံလိမ့်မယ် သခင်မကြီး"

"ပါပနက္ခတ်တွေကဖြင့် တကယ်အားကောင်းနေတယ်ဘိုးဘိုး"

တောင်တန်းကေရီသခင်မကြီးသည် နက္ခတ်များကိုကြည့်ရင်း.... သမာပါတ်ဝင်စားသည့်အသွင်ဖြင့် မျက်လုံးများကိုမှိတ်ကာ အာရုံ သွင်းနေရှာပါသည်။ အတန်ကြာမှ....

"ဘုရားမရှိ၊ တရားမရှိ မိစ္ဆာဝါဒတွေ အရှေ့ဘက် တလွှားမှာ အတော်ကြီးစိုးလွှမ်းမိုးလာလိမ့်မယ်၊ နှစ်မိုးလောကပါဘဲ မကြာပါ ဘူး ဘိုးဘိုး....၊ ပင်မ သူတို့ခြေကုပ်ပြုတဲ့ မိစ္ဆာပြည်ကြီးတွေကစပြီး အချင်းချင်း မညီမညွတ်မှု၊ သွေးကွဲမှုတွေနဲ့ သူတို့အင်အားစုကြီး ပြိုကွဲပျက်စီးကြလိမ့်မယ်"



"မှန်တယ်- မှန်တယ်....ဒီအတိုင်းဘဲ၊ ကမ္ဘာတလွှားမှာ ဖြစ်ကြ ပျက်ကြလိမ့်မယ်၊ ဒါဟာ ကမ္ဘာ့ရေးရာကြိုတင်ပြီးသိရှိထားခြင်းဖြစ် တယ်၊မောပြည့်အဘိုတော့ သခင်ကြီးသိရှိပြီးဖြစ်လို့ အထူးဟောဘို့ မလိုတော့ပါဘူး၊ ကိုင်း....ညဉ့်နက်ပြီ၊ ဒီနေ့ည နက္ခတ် ဂြိုဟ်သွား ဂြိုဟ်လာတွေအကြောင်း ဒီလောက်နဲ့ဘဲစခမ်းသိမ်းကြစို့ရဲ့၊ သမီး တော်ကြီးနှစ်ပါး ကိုယ့်အိပ်ခမ်းတော်ကို ကြွချိန်ကြပြီ"

အခုတော့ကလေးညဉ့်နက်သဖြင့် လူစုခွဲကာ မိမိတို့အတွက် သတ် မှတ်ထားသည့်ဂူကြီးအတွင်းရှိ အဆောင်များဆီသို့ ထွက်ခွာသွား ကြပါတော့သည်။ ဘိုးသက်ရှည်သည် ဗိုလ်ကြီးအောင်မင်းကျော် အား သမထလုပ်ငန်း တနာရီတိတိ အထိုင်ခိုင်းပြီး သူကိုယ်တိုင် ဗိုလ် ကြီးအောင်မင်းကျော် လုပ်ပုံကိုင်ပုံကို စောင့်ကာ ကြည့်ကြပ်နေပါ သည်။

ဗိုလ်ကြီးအောင်မင်းကျော်သည် သမထလုပ်ငန်းတွင် များစွာ ပေါက်ပေါက်ရောက်ရောက် ရှိလာသည်နှင့်အမျှ သူ၏အာရုံသည် ပျံ့လွင့်ကာလို မပြန့်လွင့်တော့ဘဲ သမာဓိခိုင်မာလာပါတော့၏။ဝင် လေ ထွက်လေကို နှာသီးများတွင်မှတ်ကာ အိပ်ပျော်ခြင်းလည်း မ ဟုတ်၊ နိုးကြားနေခြင်းလည်းမဟုတ်၊ သတိလစ်ခြင်း လည်း မဟုတ် သော အခြေအနေမျိုးတွင် ဇောကျကာ သူ၏ရင်ဝတလျှောက်လုံး၌ ဖောချမ်းသာယာသည့် တည်ငြိမ်မှုသုခကို စတင်ကာ ခံစားနေရှာ ပါတော့သည်။တနာရီတိတိလုပ်ငန်းစဉ်ပြီးသောအခါ ဘိုးသက်ရှည် သည်....

"သခင်ကြီး နာရီကြည့်လိုက်စမ်း.... အချိန်ဘယ်လောက်အထိ သခင်ကြီး အာရုံပြုနိုင်တယ်ဆိုတာ"

လက်ပတ်နာရီကို အသာငုံ၍ကြည့်လိုက်ပြီး....



www.burmeseclassic.com

www.burmeseclassic.com



"တနာရီ တီတီတဲ့ဘိုးဘိုး၊ သိပ်စိတ်ချမ်းသာတဲ့ လုပ်ငန်းစဉ်ဘဲ ဘိုးဘိုး"

ဗိုလ်ကြီး-အောင်မင်းကျော် ရှိသေစွာပြောကြားလိုက်ပါသည်။

"ကောင်း .. ဟောဒီရေတခွက်ကိုသောက်ပေတော့"

သူ၏လက်တွင်းမှ ရေတခွက်ကို ဗိုလ်ကြီး-အောင်မင်း ကျော်သို့ ပေးအပ်လိုက်ရာ ဗိုလ်ကြီးအောင်မင်းကျော်သည် ကျောက်ရေခွက်ကို အားရပါးရမော့၍သောက်ချလိုက်၏။

"တစ-တစနဲ့ သွေးပြောင်း၊စိတ်ပြောင်းသွားမှာပါဘဲသခင်ကြီး မူလအခြေခံ သမာဓိတရားရှိလာရင် တက်လမ်းဟာ ဘာမှမခဲယဉ်းပါဘူး"

ဘိုးအာယုသည် ပြောကြားလိုက်ပါသည်။ ဗိုလ်ကြီးအောင်မင်းကျော်သည် တကိုယ်လုံးပူနွေးထက်သွားပါသည်။ သူ၏ မျက်စေ့နှစ်လုံးမှာ နှာခေါင်း၊ ပါးစပ်၊ နားနှစ်ဘက်စသည့် ဒွါရပေါက်များမှာ ရေထဲတွင်ပါရှိသည့် အခိုးအငွေ့များသည် တလျှမ်းလျှမ်း ထိုးထွက်နေကြောင်းကို ဗိုလ်ကြီးအောင်မင်းကျော်သည် ချက်ခြင်း ရိပ်မိပေ၏။

"ဒါဟာရေရိုးရိုးလို့မဟုတ်ဘူးသခင်ကြီး၊လောကီအတတ်ပညာနဲ့ စီစဉ်ထားတဲ့ဆေးရည်တမျိုးဘဲ သခင်ကြီးအတွက် ဆန်မဖွ၊ သွားမကြိုး ပါးရေတွန့်ခြင်း၊ ခေါင်းကိုက်၊ ကိုယ်လက်မနာမသာ ကာယဒုက္ခတွေ ရှေ့အတွက် မကပ်ငြိနိုင်တော့ပါဘူး၊ မောပန်းခြင်း၊ ထိုင်းမှိုင်းခြင်း၊ စိတ်လက်မကြည်လင်ခြင်း စတဲ့ ကာယ ချို့ယွင်းချက်တွေလဲ မပေါ်ပေါက်စေရပါဘူး"

"ဒီဆေးရည်ဟာ ဘယ်လိုနည်းတွေနဲ့ ဖေါ်စပ်ပါသလဲဘိုးဘိုး ကာယရုပ်ကို တမျိုးတမည်ပြုပြင်လို့ရသလား"



ဗိုလ်ကြီးအောင်မင်းကျော်သည် ဆုတ်မဆိုင်းပင် မေးမြန်း လိုက်သည်တွင်....

"ဒီဆေးရည်ဖေါ်စပ်တဲ့ ဓါတ်ပညာအကြောင်းတွေတော့ သိပ်ရှည်လျားနေမှာမို့ ဘိုးဘိုးမပြောတော့ဘူး၊ ဒါပေမဲ့ -ဒီဆေးရည်ဟာ မနုဿလူသားတွေရဲ့ ခန္ဓာအစိပ်အပိုင်းတွေကို တောင့်တင်းခိုင်မာခြင်း၊ လန်းဆန်းခြင်း၊ လှုပ်ရှားမှုမှန်ခြင်း၊ သွေးသားစင်ကြယ်စေခြင်းဖြစ်စေနိုင်တဲ့ တန်ခိုးအာနိသင်တွေ အပြည့်စီစဉ်ထားတဲ့ဆေးရည်ဖြစ်တယ်၊အစကအရေးအကြီးဆုံးဖြစ်တဲ့ မူလပင်ကိုယ်ခန္ဓာတွင်းမှ အရေးအကြီးဆုံးဖြစ်တဲ့ စိတ်ဓါတ်ကသန့်ရှင်းဘို့အရေးကြီးတယ် မနောက်နှောင်ကတော့ ခန္ဓာတွင်းရှိ အဖာအိမ်သွေးကြောစတဲ့ ခန္ဓာကိုလှုပ်ရှားစေတဲ့ အစိပ်အပိုင်းတွေဟာလဲ ချက်ခြင်းအာဆိပ် အဆောင့်ဖြစ်စေနိုင်တဲ့ ညစ်နွမ်းတဲ့ အဟာရစိတ်တွေ အသားတွေမရှိစေရပါဘူး၊ ဒါ့ကြောင့် အတွင်းမြို့တော်မှာ သီတင်းသုံးနေကြတဲ့ ပုဂ္ဂိုလ်တွေအဘို့ သူများအသက်သွေးကို မစားသုံး မမှီဝဲဘဲ မီးနဲ့ ချက်ပြုတ်တဲ့ အဟာရတွေကိုလဲ မစားသုံးဘဲ သဘာဝအတိုင်း ဖြစ်ပေါ်ပေါက်ရောက်တဲ့ သစ်သီးဝလံတွေကိုသာ မှီဝဲ သုံးဆောင်ကြခြင်းဖြစ်ပါတယ်"

"ဟောဒီမှာမြင်ရဲ့လားသခင်ကြီး- ငှက်ပျောနှစ်ဖီးရှိတယ်၊ တဖီးက ပွဲနေပြီး မှည့်ဆိုရင် နက်ဖန်ဆိုရင် အမွှလွှန်တော့မယ်၊ဟောဒီတဖီးက စိမ်းနေတယ်"

အခမ်းပေါက်ဝရှိ ငှက်ပြောနှစ်ဖီးကို ဘိုးသက်ရှည်သည် ညွှန်ပြလိုက်သည်ကြောင့် ဗိုလ်ကြီးအောင်မင်းကျော်သည် လှမ်း၍ ကြည့်လိုက်ပါသည်။

"ကိုင်း-ခုတင်ကသခင်ကြီးသောက်လို့ကျန်တဲ့ ကျောက်ခွက်ထဲကရေစကို ဘိုးသက်ရှည်က ဟောဒီစုတ်နဲ့ သိုးဆောင်းပညာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆန်ပြရရင် ဆေးထိုးတယ်ဆိုရမှာပေါ့”

ပြောပြောဆိုဆိုနှင့် ဘိုးသက်ရှည်သည် ကြေးစုတ်တန်တချောင်းကို ဘေးရှိပေရှက်များကြားမှ ဆွဲနှုတ်ယူလိုက်ပြီး ကျောက်ခွက်ထဲမှ ရေပေါက်အကျန်များဆီသို့နှစ်ကာ အိနေအောင်မွှဲနေသော ငှက်ပြောဘီးများကို တလုံးလျှင်တချက်စီလိုက်၍ အင်ဂျင်ရှင် ထိုးသလို ထိုးကာထိုးကာ ပြသလိုက်ပါသည်။ ပြီးလျှင်ဗိုလ်ကြီး အောင်မင်းကျော်ရှေ့သို့ မွှဲနေသော ငှက်ပြောဖီးကိုချ၍ ပြသလိုက်ပါသည်။

ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏မျက်စေ့အောက်၌ ဘိုးသက်ရှည်ချထားသည့် ငှက်ပျောက်ဖီးမွှဲကို ဂရုတစိုက်ကြည့်ရှုလိုက်ပါသည်။ ကြည့်နေရင်းပင် စုတ်တန်ထိုးစိုက်ရာ တာ ဝိုက်မှစ၍ ငှက်ပျောခွံများသို့ ဖြန့်ကာ အစိမ်းရောင်များသန်း၍ တက်၍ ပေါ်၍ လာပါတော့သည်။ မကြာမီ ငှက်ပျောဖီးတခုလုံး၌ ဝင်းဝါနေသော ငှက်ပျောခွံများသည် မျက်လုည့်ပြသလို ပျောက်ကွယ်ကာ အစိမ်းရင့်ရောင်အခွံများနှင့် လွှမ်းချယ်သွားသည့် ငှက်ပျောသီးများကို များစွာအံ့ဩဘွယ်ရာအဖြစ်နှင့် တွေ့လိုက်ရပါတော့သည်။

“မြင်ပြီမဟုတ်လားသခင်ကြီး၊ သစ်သီးဝလံတွေတောင် အမှဲ့က ပြန်ပြီး စိမ်းလာရင် ဒီဆေးရည်ကို မှိဝဲတဲ့ မနုဿလူသားတွေအဘို့လဲ ရင့်ရော်တဲ့ ခန္ဓာကိုယ်အစိပ်အပိုင်းအားလုံးဟာ ပြန်ပြီးနုပျိုမယ်ဆိုတာ သခင်ကြီးအနေနဲ့ နိုင်းယှဉ်မှတ်သားဘို့ဖြစ်ပါတယ်”

“အင်မတန်ကျေးဇူးကြီးလှပါတယ်ဘိုးဘိုး--အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်တို့မနုဿလူသားတွေအဘို့ ရိုးရိုး တန်းတန်း အခြေအနေဆိုရင် ခန္ဓာကိုယ်ကြီးရဲ့ ခိုင်းစေချက်ကို နေ့စဉ်နဲ့ အမျှ နာရီပိုင်းနဲ့ အမျှ ခန္ဓာ ကျွန်အဖြစ် လုပ်ကိုင် ဖြည့်စွက်နေရပါတယ်၊ ဒါတောင်မှ ခန္ဓာကိုယ်ကြီးဟာ ကျွန်တော်တို့အလိုမလိုက်ဘဲ နေ့စဉ်နဲ့ အမျှ ငယ်ရာကကြီး၊ ကြီးရာက ရင့်၊ ရင့်ရာက ရော်ပြီး ခန္ဓာအစိပ်



အပိုင်းတွေပျက်စီးကဲ့ အခြေအနေကို ရောက်ခဲ့ရပါတယ်၊ ကျွန်တော် အနေနဲ့ ရိုးသားစွာဝန်ခံရရင် အရင်က စာတွေပေတွေထဲမှာကြား ဖူးတဲ့ အာယုသဒ္ဒ ဆိုတဲ့ စကားကို နည်းနည်းမှမယုံကြည်ခဲ့ဘူး ဖြစ်လဲမဖြစ်နိုင်ဘူး စိတ်ကူးယဉ် ဆရာတွေ လက်ချက် လောက်ကဲ့သို့ ယူထားခဲ့မိပါတယ်၊ ခုလိုလက်တွေ့ကြုံရတော့ ကျွန်တော်ဟာအိပ်မက် များမက်နေတာလားလို့ တခါတခါစဉ်းစားမိတော့တယ် ဘိုးဘိုး”

“ဒီပညာဟာ ခဏဘဲသခင်ကြီး....၊ ကမ္ဘာတည် သရွေ့ မအို မသေ-မနာအောင်တော့ ဒီဆေးရည်ကမစွမ်းပါဘူး၊ နှစ် ပေါင်း ရာနဲ့ ချီပြီးတော့စွမ်းရည်သတ္တိရှိပါတယ် သခင်ကြီးရယ်....၊ တောင်တန်း ကေရီသခင်မကြီးသဲ ဘိုးဘိုးရဲ့ စောင့်ရှောက်ညွှန်ပြဩဝါဒကို ယူရင်း ဒီဆေးရည်ကို မကြာခဏသုံးဆောင်မှီဝဲခဲ့ခြင်းဖြစ်ပါတယ်၊ တခါမှီဝဲရင် တခါလောက်ဘဲတံခိုးသတ္တိရှိတယ်၊ သုံးလေးကြိမ်မှီဝဲတဲ့ အခါမှာ ဒီဆေးရည်ရဲ့ မူလပင်ကိုယ်သတ္တိတွေက ထူးထူးခြားခြား အစွမ်းပြနိုင်လောက်အောင် မှီဝဲသူအတွက် အကျိုးအင်္ဂါသင်ရှိ စေတယ်၊ စောခမ်းနွဲ့ကိုလဲ ဘိုးဘိုးတိုက်ကျွေးရပါလိမ့်မယ်၊ ခုလို မအို မနာ ရုတ်တရက်မသေခြင်းကြောင့် ဘိုးဘိုးတို့သခင်ကြီးတို့ တောင့် တခြင်း၊ ကြောင့်ကျခြင်းကင်းစွာနဲ့ ဘာဝနာလုပ်ငန်းများ၊ သမထ လုပ်ငန်းများဆီကိုသာ အရှိုက်နိုင်ဘို့ ရည်ရွယ်ချက်ဖြစ်ပါတယ်”

ဘိုးသက်ရှည်သည် ထူးခြားလှသော အာယုဝဍ္ဍနဆေးရည် အကြောင်းကိုပြောရင်း တစုံတရာသတိရမိသည့်လက္ခဏာဖြင့်....

“မှန်ပါတယ်လေ...နှစ်ပေါင်းရာနဲ့ ချီပြီးမသေနိုင်ပါဘူး။နောင် သခင်ကြီး ပညာအဆင့်အတန်း၊ သမာဓိအခြေအနေခိုင်မာတိုးတက် လာပြီး စိတ်တံခိုးသတ္တိရှိလာတဲ့ အခါမှာ ဒီထက်ပိုပြီး ထက်မြက်တဲ့ အသက်ရှည်နည်းတွေ တွေ့ချင်တွေ့နိုင်ပါတယ်လေ၊ အရှင်မေတ္တေယျ ဘုရားလောင်းကြီးပွင့်တော်မူတဲ့အခါ မှဖြစ်ဖြစ်၊ ရောင်တော်ပြန် ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ရှင်တရားဟောတော်မူတဲ့အခါမှာဖြစ်ဖြစ်၊ ကိုယ့်ဆုတောင်းနဲ့ ကိုယ် ကိုယ့်အဓိဋ္ဌာန်နဲ့ ကိုယ် ရုပ်နဲ့နာမ် နောက်ဆုံးစုဝေးရာ အဖြစ်နဲ့ ဘုရားရှင်ကိုယ်တော်မြတ်ပရိသတ်အဖြစ်နဲ့ သစ္စာလေးပါး တရား တော်ကိုနာယူပြီး ကျွတ်တန်းဝင်နိုင်ကြဘို့ပါဘဲ"

"မသေဘဲ ရုပ်တွေအဆင့်ဆင့်ကူးလို့ ဖြစ်သလား ဘိုးဘိုး၊ ကူး နိုင်တဲ့ ပညာရပ်ရှောရှိသလား...၊ ဖြစ်ခြင်း-ပျက်ခြင်းဆိုတဲ့ သခါရ တရားဟာ ကြွယ်သလို ဖြစ်မနေဘူးလား ဘိုးဘိုး... အမိန့်ရှိပါအုံး၊ ကျွန်တော့်ခေါင်းထဲမှာ ရှင်းသွားမှကောင်းမှာမို့ စုံစမ်းခြင်း ဖြစ် ပါတယ်ခင်ဗျာ"

ဗိုလ်ကြီး-အောင်မင်းကျော်သည် သူသိရှိလိုသောအချက်အလက် များကို ဆက်လက်ဆွေးနွေးတောင်းပန်သည်တွင်....

"ရှိတော့ရှိပါတယ်သခင်ကြီး၊ သိပ်ရှားပါးတဲ့ပညာ ရပ်ဖြစ်လို့ ပြောရင်ယုံနိုင်စရာတောင်မရှိဘူး၊ ရုပ်နာမ်အနေနဲ့ ဖြစ်တည် ပျက် ဆိုတဲ့ ဥဘဒ်-ဌီ-ဘင် အကြောင်းအရာတွေရှိကြတဲ့အခါမှာ ပုဂ္ဂိုလ် အမျိုးမျိုးရှိကြပါတယ်၊ ဥပမာဆိုရင် သာမန် လူသားတယောက် ဖြစ်ဘို့ရာ အမိဝမ်းမှာ ပဋိသန္ဓေ ကိုးလ လွယ်-ဆယ်လမြောက်မှ မွေး ဖွားကြတယ်၊ သေဆုံးတဲ့အခါမှာလဲ ဖြုန်းဖြုန်းဒိုင်းဒိုင်း အရုပ် ကြွှီးပြတ် အနိစ္စရောက်သွားကြပါတယ်၊ ဒါဟာ....သာမန်ပုဂ္ဂိုလ်တို့ ဖြစ်တည်ပျက်ခြင်း အနိစ္စအကြောင်းတရားတွေဖြစ်တယ်၊ သုခဘုံ ဖြစ်တဲ့ နတ်ပြည်-ဗြဟ္မာပြည်များ ရောက်ရှိမဲ့ပုဂ္ဂိုလ်တွေ ကြတော့ ဘွားကနဲဖြစ်တယ်၊ လူတွေလို အမိဝမ်းတွင်းမှာပဋိသန္ဓေမနေအောင်းရ တော့ဘဲ 'ဥပပါတ်' ပုဂ္ဂိုလ်အနေနဲ့ ရုတ်တရက် မိမိတို့ရောက်ရှိမဲ့ဘုံ ဗိမာန်မှာ အကောင်အထည်ရုပ်နာမ်ပေါ်သော့ရှိတယ်၊ အနိစ္စရောက် တဲ့အခါမှာလဲ လျှပ်စစ်ဓါတ်မီး ငြိမ်းသလို ဖြောက်ကနဲ....ရုပ်ရော နာမ်ရော ချုပ်ငြိမ်းပြီး ရုပ်အလောင်းမကျန်ရစ်ခဲ့ကြပါဘူး"



"တချို့တချို့ လူထဲကလူဘဲ ပြောပါ... ရုပ်ကူး- နာမ်ကူးတဲ့ အခါမှာလဲ ခုတင်က ဥပပါတ်ပုဂ္ဂိုလ်တွေလို ယခုလက်ရှိရုပ်က လျှပ် တပျက်အတွင်းမှာ ချုပ်ငြိမ်းတယ်၊ နောက်ရုပ်သစ်ဟာ အဲဒီနေရာမှာ ဘဲ ဖြုန်းဖြုန်းဒိုင်းဒိုင်း အသစ်ထီးထီးမားမားဖြစ်ပါတယ်၊ ရုပ်နာမ် ပြောင်းရတဲ့ပုဂ္ဂိုလ်ဟာ ဒီသူ့ရဲ့ဘဝသစ်ကူးလိုက်ရတာသိပြီး အေးက ကြည့်နေရတဲ့လူတွေ အဘို့တော့ တရုပ်တနာမ်က တရုပ်တနာမ်ကို ကူးလိုက်.... ရုပ်ဟောင်း-နာမ်ဟောင်းချုပ်ငြိမ်းသွားတာ မမြင်နိုင်၊ မသိနိုင်ပါဘူး၊ အင်မတန် လျှင်မြန်တဲ့ အဟုန်နဲ့ ရုပ်ရော-နာမ်ရော ကူးပြောင်းလိုက်တာကို...."

"နေပါအုံး ဘိုးဘိုး... ခုလို လူစင်စစ်ကနေပြီး ကဲဘဝခြားတဲ့ နတ်တွေ-ဗြဟ္မာတွေလို ရုပ်သစ်ကူးတယ်ဆိုတာ ဖြစ်နိုင်ရဲ့လား"

ဗိုလ်ကြီး- အောင်မင်းကျော်သည် နားမရှင်းသည့် အလျောက် ထိုက်ရိုက်မေးမြန်းသည်တွင် ...

"ဖြစ်နိုင်ပါတယ် သခင်ကြီး....၊ လူပုဂ္ဂိုလ်ရဲ့ ဘုန်းကံပါရမီနဲ့ မကျင့်သီလ-သိက္ခာ သမာဓိအပေါ်မှာ တည်နေတာကိုး၊ မနုဿ ကူးသားပင်ဖြစ်စေကာမူ သူရဲ့ ရှေးဘဝ-ဘဝက ဆုတောင်းအဓိဋ္ဌာန် တွေကြောင့်လဲဖြစ်နိုင်ပါတယ်၊ 'ကံမဝိပါကော အစိန္တေယျော' ဆိုတဲ့ စကားအတိုင်း ကံအကျိုးပေးတရားဟာ အဆုံးအဆမရှိဆန်းကျယ် လှပေတယ်၊ ဒါကြောင့် သတ္တဝါတွေရဲ့ကံစီမံလာပုံဟာ အင်မတန် ထူးခြားစရာတွေဖန်တီးတတ်တယ်"

"ဘုရားရှင် လက်ထက်တော်က ဘုရားသခင်ကို ပရိသတ်ဗိုလ်ပုံ အလယ်မှာ အရှက်ခွဲတဲ့ 'စိဥ္စာမာန' ဆိုရင် လူကပဋိသန္ဓေတည်တဲ့ အမျိုးသမီးမှမဟုတ်ဘဲ မကြီးပင်က ဥပပါဒ်အဖြစ်နဲ့ လူ့ပြည်ရောက် ရှိတဲ့ အမျိုးသမီးမျိုး ဖြစ်တယ်၊ ဒီလို ရုပ်ကူး- နာမ်ကူးခဏ်းဟာ.... ဘမှာထိတ်သိုး အင်မတန် ကြီးမားတဲ့ပုဂ္ဂိုလ်မှ တတ်နိုင်စွမ်းရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဆုံးမှာတော့ စိတ်တံခိုးသတ္တိပေါ်မှာတည်နေတာကိုး၊ မနော်စိတ်ပုဂ္ဂိုလ်က မနောရော-ရုပ်ရောကို ကျကျနန-ပိုင်ပိုင်နိုင်နိုင်အသုံးချလိုက်ခြင်းသာဖြစ်တယ်”

“ဘုရားသခင်ကိုယ်တော်ကြီး ဟောကြားခဲ့တဲ့ လောကသုံးပါးဖြစ်တဲ့ သတ္တလောက, သင်္ခါရလောက, ဩကာသလောက ဆိုတဲ့ လောကကြီးဟာ ဒါကြောင့် အလွန်တရာအံ့ဩစရာတွေ အနန္တနဲ့ ကျယ်ပြန့်တဲ့ လောကကြီး ဖြစ်ခဲ့လို့ ဘဝအမျိုးမျိုး၊ လူအမျိုးမျိုး၊ နတ်အမျိုးမျိုးရှိကြတာကလားသခင်ကြီး၊ လောကကြီးဆန်းကျယ်သလို စိတ်တံခိုးသတ္တိကလဲဆန်းကျယ်တယ် ‘စိတ္တေန နယတိ လောကော’ စိတ်တံခိုးသတ္တိသည် လောကကြီးကို ဦးဆောင်နိုင်ခဲ့တယ်၊ သခင်ကြီးအနေနဲ့လဲ ယခင်ခန္ဓာနာမ်အိမ် မပြောင်းခဲ့စဉ်က ဆိုရင် လောကီပညာဘက်မှာ ထိပ်ထိပ်ကြဲဘဲ၊ ရုပ်ပြောင်း- နာမ်ပြောင်းပညာတွေ၊ မိုးရွာနိုင်-နေပူနိုင်တဲ့ ပညာတွေ၊ နေ့ခင်းကြောင်တောင် အမှောင်ကြီးဖြစ်အောင် ချက်ခြင်းဖန်ဆင်းနိုင်တဲ့ ပညာခန်းတွေ၊ အဆင့်အတန်းစိတ်တံခိုးသတ္တိ ရရှိခဲ့ဘူးသားဘဲ၊ လက်ရှိလုပ်ငန်းကို ဆက်လက်ကျိုးစားပါ၊ကိုယ့်အဆင့်အတန်းဟောင်း၊နေရာဟောင်း ရာထူးဟောင်းဟာ ဘာလို့မရနိုင်ရမှာလဲ ...တခါကလဲ ရောက်ခဲ့ဘူး ရခဲ့ဘူးပြီးသားကိစ္စဖြစ်ပါတယ် သခင်ကြီး”

“ကောင်းပါပြီ ဘိုးဘိုး.... ဒီကနေ့ ဆထက်တံဘိုး ကျိုးစားပါမယ်၊ လောကကြီးရဲ့ကျယ်ပြန့်တဲ့အကြောင်း၊ ပညာစခန်းရဲ့ ကျယ်ပြန့်ခဲ့တဲ့ အကြောင်းတွေကို အပြောနဲ့မဟုတ်၊ လက်တွေ့-တွေ့ရှိရအောင် မနားမနေ ဇွဲဝီရိယရှိရှိနဲ့ ကျိုးစားတော့မယ် ဘိုးဘိုး”

“သာဓု-သာဓု-သာဓု....သခင်ကြီးနဲ့ သခင်မကြီးတို့ညီအမမှစ၍ ဤအရိပ်အဝါ၊ ဤနယ်ရှိ သူတော်စဉ်-သူတော်ကောင်းတွေမှ စပြီး၊ ရုပ်နာမ်ရှိသမျှသတ္တဝါအားလုံး ကာယသုခ,စိတ္တသုခချမ်းသာပြည့်စုံ



ကရားတော်ရဲ့အရိပ်အာဝါသကိုလှူရင်း ဖွေ့ဘုံနိဗ္ဗာန်စိတ်ဇော သန်နိုင်ကြပါစေသတည်း”

ဘိုးသက်ရှည်သည် ဗိုလ်ကြီး-အောင်မင်းကျော်၏ သုံးကြိမ်တိုင်တိုင် ရှိခိုးကန်တော့လိုက်ရာမှ ဆုံချီးမြှင့်လိုက်ပါတော့သတည်း။

## မင်္ဂလာပွဲကြီးဆင်နွှဲကြခြင်း

ဘယ်ရက်မြောက်သောနေ့၏နံနက်ခင်း....

အရှေ့ဆီကထွက်ပေါ်လာသော နေရောင်ခြည်များသည် အတွင်းမြို့တော်၏မင်္ဂလာရှိသောမြေမျက်နှာပြင်တွင် ကြည်နူးဘွယ်ရာ ဝေဆာပြန့်ကြူး အလင်းရောင်များမြူးလျက်ရှိနေတော့၏။အတွင်းမြို့တော်၏ မှန်မြတ်လှသော နေရာမှန်တဝိုက်ကို အထပ်ထပ် ကာရံထားသော တောင်ကြီး-တောင်ငယ်များ၏ အထွဋ် ဆောင်ဆောင်းများမှ အဘိုးတန် သယံဇာတပစ္စည်းများ ဖြစ်ကြသည့် ပတ္တမြားကျော၊ ရွှေကျော၊ ငွေကျောများ ဆီသို့ နေရောင်ခြည် ကျရောက်သည့်ကြောင့် ရောင်ပြန်-ပြန်၍ဟတ်ခြင်း၊ ရိုက်ခတ်ခြင်းတို့ အတွက် အတွင်းမြို့တော် နယ်မြေကျောဝယ် အနီ,အဝါ,အဖြူ ရောင်စုံ ကွန့်မြူးထားသကဲ့သို့ လှပဆန်းကျယ်လှပါပေ၏။

ဗိုလ်ကြီး-အောင်မင်းကျော်၊ တောင်တန်း ကေရီ သခင်မကြီး၊ မောသမ်းနွဲ့၊ အတွင်းပုဂ္ဂိုလ်ကြီးလေးဦးတို့သည် အတွင်းမြို့တော်တာ ရုံ ပုဂ္ဂိုလ်ကြီး ဘိုးသက်ရှည်၏ရှေ့မှောက်၌ ရှိသေစွာဖြင့်ပူဆစ်ဒူးတုပ်ကာနေကြတော့ကာ ဩဝါဒခံယူနေဆဲကာလပင်....

“ပါရမီဆိုတာ ဘဝဘဝက ဆည်းပူးလာခဲ့ကြလို့ ခုလိုသာသနာတော်တွင်း ကြုံကြိုက်တဲ့ ဗုဒ္ဓဘုရားသခင်ကြီးရဲ့ အနှစ်သာရကိုရယူနိုင်စွမ်းရှိတဲ့ မနုဿလူသားစစ်စစ်တွေ ဖြစ်လာကြတော့ လူနှစ် မျိုး

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်သခင်ကြီး၊ လူစင်စစ်ရယ်၊ လူတိရစ္ဆာန်ဆိုထာရယ်၊ သာသနာတော်တွင်း ကြုံကြိုက်ပြီး ဗုဒ္ဓကိုယ်တော်မြတ်ကြီးရဲ့ ဟောကြားဆုံးမချက်ကို နာယူပြီး၊ ဘုရားမှန်း-တရားမှန်း- သံဃာ့မှန်းသိတဲ့လူဟာ မနုဿလူစင်စစ်ဖြစ်တယ်၊ သာသနာတော်ကြီးအတွင်း ကြုံကြိုက်ပါလျက်နဲ့ ဘုရားမှန်း၊တရားမှန်း၊ သံဃာမှန်းမသိကြတဲ့ ကိုယ်ထင်ရာကိုယ်စိုင်းပြီး တိရစ္ဆာန်ရိုင်းအသွင် တလမ်းထဲသမားတွေအပယ်စာ ငရဲစာတွေဆိုတော့ လူ့တိရစ္ဆာန်လို့ ခေါ်တာမရှိုင်းပါဘူး၊ တောတွင်းတိရစ္ဆာန်တွေနဲ့ ဘာခြားလို့လဲ၊ စားဘို့- အိပ်ဘို့- မေတုန်မှီဝဲဘို့လောက်သာ စိတ်ကူးကြံဆ ရှာဖွေနေတဲ့ လူတိရစ္ဆာန်တွေကိုး"

ဘိုးသက်ရှည်သည် တင်ပလ္လင်ခွေကာထိုင်ရင်း ဩဝါဒပေးနေပါတော့သည်။

"နဝင်္ဂ-သီလ ကိုးရက်ပြည့်မြောက်တဲ့နေ့ဖြစ်နေတယ်၊ သခင်ကြီးနဲ့ သခင်မကြီးတို့ညီအမတော်များ ဒီနေ့အထက်မြို့တော်ကိုပြန်ပြီး ကိုယ့်တာဝန်အရ လုပ်စရာ လောကီကိစ္စတွေ၊ တိုင်းပြည်အုပ်ချုပ်တဲ့ကိစ္စတွေ လုပ်ဆောင်ကြပေတော့"

"သာမန်မနုဿလူသားတွေမျက်စေ့နဲ့ ကြည့်ရင် လူသာမန်တွေရဲ့အသိဉာဏ် ဦးနှောက်နဲ့ ကြည့်ရင် တန်ခိုးအာဏာ အင်မတန်ကြီးမားတဲ့ တောင်ဘန်းကေရီ သခင်မကြီးဟာ မြေပြန့်က လူသာမန်တွေဖွဲ့စည်းထားတဲ့ မြန်မာစစ်တပ်ထဲက ဗိုလ်ကြီး အောင်မင်းကျော်ကို နေ့စဉ်ရက်ဆက် တန်းတန်းစွဲမျှော်ပြီး ဗိုလ်ကြီးအောင်မင်းကျော်ကို ချစ်မြတ်နိုးနေတယ်ဆိုဘာ အံ့ဩစရာနဲ့ အဖြစ်တင်စရာဘဲမဟုတ်လား၊ အတွင်းရေးမသိကြတဲ့ပုဂ္ဂိုလ်တွေ ပါရမီရှင်တွေအဘို့ နေရင်းထိုင်ရင်း အထင်လွဲစရာရှိတော့တယ် ဘယ်လိုအမိန့်ရှိမလဲတောင်တန်းကေရီသခင်မကြီး"

"မှန်လှပါဘိုးဘိုး.... သခင်မကြီးနဲ့ ဗိုလ်ကြီးအောင်မင်းကျော်



အမည်ခံ ဘဝဟောင်းက သခင်ကြီးဟာ လွန်ခဲ့တဲ့ ဘုရားငါးဆူလက်ထက်တော်ကတည်းက မကွာအတူ နိဗ္ဗူရွှေပြည်အထိ ပါရမီဖြည့်ဘက်ဇနီးမောင်နှံ အိမ်ထောင်ရှင်အဖြစ်နဲ့ ဆုအမိဋ္ဌာန်နဲ့ လာခဲ့ကြသူများဖြစ်ပါတယ်၊ သံသရာခရီးလမ်းတကွေ့မှ ခေတ္တ ခဏဘာ ကွဲကွာပြီး ပညာအဆင့်အတန်း ခေတ္တခဏ ဆုတ်ယုတ်နေတာကို တချက်ကလေး တကွက်ကလေးကြည့်ပြီး ဖူးစာဘက် မတန်ဘူးဆိုလျှင် ကမ္ဘာလောကကြီးမှာ အမျိုးသမီးတွေဟာ သစ္စာတရား၊ သမာဓိတရားမရှိကြောင်း၊ ဂုဏ်ဒြပ် အချက်အာဏာတခုတည်းသာ တပ်မက်ကြောင်း ဥဒါန်းတွင်မှတ်တမ်းထင်ရစ်ပါလိမ့်မယ်ဘိုးဘိုး....၊ မောင်တော်သခင်ကြီးရဲ့ ဘဝဟောင်းက ပညာအဆင့်အတန်းအရာမှ ရှာမှားပုဂ္ဂိုလ်ဖြစ်ပြီး ဘုရားသမီးတော်ကဲ့သို့ မိန်းမသားမဆိုထားဘိ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားခြင်းတောင် မောင်တော်သခင်ကြီးရဲ့ ဘုန်းကံပါရမီ ပညာစွမ်းကို မမှီနိုင်ပါကြောင်းပါ ဘိုးဘိုး"

"နောက်တချက်ကလဲ လျှောက်တင်ပါရစေ၊ မည်မျှ ဘုန်းတန်ခိုးအင်အားကြီးမားတဲ့ စကြာဝတေး မဏ္ဍပ်မင်းရဲ့ပင်တိုင်စံ သမီးတော်ပင်ဖြစ်စေကာမူ ဘုရားဆုပန် မင်းယောကျ်ားမျိုးဖြစ်တဲ့ သာမန်ဆင်းရဲသား တောသား ယောကျ်ားတော်ရဲ့ ခြေရင်းမှာ အလုပ်အကျွေးပါရမီဖြည့်သဘောရှိနိုင်ပါကြောင်းဘိုးဘိုး"

"မောင်တော် သခင်ကြီးနဲ့ သမီးတော်ဘုရားဟာ ပါရမီဖြည့်ဘက်တွေ ပြန်လှန်၍လျှောက်တင်ရမယ်ဆိုရင် 'ဝေဿန္တရာဘုရား' ရှင်လက်ထက်တော်ကစပြီး ဖြစ်လေရာဘဝ မကွာအတူ ဆုယူ မိဋ္ဌာန်ပြုမြဲ မင်းဆင်ခဲ့ကြတဲ့ ပါရမီဖြည့်ဘက် ဖူးစာဘက်များဖြစ်ခဲ့ခြင်းကြောင့် ကမ္ဘာအစဉ်ဆက်ဆက် ဘဝသံသယာတလျှောက်မှ တဦးလဲလျှင် တဦးကထူ တဦးကပူခဲ့လျှင် တဦးကဖေးကာ အေးချမ်းသာယာအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်၊ ထမင်းတလုပ်ထဲပင်ရှိခဲ့စေခါမူ ထမင်းလုပ်တခြမ်းစီ၊ အေ
အတူပူအမျှ-စိတ်တူကိုယ်မျှ ခံစားစံစားရင်း နိဗ္ဗာန်ရွှေပြည်သို့
ရောက် ပါရမီတွေဆည်းပူးခဲ့ကြတာမို့ ပညာမျက်စိနဲ့သာ ဘုရ
သမီးတော်ကြည့်ရှုသုံးသပ်ကာ မောင်တော်သခင်ကြီးရဲ့ ခြေတေ
ရင်းမှာ ထာဝစဉ်အလုပ်အကျွေးပါရမီဖြည့်ဘက် အစစ်အမှန်
ကြောင်းပါဘိုးဘိုး”

ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏ပါရမီဖြည့်ဘက် သခင်
ကြီးကို ဝမ်းမြောက်ဝမ်းသာကြည့်ရှုကာ စိတ်တွင်းမှ သောမန
ဝေဒနာ တလှုပ်လှုပ်ခံစားကြည်နူးနေမိရှာပါသည်။

“ကောင်းပြီး သမီးတော် စောခမ်းနွဲ့အမည်ခံ စောသခင်ကြ
ဗိုလ်ကြီးအောင်မင်းကျော် အမည်ခံ သခင်ကြီးအပေါ် မည်မျှ
သောဇဉ်ကြီးမားစွဲလန်းမှုအဓိဋ္ဌာန်ရှိကြောင်းကို ဘိုးဘိုးကိုလျှေ
တင်စမ်းသမီးတော်စောသခင်”

စောခမ်းနွဲ့ခေါ် စောသခင်သည် အလွန်ကျိုးနွံရှိသေစွာဖြင့်

“ဘုရားသမီးတော်ဟာလှူနိခဲ့တဲ့ဘဝကို နှေ့စဉ်သတိရမိပါတ
ဘိုးဘိုး၊ အကြောင်းအကျိုးလျှောက်တင်ရမှာဖြင့် သခင်ကြီးဘု
ဟာ ဘုရားသမီးတော်ရဲ့ ယခင်ဘဝက ကြင်ဘက် တော်အစစ်
ကြောင်းပါဘိုးဘိုး၊ အမတော်ဘုရားကြီးနဲ့ သခင်ကြီးဘုရား
အထက်မြို့တော်မှာ စိုးစံပြီး ပညာခမ်းတက်ရင်း ကျင့်ကြံကျိုး
အားထုတ်နေစဉ်မှာ ဘုရားသမီးတော်ဟာ သခင်ကြီးနဲ့အမေ
ကြီးတို့ခြေရင်းမှ လုပ်ကျွေး ပြုစု ရေပူရေချမ်း ကမ်းလှမ်းနေရ
စောသခင်ါအမည်ခံ ရှမ်းအမျိုးသမီး တယောက်ဖြစ်ပြီး သမီး
မှတ်မိသရွေ့မှာ အင်မတန်ဝေးလန့်တဲ့မြေပြန့်ဘာနေရာက ရေ
ပေးနဲ့မြစ်ကြီးနှစ်မြစ်ဆုံတဲ့နေပြည်တော်တခုက သက်ကြီး ဝါ
ပုဂ္ဂိုလ်ကြီးတဦး၊ ပြီးတော့ ဟောဒီက ဘိုးဘိုးသက်ရှည်နဲ့ နေ



လိုက်နောက်ပါတော်တော်များများဟာ မောင်တော် သခင်ကြီး၊
အမတော်ကြီး၊ စောခမ်းနွဲ့တို့အပါအဝင် အကြောင်းကိစ္စ တခု
ကြောင့် ရုပ်တရုက်ကမ္ဘောဇနယ်ပယ်ထဲကို ခရီးထွက်ခဲ့ကြပါတယ်၊
တစနဲ့ ကမ္ဘောဇနယ်ထဲမှ အရှေ့ဘူးရူးသို့ ဆက်လက်ပြီး ခရီး
ထွက်ပြီးနောက် နောက်လိုက်နောက်ပါ လူသူ မင်းပရိသတ် များ
များလာသည်နှင့်အတူ နောက်ဆုံးမှ ရက္ခဘုမ္မိနေပြည်တော်နယ်မြေ
ကဆင့်ကူးပြီး အထက်မြို့တော်မှာ တရားအားထုတ်ရင်း တဖက်
တိုင်းပြည်ကိုအုပ်ချုပ်နေထိုင်ခဲ့ကြပါသည်။ မောင်တော်သခင်
ကြီးနဲ့ ဘုရားအမတော် ညီမတော်များ ပညာအဆင့်အတန်းတက်
မှာ မြေပြန့်က သတင်းဆိုးတခုကြောင့် မောင်တော် သခင်ကြီး
တရားအားထုတ်နေရာက ဒေါသစိပ်ပေါက်ကွဲပြီး ဆော်တည်
မရနိုင်စတမ်းဖြစ်ခဲ့ပြီး ရုတ်တရက် ခန္ဓာနာမ်အိမ် ပြောင်းခဲ့ရာမှ
သမီးတော်ဘုရားအနေနဲ့ သမီးတော်ဘုရားရှေ့မှောက်မှာ အိမ်ဦး
သခင်ကြီး အနိစ္စရောက်ရခြင်းကို တရားသမာဓိနဲ့ မဖြေနိုင်မိဘဲ
အင်မတန်ပူဆွေးကြောင့်ကြရှိခဲ့ပြီး ပရိဒေဝမီးလောင်းခြင်းခံရခဲ့ပါ
သမီးတော်ပါ ခန္ဓာနာမ်အိမ်ပြောင်းကြခဲ့ပြီး....ရက္ခဘုမ္မိတိုင်းပြည်
ရှိတဲ့ သာရမန်ကြီးရဲ့မဟာဒေဝီကြီးဝမ်းမှာ တဖန်လူဝင်စားဖြစ်
ခဲ့ပါတယ်ဘိုးဘိုး”

“ဘုရားသမီးတော်ရဲ့အဖြစ်အပျက်တွေကို ဘဝဟောင်းတွေကို
အကျမမှတ်မိနိုင်သော်လဲ ရေးရေး ရိပ်ရိပ် မှတ်မိသည်အတိုင်း
လျှောက်ထားရပါတယ်ဘိုးဘိုး၊ အမှားအယွင်းပါခဲ့လျှင်လဲခွင့်လွှတ်
ကြတို့အကြောင်း ဘိုးဘိုးရော - မောင်တော်သခင်ကြီးရော....
အမတော်ဘုရားကိုပါ အသနားခံအပ်ပါတယ်”

ဘိုးသက်ရှည်သည် သက်ပြင်းတချက်ချကာ တောင်တန်းကေရီ

www.burmeseclassic.com

www.burmeseclassic.com



သခင်မကြီးကို လှမ်း၍ကြည့်လိုက်သည် တောင်တန်း ကေရီ သခင်မ ကြီးသည်....

"ညီမတော်စောသခ်ါလျှောက်တင်ချက်တွေမှန်ကန်ပါကြောင်း ဘိုးဘိုး၊ ညီမတော်ရဲ့ပညာခမ်းအခြေအနေနဲ့ ဤရွှေ့ဤမျှလေ ဘဲသိမြင်နိုင်ရှာပါလိမ့်မယ်ဘိုးဘိုး၊ ဇာတ်ပေါင်းချိန်ကတော့ နှစ် ပိုင်းလောက်ဘဲစောင့်ရပါလိမ့်မယ်"

"မှန်တယ်သမီးတော် ...သခင်မကြီးဖြစ်ပုံပျက်ပုံအလုံးစုံကို ဖွင့်ဟ ပြီး ရာဇဝင်ကြောင်းပြန်ပြောင်းဇာတ်ပေါင်းဘို့ အချိန်လိုသေးတယ် သခင်မကြီး၊ မြေပြန့်ကတခေါက် အပြီးအပိုင်ပြန်ရောက်ကြတဲ့အခါ အတိတ်ကို လှစ်ပြီး ဖြစ်ပုံအကြောင်း ထပ်လောင်းကြသေးတာပေါ့ သမီးတို့"

စောခမ်းနွဲ့သည် ဘိုးသက်ရှည်ဆီသို့ကန်တော့ကာ....

"ဘုရားသမီးတော်ဟာ ယခုဤအချိန်အခါကစပြီး နိဗ္ဗာန် ပြည်အတူတူကူးနိုင် ဝင်နိုင်သည်အထိ မောင်တော် သခင်ကြီးဘုရား နဲ့ အမတော်ဘုရားရှေ့မှောက်မှာ အလုပ်အကျွေး ပါရမီဖြည့်ဘက် အဖြစ် ဝတ်ကြီးဝတ်ငယ်ပြုစု ပါရမီဖြည့်စွမ်းနိုင်တဲ့သမီးတော်ဖြစ်ပ ရစေဘုရား၊ ခွင့်ပြုသနားတော်မူပါ"

"ဝမ်းမြောက်လှပါတယ်ဘိုးဘိုး- သမီးတော် ကျေနပ်ကြောင် ပါ"

တောင်တန်းကေရီသခင်မကြီးကလျှောက်တင်လိုက်ရာ ဘိုးသက် ရှည်သည်....

"အရှင်မွေးနေ့ခြင်းစီးဆိုတဲ့စကားအတိုင်း တောင် တန်း ေက သခင်မကြီးရဲ့ညီမတော်ပြီပြီ သဒ္ဓါ-သီလ-သုတ- ဇာဂ-ပညာ- ပ ဿုတပ္ပ ဆိုတဲ့ သူတော် ကောင်း ဥစ္စာ ခုနစ်ပါး နှင့် ပြည့်စုံ အော ဆောင်ရွက်ကြိုးပန်းနိုင်ကြပါစေဗျာ"



ဘိုးသက်ရှည်သည် ဆုတောင်းမေတ္တာပို့သရင်း သဘောတူညီ ကြောင်းပြောပြလိုက်ပါတော့သည်။

"ကိုင်း....အထက်မြို့တော်ဆီပြန်ကြကြဘို့ ပြင်ဆင်ကြပေတော့ အစောင်းကိစ္စတွေပြီးပေမဲ့လို့ အပြင်ကိစ္စ တိုင်းပြည်အုပ်ချုပ်တဲ့ကိစ္စ လူမှုရေးရာတွေ တာဝန်တွေကရှိနေကြသေးတာကိုး"

ဗိုလ်ကြီးအောင်မင်းကျော်၊ တောင်တန်းကေရီသခင်မကြီး၊ စော ခမ်းနွဲ့တို့သုံးဦးနှင့် အတွင်းပုဂ္ဂိုလ်ကြီး လေးပါးသည် ဘိုးသက် ရှည် ကို ကြည်ညိုလေးစားစွာဖြင့် ဦးသုံးကြိမ်ချကာ ကန်တော့လိုက်ကြ ပါတော့သည်။

ထိုနောက် တောင်တန်းကေရီသခင်မကြီးမှ ဗိုလ်ကြီး- အောင် မင်းကျော်အား....

"အထက်မြို့တော်မှာ ပြဿနာတရပ်တော့ မကြာခင် ကာလမှ ပေါ်လာလိမ့်မယ် မောင်တော်သခင်ကြီးမင်္ဂလာသတင်းကိစ္စပါဘဲ"

"ဘယ်လို မင်္ဂလာသတင်းကိစ္စလဲ သခင်မကြီး၊ တယ်ထူးဆန်းလှ ပါကလား"

ဗိုလ်ကြီး-အောင်မင်းကျော်သည် အရေးတကြီးလှစ်၍ချက်ခြင်း ပင်မေးမြန်းလိုက်သည်ကြောင့်....

"တခြားကိစ္စတော့မဟုတ်ပါဘူးသခင်ကြီး၊ သခင်ကြီး တပ်ဖွဲ့မှ တပ်မှူးစစ်ကဲများ၊ ရဲမက်များရဲ့ မင်္ဂလာအရေးကိစ္စပါဘဲ၊ သူတို့အ နေနဲ့ သခင်ကြီးနဲ့ နှမတော်ဘုရားဆီခွင့်ပန်ကြလိမ့်မယ်ဘုရား"

"အင်း....စဉ်းစားစရာဘဲသခင်မကြီး"

ရှေ့ရေးကိစ္စများကို တွေးမိသည်ကြောင့် ဗိုလ်ကြီးအောင်မင်း ကျော်သည် အနည်းငယ်စိတ်လေးသွားပုံရပါသည်။

"မှန်လှပါ လူငယ် လူရွယ်တွေပြီပြီ အချစ်ရဲ့ နယ်ပယ်ထဲမှ မ လွတ်နိုင်ကြတဲ့ မနုဿပုထုဇဉ်လူသားတွေမို့ အပြစ်တော်မတင်သင့်

www.burmeseclassic.com

www.burmeseclassic.com



ပါဘုးဘုရား၊ တာဝန်ရှိတဲ့ အုပ်ထိမ်းသူတွေပြုပြီ လူငယ်တွေ စိတ်ချမ်းသာမှုရှိအောင်နဲ့ အထက်မြို့တော်ရဲ့ ထုံးတန်းစဉ်လာ မင်္ဂလာမပျက်ကြရအောင် သခင်ကြီးနဲ့ ဘုရားနှမတော်တို့ တိုင်ပင်ပြီး အဆင်ပြေအောင်စီစဉ်နေရာချထားပေးဘို့ပါဘဲ”

“သခင်ကြီးတပ်ဖွဲ့ထဲ က ရဲဘော်တွေက စိတ်ရင့်တဲ့ ရဲမက်တွေ ရှိသလို စိတ်နုတဲ့ရဲဘော်တွေလဲရှိနေတယ်သခင်မကြီး၊ အောင်ကမြေမြန့်ကို မြန်ဆင်းရမဲ့ အရေးကိစ္စကလဲရှိနေတော့ တကယ့် အချိန်အခါမှာ မောင်တော်သခင်ကြီးနဲ့ အတူ ဗမာပြည်ထဲကို ပြန်လိုက်နိုင်ရေးမှာ အိမ်ထောင်သံယောဇဉ်ကြောင့် နောက်ဆန်ဘင်းနေမှုဖြစ်ရင် မခက်ပါလား သခင်မကြီးရဲ့”

သူ၏ရဲမက်များအတွက် စိတ်ပူပန်နေသည်ကို ထုတ်ဖေါ်၍ဆွေးနွေးလိုက်သည်တွင်....

“သခင်ကြီးနဲ့ နှမတော်ဘုရားတို့ အထက်မြို့တော် ရောက်မှ ညှိနှိုင်းပြီး လာဘ်တွေလုပ်ငန်းတွေစီစစ်ကြပါစို့ သခင်ကြီးရယ်၊ ခုကြိုတင်လျှောက်ထားခြင်းဟာ ကြိုတင်စဉ်းစားနိုင်ဘို့ သခင်ကြီးအနေနဲ့ အချိန်တွေရရှိအောင် ဘုရားနှမတော်လျှောက်တင်ခြင်းသာ ဖြစ်ပါတယ်”

“ကောင်းပါတယ်သခင်မကြီး၊ ခုလို ကြိုတင်သိရှိထားရတာ ... တာဝန်ရှိတဲ့ သခင်ကြီးနဲ့ နှမတော်များအနေနဲ့ ကြိုတင်စဉ်းစားခွင့်ရနိုင်ပါတယ်လေ၊ ရဲမက်တွေကို စိတ်ဓါတ်မပျက်ဘို့ပြောဟောပြီးမှ ‘တာဝန်နဲ့ ဝတ္တရား’ ဆိုတဲ့ အချက်အလက်ကို သဘောပေါက်အောင် ရှင်းပြရပါလိမ့်မယ်”

“မှန်လှပါမောင်တော်သခင်ကြီး၊ အိမ်ထောင်ရက်သားထောင်ချင်လိုတဲ့ ရဲမက်တွေဆီက ကြိုတင်ပြီး ဂတိခံဝန်ချက်တွေ တောင်း



ပြီး သစ္စာအဓိဋ္ဌာန်ပြုပြီးမှ မင်္ဂလာကိစ္စတွေ စီစဉ်ပေးဘို့ သင့်မြတ်ပါကြောင်းပါ”

စောခမ်းနွဲ့သည် ရဲမက်များနှင့် ဥတ္တရပုရမြို့တော်သူများအရေးအခင်းအတွက် အကြံပေးခါလျှောက်တင်လိုက်ပါသည်။

“အလိုက်ဆုံးကိစ္စပါဘဲသခင်ကြီး၊ ညီမတော်၏ လျှောက်တင်ချက်ဟာ သခင်ကြီးရဲမက်များအတွက် အထိမ်းအချုပ်စည်းမျဉ်း ချမှတ်ခြင်းဖြစ်ပြီး၊ နောင်ရေးအတွက်လဲ ခိုင်လုံပါတယ်”

“ကောင်းပါပြီးနှမတော်များ၊နေမြင့်နေမှာမို့ အထက်မြို့တော်မြန်ဘို့အရေး သတိတော်ရှိကြဘို့အချိန်ရောက်လာပြီ၊ ကိုင်း-ဘိုးဘိုးမြန်ခွင့်ပြုတော်မူပါ”

“အိမ်း ပြန်ကြပေတော့ လူငယ်လူရွယ်တွေ စိတ်ချမ်းသာမှု ရှိအောင်တော့ တတ်နိုင်သမျှ စောင့်ရှောက်ဦးဆောင်မှုပြုလိုက်ကြပါ သခင်ကြီးတို့၊သူတို့လဲ ပါရမီရှိကြလို့ ခုလောက်ဝေးလန်ပြီအန္တရာယ်များပြားလှတဲ့ ခရီးကြမ်းကြီးထဲက ဥတ္တရပုရမြို့တော်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်နိုင်ကြတာကာဘဲ”

“အမိန့်တော်အတိုင်းပါဘိုးဘိုး”

ဗိုလ်ကြီး-အောင်မင်းကျော်သည် ဂတိဝန်ခံချက် ပြု လိုက်ပြီး အထက်မြို့တော်သို့ပြန်လည်ရေးအတွက် သူ၏ အဝတ်အစားပစ္စည်း အ ... ကို ယူနှင့်နေပါတော့ သတည်း။

မနက်စောစော့ တကြိုင်ကြိုင်တလှိုင်လှိုင်တွင် ဥတ္တရပုရမြို့တော်၏ နန်းမြင်တော်တဝိုက်၌ လှ ရောင်များ သည် အေးချမ်းခြင်း နိမိတ်ကောင်းတာဖြင့် ဖွေးဖွေးဖြူနေတော့၏။

နန်းတော် တခု၏ အတွင်း ဝယ် ဗိုလ် ကြီး-အောင် မင်း ကျော် တောင်တန်းကောရီသခင်မကြီး၊ စောခမ်းနွဲ့တို့သုံးဦးသည် သလွန်ပေါ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပေါ်၌ထိုင်ကာ သစ်တော်သီးများကို စားသောက်နေခိုက် ဖြစ်ပါသည်။

"မှန်လှပါ- သခင်ကြီးနဲ့ သခင်မကြီးတို့ဘုရား၊ သခင်ကြီးစားပွဲမှ စစ်မှူးများက နက်ဖန်မနက် ဖူးမြော်အခစား ဝင်လိုကြောင်းပါတဲ့ဘုရား"

အတွင်းပုဂ္ဂိုလ်တဦးက ရောက်ရှိလာပြီး လျှောက်တင်လိုက်သည်တွင်....

"သခင်မကြီးလျှောက်ထားခဲ့တဲ့ ကိစ္စအတွက်ဘဲ နက်ဖန် နံနက်တွေ့ဆုံခွင့်ပြုလိုက်ကြရအောင်"

ဗိုလ်ကြီးအောင်မင်းကျော်ကလှည့်၍ သခင်မကြီးနှစ်ဦးကို တိုင်ပင်လိုက်ရာ....

"သင့်မြယ်လှပါတယ်သခင်ကြီး- ဘိုးမေတ္တာက အကြောင်းပြန်တဲ့အခါမှာ စစ်မှူးစစ်ကဲများရဲ့ ဆန္ဒဟာ စိတ်ချမ်းသာစရာ ဖြစ်ပါလိမ့်မယ်လို့ ကြိုတင်အကြောင်းပြန်လိုက်ပါဘိုးမေတ္တာ၊ မောင်ယ်စစ်မှူးများ စိတ်နဲ့ ကာယကံရှင်များစိတ်ချမ်းသာမှု ရှိကြလေရအောင်"

အတွင်းပုဂ္ဂိုလ်ဘိုးမေတ္တာသည် ကန်တော့ကာ ရှိသေစွာဖြင့်နန်းရင်ပြင်တက်သို့ထွက်ခွါသွားပါတော့၏။ နန်းရင်ပြင် တနေရာတွင် အရံသင့်စောင့်ကြိုနေကြသော သက်ဆိုင်သူတစုထံမှ ဘိုးမေတ္တာမှ တဆင့် ပြန်ကြားချက်ကို ကြားလိုက်ရသည်ကြောင့် ဝမ်းမြောက်ဝမ်းသာသံများ တုံမြည်ကာပေါ်ထွက်လာပါတော့သည်။

ညဉ့်ကလည်း အတော်နက်၍လာချေ၏။ လေပြေးအစား လေငြင်းကလေးများသည် ဟိုမှ ဒီမှ-တဟူးဟူး တိုက်ခတ်စပြုနေပါတော့၏။ ခမ်းမကြီး၏နောက်ပိုင်း အတွင်းဆောင်တနေရာတွင်မူကား... ဗိုလ်ကြီးအောင်မင်းကျော်သည် တောင်တန်းကေရီသခင်မကြီး နှင့်



ယှဉ်တွဲကာ စက်တော်ခေါ်ရင်း စကားစမြည်ချွေးနွေးတိုင်ပင်နေပါတော့သည်။ သလွန်ခေါင်းရင်း ခတ်လှမ်းလှမ်းတွင် ရွှေဖြင့် ထုလုပ်ထားသည့် ဆီမီးတိုင်ကြီးကလည်းဆီအားလျော့၍ ပျော့တော့တော့ အလင်းရောင်များသာ ပေါ်ထွက်နေ၏။ လေလုံသောအခမ်းဖြစ်၍ အပူအအေး ညီမျှနေသည်ကြောင့် နှစ်ယောက်သားအတွက် ခြုံထည်မလိုတော့ချေ။

ဗိုလ်ကြီးအောင်မင်းကျော်သည် တောင်တန်းကေရီ သခင်မကြီး၏ နုတွင်ဖြူဖွေးသော ပါးပြင်ကို တစိမ့်စိမ့်ကြည့်ကာ အမျိုးမျိုးစဉ်းစားခဏ်းထုတ်နေမိ၏။

"သုံးဆယ့်နှစ်ကောဋ္ဌာသ ရုပ်ကလပ်စု ပါဘဲသခင်ကြီး၊ သီလသမာဓိတန်ခိုးကြောင့်အဆင်းအရာမှာ သူမတူအောင်လှပချောမွေ့နေခြင်းသာဖြစ်ပါတယ်"

လွတ်ကနဲ တောင်တန်းကေရီသခင်မကြီးသည် သူမ၏ လှပချောမွေ့ခြင်း အကြောင်းကို သူ့ဘာသာ စဉ်းစားခဏ်း ထုတ်နေ သည့် ဗိုလ်ကြီးအောင်မင်းကျော်သို့ ပြောလိုက်ပြီး ကော့နေသောမြမျက်တောင်ကို မခတ်တမ်းပြုံးစစ ရှုတိုင်းယဉ် မျက်နှာဖြင့် မခို့တရို့ ကြည့်နေရှာပါသည်။

"လှလွန်းချောလွန်းအားကြီးတော့ သခင်ကြီးအနေနဲ့ သခင်မကြီးကို ရက်ရက်စက်စက်မချစ်ဝန့်ရှာအောင် မြတ်နိုး နေမိ တော့တယ်သခင်မကြီးရဲ့၊ ဒါကြောင့် သာမန်ယောကျ်ားတွေရော၊ ရက္ခသတွေရော သခင်မကြီးကို တကြိမ်တခါ ရှုမြင်လိုက်ရုံနဲ့ တန်းတန်း စွဲလန်းမက်တဲ့ရတက်တွေကြောင့် ရူးကြတယ်ဆိုတာ ကိုယ်တွေ့မို့ယုံကြည်ရတော့တယ်သခင်မကြီးရယ်"

"သူ့ဘုန်း- သူ့ကံနဲ့ သူ့ပါရမီအတိုင်းပါ မောင်တော်သခင်ကြီး၊ ဆီနဲ့ ရေနဲ့ ပေါင်းလို့ မရနိုင်ပါဘူး၊ အမျိုးမွန်တဲ့ပုဂ္ဂိုလ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



သာ စွစာဆိုတွေမြဲ မဟုတ်ပါလား သခင်ကြီးရဲ့၊ ဒါနဲ့ သခင်ကြီး ဒီတပတ် အတွင်းမြို့တော်မှာ ကိုးရက်နဂ္ဂါသီလထိမ်းခဲ့တာ အတော် ပင်ပန်းခဲ့ကြောင်းကို နှမတော်ဘုရားရိပ်မိပါတယ်၊ ဒါကြောင့်လဲ- ဘိုးဘိုးသက်ရှည်အနေနဲ့ နေ့စဥ်အရိပ်တကြည့်ကြည့်နဲ့ သခင်ကြီးကို အမြဲတန်းအာယုဝဍ္ဍဆေးရည်ကိုတိုက်ကျွေးပြုစုခဲ့ခြင်းဖြစ်ပါတယ်”

ဗိုလ်ကြီးအောင်မင်းကျော်သည် တောင်တန်းကေရီသခင်မကြီး ၏လည်ပင်းဖြူဖြူဖွေးဖွေးကို ယုယစွာ လက်နှစ်ဘက်နှင့်ဆွဲကာ ဖက် လိုက်ရင်း....

“ဟုတ်တယ်သခင်မကြီး၊ လူပင်ပန်းတာထက် စိတ်ပင်ပန်းတာ အလွန်တဲ၊ နှာသီးဖျားက ထွက်လေ- ဝင်လေ သတိမလစ်ရအောင် ဝါယမပြုနေရတာ အင်မတန်စိတ်ပင်ပန်းခဲ့တာကလား”

“မှန်လှပါ-ပညာဆိုရင် ဘယ်ပညာမျိုးမဆို လွယ်လွယ်ကူကူနဲ့ ရရှိခံယူအပ်တာမျိုးမဟုတ်ပါဘူးသခင်ကြီး၊ ဒီနေ့ညဥ့်အဘို့ မောင် တော်သခင်ကြီး စိတ်တော်ရွှင်သာစွာနဲ့ ခံစား အနားယူသင့်ပါ ကြောင်းပါ”

ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏ရင်ခွင်ထဲမှ ပက်သက်လန် ကာ သူ့ကို မြတ်နိုးစွာကြည့်နေရှာသည့် တောင်တန်းကေရီသခင် မကြီး၏ ရွှေလည်တိုင်အောက်မှ သာမန်အမျိုးသမီးတွေ၏ အသား ထက် ဖြူဆွတ်နူးညံ့လှသော ရင်မက်စရာ နိမ့်တုံမြင့်ဘုံ လှိုင်းခုန်ထနေ သကဲ့သို့ သားကောင်-မိခင်၏သက်သေခံ ရွှေရင်နှစ်စုံကို ဂရုတစိုက် လေ့လာနေမြန်ပါသည်။ မမောက်လွန်း၊ မသေးလွန်း၊မကြီးလွန်း သော မြင်သူတိုင်းမောနေသည့် ရွှေရင်လွှာတစုံတို့သည် ပါးလျား သော ပိုးသားအင်္ကျီအောက်မှ ဗိုလ်ကြီး အောင်မင်းကျော်၏ စိတ် ဓါတ်ကို ညှို့နေသကဲ့သို့ လွန်စွာတင့်တယ်လှပနေပါတော့သည်။

ဗိုလ်ကြီးအောင်မင်းကျော်၏ ညာလက် ချောင်းများ သည် လူပ်



ရှားအသက်ဝင်ကာ နယ်ကျုံလျက် သူ၏ကြင်ဘက်တော် တောင် တန်းကေရီသခင်မကြီး၏ ကိုယ်အင်္ဂါအစိပ်အပိုင်းများကို ပိုင်ပိုင်နိုင် နိုင် သုံးသပ်ကာ လက်တွေ့သုတေသနလုပ်ကိုင်နေမြန်ပါတော့သည် ဗိုလ်ကြီးအောင်မင်းကျော်၏ ဆာလောင် မွတ်သိပ်သော နှုတ်ခမ်း ကြီးများသည် တောင်တန်းကေရီသခင်မကြီး ပါးပြင် နှင့် နီရဲနေ သော နှုတ်ခမ်းပေါ်သို့ ထိတွေ့ကျရောက်ခဲ့ပြီးနောက် စိတ်ဓါတ်ပြင်း ပြလာသော ဗိုလ်ကြီအောင်မင်းကျော်၏ ယောကျ်ားပီသသလောက် သန်မာလှသော လက်မောင်းကြီးများက တောင်တန်းကေရီသခင် မကြီး၏ သေးသွယ်အချိုးကျကျခါးကလေးဆီသို့ ရစ်ပါတ်ကာ အ ချစ်၏စေခိုင်းရာမှ မလွန်ဆန်နိုင်ကြသော ကာမဘုံသားပြီပြီ ချစ် ရေပြင်ကျယ်တွင် နှစ်မြောချင်တိုင်း နှစ်မျောလျက် ရှိကြပါတော့ သည်။ ခေါင်းရင်းမှ ဆီမီးတိုင်အဘို့ လေပြင်းကလေးတချက် ပုတ် ခတ်ခြင်းခံရသည်ကြောင့် ရှတ်တရက်မီးငြိမ်းကာ တခမ်းလုံး မှောင် ကျသွားပါတော့သတည်း။

ကာမနှင့်မကင်းနိုင်သေးသော ပုထုဇဉ်သားပြီပြီ ချစ်ဘွယ်ကြုံ ကြိုက်တွင် ချစ်ငွေ့လူကာ စုံမက်မြတ်နိုး မေတ္တာမိုးပြိုင်ပြိုင် ရွာသွန်း နေခြင်းပေတကား။

ကြေးစည်သံ၊ခေါင်းလောင်းထိုးသံများ၊သုတောင်းမေတ္တာပို့သ သံများသည် ခတ်ဝေးဝေးအရပ်အထက်မြို့တော်၏အရှေ့ဘူးဘူး အရိ ပ်ာ နွယ်ဝင် သံဃာတော်များ သီတင်းသုံးရာ ကျောင်းတိုက်ဆီမှ ကြည်နူးဘွယ်ရာ ထွက်ပေါ်၍ လာပါတော့သည်။ ရွှေနန်းပြင် တ ကျောက်၌ အသီးသီး တာဝန်ထမ်းဆောင်နေရသော နန်းတော်သူ နန်းတော်သားများ အဘို့ တနေ့တာ တာဝန်ကို ထမ်းဆောင် ရ အတွက် အသီးသီးမိမိတို့ တာဝန်ကျရောက်ရာ အဆောင်များသို့ ပင်းပူထမ်းအသစ်နှင့် အဟောင်းလဲလှယ်ကြရန် ရောက်ရှိလျက် လုပ်

www.burmeseclassic.com



ငန်း ဆောင်တာများ လုပ်ဆောင်နေကြပါပြီ။ သို့ရာတွင် အတွင်းဆောင်ခမ်း၌ ဗိုလ်ကြီး-အောင်မင်းကျော်နှင့် တောင်တန်း ကေရီသခင်မကြီးတို့နှစ်ယောက်အတွက် စက်တော်ခေါ် ပျော်တော်ကြူးရာမှ မနိုးနိုင်ကြသေးပါ။

ဗိုလ်ကြီး-အောင်မင်းကျော်သည် တောင်တန်းကေရီသခင်မကြီး၏ ဂျိုင်းအောက်မှ သိမ်းကြုံးပွေ့ဖက်ကာ ရင်ခြင်းအပ်လျက် အိပ်မော ကျနေသလောက် တောင်တန်းကေရီသခင်မကြီး၏ ညာဘက်မောင်းကလည်း ဗိုလ်ကြီး-အောင်မင်းကျော်၏ခါးပေါ်၌တင်လျက်တွေ့နိုင်ပေ၏၊

တချီတချီ လေပြင်းကလေး အတွင်းဆောင်ထဲသို့ ပင့်ချီ၍ဆော်သွေးလိုက်ရင်း တောင်တန်းကေရီသခင်မ ဝတ်ဆင်ထားသည် ပိုးသားနု ကြည်ပြာရောင်ထမိန်အောက်နားကလေးသည် ပင့်၍တက်၍သွားခဲ့ပြီ၊ တောင်တန်းကေရီသခင်မကြီး၏ ရက်ရက် စက်စက် လှပကြော့ရှင်းပြီး အချိုးအစားကျလှသည့် ခြေသလုံး၏ ဆင်စွယ်သားရောင်များသည် အရှင်းသားပေါ် လွင်နေရှာသည့် ခြေသလုံးအောက်မှ ချောမွတ်၍ အရိုးအဆစ်မပေါ်သော ခြေကျဉ်းဝတ်နှင့် ခြေဖမိုး နှစ်ဖက်မှာလည်း ပန်းပုကျော်များ၏ဥာဏ်မှီသမျှ စုပေါင်းထုလုပ်ထားသည့် လှပကြော့ရှင်းနေသည့်အဖြစ်မျိုးကဲ့သို့ တင့်တယ်ပေါ် လွန်လှပေ၏။ ခြေချောင်းကလေးများမှာ မတိုလွန်း မရှည်လွန်းအနေတော်အဖြစ်နှင့်တွေ့ရသလောက် ခြေသည်းနီတျာတျာများမှာ ဆေးကူ... အမြဲလှပတင့်ဆန်းနေပေတော့၏။ သာမန် အမျိုးသမီးများ၏ ခြေဖဝါး၊ ခြေဖမိုးနှင့် လားလားမျှမဆိုင်တမ်း လူစစ်-သားစစ် တို့နှ... မနှိုင်းယှဉ်လေသံသည့် အောက်ပိုင်း ခြေဖမိုးတစုံပင် ဖြစ်သော်လည်း မထိရက်စရာ မကိုင်ရက်ခမန်း နူးညံ့ဖြူဆွတ်၍ ချေးညှော်ကင်းစင်နေသည့် ပန်းပုကျော်၏သွန်းလုပ်ထားသည့် နတ်မိမယ်ဖိပ်တု၏ အောက်ပိုင်း ခြေဖဝါးသဏ္ဍာန်သာ ထင်မှတ်စေတော့၏။



တောင်တန်းကေရီသခင်ရီကြီးသည် ရှေးဦးစွာ အိပ်မောကျရာမှ နိုးခဲ့လေ၏။ သို့ရာတွင် ရှေးကြီးသုတ်ပျာနှင့် အိပ်ယာမှ မထရှာသေးဘဲ ဣန္ဒြေရရပင် သူ၏ကြင်ဘက်တော်သခင်ကြီးကို မော့၍ အသာကြည့်လိုက်ပြီး သခင်ကြီးအဘို့ အိပ်မောကျနေရာ မှနိုးသွားမည်ကို စိုးရိမ်ဟန်ဖြင့် တောင်တန်းကေရီ သခင်မကြီးသည် မူလခေါင်း၍ မျက်နှာမူကာအိပ်နေလျက်မှ အနေအထားတစုံတရာမပြင်ဘဲ ဗိုလ်ကြီး-အောင်မင်းကျော်ကို စိုက်၍ကြည့်ကာ တစုံတခုကိစ္စကို လေးလေး နက်နက် စဉ်းစားနှလုံးသွင်းနေရှာပါသည်။

ထိုနောက် သမာဓိတရားကို ချက်ခြင်း နှလုံးသွင်းလိုက်ပါသည်။ သူမ၏နူးညံ့ပျော့ပျောင်းလှသော လက်တဖက်က ဗိုလ်ကြီး-အောင်မင်းကျော်၏နဖူးပြင်မှ ချွေးပေါက်ကလေးများကို ယုယကြင်နာစွာ သုတ်သပ်ပေးလိုက်ပါသည်။

“အင်း....”ကနဲ တချက်အသံထွက်လာပြီး ဗိုလ်ကြီး-အောင်မင်းကျော်သည် အိပ်မှုံ ဇဝိုးဇဝါးဖြင့် တောင်တန်းကေရီသခင်မကြီးကို အရေးတကြီးလှမ်း၍ပွေ့ဖက်ကာ စိတ်တိုင်းကျ မှိန်းနေတော့၏။ သခင်မကြီးအဘို့ သူမ၏ မောင်တော်၏အမူအယာကို ကြည့်ကာ မသိမသာပြုံးနေမိလေသည်။ အတန်ကြာမှပင် ဗိုလ်ကြီး-အောင်မင်းကျော်သည် လေးလံသောမျက်ခွံများကို ဖြည်းညှင်းစွာဖွင့်၍ ကြည့်လိုက်ပါသည်။

“နေတောင်မြင့်နေပါကလား သခင်မကြီး....၊ အိပ်လို့ကောင်းကောင်း အားရပါးရ အိပ်စက်မိလိုက်တာ”

“ဘာတွေ အိပ်မက်နေတာလဲ သခင်ကြီး၊ အမိန့်တော်ရှိပါအုံး”

ပြုံးရယ်သံကလေးဖြင့် တောင်တန်းကေရီသခင်မကြီးက တင်စာ မေးမြန်းလိုက်ရာ....

www.burmeseclassic.com

www.burmeseclassic.com



"ခြော်....အိပ်မက်လား၊ ခွန်အားဗလ တောင့်တင်းတဲ့ ခါးသ
လျက်ကို ဆွဲကိုင်ထားတဲ့ လုလင်ပျိုတယောက်က မိုးပေါ်ကပျံကျ
လာပြီး သခင်မကြီးရဲ့ ရင်ခွင်ထဲကိုဝင်ပြီး၊ နို့စို့ကလေးအဖြစ် ရုပ်
ပြောင်းလွှဲပြီး နို့စို့နေတယ်အိပ်မက်တာနဲ့ သခင်မကြီးရဲ့ ရင်ခွင်
ထဲက ခလေးငယ်ကို လှမ်းပြီးတအားဆွဲဖက်မိတာပါဘဲ- စိတ်မကူး
ဘဲနဲ့ အိပ်မက်မျိုးနှယ်ဆန်းကျယ်လိုက်တာ သခင်မကြီးရယ်"

အိပ်မက်အကြောင်းကို စဉ်းစားနေသော အမူအယာဖြင့် ဗိုလ်
ကြီး အောင်မင်းကျော်ကပြောလိုက်ရာ တောင်တန်းကေရီ သခင်မ
ကြီးသည်....

"ဘယ်ကဲ့သို့ ထင်မြင်တော်မူပါသလဲ သခင်ကြီး၊ အမြင် နိမိတ်
ဆိုတဲ့စကားရှိပါတယ် မောင်တော်ဘုရား"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ပြုံးရယ်လိုက်ရင်း ...၊ သခင်မ
ကြီး၏ ရွှေမျက်နှာတော်ကို ရွှန်းရွှန်းစားစား မျက်တောင်မခတ်တမ်း
အားရပါးရကြည့်နေတော့သည်။ ပြီးမှ....

"ထင်စရာပါဘဲလေ....ဒါပေမဲ့ ဘယ်လိုအခြေအနေတွေကလေး
မှန်း မသိတော့ ထင်ဘို့အခက်သားကလားဘဲ"

"ထင်တာမမှားပါဘူး မောင်တော်ဘုရား....မကြာခဏ မောင်
တော်ဘုရား စိတ်ဆန္ဒထဲမှာလိုအပ်တဲ့ မောင်တော်ဘုရားရဲ့ ရင်သွေး
ရင်နှစ် သားစစ် ရတနာဟာ....သခင်မကြီး ဝမ်းတွင်းမှာ ပဋိသန္ဓေ
အဖြစ် ခိုင်မြဲစွာရောက်ရှိနေကြောင်း နိမိတ်ကောင်းအိပ်မက်မှန် ဖြစ်
ပါတယ် ဘုရား"

"ဝမ်းသာလိုက်တာ သခင်မကြီးရယ်...၊ အမှန်အတိုင်းပြောရင်
မောင်တော်သခင်ကြီးရဲ့ သွေးသားကို အင်မတန်လိုချင်တောင့်တမိ
ခဲ့တယ်၊ မောင်တော်သခင်ကြီးရဲ့ ခြေရာနင်းနိုင်မဲ့ သားစဉ် မြေး
ဆက်တွေရှိဘို့နဲ့၊ မောင်တော်သခင်ကြီးရဲ့မပြီးပြတ်သေးတဲ့ လုပ်



ဆောင်ချက်ကို သခင်ကြီးရဲ့ရင်သွေးရတနာတွေ ဆက်လက် လုပ်
ဆောင်ဘို့ အရေးကြီးပါတယ်....၊ ခက်တာက သခင်မကြီးရဲ့ ဘဝ
အခြေအနေမှာ သားသမီးရတနာကို သာမန်မနုဿအမျိုးသမီးတွေ
လို လက်ခံနိုင်-လက်မနိုင် မဆုံးဖြတ် နိုင်တာကြောင့် သခင်ကြီးရဲ့
ရှုတ်တော်က မဟာဝန်သလို ဖြစ်နေခဲ့မိတာပါဘဲ"

"လူထဲက ထူးခြားတဲ့ မနုဿလူသားဖြစ်တာကလွဲပြီး မိန်းမတို့
ရှိအပ်တဲ့ ပဋိသန္ဓေ လွယ်မှုကိစ္စကို ထမ်းဆောင်နိုင်ခွင့် ရှိပါတယ်
သခင်ကြီး၊ ဒီအရေးအခင်းကြောင့် အမိကအရေးအကြီးဆုံးကိစ္စမှာ
သခင်ကြီးရဲ့နှမတော်ဘုရားတို့ စိတ်ခြားမနေခြင်းတူညီဘို့ နှမတော်
ဘုရား ဖူးတွေ့ချိန်ကစပြီး လျှောက်တင်ပန်ကြားခဲ့ပါတယ်၊ ခုအခြေ
အနေမှာ အရေးတော် အောင်မြင်ပြီးစီးခဲ့ခြင်းကြောင့် သခင်ကြီး
တောင့်တအပ်တဲ့ သားရတနာကို နှမတော်ဘုရားက ဖွားမြင်ဆက်သ
ရဘို့ အချိန်အခါရောက်ရှိခဲ့ပါကြောင်း"

ဗိုလ်ကြီး-အောင်ငင်းကျော်က်သည် တောင်တန်းကေရီသခင်မကြီး
၏ ပုခုံးနှစ်ဖက်အားရပါးရပွေ့ဖက်ကာ သခင်မကြီးပါးပြင်နှစ်ဖက်
ကို နှစ်နှစ်ကာကာကြီးနမ်းရှုံ့ရင်း....

"ပဋိသန္ဓေရှိလာရင် ဆေးဝါးများ မှီဝဲဘို့ သတိ ရှိတော်မူပါ
သခင်ကြီး"

"စိုးရိမ်တော်မမူပါနဲ့ သခင်ကြီးဘုရား....၊ဘုရားနှမတော်အား
မည်သည့်ရောဂါဝေဒနာဟူသရွေ့ နှိပ်စက်ညှဉ်းပန်းခြင်း မပြုနိုင်ပါ၊
ဆရာဇီဝက ဆေးကုခြင်းရတဲ့ စန္ဒပဇ္ဇောမင်းရဲ့ မင်းလုလင်တဦးဟာ
ဝိဇ္ဇာဓိုရ်နဲ့ သူဌေးသမီး သင့်မြတ်ရာမှ မွေးဖွားသာခဲ့ခြင်းကြောင့်
သာမန်ယောကျ်ားတွေထက် သန်စွမ်းလျင်မြန်ခြင်းကြောင့်စန္ဒပဇ္ဇော
မင်းက ခြေမြန်တဲ့အရာမှာထားခြင်း သာဓကရှိခဲ့ပါဘုရား၊ ခုကိစ္စ
မှာလဲ ဘုန်းသတ္တိ, ခွန်အားဗလ, သီလ,သမာဓိနဲ့ပြည့်စုံတဲ့ မောင်

www.burmeseclassic.com

www.burmeseclassic.com



တော် သခင်ကြီးနဲ့ ဘုရားနှမတော်တို့ စုံပေါင်းရရှိတဲ့ရင်သွေးဟာ နေ့ာင်တခေတ်မှာ အင်မတန်ထူးခြားသလောက် အစွမ်းသတ္တိ တံခိုး ကြီးမားတဲ့ 'သားကောင်း တယောက်-ကျောက်ကောင်း တစေ့' ဆိုတဲ့စကားလို တိုင်းလုံးပြည်ကျော်မဲ့ သားရတနာဖြစ်လာပါလိမ့် မယ် သခင်ကြီးဘုရား"

ဆက်လက်၍ တောင်တန်းကေရီ သခင်မ ကြီးသည် ဗိုလ်ကြီး-အောင်မင်းကျော်၏ပါးပြင်ကို သူမ၏လက်ဖဝါးပြင်နုနုနှင့် ပွတ်သပ် ရင်း....

"ကြေးနဲ့ ရွှေစပ်တဲ့အခါမှာ တံခိုးသတ္တိရှိတဲ့ မိုးကြိုးခေါ်တဲ့ ရသလို သခင်ကြီးရဲ့ သားရတနာဟာ မိုးကြိုးကဲ့သို့ အစွမ်းသတ္တိပြည့် စုံတဲ့ ယောကျ်ားအာဇာနည် မှုချမသွေဖြစ်လာပါလိမ့်မယ် သခင်ကြီး၊ အပန်းတော်ဖြေရင်း ဆက်တော်က ယကြပါစို့ သခင်ကြီး၊အောက် မြို့တော်ကအရေးအခင်းမင်္ဂလာသတင်းကို လျှောက်တင်ကြမဲ့ စစ်မှူး စစ်ကဲတွေလဲ ရောက်သင့်လောက်ပါပြီ သခင်ကြီး"

ဗိုလ်ကြီး-အောင်မင်းကျော်သည် တောင်တန်းကေရီသခင်မကြီး ၏ ပုခုံးကို တယုတယ ယထူကာ ပွေ့ကာ သလွန်တော်ပေါ်မှ နှစ် ယောက်သား တပြိုင်နက်ထည်း ထ လိုက်ကြပါသည်။သလွန်စင်းတွင် နှစ်ယောက်သား ယှဉ်၍ရပ်လိုက်ကြပြီး အဝတ်အစားများ ပြုပြင်၍ ဆင်ယင်ပြီးသည့် ကာလတွင် နန်းတွင်းသူနှစ်ဦး ပုဆစ်ဒူးတုပ်ခံစား ကာ ဝင်ရောက်လာကြသည်တွင် သူမတို့လက်တွင်းမှ မျက်နှာသစ်ကြ ရန် ရွှေအိုးနှင့်ထည့်လာသည့် ရေကြည်တော်ကို တောင်တန်းကေရီ သခင်မကြီးက ရွှေခွက်ဖြင့်ခံယူသော လေသာပြူးတင်းဆီသို့ ဗိုလ် ကြီး အောင်မင်းကျော်ကို ဆောင်းကျဉ်းခဲ့ပါတော့သည်။ ထိုနောက် နံနက်စာအတွက် လဘက်ရည်ကြမ်းတအိုးမှ လဘက်ရည်ကြမ်း နှစ် ခွက်ကိုငှဲကာ သုံးဆောင်လိုက်ကြပြီး ပျား ရည် ဆန်း ထား သော



ကောက်ညှင်းပြားတချပ်စီကို စားသောက်လိုက်ကြပါသည်။

အဝတ်အစားလည်လှယ်ပြီးနောက် အဆောင်၏ ရှေ့ခမ်းဆီသို့ ကူစုံယှဉ်တွဲကာ နံနက်ခင်းအလုပ်ကိစ္စများ လုပ်ဆောင်ရန်အတွက် အသင့်ပြင်ဆင်လိုက်ကြပါသည်။

ခေါ်ခဲ့ကြပါကွယ်တို့....စစ်မှူးများစောင့်နေကြတာ ကြာရောပေါ့"

တောင်းတန်းကေရီ သခင်မကြီးသည် မင်းသုလင်များ ဆီသို့ လှမ်း၍အမိန့်ပေးလိုက်ပါသည်။

မကြာမီခြေသံများထွက်ပေါ်လာပြီး၊ရှေ့ ဆုံးမှတပ်ဖွဲ့ကို ယာယီ တာဝန်ပေးအုပ်ချုပ်နေသူ ဗိုလ်ညွန့်မောနှင့် တပ်ကြပ်ကြီး နှစ်ဦးတို့ သည် ဝင်ရောက်လာပြီး ခြေစုံရပ်ကာ အလေးပြု လိုက်ကြပါသည်။ ဗိုလ်ကြီး-အောင်မင်းကျော်က ရှင်ပျူစွာဖြင့်အလေးပြုခြင်းကိုခံယူပြီး ပြန်လှန်၍အလေးပြုကာ....

"လာကြ-လာကြ....ဟောဒီသလွန်မှာထိုင်ကြ၊ စောင့်နေကြတာ ကြာပြီထင်တယ် ဗိုလ်ညွန့်မောင်"

ဗိုလ်ညွန့်မောင်နှင့် တပ်ကြပ်ကြီးနှစ်ဦးမှာ ဗိုလ်ကြီး-အောင်မင်း ကျော်နှင့် တောင်တန်းကေရီသခင်မကြီးသို့အား အလွန်ရှိသေသော စိတ်ဓါတ်တို့ကြောင့် ၎င်းတို့အတွက်ပေးအပ်သော သလွန်ပေါ်သို့ မထိုင်ဘဲ မတ်တပ်ရပ်နေကြပါသည်။

"ထိုင်ကြပါ စစ်မှူးမောင်လေးတို့၊ မောင်တို့သခင်ကြီးနဲ့ သခင် မကြီးတို့ဟာ လောကုတ္တရာ ဆွေမျိုးအရင်းတွေဘဲ၊ ရင်းရင်းနှီးနှီး ပွန်းပွန်းတီးတီးရှိကြမှပေါ့၊ ပြောရဲဆိုရဲရှိကြမှပေါ့"

တောင်တန်းကေရီသခင်မကြီးသည် ကြားရသူတိုင်း နားထဲတွင် ဆွဲဆောင်မှု၊ ချိုသာမှု၊ နားထောင်၍ မငြီးစေမှုစသည့် ဆွဲငင်ခြင်း များ အပြည့်နှင့် ပြောဆိုတောင်းပန်လိုက်ပါသည်။ ဗိုလ်ညွန့်မောင် သည် အားကိုးအားနာစွာဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



“ဗိုလ်ကြီးနဲ့ သခင်မကြီးကို ကျွန်တော်ရဲမက်အားလုံးက အင်မတန် ကြည်ညိုလေးစား ကြပါတယ်၊ ခါတိုင်းဆိုရင် ကျွန်တော်တို့ တပ်မှူးဗိုလ်ကြီးဆိုရင် တပ်မတော်ရဲ့ ဦးဆောင်မှုအရသာ၊ တာဝန်အရသာ လေးစားခဲ့ပေမဲ့ ခုတော့ ကျွန်တော်တို့ရဲမက်တွေအားလုံးဟာ ဗိုလ်ကြီးနဲ့ သခင်မကြီးရဲ့ ပါရမီတွေ၊ ဂုဏ်ဒြပ်တွေ၊ သီလ သမာဓိ ကြီးမားပုံတွေ ကိုယ်တိုင်တွေ့မြင် နေကြရတော့.... အင်မတန်မှ မိစစ်ဘစစ်တွေလို့ ကြည်ညိုမြတ်နိုးလှပါတယ်ခင်ဗျာ”

“ထိုင်လိုက်ပါ ဗိုလ်ညွှန့်မောင်၊ ကျုပ်တို့နှစ်ဦးကခွင့်ပေးတဲ့ကိစ္စဘဲ ထိုင်ပါဗျာ”

ဗိုလ်ကြီး-အောင်မင်းကျော်က တောင်းပန်လိုက်မှ မတတ်သာ မရှောင်သာသည့်အဆုံး၌ ဗိုလ်ညွှန့်မောင်သည် အားတုံ့အားနာသည့် အမူအယာများဖြင့် အနီးရှိသလွန်အစွန်းပေါ်သို့ ခတ်ရို့ရို့ ဝင်ရောက်ထိုင်ရှာပါသည်။ တပ်ကြပ်ကြီး နှစ်ဦးမှာလည်း ခတ်လှမ်းလှမ်းရှိ သလွန်တခုတွင် ခတ်ရှိန့်ရှိန့်အမူအယာဖြင့် ထိုင်လိုက်ကြပြီးနောက် ဗိုလ်ညွှန့်မောင်၏အခြေအနေကို လှမ်းကာအကဲခတ်နေကြပါသည်။

“ဟဲ့-မဥ္စူကလျာတို့၊ ဒီကမောင်ငယ် စစ်မှူး-စစ်ကဲများအတွက် သုံးဆောင်ဘို့အဖျော်ယမကာနဲ့ သစ်သီးတွေ၊ လဘက်ရည်ကြမ်းတွေ ယူကြခဲ့ကွယ်တို့”

တောင်တန်းကေရီ သခင်မကြီးသည် လက်သုံးတော်များကို ချက်ခြင်းအမိန့်ပေးလိုက်ရာ....

“ရောက်တဲ့အခိုက်မှာ အေးအေးဆေးဆေး လျှောက်တင်စရာတွေ လျှောက်တင်ရင်း အာသာပြေ သုံးဆောင်ကြရအောင် မောင်ငယ်များ၊ အားနာစရာမလိုပါဘူးကွယ်နော်”

ဖေါ်ရွှေရင်းနှီးစွာဖြင့်ကျွေးမွေးဧည့်ခံရန်စီစဉ်လိုက်ရှာပါသည်၊ မကြာမီပင် အဖျော်ယမကာများ၊ လဘက်ရည်ကြမ်းများ၊ သစ်သီးများ၊ ကောက်ညှင်းခြောက်နှင့် ထန်းလျက် ရောနှောကာ လုပ်ကိုင်ထားသည့် မုန့်များကို ရွှေလင်ပန်းများနှင့်ထည့်ကာ လက်သုံးတော် သုံးဦးက ယူဆောင်လာပြီး လေးလေးစားစား ဧည့်ခံ ခင်းကျင်း နေကြပါသည်။



“သခင်ကြီးနဲ့ မဘုရားဆီရောက်တဲ့ခိုက်မှာ သူများအသက်မပါတဲ့ အဟာရဆိုရင် မှီဝဲနိုင်ပါတယ်၊ အမတော်ဘုရားအနေနဲ့ မီးနဲ့ ချက်ပြုတ်တာကို မမှီဝဲလိုသော်လဲ ကိုယ့်ပရိသတ်- ကိုယ့်ဧည့်သည်တွေ နေထိုင်သွားလာတဲ့ အခါမှာ မီးနဲ့ ချက်ပြုတ်တဲ့ အဟာရကို မဘုရား လက်ခံသုံးဆောင်လေ့ရှိပါတယ်”

တောင်တန်းကေရီသခင်မကြီးက မီးနှင့်ချက်ပြုတ်သည့်အဟာရ အကြောင်း ပလ္လင်ခံ၍ပြောလိုက်ပြီး....

“သခင်ကြီးနဲ့ မဘုရားတို့ ရှေ့မှောက်မှာ လျှောက်ထုင်စရာ၊ တိုင်ပင်စရာတွေကိုမကွယ်မဖျောက်တမ်း ရဲရဲဝန့်ဝန့်ပွင့်ပွင့်လင်းလင်း ဟင်လျှောက်နိုင်ခွင့် ရှိကြသကွဲ့ မောင်ငယ်စစ်မှူးများ”

စထင်ကာ လမ်းဖွင့်ပေးလိုက်သည်ကြောင့်....

“ကျွတော်တို့ရဲမက်တွေရဲ့ ဖခင်လဲဖြစ်၊ တပ်မှူးကြီးလဲဖြစ်နေတဲ့ ဗိုလ်ကြီး-အောင်မင်းကျော်နဲ့ သခင်မကြီး တို့ကို ကျွန်တော်များ အစီရာခံမဲ့ကိစ္စကတော့ လူငယ်ပိုင်းနဲ့ ပတ်သက်နေလို့ ရိုင်းတယ်လို့ မထင်ဘို့ ကြိုတင်တောင်းပန်ပါရစေ၊ နားနဲ့ မနာကြဘဲ ဒီကမိန့် ဘနှစ်ပါး ဖဝါးနဲ့ နာတော်မူကြပါခင်ဗျား၊ မပြောမပြီး မတီးမမြည်ဆိုတဲ့ စကားအတိုင်း ကျွန်တော်များ ရဲဘော်ရဲမက်များ ရဲ့ လက်ငင်းပြဿနာကတော့ မိဘနှစ်ပါး ဝတ္တရားရှိတဲ့ အတိုင်း သားသမီးများဖြစ်ကြတဲ့ ကျွန်တော်များ ရဲ့ အိမ်ထောင်ရေး ကို မေတ္တာရှေ့ထားပြီး နေရာချထားစီစဉ်ပေး ကြဘို့အစီရင် ခံအပ်ပါ တယ်ခင်ဗျား”

www.burmeseclassic.com

www.burmeseclassic.com



"အထက်မြို့တော်သူများအရေးအခင်းလား၊ အောက် မြို့တော်သူများရဲ့ အိမ်ထောင်ရေး အရေး အခင်းလား မောင်ငယ် စစ်မှူးများ"

"မှန်လှပါသခင်မကြီး အထက်မြို့တော်သူရော·အောက်မြို့တော်သူတွေပါ သက်ဆိုင်နေကြောင်းပါ"

တောင်တန်းကေရီသခင်မကြီး၏မေးမြန်းချက်ကိုဗိုလ်ညွှန့်မောင်သည် ချက်ခြင်းဖြေကြားအစီရင်ခံလိုက်သည်တွင်....

"ကောင်းပြီ အောက်မြို့တော်အကြောင်းပါရှိသည့်အတွက်ညီမတော်စောသခင်ါ မင်္ဂလာအရေးမှာ ပါရှိမှ သင့်တော်ကြောင်းပါ သခင်ကြီးဘုရား"

"ကောင်းပါပြီသခင်မကြီး၊ ညီမတော်ဘုရားကို ရှေ့တော်မှောံခ စားခိုင်းစေ"

ဗိုလ်ကြီးအောင်မင်းကျော်က ခွင့်ပြုလိုက်သည်တွင် တောင်တန်းကေရီသခင်မကြီးသည် လက်သုံးတော်မာလာဝတီကို ညီမတော်စောသခင်ါ ရှေ့တော်ဝင်စေရန် အမိန့်ပေးလိုက်ပါသည်။

## ကြီးကျယ်သော မင်္ဂလာပွဲလမ်းသဘင်ကြီး

"ညီမတော်....အမတော်ဘုရားဘက်ကို ကြွခဲ့ပေတော့း"

တောင်ဘန်းကေရီသခင်မကြီးသည့် စောခမ်းနွဲ့ရောက်ရှိလာသည်တွင် သူမ၏လက်ဝဲဘက်အစွန်းတွင် နေရာပေးရင်း ခေါ်ခေါ်လိုက်ပါသည်။ စောခမ်းနွဲ့သည် ဗိုလ်ကြီးအောင်မင်းကျော်နှင့် တောင်တန်းကေရီသခင်မကြီးတို့အား အလွန်ရိုသေစွာဖြင့် ဦးသုံးကြိမ်ကန်တော့ပြီးမှ အမတော်ဘုရား၏ လက်ဝဲဘက်တွင် ဝင်ရောက်၍ခစားလိုက်ပါသည်။



"သခင်ကြီးတပ်ဖွဲ့မှ မောင်ငယ် စစ်မှူး စစ်ကဲ ရဲမက်များရဲ့ အိမ်ထောင်ရေးကိစ္စအတွက် ညီမတော်ဘုရားကိုပါ တိုင်ပင်ကြပြီးအဆုံးအဖြတ်ပေးဘို့ဖြစ်ပါတယ်ညီမတော်"

တောင်တန်းကေရီသခင်မကြီးသည် ခေါ်ယူရခြင်း အကြောင်းအရာကို စကားပလ္လင်ခံလိုက်ပြီးနောက်....

"လောကီကိစ္စ လောကီအကြောင်းအရာ မကင်းနိုင်ကြသေးတဲ့ ပုထုဇဉ်ဖြစ်ကြတာမို့ မေတ္တာလောကက မလွန်ဆန်ကြသူများ ဖြစ်ကြတဲ့အတိုင်း မင်္ဂလာအဖြစ်နဲ့ မှတ်ယူကြရလိမ့်မယ်၊ မောင်လေး စစ်မှူးများ-၊ ဒါပေမဲ့ အမတော်ဘုရားတို့ ဥတ္တရံပူရတိုင်းပြည်မှာ.... ဥပဒေထုံးစံများ ရှိခဲ့တဲ့အတိုင်း အိမ်ထောင်ရက်သား ဆောင်နှင်းလိုကြတဲ့ သတိုးသမီး သတိုးသားတွေဟာ ဥတ္တရံပူရတိုင်းပြည်ရဲ့ ထုံးတမ်းစဉ်လာကိုလိုက်နာကြနိုင်မှသခင်မကြီးအနေနဲ့ ခွင့်ပြုနိုင်တယ်"

"အမိန့်တော်ရှိပါ အမတော်ဘုရား....၊ ဘယ်လိုစည်းကမ်းဥပဒေတွေရှိတယ်ဆိုတာ ကျွန်တော်များသိရှိမှသာ ကြိုတင်တိုင်ပင်ဘို့ စီစဉ်လို့ဖြစ်ပါလိမ့်မယ်"

"အမတော်ဘုရားတို့ ဥတ္တရံပူရမြို့ရဲ့ အိမ်ထောင်ရေး ထုံးတန်းအစဉ်အလာ ပထမအချက်ကတော့ အိမ်ထောင်ရှင် မောင်မယ်တွေဟာ ဂုဏ်ပကာသန အမိန့်အာဏာနဲ့ အတင်းအကြပ် နိုင်ထက် စီးနင်းပြုလုပ်ပြီး မေတ္တာကိုရယူတဲ့ အိမ်ထောင်ရေးမျိုး မရှိစေရဘူး၊ ရွှေရွှေဝေးဝေးမကြည့်လိုက်နဲ့ အောက်မြို့တော်ကိုအုပ်ချုပ်ဘို့ တာဝန်ပေးခဲ့တဲ့ ရက္ခပလ ကိုဘဲ ကြည့် အမတော်ဘုရားရဲ့ မေတ္တာကို ခွန်အား အာဏာနဲ့ နိုင်ထက် စီးနင်း ကြိုးစားခဲ့ခြင်းကြောင့် သူ့လုံ့လပရောဂအတိုင်း သေခြင်းဆိုးနဲ့သေဆုံးခဲ့ရတာ ဥတ္တရံပူရပြည်ရဲ့ ဒဏ်ခတ်ခံရမှုဘဲ"

"နောက်တချက်ကတော့ အိမ်ထောင်ရှင် မောင်-မယ် တွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ခုဘဝကစပြီး နိဗ္ဗာန်ရွှေပြည်ရောက်သည့်အထိ ရိုးမြေကျ မခွဲတမ်း သစ္စာမပျက်တမ်း အိမ်ဆောင်တာဝန်ကို အသီးသီး ဆောင်ယူရပါတယ်”

“တတိယအချက်စည်းမျဉ်းကတော့ ဥတ္တရံပူရုပြည်သူပြည်သားတွေဟာ ဒီနယ်ပယ်ထဲနာ အိမ်ထောင်ဦးကျ မင်္ဂလာ ဆောင်နှင်းခဲ့ရင်· ဒီနယ်ပယ်ထဲက သက်ဆိုင်ရာအုပ်ချုပ်ရေးတာဝန်ခံ ပုဂ္ဂိုလ်ဆီက ခွင့်တောင်းယူပြီး အခြားနယ်ပယ်ကို ခေတ္တခဏသာသွားခွင့်ရှိတယ် အစဉ်သဖြင့်နေထိုင်ရမှာက ဥတ္တရံပူရုပြည်ထဲ နယ်ထဲမှာတဲ နေထိုင်ရမယ်”

“စတုတ္ထအချက်ကတော့ အိမ်ထောင်ရှင်တွေဟာ ငါးပါးသီလမြဲမြန်ခြင်း၊ ဥတ္တရံပူရုပြည်ရဲ့ စည်းမျဉ်းဥပဒေကို ဦးထိပ်ပန်ဆင်ခြင်း ဗြဟ္မာစိုရ်တရားလေးပါး လက်ကိုင်ရှိရခြင်း စသည့်ကျင့်ဝတ်တွေဖြစ်တယ်”

“ဒီလေးချက်ကို စစ်မှူး မောင်ငယ်များ ပေက်ခံနိုင်မှသာ အမတော်ဘုရားများအနေနဲ့ အိမ်ထောင်ရေးကို ခွင့်ပြုနိုင်ပါတယ်”

ဗိုလ်ညွန့်မောင်သည် တပ်ကြပ်ကြီးနှစ်ဦးနှင့် အရေးတကြီး တိုင်ပင်ဆွေးနွေးလိုက်ကြပါသည်။ ထိုနောက်ဆက်လက်၍....

“ကျွန်တော်များအနေနဲ့ ဗမာတမ်ဖတော်ရဲ့ စစ်မှုထမ်းတွေဖြစ်ကြသည့်အတွက် သခင်မကြီးရဲ့ တတိယအချက်စည်းမျဉ်းကိုစဉ်းစားစရာဖြစ်နေပါတယ်ခင်ဗျား· ကျွန်တော်တို့ တပ်မှူးကြီးအနေနဲ့လဲ ပါတ်သက်နေပါ၍ တပ်မှူးကြီးရဲ့ အကြံဉာဏ် ယူဆချက်များ ရှင်းလင်းကူညီဘို့ တောင်းပန်ပါတယ်”

ဗိုလ်ကြီးအောင်မင်းကျော်သည်....

“ဟုတ်တယ်-ဒီကိစ္စကလဲ ကျွန်တော်ရှင်းဘို့ အချိန်အခါရောက်နေပြီမို့ဘဲ၊ ကျွန်တော်လဲ မကြာမတင်ကာလမှာ တပ်ဖွဲ့ကိုအုပ်ချုပ်



ပြီး မြေပြန့်ကို အရောက်ပြန်ဆင်းရလိမ့်မယ်၊ ဗမာပြည်မှာ အမျိုးသားသာသနာအတွက် အင်မတန်အရေးကြီးတဲ့ ပြဿနာကြီး အန္တရာယ်ကြီး ဆိုက်ကပ်နေပြီရဲဘော်တို့၊ လွန်ခဲ့သော ကာလက ရဲဘော်တို့ ကျုပ်တို့ မိတ်ဆွေဖြစ်ခဲ့တဲ့ ဂျပန်တွေဟာ ခုအချိန်အခါမှာ ကျုပ်တို့တမျိုးသားလုံးရဲ့ ရန်သူတွေဖြစ်ဘို့ မဝေးတော့ဘူး၊ ဒါကြောင့် လိုရင်းပြောရရင် ကျွန်တော်ပါ တပ်ဖွဲ့ကိုအုပ်ချုပ်ပြီး မြေပြန့်ကိုပြန်ဆင်းမယ်၊ တမျိုးသားလုံးရဲ့ အန္တရာယ်ကို သုတ်သင်ရှင်းလင်းပြီးရင် ကျွန်တော်အနေနဲ့ ဟောဒီဥတ္တရံပူရမြို့ကို အပြီးအပိုင်ပြန်လာဘို့ ဆုံးဖြတ်ပြီးပြီ၊ ဗိုလ်ညွန့်မောင်တို့အနေနဲ့ တော့လဲ တော်လှန်ရေး ကြိုက်ရာ ဆုံးဖြတ်ချက်ရှိတယ်”

သူ၏ဆုံးဖြတ်ချက်အမိဋ္ဌာန်ကို ပြောကြားလိုက်သည်တွင် တောင်တန်းဧကရီသခင်မကြီးသည်....

“အမတော်ဘုရားအနေနဲ့ သခင်ကြီးကို မြေပြန့်ပြန်ခွင့်ပြုရရင်း အကြောင်းတွေရှိတယ်၊ သခင်ကြီးဟာ မောင်ငယ် တပ်မှူးများ နဲ့အတူ ဗမာ့တပ်မတော်အမည်ခံ မြန်မာအမျိုးသားတွေရဲ့ လက်နက်ကိုင်တပ်ဖွဲ့ထဲမှာ အမှုတော်ထမ်းပြီး နေ့စဉ်အချိန်တိုင်းမှာဘဲ တပ်မတော်ရဲ့ ဂတိသစ္စာလေးချက်ကို ဆိုနေခဲ့ကြတယ်မဟုတ်သလား၊ သစ္စာလေးချက်ရဲ့ အဓိဋ္ဌာန်ပိုင်တွေစုလိုက်ရင် တပ်မတော်ကပေးအပ်တဲ့ တာဝန်တွေကို အသက်ပေးလှူပြီးအမှုပြီးပါမယ်ဆိုတာဘဲ ခု အချိန်အခါ သခင်ကြီးနဲ့ မောင်ငယ်တပ်မှူးရဲမက်တွေမှာ တပ်မတော်ရဲ့ ကွပ်ကဲမှုချုပ်ကိုင်မှုအတွင်း အာဏာကမလွတ်ကင်းသေးဘူး....၊ ဒါကြောင့် လူမှာ ဂတိ၊ မင်းမှာသစ္စာ· ဆိုတဲ့ အတိုင်း သခင်ကြီးနဲ့ မောင်ငယ်တပ်မှူးရဲမက်တွေမှာ ဂတိ-သစ္စာ· တာဝန်ဆိုတဲ့ အချက်တွေရှိတာကြောင့် သခင်ကြီးအမှူးပြုပြီး တပ်ဖွဲ့တဖွဲ့လုံး မြေပြန့်ကို



www.burmeseclassic.com

www.burmeseclassic.com



တာခေါက်ပြန်ပြီး လုပ်ဆောင်စရာ စစ်တာဝန်တွေကို လုပ်ဆောင်ရမယ်၊ အဲဒီ မိစ္ဆာဒိဋ္ဌိဂျပန်တွေကို သုတ်သင်ပြီးစီးတဲ့ အခါ မင်္ဂလာ မသေမွှတ်သားကြပေတော့ ဗမာ့တပ်မတော် အာဏာပိုင် တွေဟာ အမှုထမ်းအရာထမ်းရဲမက်တွေကို ကိုယ်စိတ်ကြိုက် ရွေးခိုင်းလိမ့်မယ် အမှုထမ်းချင်ထမ်း အမှုမထမ်းချင်လိုလဲ လွတ်လပ်တဲ့ အလုပ်အကိုင် များကို လုပ်ကိုင်နိုင်ကြောင်း တပ်မှနုတ်ထွက်ခွင့် ပေးကြလိမ့်မယ်၊ သခင်ကြီးအနေနဲ့ တော့ မလွဲမသွေပြန်ရောက်ပြီး ဥတ္တရပုရနေပြည်တော်ကနေပြီး အမျိုးဘာသာ သာသနာ ထွန်းကားရေး အတွက် ဆောင်ရွက်ရမှာမို့ ပြန်လည်ကြွချီရလိမ့်မယ်၊ ကဲ- မောင်ငယ်များ ရှေ့ရေးကို မျှော်တွေးကြံဆနိုင်အောင် အမတော်ဘုရားညွှန်ပြပြီးပြီ အပြေကတည့်တည့်ကျကျပေးဘို့အလှည့်ဘဲရှိတော့တယ်”

“ကျွန်တော်နဲ့ ဟောဒီဆရာကြီးနှစ်ဦးအနေနဲ့ တော့ ခုတော် မပြန်ချင်တော့ဘူးသခင်မကြီး၊ ကျွန်တို့ ဗိုလ်စံလှဘော်တို့ ဗိုလ်စိန် ပန်းတို့နဲ့ အကြပ်တပ်သားတွေကို တိုင်ပင်ခွင့်ပေးဘို့ အစီရင် ခံပါရစေ မကြာစေရပါဘူးသခင်မကြီး သုံးရက်အတွင်းပြီးစီးပြီး ပိုင်ပိုင် နိုင်နိုင်အကြောင်းပြန်ကြားပါရစေ”

“ကောင်းပါပြီ မင်္ဂလာကိစ္စအတွက်ပတ်သက်တဲ့ အမျိုးသားအမျိုးသမီးတွေစာရင်းကို အမတော်ဘုရားရှေ့မှောက်မှာစာရင်းအင်း ထားရှိခဲ့စေလိုတယ်”

ဗိုလ်ညွန့်မောင်သည် စာရွက်ကြီးတရွက်ကိုရှိသေဖွာဖြင့် တောင် တန်းကေရီသခင်မကြီး လက်တွင်းသို့ ပေးအပ်လိုက်သည်တွင် ဗိုလ် ကြီးအောင်မင်းကျော်သည် အမည်စာရင်းများကို လှမ်း၍ ကြည့် လိုက်သည့်အခါတွင်....

ဗိုလ်စံလှဘော်— သုခဝတီ အထက်မြို့တော်သူ

ဗိုလ်စိန်ပန်း.... သီလစာရီ အထက်မြို့တော်သူ



တပ်ကြပ်ကြီးစိုးသိန်း.... နန်းပန်းခိုင် အောက်မြို့တော်သူ

တပ်ကြပ်မင်းအောင်.... နန်းသူဇာ အောက်မြို့တော်သူ

တပ်သားကြီးထွန်းရွှေ.... မာလာသိရီ အထက်မြို့တော်သူ

အားရှိသည့် အတွဲလိုက်ဖူးစာဖက်ပုဂ္ဂိုလ်များ၏ အမည်နာမများ ကိုဖတ်ရှုလိုက်ပါသည်။

“ဘယ့်နဲ့ လဲဗိုလ်ညွန့်မောင် ခင်ဗျားနံမည်မပါပါလား–ဘယ် လိုလဲ”

ရယ်မောသံနှင့် ဗိုလ်ကြီးအောင်မင်းကျော်ကမေးမြန်းလိုက်သည် တွင် ဗိုလ်ညွန့်မောင်သည် ချက်ခြင်းပင်—

“ကျွန်တော်အနေနဲ့ ဗိုလ်ကြီးရော-သခင်မကြီးပါ အထူးအခွင့် အရေးတောင်ပါရစေ၊ ကျွန်တော်ဟာ တကိုယ်ရေတကာယသမား ဖြစ်ပေမဲ့ အမတော်ကြီးအမိန့်ရှိသလို တပ်ကထွက်ခွင့်ရတဲ့ တပြိုင် နက်တဲ ဗိုလ်ကြီးအောင်မင်းကျော်ဆီကို ညီအရင်း တယောက်အနေ နဲ့ ဝတ်ကြီးဝတ်ငယ်ပြုစုပြီး ဟောဒီ သီလဝံသာမြို့တော်မှာလောကီ လောကုတ်လုပ်ငန်းစဉ်တွေနဲ့ အရိုးထုတ်ပါရစေခင်ဗျား၊ ခုလို အိမ် ထောင်ရေးကိစ္စတော့ သိုးခံပြီး တတ်နိုင်သမျှ လွတ်လွတ်လပ်လပ်နေ ထိုင်ပါရစေ၊ ကျွန်တော့်ကိုသနားငဲ့ညာ၍ ခုတင်ကတောင်ဆိုချက် ကို ဗိုလ်ကြီးရော- သခင်မကြီးကပါ အတိအလင်းခွင့်ပြုချီးမြှင့်စေလို ပါတယ်”

“ကောင်းလိုက်လေဗျာ-စိန်လိုက်ဗျိုဗိုလ်ညွန့်မောင်”

“သာဓု....သာဓု....သာဓု” သခင်မကြီး မတ်တော် မောင် လိုရာ ပြီးမြောက် ခရီးရောက်တော်မူနိုင်ပါစေသတည်း”

ဗိုလ်ကြီး အောင်မင်း ကျော်နှင့် တောင်တန်းကေရီ သခင်မကြီး တို့သည် ပြိုင်တူလိုလိုပင် ဂုဏ်ခံဝန်ချက်များ ပေးအပ်လိုက်ကြတော့ သတည်း။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီဗိုလ်ညွှန့်မောင် နက်ဖန်ခါ ကျွန်တော်တောင်ကော်ကိုဆင်းလာပြီး ကိုယ်တိုင်ကိုယ်ကျ ရဲမက်တဦးစီ စစ်ဆေးစုံစမ်းမယ်၊ ဒါမှ မြန်မြန်ပြီးစီးပြီး သခင်မကြီးကိုချက်ခြင်း အကြောင်းပြန်နိုင်မှာကိုး"

"ညီမတော် စောခမ်းနွဲ့၊ နက်ဖန် သခင်ကြီးနဲ့အတူ အောက် မြို့တော်ကိုလိုက်ပါဆင်းသက်ပြီး ကြိုတင်စီစဉ်စရာ မင်္ဂလာကိစ္စတွေအတွက် မြို့တော်သူမြို့တော်သားများနဲ့ အတွင်းပုဂ္ဂိုလ်ကြီးလေးပါးတို့ ညှိနှိုင်းပြီးစီစဉ်နှင့်ပေတော့"

"အမိန့်တော်အတိုင်းပါအမတော်ဘုရား"

စောခမ်းနွဲ့သည် တောင်တန်းဧကရီ သခင်မကြီး၏ အမိန့်တော်ချမှတ်ချက်ကို လေးစားစွာဖြင့် ဝန်ခံယူလိုက်ပါသည်။ ထို့နောက် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြပါသည်။

အောက်မြို့တော်၏ နန်းဓာတ်တွင်း၌ဖြစ်ပါသည်။ ဗိုလ်ကြီးအောင်မင်းကျော်၊ စောခမ်းနွဲ့နှင့် မဟာရဝအပါအဝင် အတွင်းပုဂ္ဂိုလ်ကြီးလေးပါးတို့သည် သက်ဆိုင်ရာ မင်္ဂလာဆောင်မြန်းရန် ရှိသည့် မောင်မယ်စုံတွဲများကို အတွဲလိုက်ခေါ်ယူစစ်ဆေးနေခိုက်ဖြစ်ပေရာ။

"ရဲဘော်တင်အောင်-နန်းလှိုင်မြတ်"

အမတ်ကြီးတဦးကခေါ်လိုက်ရာ ရဲဘော်တင်အောင်နှင့်အောက်မြို့တော်သူတဦးသည် အစစ်ဆေးခံရန် ဝင်ရောက်လာကြပြီး ရဲဘော်တင်အောင်က စစ်သုံးစံအတိုင်း ခြေစုံရပ်ကာ ဦးညွှတ်လိုက်ပြီးသတိအနေတွင်ရပ်နေစဉ် နန်းလှိုင်မြတ်သည် လက်နှစ်ဘက် ယှက် ကာ ရှိခိုးလျက် အဆင်သင့်ရပ်နေပါသည်။

စောခမ်းနွဲ့သည် ရှုပ်းဘာသာဖြင့် ..

"သခင်မကြီးညီမ နန်းလှိုင်မြတ် ဒီရဲဘော်ကို တကယ်မေတ္တာ



စစ်နဲ့ ချစ်မြတ်နိုးခဲ့သလား မှန်ရာကိုလျှောက်တင်ပေတော့"

"ဘုရားကျွန်မ နှစ်သက်လို့ ရဲဘော်ရဲ့ မေတ္တာ ကမ်းလှမ်းချက်ကို သဘောတူလက်ခံပါတယ်သခင်မဘုရား"

"ဟော့-ရဲဘော်တင်အောင်....ဥတ္တရပုရပြည်မှာ အိုးအိမ်ထောင်ကိစ္စအတွက် စည်းမျဉ်းလေးချက်ကို မင်းနားလည်သဘောပေါက်ခဲ့ရင် မင်းတို့ရဲ့ရှေ့ရေးကို ဆုံးဖြတ်ပြီးပြီလား၊ စဉ်းစားပြော.... ဆိုခဲ့စေ မြဲစေနော်၊ ပြီးတော့နောက်ဆန်တင်းရင်မကောင်းဘူး"

"ဆုံးဖြတ်ပြီးပါပြီဗိုလ်ကြီး....၊ ကျွန်တော်ဥတ္တရပုရပြည်မှာ တသက်လုံးနေဘို့ ဆုံးဖြတ်ပြီးပါပြီ၊ စည်းမျဉ်းလေးချက်ကို ဗိုလ်ညွှန့်မောင်က ကျွန်တော်တို့အားရှင်းပြခဲ့လို့ သိရှိပြီးပါကြောင်း"

"ကောင်းပြီ ညီမတော်တို့စုံတွဲနှစ်ဦးစလုံး ဖွင့်ဟပြောကြားချက်ရရှိပြီးပြီဖြစ်လို့ မင်္ဂလာစာရင်းမှာ ထည့်သွင်း လိုက် ပြီး သွားနိုင်ပြီ"

စောခမ်းနွဲ့က သွားခွင့်ပြုလိုက်ပါသည်။

ဤသို့နှင့် မောင်စုံတွဲပေါင်း ခြောက်ဆယ်ကျော်တို့ကို နေ့အသိအတွဲလိုက် စစ်ဆေးပြီးစီးသွားခဲ့ပါသည်။

"မောင်တော်သခင်ကြီးဘုရား ...အမတော်ဘုရား၏စစ်ဆေး ပြီးစီးကြောင်း တမန်ကြီး-ဘိုးအာဏာကို စေလွှတ်ပြီး လျှောက်တင်ခိုင်းမှ ကောင်းပါလိမ့်မယ်"

စောခမ်းနွဲ့ကလျှောက်တင်လိုက်ပြီး၊ ဝန်ကြီး-မဟာရဝကို ခေါ်ယူကာ မင်္ဂလာပွဲကျင်းပရေးအတွက် မြို့တွင်း၌ကျယ်ဝန်းသော ကွက်လပ်ကြီး တခုကိုရွေးချယ်ကာ ပြင်ဆင်ခိုင်းလိုက်ပါသည်။ ရက္ခဘူမိနေပြည်တော်ရှိ မြို့သူမြို့သားအပေါင်းမှာ ထူးမြတ်လှသော မင်္ဂလာသတင်းစကားကိုကြားရသည်အတွက် နှစ်ထောင်အားရ ရှိနေပြီး အထက်မြို့တော်သခင်ကြီးနှင့်သခင်မကြီး၊ စောခနွဲ့တို့ ဦးစီးဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကာ မင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပပေးမည်ဟူသော သတင်းကြောင့် ရက္ခဘုမ္မိ နေပြည်တော်တွင် အင်မတန် ကြီးမားသော ပွဲလမ်း သဘင်ကြီးတရပ် တွေ့ကြုံရမည့်အရေးကြောင့် မိမိတို့ ပါဝင်ထမ်းဆောင်ရမည့်လုပ်ငန်းများအတွက် အားထက်သရော လုံးပန်းစုဝေးနေကြပေသည်။

တနေကုန်-တနေ့ခမ်း မင်္ဂလာသဘင်ကြီးကျင်းပရေးအထူးကော်မတီ အဖွဲ့လိုက်မောင်မယ်စုံ၏ မင်္ဂလာသတင်းကိစ္စကို ကိုယ်တိုင်ကိုယ်ကျ စစ်ဆေးမေးမြန်းခံရသည့် လုပ်ငန်းများကြောင့် ဗိုလ်ကြီး-အောင်မင်းကျော်နှင့် စောခမ်းနွဲ့တို့အဘို့ တနေကုန်လွန်ခဲ့ပါတော့သည်။

“မောင်တော်သခင်ကြီး ဆာမှတ်တော်မူလှပြီထင်ပါရဲ့”

စောခမ်းနွဲ့သည် သူမကိုယ်တိုင် ငွေသားဖြင့် ထုလုပ်ထားသည့် စားပွဲပေါ်မှ လိမ္မော်သီးများကို အရေးတကြီး သွားရောက်၍ယူငင်နေပါတော့သည်။ ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏နဖူးမှချွေးပေါက်များကို လက်ကိုင်ပဝါနှင့်သုတ်ရင်း ခေတ္တအနားယူဘို့ စဉ်းစား နေပါသည်။ နန်းရင်ပြင်တဝိုက်၌ ဗမာ့တပ်မတော်မှရဲမက်များ နန်းတွင်းသူနန်းတွင်းသားများသည် ဝမ်းမြောက်ဝမ်းသာစွာ ရောနှော၍ မင်္ဂလာရှိသောအသံများဖြင့် ဆူညံပျော်ရွှင်နေတော့၏။

ဗိုလ်ကြီး-အောင်မင်းကျော်သည် ခါတိုင်း စောခမ်းနွဲ့၏ သွားလာမှု အမူအယာသွက်လက်ခဲ့သလောက် ယခုအခါ၌ အနည်းငယ်သေးလံ့နေသည်ကိုသတိပြုမိပေ၏၊ ထို့ကြောင့်လည်း စောခမ်းနွဲ့၏ကျန်းမာရေး ချို့ယွင်းချက်တစုံတရာ ရှိနေမည်ကိုစိုးရိမ်မိနေရပါသည်။

“နည်းနည်းတော့ဆာပြီ စောခမ်းနွဲ့၊ တာဝန်ဝတ္တရား အတိုင်း မေးရ-မြန်းရတာဘဲ၊ မေတ္တာစစ်-မေတ္တာမှန် စုံတွဲတွေချည်းဘဲ တွေ့ရလို့ ကျေနပ်ပါတယ် စောခမ်းနွဲ့”



ပြန်လှန်၍ဖြေကြားလိုက်ပါသည်။

ထိုအခိုက်တွင် ဦးအိုက်စလီတို့ညီအကိုဦးဆောင်၍ အမြင့်ဝ,နယ် သင်းများ စုရုံးရောက်ရှိလာကြပါသည်။

“လာကြ-လာကြ ...ဦးအိုက်စလီ-ထိုင်ကြ၊ စောခမ်းနွဲ့ ဧည့်သည် တွေ့ အတွက်ပါ သစ်သီးတွေထည့်ခဲ့ပါ၊ လဘက်ရည်ကြမ်းတွေ ဆေး လိပ်တွေလဲ အပြည့်အစုံယူခိုင်းလိုက်ပါ”

ဗိုလ်ကြီး-အောင်မင်းကျော်သည် ရင်းနှီးစွာဖြင့် ဧည့်ခံရန် စီစဉ် အမိန့်ပေးလိုက်ပါသည်။

စောခမ်းနွဲ့သည် သူမ၏နန်းတွင်းမှအပျိုတော်များကို ချက်ခြင်း ပင် လိုအပ်သောဧည့်ခံမှုများ ဆောင်ရွက်စေရန်အမိန့်ပေးကာ သူမ ကိုယ်တိုင် ကြပ်မတ်စီစဉ်လိုက်ပြီး၊ ဦးအိုက်စလီတို့အား ရှမ်းဘာသာ နှင့် ရင်းနှီးစွာနှုတ်ခွန်းဆက်သလိုက်ပါသည်။

ဦးအိုက်စလီတို့ လူစုသည် ထုံးစံအတိုင်း နန်းကြမ်းပြင် ပေါ်မှ ဆောင့်ကြောင့်ထိုင်ကာ ပုဆစ်ဒူးတုပ် အရှိအသေပြုရန် စီစဉ်လိုက် သည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်သည် ချက်ခြင်းပင်....

“ဘယ်နှယ်... ဦးအိုက်စလီ၊လာပါ-ဟောဒီသလွန်တော်ပေါ်မှာ ထိုင်ကြစမ်းပါ၊ အရှိအသေတွေ-ဘာတွေ လုပ်စရာမလိုပါဘူးဗျာ.... ကျုပ်တို့ရဲဘော်ရဲမက်အချင်းချင်း ဒီလောက်အရှိအသေပေးဘို့ မလို ပါဘူးဗျာ၊ ကိုင်း.... ထိုင်ကြဗျာ- ထိုင်ကြ၊ ‘လာ-လာ....ဦးအိုက်စလီ ဒီဘက်ကို”

သူ၏သလွန်ဆီသို့ မရမကခေါ်ကာ အထိုင်ခိုင်းလိုက်ပါသည်။ ဦးအိုက်စလီနှင့် သူ၏ညီဖြစ်သူ ဦးနန္ဒလီတို့ ညီအကိုသည် ဗိုလ်ကြီး- အောင်မင်းကျော်က အတင်းမရမကခေါ်ယူသည်ကြောင့် မငြင်းဝံ့ ရှာဘဲ ဗိုလ်ကြီး-အောင်မင်းကျော်၏သလွန်တွင် ခက်ကြုံ့ကြုံ့ ဝင်

www.burmeseclassic.com

www.burmeseclassic.com



ရောက် ထိုင်လိုက်ရပါသည်။ ကျွန်ပုဂ္ဂိုလ်များမှာ သလွန်အလွတ်များပေါ်တွင် စုပြုံ၍နေရာယူလိုက်ကြပါသည်။

မကြာခင် စားကောင်းသောက်ဘွယ်များကို နန်းတွင်းသူများက မြိုင်ဆိုင်စွာတည်ခင်းဧည့်ခံလိုက်ကြပါသည်။

"သုံးဆောင်ကြဗျာ....ဦးအိုက်စလီနဲ့ ဦးနန္ဒလီ၊ ကျုပ်တို့ ပင်ပန်းခဲ့သမျှ ခုအခါ အတိုးချပြီးအနားယူကြရင်း ဒဏ်ချေတာပေါ့ဗျာ"

ရယ်ရင်း မောရင်းပြောလိုက်ပြီး....

"ကျွန်တော်လဲ အထက်မြို့တော်မှာ အချစ်ကိစ္စတွေ ဆောင်ရွက်နေရတာနဲ့ ဦးအိုက်စလီတို့ညီအကိုနဲ့ မတွေ့ရတာ ကြာပြီဗျို....ပြောစရာ တိုင်ပင်စရာရှိရင် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဘိုင်ပင်ကြပါဗျာ"

ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ့အပေါ် သစ္စာရှိခဲ့ကြသည့် ဦးအိုက်စလီတို့လူသိုက်ကို စတင်ကာမေးမြန်းလိုက်သည်တွင်...

"ဟုတ်ကဲ့-ဗိုလ်ကြီးလို့ ဘဲခေါ်မယ်နော်....နှုတ်ကကျိုးနေပြီမို့ သီးခံပါနော်"

"ခေါ်ပါဗျာ....ခင်ဗျားတို့ကြိုက်သလို ဦးအိုက်စလီ"

"ကျွန်အောင်တို့လူတွေက ဗိုလ်ကြီးကိုပြောခိုင်းလို့ ခင်ဗျ၊ ကျွန်တော်တို့ သားမယားတွေကို သွားခေါ်ပြီး၊ ဗိုလ်ကြီးတို့နဲ့ အတူ မဟာဒီရွှေမြို့တော်မှာ ရာသက်ပန်နေထိုင် သွားလိုကြသတဲ့ ခင်ဗျ... ဗိုလ်ကြီးနဲ့ သခင်မကြီးကခွင့်ပြုမယ်ဆိုရင်"

"အင်မတန်သင့်လျော်တဲ့ ကိစ္စဘဲ ဦးလေးတော်-ဦးအိုက်စလီ... ခွင့်ပြုပါတယ်၊ အပြင်ဝ,နယ်ကိုပြန်ရောက်ဘို့ စရိတ်ကြေးငွေရိက္ခာနဲ့ လမ်းပြတွေကို သခင်မအဆင်သင့် ရှာထားမယ်၊ ဒီကမင်္ဂလာကိစ္စပြီး ပြီးခြင်း ပြန်ခေါ်ပါ၊ ခု-နေရေးထိုင်ရေးရော ချောင်လည်သက်သာမှု ရှိကြရဲ့မဟုတ်လား....သခင်ကြီးအပေါ်မှာ သစ္စာအင်မတန် ရှိခဲ့



ကြတဲ့ မိတ်ဆွေကောင်တွေ ပြီပြီ သခင်မ အနေနဲ့ အဖက်ဖက်က လိုလေသေးမရှိစတမ်း ကျွေးမွေးပြုစုရမယ်"

ဘောခမ်းနွဲ့ ရှမ်းဘာသာ နှင့် သွက်လက်စွာ မေးမြန်းလိုက်ပါသည်။

"အား....အဖက်ဖက်က ဘာမှမလိုပါဘူး သခင်မကြီး၊ အစားအသောက်၊အဝတ်အစား၊ ရိက္ခာကြေးငွေမှစပြီး စိတ်တိုင်းကျဘဲ.... ကျွန်တော်မျိုးလူငယ်တွေကတောင် ပြောနေကြတယ်၊ နတ်ပြည်ဆိုတာ ဒီနယ်ဖြစ်မှာဘဲတဲ့၊ ရပ်သူရွာသားတွေကလဲ အင်မတန် ဖေါ်ရွေတယ်၊ လုပ်တင်တယ်ကြတယ်၊ ဆန်စပါးသီးနှံတွေကလဲ ပေါ်များပြီး၊ဥတုရာသီကလဲ အင်မတန်သာယာနေတာကလား သခင်မ"

"သခင်မကြီး လျှောက်တင်မေးမြန်းပါစေ"

ဦးနန္ဒလီသည် ဝင်ရောက်၍မေးမြန်းသည်မှာ...

"ကျွန်တော်မျိုးများရွာက သခင်ကြီးနယ်မြေထဲကိုရွှေ့ပြောင်းလိုတဲ့ လူသူများကို လိုက်ပါခေါ်နိုင်ခွင့်ရှိပါသလား သခင်မကြီး"

"ဥတ္တရပုရပြည်ရဲ့ စည်းမျဉ်းဥပဒေကို ချင်းချက်မရှိ လိုက်နာကျင့်သုံးနိုင်ရင် အချိန်အခါမရွေးပါဘဲ ဦးလေးတော်၊ ဒီပြည်ဟာကမ္ဘာမှာရှိတဲ့ တိုင်းပြည်တွေထဲမှာ သီးခြားပြည်တပြည်ဖြစ်တယ်ဆိုတာ သတိပြုကြဘို့ပါဘဲ၊သိလည်ခြုံရမယ်၊သူတော်ကောင်းစိတ်ဓါတ် အမြဲကိန်းဝပ်ရမယ်"

"ကျေးဇူးကြီးလှပါတယ် သခင်မကြီး ခုလိုသိရတာ"

မကြာမီ ဦးအိုက်စလီတို့လူသိုက်သည် ဝမ်းမြောက် ကြေနပ်စွာဖြင့် နှုတ်ဆက်ကာပြန်သွားကြပါသည်။

ညဦးအမှောင်ထုသည် ရက္ခဘုမ္မိ နေပြည်တော်ကို လွှမ်းခြုံနေပါသည်။ ကောင်းကင်ပြင်မှကြယ်ပွင့်များသည် အမှောင်ထဲတွင် တလက်လက် တဖျတ်ဖျတ် အလင်းရောင်များအဖြစ် လှပလှတန်ဆာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်လျက် တွေ့နိုင်ပေ၏။ ဗိုလ်ကြီး-အောင်မင်းကျော်သည် စပို့ရှပ် အင်္ကျီနှင့် ချိုချောလုံချည် တထည်ကိုဝတ်ကာ အတွင်းခမ်း သလွန်ပေါ်၌ ပက်လက်လှန်ကာ ဖြစ်ကြောင်းကုန်စင်ကို တွေးတော စဉ်းစား နေပါတော့၏။

စောခမ်းနွဲ့သည် ပိုးအင်္ကျီ နှံ့သာရောင် လက်ရှည်ကို ဝတ်ကာ အချိတ်ထမီအပြာနုရောင်တွင် ပန်းရောင်ကွက်များ ဖေါ်ထားသည့် အဆင်ဖြစ်လျက် ဗိုလ်ကြီး-အောင်မင်းကျော်နှင့်ယှဉ်တွဲကာ အနားယူနေခိုက်ဖြစ်ပေ၏။ စောခမ်းနွဲ့၏ပါးပြင်မှာ ပန်းနုရောင်ပြေးနေပြီး နှုတ်ခမ်းဆိုစမျှားမှာ ကဗျာဆန်ဆန် အနေအထားမျိုးဖြင့် ညိုညာပြေပြစ်သော နဖူးပြင်ဝယ်သွယ်ဆင်းကာ အလွန် ချောမောလှပသော မျက်နှာပြင်အဖြစ်ကို သရုပ်ဖေါ်နေပါသည်။ ရွှဲနေသောကြည်လင်လှပသည့်မျက်လုံးကြီးများဖြင့် စောခမ်းနွဲ့သည်ဗိုလ်ကြီး-အောင်မင်းကျော်ကို မသိမသာကြည့်ကာ ပီတိဖြာနေရှာပါသည်။

ဗိုလ်ကြီး-အောင်မင်းကျော်၏လက်တဖက်က စောခမ်းနွဲ့၏ ပြေဆင်းသွားသည့် ခါးပြင်ဆီသို့ ကျရောက်နေပြီး ညင်သာစွာဆွဲကာ စပါးကြီးမြွေရစ်ပတ်သကဲ့သို့ သူ၏ရင်ခွင်ထဲသို့ စောခမ်းနွဲ့၏တစ်ဘာစ်ရစ်ရစ် ချောမွေ့လှ၊ အချိုးအစားကျလှသည့် ကိုယ်လုံးကလေးကို ဆွဲသွင်းလိုက်ပြီး ပါးချင်းအပ်လိုက်ကြပါသည်။

နှုတ်ခမ်းခြင်းတပ်ကာ ကြည်နူး နေကြသလောက် နှစ်ယောက်သား၏ အသက်ရှူသံ များကလည်း ပိုမိုလှုပ်ရှား ပြင်းထန် လှပါတော့သည်။ ဗိုလ်ကြီး-အောင်မင်းကျော်၏ ညာဘက်လက်က တခါ စောခမ်းနွဲ့၏နှုးညံ့ပြည့်ဖြိုးနေလည့် ပခုံးစွန်းများမှ စတင်ကာ ဖြူဖွေး အိစက်နေသည့် ရင်သားအထက်ပိုင်းတလျှောက်ကို ပွတ်သပ်ကာ နှစ်ဦးသား၏မျက်လုံးနှစ်စုံတို့သည် အကြည်ဓါတ်ခြင်း ဆုံနေကြပါသည်။



စောခမ်းနွဲ့သည် လေးလန်စပြုလာသည့်မျက်ခွံနှစ်ခုကို အသာဖွင့်ဟကာ သူ၏ဆံထက်မှမိုးကာဝင်လျက် သူမ၏နှုတ်ခမ်းစုံကို အားရပါးရ စုပ်ယူနေရှာသည့် ဗိုလ်ကြီး-အောင်မင်းကျော်၏ ယောက်ျားပီသသည့်ယောက် ချောမောလှပသည့် မျက်နှာကြီးကို ချစ်မြတ်နိုးစွာဖြင့်ကြည့်ကာ တစုံတခု ဆာလောင်မွတ်သိပ်လာကြောာများက စောခမ်းနွဲ့၏မျက်စေ့ရွဲရွဲကြီးမှဖေါ်ထုတ်ဝန်ခံနေပါတော့သည်။

ဗိုလ်ကြီး-အောင်မင်းကျော်သည် စောခမ်းနွဲ့၏ ပြေပြစ်နူးညံ့လှသည့် ပါးပြင်ကို ဘယ်ပြန်ညာပြန် အလှန်လှန် နမ်းရှုံ့နေလိုက်ပြီး၊ အချောတွင် အယာဉ်စုနေသည့် စောခမ်းနွဲ့၏တကိုယ်လုံးကို ပိုင်ပိုင်နိုင်နိုင် နှစ်ချိုက်စွာပွေ့ဖက်ကာ နှစ်ကိုယ်တကိုယ် ချစ်ရေးဆိုလိုက်ပါတော့သည်။

"ဒါနဲ့-စောခမ်းနွဲ့....၊သခင်ကြီး စောခမ်းနွဲ့ကိုမြတ်နိုးနေမိတာ ခါတိုင်းလိုမသွက်လက်ပါကလား၊ နေထိုင်များ မကောင်းလေရော့သလားလို့ စိတ်ပူမိတော့တယ်"

ဗိုလ်ကြီး-အောင်မင်းကျော်သည် စောခမ်းနွဲ့၏ပါးပြင်ကို နှာခေါင်းနှင့် တင်ရင်း လေသံသဲ့သဲ့နှင့်မေလိုက်ပါသည်။ စောခမ်းနွဲ့သည် အနည်းငယ်ရွှဲနေသောမျက်လုံးများဖြင့် ဗိုလ်ကြီး-အောင်မင်းကျော်၏ မျက်နှာပြင်မှ ဘေးသို့အနည်းငယ် စောင်းကာ အသက်မှန်မှန်ရှူရင်း ပြုံးနေရှာပါသည်။

"ဆိုစမ်းပါအုံး စောခမ်းနွဲ့ရယ်....ဘယ်လိုအရေးအကြောင်းတွေများ ရှိနေလို့ လဲ၊မောင်ဖေလ...သခင်မအလှတွေပျက်သွားမှာ စိုးရိမ်မိတော့တယ်"

ဗိုလ်ကြီး-အောင်မင်းကျော်က ဆက်လက်၍မေးမြန်းသည်တွင်-

www.burmeseclassic.com

www.burmeseclassic.com



"လျှောက်တင်ရမှာ စောခမ်းနွဲ့မဝန့်ရဲပါဘူး သခင်ကြီးဘုရား" စောခမ်းနွဲ့က မပွင့်တပွင့်ဖြေကြားသည့်တွင်....

"ဘာကြောင့်လဲ စောခမ်းနွဲ့ရယ်....ဘာဖြစ်လို့ မလျှောက်တင်ဝန့်ရမှာလဲ စောခမ်းနွဲ့ရယ်၊ ကဲ....လျှောက်တင်စမ်း၊ သခင်ကြီးနားနား အသာကပ်ပြီး လျှောက်တင်ပေတော့....အရှက်ကိုနောက်ထားပြီ"

ဗိုလ်ကြီး-အောင်မင်းကျော်က အဘင်း အမိန့်ပေးလိုက်မှ စောခမ်းနွဲ့သည် မပြုံးတပြုံးမျက်နှာကလေးဖြင့် မျက်စေ့ကိုစုံမှိတ်ကာ ဗိုလ်ကြီးအောင်မင်းကျော်၏ နားတဖက်ဆီသို့ အသာအယာ သူ၏ နီတျာတျာနှုတ်ခမ်းကလေးကကပ်သွားပြီး၊ တစုံတရာ လေသံသဲ့သဲ့ ကလေးဖြင့် လျှောက်တင်နေပါတော့၏။

"ကြော်....ဒီလိုလား....၊အင်မတန်ကျေနပ်ဝမ်းသာစရာ သတင်းကောင်း မင်္ဂလာကြီးပါကလား စောခမ်းနွဲ့ရယ်၊ သားယောကျ်ားကလေးများမွေးလာရင်တော့ကွာ....လောကမှာ အောင်မင်းကျော် လောက် ဝမ်းသာမဲ့လူရှိမှာမဟုတ်ဘူး စောခမ်းနွဲ့"

ဝမ်းမြောက်စွာဖြင့် ခတ်ကျယ်ကျယ်ကြွေးကြော်လိုက်သည့်တွင်....

"တိုးတိုးတိတ်တိတ်အမိန့်ရှိတော်မူပါ သခင်ကြီးဘုရား....၊ စောခမ်းနွဲ့ အင်မတန် မျက်နှာပူမိပါတယ်၊ မကြုံဘူး-မတွေ့ဘူးတဲ့ လောကီ ကိစ္စတွေ အိမ်ထောင်ရှင်တွေရဲ့ အချစ်ရေးတွေ ဖြစ်နေလို့ပါ ဘုရား"

"ဘာရှက်စရာရှိသလဲ စောခမ်းနွဲ့ရယ်.... အိမ်ထောင် သားမွေး လောကီရေးဆိုသလို လောကီနယ်ပါယ်က မကင်းနိုင်ရှာကြတဲ့ ပုထုဇဉ် လူသားမဟုတ်လားကွယ်....လာစမ်း သခင်ကြီးဘက်ကို"

ဗိုလ်ကြီး-အောင်မင်းကျော်သည် စောခမ်းနွဲ့၏ ကျောပြင် ဖွေးဖွေးကို တယုတယပွတ်သပ်ကာ သူ၏ ညာလက်ဖဝါးဖြင့်က စောခမ်းနွဲ့၏ မောက်ဖို့းဖွင့်ကားနေသောတင်သားဆီသို့ တဆက်ထည်း



ရောက်ရှိသွားပြန် ပါတော့၏။ စောခမ်းနွဲ့သည် ဗိုလ်ကြီး-အောင်မင်းကျော်၏ ပါးပြင်ကို သူမ၏ပါးပြင်နှင့်တိုးဝှေ့ကာ သူမ၏ လက်နှစ်ဖက်ကလည်း ဗိုလ်ကြီး-အောင်မင်းကျော်၏ နောက်ကျောကြီးကို သိုင်းကာ အားရပါးရဖက်လိုက်ပြန်ပါသည်။

ကောင်းကင်ပြင်ဆီက ကြယ်တာရာများသည် ညဥ့်နက်လာတွင် အသာဖုံးကွယ်သွားပါတော့သတည်း။ လေပြင်းကတသိမ့်သိမ့်၊ ပန်းပေါင်းစုံတို့ကလည်း နန်းတော်ပြူတင်းဝယ် ကြိုင်လှိုင်အာ ညဥ့်ရဲ့တော် အချိန်အခါတွင် ဂုဏ်ကြွယ်နေပါတော့သတည်း။

မင်္ဂလာပွဲကြီးကျင်းပမည့် အကြိုနေ့ နံနက်အချိန်သို့ဆိုက်ရောက်ခဲ့တော့သည်။ အထက်မြို့တော်ဆီမှ စည်တော်သံသည် ကြည်နူးဘွယ်ရာ ပေါ်ထွက် လာပါတော့သည်။ တောင်တန်းကေရီ သခင်မကြီးသည် နောက်ပါအတွင်းပုဂ္ဂိုလ်လေးပါး၊ နန်းတွင်းသူများ ခြံရံကာ အထက်မြို့တော်လှေခါးသုံးသွယ်မှ ဆင်းသက်လာသော စည်တော်သံများပင်ဖြစ်ပေ၏။

ဗိုလ်ကြီး-အောင်မင်းကျော်နှင့် စောသခါအမည်ခံ စောခမ်းနွဲ့ တို့သည် မြို့ကူးတံတားထိပ်မှ ပရိသတ်အစုံအညီနှင့် စောင့်ကြိုနေကြပါတော့သည်။ တမြို့လုံး-တနယ်လုံးရှိ ပရိသတ်များသည် အုံးအုံးကြွက်ကြွက်ညံကာ မြို့အတွင်းလမ်း၏ ဝဲ-ယာတဝိုက်၌ လူခြင်းထပ်ခမန်း တခဲနက်ကြိုဆိုနေကြပါတော့သည်။

မကြာမီ တောင်တန်းကေရီသခင်မကြီးသည် ရက္ခဘုမ္မိ နေပြည်တော် ကမ်းခြေဘက်သို့ မြို့ကူးတံတားပေါ်မှ ဖြတ်ကျော်ကာရောက်ရှိလာသည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်နှင့် သူ၏ရဲမက်များက အသင့်ဆီးကြိုကာ ဗိုလ်ကြီး-အောင်မင်းကျော်၊ တောင်တန်းကေရီ သခင်မကြီး၊ စောခမ်းနွဲ့တို့ သုံးဦးယှဉ်တွဲကာ မင်းပရိသတ်ကြီးက ဘေးဝဲ-ယာနောက်ပိုင်းမှ တခဲနက် လိုက်ပါကာ ရက္ခဘုမ္မိနေပြည်

www.burmeseclassic.com

www.burmeseclassic.com



တော်၏ အချက်အခြာမြို့သယ်နန်းတွင်းဆီသို့ ကြွချီ ခဲ့တော့သည်။

တမြို့လုံးရှိလမ်းမလမ်းသွယ်များ၌ ဒေါင်းအလံတလူလူလွင့်ကာ ညီးထွန်းငြိ၍ မင်္ဂလာအကြို အခမ်းအနား ကျင်းပရေးအတွက် မုခ်ဦး ပြဿာဒ်များဖြင့် တခဲနက်မြိုင်ဆိုင်စွာ စီစဉ်ထားပြီးဖြစ်၏။

အတီးအမှုတ်ဒုရိယာသံများ ရှမ်းအိုးစည်းသံများ၊ ဗိုးပတ်သံများနှင့် သိုင်းကွက်နင်းကာ က,ခုန်ပျော်ပါးနေကြသော မင်း လုလင်များ၊ လုငယ်များနှင့် တစုတဝေး ဝင်ရောက်က,ခုန်နေကြသည့် လုံမပျိုများကိုလည်း လမ်းဆုံလမ်းဒေါင့်များနှင့် လူစုလူဝေးကြီးများဖြင့် ပျော်ရွှင်စွာတွေ့နိုင်၏။

## မလွဲသာခွဲခွာရသူဟို

မင်္ဂလာအခမ်းအနား ကြီးကျယ်စွာကျင်းပသောနေ့ ဖြစ်ပေ၏။ ဒွါလဝတီသာမြို့မှရဟန်းသံဃာများ၊ ရက္ခဘူမိမြို့တော်မှ ရဟန်းသံဃာများကို မင်္ဂလာမုခ်ဦးမဏ္ဍာပ်ကြီးတွင် နံနက်မင်္ဂလာဆွမ်း များ ကို ဘတ်သတ်လွတ်ချက်ပြုတ်ကာ ကျွေးမွေးလှူဒါန်းကာ မင်္ဂလာမောင်မယ်စုံတွဲတို့ရှေ့တွင် ဗိုလ်ကြီး အောင်မင်းကျော်၊ တောင်တန်းကေရီ သခင်မကြီး၊ စောခမ်းနွံ့ အစရှိသည့် တာဝန်ခံပုဂ္ဂိုလ်ကြီးသုံးဦး၊ အထက်မြို့တော်အတွင်းပုဂ္ဂိုလ်ကြီးလေးဦး၊ အောက်မြို့တော်မှဝန်ကြီးလေးဦး၊ မြို့ခံမျက်နှာဖုံးပုဂ္ဂိုလ်ကြီးများနှင့် သတိုးသမီးများ၏မိခင်ဖခင်ဆွေမျိုးလူကြီးပိုင်းကို မင်္ဂလာမဏ္ဍာပ်၏ သံဃာတော်များအနီးဆုံးနေရာတွင်တွေ့နိုင်ပေ၏။ မင်းမှုထမ်းများ နှင့် နန်းတွင်း သူနန်းတွင်းသားများကို ဒုတိယအဆင့်တွင်တွေ့နိုင်ပေ၏။ မြို့တော်မှ အုပ်ချုပ်ရေးတိုင်းပုဂ္ဂိုလ်၊ မြို့နယ်များမှ ကျေးရွာသူကြီးများ နှင့် လက်နက်ကိုင်ပုဂ္ဂိုလ်များနှင့်မှု၊ တတိယအဆင့်နေရာများတွင် အသီးသီး



မင်္ဂလာတရားတော်ကို နာယူနေကြသည်ကို တွေ့နိုင်ပေါတော့သည်။

နှစ်မြို့တော်၏ ဦးဆောင်နှင့်တူလှသော ကျောင်းထိုင်ဆရာတော်ဘုရားကြီးများသည် ပရိတ်ကြီးများကို ရွတ်ဖတ်သရဆယ်ပြုလုပ်ပြီး မေတ္တာသုတ်ကို နောက်ဆုံးပိုင်းတွင် ရွတ်ဖတ်သရဆယ်ကာ ဆွမ်းကျွေးဒါနကြီးအတွက် ဗိုလ်ကြီးအောင်မင်းကျော်က ရွှေခွက်ကိုကိုင်ကာ ရေစက်သွန်းချ အမျှဝေရခြင်းတာဝန်ကို လုပ်ဆောင်ရပေ၏။

ထိုနောက် ဗိုလ်ကြီး- အောင်မင်းကျော်နှင့် တောင်တန်းကေရီ သခင်မကြီးတို့ညီမနှစ်ဖေါ်တို့သည် မင်္ဂလာမဏ္ဍာပ်ကြီး၏ သီးသန့်နေရာဆီသို့ ကြွချီသွားကြပြီး မင်္ဂလာ မောင်မယ်စုံတွဲတို့ကို အတွဲလိုက်စီတန်းကာရှိနေစေပြီး တတွဲစီခေါ်ယူကာ မင်းပရိသတ်များ ရှေ့မှောက်၌ ကျမ်းသစ္စာဆိုစေကာ လက်ထပ် ပေးလိုက်ကြ ပါသည်။ မင်္ဂလာသတိုးသမီးနှင့် သတိုးသားများသည် ဗိုလ်ကြီးအောင်မင်းကျော်၊ တောင်တန်းကေရီ သခင်ကြီး၊ စောခမ်းနွံ့တို့အားရှိခိုးကန်တော့ကာ အထက်မြို့တော်- အောက်မြို့တော်မှ အတွင်း ပုဂ္ဂိုလ်ကြီး ရှစ်ဦးတို့နှင့် မိဘတို့အား ဆက်လက်၍ကန်တော့နေကြပါသည်။ ဗိုလ်ကြီးအောင်မင်းကျော်နှင့် သခင်မကြီးနှစ်ဦးတို့က သတိုး သ မီး နှင့် သတိုးသား တတွဲလျှင် ရွှေတဆယ်သားစီကို မင်္ဂလာဆုအဖြစ် ပေးအပ်ချီးမြှင့်လိုက်ကြပြန်သည်။

မြို့တော်မျက်နှာဖုံးလူကြီးပိုင်းမှ မင်္ဂလာဩဝါဒ စကားများကို မိန့်ကြားဆုံးမပြီးနောက် မင်္ဂလာပွဲတော်ဖြစ်ကြောင်းအထိမ်းအမှတ်အဖြစ်နှင့် မင်္ဂလာစည်ကြီးသည် ငြိမ့်ညောင်း သာယာစွာ တီးခတ်လိုက်ပါသည်။ စည်တော်သံသည် အရပ်ကိုးမျက်နှာကို ပဲ့တင်ထပ်ကာ စည်တော်သံကြားရသူများအဘို့ ကြက်သီး မွေးညှင်းများပင် ထ၍လာအောင် ကြည်နူးဘွယ်ရာ မင်္ဂလာအရှိဆုံးအသံများအဖြစ် မြည်ဟီးပေါ်ထွက်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဧည့်ခံဘော် အထိမ်းအမှတ်တီးခတ်ပြီးနောက် ရက္ခဘူမိမြို့စောင့်တပ်ဖွဲ့၏ မျှားပစ်ပြိုင်ပွဲများ၊ စစ်မြင်းများ၏ အစုလိုက် အဖွဲ့လိုက် ချီတက် စစ်လေ့ကျင့်ခန်းပြသခြင်း၊ အစုလိုက် အဖြုံလိုက် မြင်းတပ်များကို ဒုံးစိုင်းကာ လုံရေးပြကြခြင်း စသည့် စိတ်ဓါတ်တက်ကြွဘွယ်ရာ အခန်းများ ပြိုင်ပွဲများကို ဆက်လက် ကျင်းပပါတော့သည်။ ထိုနောက် ဗိုလ်ကြီး-အောင်မင်းကျော်အုပ်ချုပ်သော ဗမာ့တပ်မတော်အထူးတပ်ဖွဲ့မှ သယ်ယောက်တန်း ရှစ်ယောက်တန်းတန်းစီ၍ ညီညာစွာချီတက်လာပြီး ဗိုလ်ကြီးအောင်မင်းကျော် နှင့် တောင်တန်းကေရီသခင်မကြီး၊ စောခမ်းနွဲ့တို့ကို စစ်အခမ်း အနားအနေနှင့် အလေးပြုလိုက်ကြပါသည်။ စိတ်ဓါတ်တက်ကြွပြီး ကျင့်သားရရှိပြီးသော အထူးတပ်ဖွဲ့၏ ညီညာပြပြ ချီတက်နည်းမှာ စည်းကမ်းသေဝပ်သလောက် ခြေလှမ်းညီညာလှန်းလှသည်ကြောင့် မြို့သူမြို့သားများသည် သောင်းသောင်းဖျဖျ ချီးကျူး ဩဘာပေးလိုက်သောအသံများသည် မြေတုံတီးကာထွက်ပေါ်လာကြပါသည်။

ဓါးသိုင်း- လုံသိုင်းများ ပြသကြခြင်း၊ အိုးစည်ဝိုင်းများ၊အာကာအခုန်ပြိုင်ကြခြင်း၊ ရက္ခဘူမိနေပြည်တော်မှ ကုမ္မာရီများ၏ ယိမ်းအဖွဲ့များ စသည့် အကအခုန်များမှာ နေ့က ညအထိကူးလျက် ဆီးမီးရောင်ထိန်ထိန်နှင့် တမြို့လုံးဆူညံပွဲ့တင့်ထပ်ကာ မင်္ဂလာအောင်ပွဲကြီး ချိမ့်ချိမ့်သဲခံလျက်ရှိနေကြပါတော့သည်။ မင်္ဂလာစုတွဲလေးဆယ် ငါးဦးတို့အဘို့သာမက အထူးတပ်ဖွဲ့မှ ရဲဘော်များသည်လည်းကောင်း၊ ရက္ခဘူမိမြို့တော်သူမြို့တော်သားများသာမက ဥတ္တရပူရပြည်သူပြည်သားများအဘို့ ဤကဲ့သို့ မင်္ဂလာပွဲသဘင်ကြီးအောင်မြင်ခဲ့ခြင်းအတွက် ဥတ္တရပူရပြည်နယ်အဘို့ ကောင်းမြတ်သော နိမိတ်လက္ခဏာကြီးသဘွယ်ဖြစ်ကြောင်းကို ကောင်းစွာ သိရှိကြသည့် အတွက် ကျေနပ်နှစ်သိမ့်ကာ ဗိုလ်ကြီးအောင်မင်းကျော်နှင့်သခင်ကြီး



နှစ်ဦးတို့အား ဆုတောင်းပထနာများပို့သကြသံများ၊ ချီးကြူးသံများသည် ရပ်ကွက်တိုင်း-အိမ်တိုင်း လိုလိုပင် လျှံထွက် နေကြပါသည်။

ရက္ခဘူမိ နေပြည်တော်အဘို့ တီးမှုတ်သံ၊ သီးချင်းသံ၊ ဒူရိယာသံများ၊ ရယ်မောသံများအောက်ဝယ် မြူးတူးပျော်ရွှင်သံ များ ဖြင့် ပုံးလျှမ်းချယ်လှယ်နေကြပေပြီတကား။

မင်္ဂလာအခမ်းအနားကြီး ကျင်းပပြီးစီးပြီးနောက် အရက် နှစ်ဆယ်တင်းတင်း ပြည့်မြောက်သော နေ့တနေ့သို့ ဆိုက် ရောက် ခဲ့ပါသည်။

အရံသင့်တန်းစီးပြီးသော အထူးတပ်ဖွဲ့ဝင်အားလုံးအား ဗိုလ်ကြီးအောင်မင်းကျော်နှင့် တောင်တန်းကေရီသခင်၊ စောခမ်းနွဲ့တို့သုံးဦးသည် ရဲဘော်များကို တယောက်စီလိုက်၍ ကြည့်ရှုစစ်ဆေး နေပါတော့သည်။ အထူးသဖြင့် တောင်တန်းကေရီသခင်မကြီးသည် ရဲဘော်များ၏မျက်နှာကို ဂရုတစိုက်ကြည့်ရှုစစ်ဆေး နေသလောက်၊ စစ်ဆေးခြင်းခံရသူ ရဲဘော်များအဘို့ တောင်တန်းကေရီသခင်ကြီး၏စူးရှထက်မျက်သော မျက်လုံးဒဏ်ကို မခံမရပ်နိုင်ဖြစ်ပြီး အူတေအသည်းတွေ့ပါ တောင်တန်းကေရီ သခင်မကြီး၏ ထက် မျက် လှသောမျက်လုံးနှစ်လုံး၏ တန်ခိုးအာဏာများအောက်ဝယ် ဆုတ်ကိုင်ထားခြင်းခံရသကဲ့သို့ စိတ်ပြောင်းလွဲလှုပ်ရှားမှုတွေကို ခံလိုက်ကြပါတော့သည်။

တပ်ဖွဲ့များကို စစ်ဆေးကြည့်ရှုပြီးနောက် တပ်ဖွဲ့ကြီး တန်း စီရာ ရှေ့တည့်တည့်ရှိ အရံသင့်စီမံထားသော ငွေခွက်ကြီးထဲမှ ငွေခွက်သေးသေးကလေးတလုံးနှင့် အင်းရေများကိုခတ်ကာ အထူးတပ်ဖွဲ့မှ ရဲတော်တယောက်စီကို ရှေ့သို့ခေါ်ထုတ်ကာ တောင်တန်းကေရီ



www.burmeseclassic.com

www.burmeseclassic.com



သခင်မကြီး၏ရွှေလက်တော်နှင့် ယူနင့်ကာသောက်သုံးစေပါသည်။ တပ်ဖွဲ့ဝင်အားလုံး ငွေဖလားကြီးထဲမှရေကိုသောက်သုံးပြီးသည်နောက်တွင် ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏တပ်ဖွဲ့ဝင်များကို သိမ်းကြုံး၍ကြည့်လိုက်ပြီး....

"ရဲဘော်တို့....ငါတို့ဟာ မကြာခင် မြေပြန့်ကိုပြန်ကြရလိမ့်မယ်။ ပြန်ဖို့အစီအစဉ်တွေလဲ လုပ်ဆောင်ပြီးကြပြီ၊ မြေပြန့်ကို အကြမ်းတန်းဆုံးခရီးကလှည့်ပြီးပြန်မယ်၊ ဟိုမြေပြန့်ရောက်လို့ရှိရင် ငါတို့ဘယ်ပြည်- သယ်ဌာနရောက်ခဲ့တယ်ဆိုတာ လူတိုင်းအသိမပေးရဘူး၊ ရဲဘော်တို့ကိုမေးလာရင် ငါ့ကိုသာမေးပါလို့ တခွန်းထဲ ဘဲဖြေရမယ်၊ ရဲဘော်တို့ဟာ ဂတိသစ္စာအင်မတန်အရေးကြီးတယ်၊ ရဲဘော်တို့သာ မြေပြန့်ကို မသေမပျောက်ရောက်ရှိပြီးတဲ့နောက် ငါတို့တာဝန်တွေပြီးဆုံးခဲ့ရင် ငါ့နောက် ပြန်လိုက်ချင်တဲ့ရဲဘော်တွေလဲ လိုက်နိုင်တယ်၊ မလိုက်ချင်တဲ့ရဲဘော်လဲ လွတ်လွတ်လပ်လပ်ကိုယ့်ဘာသာဘာဝလုပ်ကိုင်စားသောက်နိုင်တယ်၊ ဒါပေမယ်လို့ ရဲဘော်တို့ဟာ ယောဒိဥတ္တရပူရနေပြည်တော်အကြောင်းကို လျှို့ဝှက်နိုင်သမျှလျှို့ဝှက်ထားရလိမ့်မယ်၊ ဒီတပါတ်အတွင်း အချိန်မရွေးချီတက်နိုင်အောင်အဆင်သင့်ရှိထားကြ၊ ဗိုလ်နဲ့ အကြပ်တွေက ဝိရိယမနေပါနဲ့ အိမ်ထောင်ရှင်ရဲဘော်တွေအတွက်လဲ ဘာမှနောက်ဆန်တင်းခြင်းမရှိကြနဲ့ ရဲဘော်တို့လဲ ငါလိုဘဲ၊ တခုသတိပေးလိုက်မယ်-ဗမာ ပြည်ရောက်ပြီးတပ်မတော်အကြီးအကဲတွေက ဒို့ကို လွတ်လပ်ခွင့်ပေးလိုက်ပြီးတဲ့နောက် ငါနဲ့အတူ လိုက်ပါလိုတဲ့ ရဲဘော်တွေဟာ ကိုယ့်ခရီးတွင်နိုင်ဘို့အတွက် ကြိုတင်ပြင်ဆင်ကြပေတော့၊ ယောဒိနေပြည်တော်ကိုပြန်ချီတက်ဘို့ရာကိုပါ ပြန်ပြီးကိုယ်ဘိုင်တာဝန်ယူမယ်-ဒါဘဲ"

ထိုနောက်တောင်တန်းကေရီသခင်မကြီးသည် နှုတ်ဆက်စကားအနည်းငယ်ပြောလိုက်ရင်း....



"ဥတ္တရပူရနေပြည်တော်မှာ နေထိုင်လိုတဲ့ မောင်ငယ်စစ်မှုးစစ်ကဲတွေဟာ ငါးပါးသီလမြဲမြံဖို့အရေးကြီးတယ်၊ အမောင်တို့တပ်မှုးသခင်ကြီးရဲ့ ဆိုဆုံးမဩဝါဒကို ဦးထိပ်ပန်ဆင်ကြပြီး အမတော်ဘုရားများစံနေရာ ရွှေမြို့တော်ကို ဘေးမသီရန်မခဘဲ ကိုယ်စိတ် နှစ်ဖြာရွှင်သန်းစွာနဲ့ ပြန်ကြချီနိုင်ပါစေမ ဘုရားအထူးမေတ္တာစေတနာနှေစဉ်ပို့ သဘိုတာဝန်ယူပါတယ်"

စောခမ်းနွဲ့ဆီသို့ နှုတ်ဆက်စကားပြောရန် ဗိုလ်ကြီး-အောင်မင်းကျော်က အမိန့်ပေးလိုက်သည်တွင်....

"နောက်ပိုင်းက သားမယားတွေအတွက် နောက်ဆန်တင်းမနေကြနဲ့ အမျိုးဘာသာ သာသနာအတွက် စွန်းစွန်းတမန်ကျူးပန်းကြပါ မောင်ငယ်စစ်မှုးစစ်ကဲ ရဲဘော်များ၊နောက်ပိုင်းကမောင်ငယ်တို့သား သမီးများရဲ့ ကျန်းမာ ချမ်းသာရေး၊ နေရေး ထိုင်ရေးကို မဘုရားတာဝန်ယူစောင့်ရှောက်ပါမယ်လို့ ဂတိသစ္စာပြုလိုက်ပါတယ်"

တပ်သားများအား အထူးမေးမြန်းစရာ ရှိမရှိကို ဗိုလ်ကြီးအောင်မင်းကျော်က မေးမြန်းလိုက်သည်အခါတွင်....

"မရှိပါဘူး"ဟူ၍ တခဲနက်ဖြေကြားသည့်အသံများ ထွက်ပေါ်လာပါသည်။

ထိုနောက် ရဲဘော်အများအပြားပင် တညီတညွတ်တည်းအသံဖြင့်-

"ကျွန်တော်တို့ ရွှေမြို့တော်ကိုဆက်ဆက်ပြန်လာမယ်"

ဂတိခံဝန်ချက်များ ၎င်းတို့စိတ်ဆန္ဒအလျောက်ပေးအပ်လိုက်ကြပါသည်။ ထိုနောက်တပ်ဖွဲ့ကို တန်းဖြုတ်ကာ မိမိတို့ စစ်စခန်း တွင် နေရာပြန်၍ချထားလိုက်ကြပါတော့သည်။ ခရီးထွက်ခွါရေးအတွက် လိုအပ်သောရိက္ခာများ၊လားတိရစ္ဆာန်များအတွက် ရိက္ခာများအပြင် လျှို့ဝှက်သော ခရီးလမ်းပန်းရေးအတွက် တောင်တန်းကေရီသခင်

www.burmeseclassic.com

www.burmeseclassic.com



မကြီးကိုယ်တိုင် ညွှန်ကြားရွေးချယ်လိုက်သည်။ လမ်းပြတာဝန်ခံ့နှစ်ဦးတို့ပါ တပ်စခန်းတွင်အဆင်သင့်ရောက်ရှိနေကြပြီးဖြစ်ပေ၏။

### လျှို့ဝှက်ထားသော အပြန်ခရီးလမ်းစဉ်

မိုးသားမတွေ့ကောင်းစင်သော မိုးအကုန် ဆောင်းအကူး ကာလဖြစ်၍ တောင်တန်းကြီးပေါ်၌ ကြည်လင်စပြုကာ လမ်းပန်းခရီး သာယာစပြုသည့်သမယဖြစ်ပေ၏။ ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏တပ်ဖွဲ့ဝင်များကို ဥတ္တရပူရမြို့တော်မှ အထူးလျှို့ဝှက်သောဖြတ်လမ်းတောင်ကြားများမှ အပြင်းထန်ဆုံးခရီးကြမ်းဖြင့် မြေပြန့်ဆီသို့ပြန်လည်ဦးဆောင်ထာဆင်းခဲ့ကြပါသည်။

"သခင်ကြီး နောက်ရက်ဆိုရင် လားရှိုးမြို့ရွာကို ရောက်တော့မယ်"

လမ်းပြလုပ်သူက သတိပေးလိုက်ပါသည်။ဗိုလ်ကြီး-အောင်မင်းကျော်သည် သူတို့တပ်ဖွဲ့ဥတ္တရပူရနေပြည်တော်မှ စတင်ကာခရီးထွက်ခဲ့သည့်ရက်ကို ပြန်လည်ရည်တွက်ကြည့်လိုက်ပြီး....

"ကောင်းပြီ ပုညု၊ ကျုပ်တို့ခရီးထွက်ခဲ့တာ စုစုပေါင်းဆယ်ရက်ရှိခဲ့ပြီ၊ သခင်မကြီးက ဆယ်နှစ်ရက်ခရီးပြင်းပြင်းသွားရင် ကျုပ်တို့ဗမာ့တပ်ဖွဲ့နဲ့ အဆက်အသွယ်ရနိုင်တဲ့မြို့ကြီးကိုရောက်လိမ့်မယ်လို့ မှာခဲ့တယ်၊ ဒါထက် ဟိုပန်မြို့တို့ ပန်ကာမြို့တို့ ဘယ်မှာကျန်ရစ်ခဲ့သလဲ ပုညု-ကျုပ်တို့ မတွေ့ခဲ့ပါလား"

"အား....ကျန်ရစ်ခဲ့ပြီသခင်ကြီး၊ ခုလာတဲ့လမ်းက ဖြတ်လမ်းဖြစ်ပြီး ငှက်ပျံတဲ့လမ်းမျိုးဖြစ်တယ်၊ ဟိုပန်ဘက်ကလမ်းတွေနဲ့ တခြားစီဘဲ၊ ခု-လမ်းဟာ တော်တော့လူမသိကြဘူး၊ လမ်းရယ်လို့ မရှိဘူးသခင်ကြီး၊ ကျွန်းတော်မျိုးများသာ သခင်မကြီးရဲ့ အမိန့်ကြောင့်



သုံးစဉ်ဘောင်ဆက်က လျှို့ဝှက်ထားတဲ့ လမ်းကြောင်းတော်ကိုလမ်းပြရပါတယ်သခင်ကြီး"

"ဗျို့-ဗိုလ်ညွှန့်မောင်—ကျုပ်တို့ချီတက်ခဲ့ရတဲ့ခရီးစဉ် ဒီခရီးတွေ မြေပုံကြောင်းတွေမှာ သေသေချာချာမှတ်ထားပြီး နောက်အပြန်ခရီးမှာ အင်မတန်အရေးကြီးတယ်ဗျို့"

"ဟုတ်ကဲ့ မှတ်ပြီးပါပြီးဗိုလ်ကြီး၊ အသွားလမ်းနဲ့ အပြန် လမ်းဟာ သုံးပုံတပုံကွာနေတယ်ဗိုလ်ကြီး၊ ကျွန်တော်တို့ ဥတ္တရပူရပြည်ကိုချီတက်ခဲ့တုံးက လမ်းမှာတိုက်ပွဲဖြစ်လို့ ကြာတာရောဆိုရင် တလမှာနှစ်ရက်စွန်းသေးတယ်ခင်ဗျ၊ သုံးဆယ်နှစ်ရက်ခရီးဖြစ်ပါတယ်"

(အထူးဖော်ပြချက်။ ။ဗိုလ်ကြီး-အောင်မင်းကျော်၏နေ့စဉ်မှတ်တမ်း တတိယတွဲတွင် သူတို့တပ်ဖွဲ့ ဥတ္တရပူရမှ စတင်၍အပြန်ခရီးစဉ်အကြောင်းအရာများ၊ ခရီးလမ်းပန်းအခြေအနေများ၊အမှတ်အသားများကို ဗိုလ်ကြီးအောင်မင်းကျော်၏ မှတ်တမ်းတွင် ကွက်လပ်အဖြစ်ချန်လှပ်ခဲ့သည်ကိုတွေ့ရပါသည်။ သို့ရာတွင် မှတ်တမ်း၏နောက်ပိုင်းတွင်မူ မြေပုံနှင့် ခရီးသွားခြင်း အမှတ်အသား ဒိုကရီများကို အကြမ်းမှတ် ယူထားသော ဗိုလ်ကြီး အောင်မင်းကျော်၏လက်ရေးဂဏန်းများကိုတွေ့ရပါသည်။သို့သော်လည်း ထိုဂဏန်းများကိုပင် ဗိုလ်ကြီးအောင်မင်းကျော်သည် မှင်ဖြင့်ဖျက်ထားကြောင်းသေချာစွာတွေ့ရပါသည်။ စာရေးသူအနေဖြင့် စဉ်းစားကြည့်မိသည်မှာ ဗိုလ်ကြီးအောင်မင်းကျော်သည် ဥတ္တရပူရမြို့တော်သို့ အမြန်ဆုံးရောက်နိုင်သော ခရီးစဉ်အမှတ်အသားများကို အခြားသူများမသိရှိစေရန် တမင်ကလာ လျှို့ဝှက် သိုးသိပ်ထားခဲ့ကြောင်းဖြစ်ပေသည်။ ဤကဲ့သို့ခရီးစဉ်များလျှို့ဝှက်ထားမှုမှာ ဗိုလ်ကြီးအောင်မင်းကျော်တို့ ဥတ္တရပူရနေပြည်တော်သို့အပြန်ခရီးအတွက်သာဘက်မလိုသူများ၊ ရန်သူများ၊ ခရီးလမ်းပန်း ခရီးကြောင်းကို ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



မသိရှိစေရန် မဖျက်စီးစေရန်အတွက်လည်းကောင်း၊ ဥတ္တရံပူရမြည့်သို့ အခြားလူစိမ်းများ၊မသူတော်များ မရောက်ရှိစေရန် အထူးသို သိပ်လျှို့ဝှက်ထားခဲ့ကြောင်းသာဖြစ်ရမည်ဟု စာရေးသူအနေနှင့်ထင်မိပါကြောင်း)

"ဒီကရွေ့ သုံးမိုင်ဆိုရင် စခမ်းချဘို့ရေစမ်းကောင်းကောင်းရှိတယ်၊ အဲဒီစခမ်းကိုကျော်ရင် ဆယ်မိုင်လောက်ရေမတွေ့နိုင်ဘူးသခင်ကြီး"

လမ်းပြ ပုညဆိုသူက သတိပေးလိုက်မှ....

"ကောင်းပြီ....ဗိုလ်ညွှန့်မောင် ကျွန်တော်တို့ အဲဒီစခမ်းမှာ ဒီနေ့ ညစခမ်းချမယ်၊ ကျွန်တော်နဲ့ ဗိုလ်ညွှန့်မောင်၊ ဗိုလ်စိန်ပန်း၊ ဗိုလ်စံလှအောင်တို့အထူးတိုင်ပင်စရာကိစ္စတွေရှိသေးတယ်၊ စခမ်းချပြီး ညမှ တိုင်ပင်ကြတာပေါ့ဗျာ"

ဗိုလ်ကြီးအောင်မင်းကျော်သည် ခရီးလမ်းပန်းအခြေအနေကိုအကြောင်းပြု၍ သူ၏စိတ်ထဲ၌ ကြံဆချက်ကိစ္စတခုကို တင်ပြသတိပေးပြောကြားလိုက်ပါသည်။

ညနေ ၄ နာရီအချိန်ခန့်တွင် အထူးတပ်ဖွဲ့သည် ကျောက်တုံးထပ်လှသော တောင်တန်းကြီးများ ဖိုခနောက်ဆိုင် တည်နေရာ တောင်ကြားလမ်းကလေးတခုထဲသို့ဝင်ရောက်ခဲ့မိကြသည်။

"ဒီနေရာမှာဘဲ သခင်ကြီး ညစခမ်းချဘို့၊ရေနဲ့ နေရာကကောင်းတယ်၊ မြင်းတွေအတွက် ကျားတွေအန္တရာယ်ကလဲစိတ်ချရတယ်"

လမ်းပြ ပုညသည် သူ၏တာဝန်အရ သတိ ပေးလိုက် ပါသည်။ ဗိုလ်ကြီး-အောင်မင်းကျော်က သူ၏တပ်ဖွဲ့ကိုရပ်နား၍ ညစာ ချက်ပြုတ်ရန် အချက်ပေးလိုက်ပါသည်၊

မကြာမီ မီးဖိုများမှ မီးခိုးတလူလူထွက်ပေါ်လာသည်ကို တွေ့ရပြီးနောက် မီးရောင်များကို အဝေးကပင်တွေ့နိုင်သော ယာယီစခမ်းတခုဖြစ်ပေါ်လာပါတော့သည်။



တပ်မှူး သုံးယောက်နှင့် အတူ ဗိုလ်ကြီး-အောင်မင်းကျော်သည် တိုးတိုးတိုင်ပင်လိုက်ကြပါသည်။

"ပြည်မ အခြေအနေ ဘယ်လို ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ မခန့်မှန်းနိုင်ဘူး၊ ဒါကြောင့် ဂျပန်စစ်တပ်တွေနဲ့ လမ်းမှာ တွေ့ခဲ့ရင် ရှောင်သာကွင်းသာအောင် ကျုပ်တို့အပိုလက်နက်တွေနဲ့ ခဲယမ်းမီးကျောက်တွေ၊ ဆေးဝါးတွေကို ရာသီဥတု အတွက် လုံခြုံစိတ်ချရမဲ့ ကျောက်ဂူကြီးတွေထဲမှာ လျှို့ဝှက်ပြီးထားခဲ့ကြရအောင်ပါ၊ ကျွန်တော်တို့တပ်ဖွဲ့ဟာ ဝန်ထုပ်ဝန်ဘည်တွေပေါ့သွားမယ်"

"ကောင်းပါတယ် ဗိုလ်ကြီး၊ အပြန်ခရီးတလျှောက် ကျွန်တော်တို့ လက်နက်တွေလိုရင် လွယ်လွယ်ကူကူပြန်သုံးနိုင်ပါလိမ့်မယ်"

ဗိုလ်စိန်ပန်းသည် ရှေ့ရေးကို ကြိုတင်၍မြင်သူပီပီ ထောက်ခံပြောဆိုလိုက်ပါသည်။

"ဒါနဲ့ ကျုပ်တို့ သံပုံးကြီးတွေနဲ့ အမဲဆီပုံးကြီးတွေ ပါတယ် မဟုတ်လား ဗိုလ်ညွှန့်မောင်"

ဗိုလ်ကြီး-အောင်မင်းကျော်သည် သတိရသည့် အချက်အလက်များကိုအကြောင်းပြုကာ မေးလိုက်သည်တွင်....

"ပါပါတယ်... သွတ်ပုံးရှည်ကြီး ခြောက်ခု၊ အဲဒီထဲမှာ တရုပ်တပ်တွေဆီကရလာတဲ့ စက်သေနတ်ကြီးတွေနဲ့ အော်တိုမက်တစ်လက်နက်တွေ ထည့်ခဲ့ပါတယ်"

"ကောင်းပြီဗျို့....နေရာကျပြီ၊ တရုပ်တွေဆီကရခဲ့တဲ့ မောင်းပြန်ရိုင်ဖယ်တွေနဲ့ စက်သေနတ်တွေ၊ ကျည်ဆံတွေ၊လက်ပစ်ဗုံးတွေ၊ဆေးဝါးတွေကို လမ်းပြ ပုညနဲ့ တိုင်ပင်ပြီး ဟောဒီ ကျောက်တောင်ကြီးတွေထဲမှာရှိမဲ့ ကျောက်ဂူကြီးတခုခုထဲမှာ ထားခဲ့ရမယ်၊ ခြေရာဖျောက်ထားခဲ့ပမယ်၊ မိုးဒဏ်-ရေဒဏ်မထိအောင်လဲ ရေရာမြင့်မြင့်မှာ သိုသိုသိပ်သိပ်ထားခဲ့ဘို့ ကျွန်တော်တို့စီစဉ်ကြရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ဗိုလ်ကြီး-အောင်မင်းကျော်သည်လမ်းပြ-ပုညကိုခေါ်ယူ၍ စခမ်းချသောနေရာတဝိုက်တွင် လက်နက်ပစ္စည်းများ လျှို့ဝှက်၍ ထားရန် ကျောက်ဂူများရှိမရှိ စုံစမ်းရာ ပုညသည် အနည်းငယ် စဉ်းစားလိုက်ပြီးနောက်....

"ရှိပါတယ် သခင်ကြီး....ကျောက်ဂူကတော့သိပ်မကျယ်ပါဘူး၊ အမြဲတမ်းလူတွေဝင်အိပ်တဲ့ တည်းနိုင်တဲ့ ကျောက်ဂူ မဟုတ်ပါဘူး သခင်ကြီး"

အကျိုးအကြောင်းရေရေလည်လည်ပြောလိုက်ပြီး၊ သူတို့စခမ်း၏ အရှေ့ဘက်စူးစူးရှိကပ်နေသော တောင်စောင်းရှိ တောင်တန်းကြီး တခု၏အတွင်းဆီသို့ လက်ညှိုးညွှန်ပြလိုက်ပါသည်။

ဗိုလ်ကြီး-အောင်မင်းကျော်နှင့် ဗိုလ်ညွှန့်မောင်တို့သည် ပုညအား ခေါ်ယူကာ နောက်ပါ တပ်ကြပ်ကြီး လေးဦးတို့ကို ခေါ်ယူခဲ့ပြီး လက်နက်နှင့်ပစ္စည်းများကိုဝှက်ရန် နေရာကောင်းကို ရွေးချယ်စီစဉ် ရန် ကိုယ်တိုင်လိုက်ပါသွားပါတော့၏။

မကြာမီ ဗိုလ်ကြီး-အောင်မင်းကျော်သည် ရန်သူတရုပ်တပ်များ ဆီမှ ရယူခဲ့သည့် စစ်လက်နက်နှင့် ခဲယမ်းမီးကျောက်၊ ဆေးဝါးများ ကို ရဲဘော်များကို တသုတ်ပြီးတသုတ် သယ်ယူကာ ရုတ်တရက် ဝင် ပေါက် ရှာမတွေ့နိုင်သော ကျောက်ဂူကြီးထဲသို့ ပို့ဆောင် သို့ဝှက် ခိုင်းနေပါတော့သည်။

"ခုမှဘဲ လားတွေလဲ အသက်ရှူပေါက်ရတော့တယ် ဗိုလ်ကြီး၊ ဒါတောင် တရုပ်လက်နက်တွေ ကျန်သေးတယ်၊ သူတို့စစ်ဌာနချုပ်က ရခဲ့တဲ့ ဝိုင်ယာလက်စက်တွေနဲ့ အရေးကြီးတဲ့ စာရွက်စာတမ်း တွေကိုတော့ လားတွေပေါ်မှာ မျှပြီးတင်ခဲ့တယ် ဗိုလ်ကြီး"

ဗိုလ်ညွှန့်မောင်၏သတင်းပို့ချက်ကို ဗိုလ်ကြီး-အောင်မင်းကျော် သည် ပြုံး၍နားထောင်ရင်း....



"နေရာကျပါတယ် ဗိုလ်နဲ့ညွှန့်မောင်၊ ဒါထက်....သခင်မကြီးတို့ ပေးလိုက်တဲ့ အတွင်းပစ္စည်းတွေလုံခြုံရဲ့လား၊ အရေးကြီးတယ်နော် အရေးရှိရင်၊ တိုက်ပွဲဖြစ်ရင် အဲဒီအတွင်းပစ္စည်းတွေကို အလွယ် ရ အောင် ဆွဲပြီးထွက်ပြေးကြဘို့ မမေ့နဲ့ဗျို"

"အဲ်ဒီကိစ္စင်တွအတွက် လျှင်မြန်တဲ့လား ခုနစ်ကောင်ကို ထားပါ တယ် ခင်ဗျာ၊ ရဲဘော်တွေကတော့ ဗိုလ်ကြီး မြန်ဆင်းလိုသာ ဥတ္တရံ ပူရမြို့ကဆင်းလာရတယ် သိပ်ပြီးမပြန်ချင်ကြဘူး ဗိုလ်ကြီး....သူတို့ မျက်နှာတွေ သိပ်ပြီးမကောင်းကြဘူး"

"မပြန်လို့ ဘယ်ဖြစ်မှာလဲ ဗိုလ်ညွှန့်မောင်၊ ကျွန်တော်တို့ အား ဟာ တပ်ကယ်ကြည်ကိုးစားလို့ ပေးအပ်တဲ့တာဝန်ဆိုတာရယ်၊ ဂတိ သစ္စာဆိုတာ ရှိသေးတယ်မဟုတ်လား ပြီးတော ဒီအတိုင်း မပြန်ဘဲ နေရ ကျွန်တော်ရဲ့ရဲဘော်တွေအားလုံးဟာ တပ်မတော်ရာဇဝင်မှာ ချွတ်မရ-ရှင်းမရတဲ့ 'တပ်ပြေး' တွေ အဖြစ်နဲ့ အမဲကွက်ကြီးတွေရှိနေ မှာဘဲ.... တာဝန်မကျေပြွန်သူတွေလို့ နံမည်ပေးတာ ခံရလိမ့်မယ်.... ပြီးတော့ တတိုင်းတပြည်လုံးဒုက္ခရောက်နေတဲ့ကိစ္စကို ကျွန်တော်တို့ ဖြေရှင်းပါဝင်ရမဲ့ကိစ္စတွေရှိနေတော့မပြန်ဘဲနေလို့မဖြစ်တော့ဘူး၊ လာရှိုးရောက်ရင် ဂျပန်တွေရဲ့အခြေအနေကို ကျကျနနကင်းထောက် ပြီးမှ ကျွန်တော်တို့ သတင်းပို့ရမယ်၊ ဘာမှမသိဘဲ သတင်းပို့ရင် ဂျပန်တွေက ကျွန်တော်တို့တပ်ဖွဲ့ကို ရန်သူဘက်ဆက်လာတော့ ရန် သူတွေ ရှပ်ဖျက်လာတယ်ထင်ပြီး၊သကာမကင်းဖြစ်ပြီး အရှုပ်အရှင်း ဖြစ်နိုင်တယ်"

ရှေ့ရေးကို လေးဦးသား တိုင်ပင် လိုက် ကြ ပြီးနောက် ညစာ စားသောက်ရန်အတွက် အဆင်သင့်ပြင်ဆင်ထားသည့် ထမင်းစားပွဲ ဆီသို့ ခတ်သုတ်သုတ်ထွက်လာခဲ့ကြပါသည်။ တောင်တန်းများပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှ တောဆင်များ၏အော်သံများ၊ ကျားဟိန်းသံများသည် ဆူညံစွာ ထွက်ပေါ်လာပါသည်။

"ကိုင်း...တပ်စိပ်လိုက် ကင်းတာဝန်ယူကြပေ့၊ လက်နှိပ်ဓါတ်မီးတွေ၊ မီးဖိုကြီးတွေအသင့်ဖိုပြီး ပါးပါးနပ်နပ်အိပ်ကြ"

ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏ လက်အောက် ငယ်သားများကို ကြိုတင်၍ ညရေးညတာ ပြင်ဆင်မှုများအတွက် နှိုးဆော်လိုက်ပါသည်။

အမှောင်ထုသည် ရုတ်တရက် ယာယီစခမ်းကလေးကို ဝါးမျိုဖုံးကွယ်သွားပါတော့သတည်း။

လေယာဉ်ပျံများ၏ အုပ်နှင့်ချီကာ တဝေါဝေါအသံများသည် တောသံ တောင်သံပေးကာ ထွက်ပေါ်၍ လာတော့၏။ မကြာမီ လေယာဉ်ပျံများသည် နိမ့်ဆင်းသွားပြီး၊ ဝုန်းကနဲ-ဝုန်းကနဲ မြေတုံဟီးကာ အရပ်ကိုးမျက်နှာလုံးကို ပွဲတင်ထပ်၍ပေါ်ထွက် လာချေ၏။

ဗိုလ်ကြီး-အောင်မင်းကျော်သည် မှန်ပြောင်းနှင့် အနောက်ဘက် စူးစူးသို့လှမ်း၍ကြည့်ရင်း....

"ဘယ့်နှယ်လဲ ဗိုလ်စံလှဘော်.... ရန်သူ လေယာဉ်ပျံတွေဗျို.... အနောက်စူးစူးကမြို့တမြို့ကို စိမ်ပြေနပြေကြဲနေကြတာဗျို"

အရေးတကြီးလှမ်း၍ တောင်ကုန်းပေါ်မှပြောလိုက်ပါသည်။

"အဲဒီအနောက်စူးစူးက အဆောက်အဦတွေဟာ လာရှိုးနဲ့ သိန္နီပြေးတဲ့ကားလမ်းအနီး ဂျပန်တွေရဲ့ တပ်စခန်းကြီးဘဲ သခင်ကြီး"

ပုညသည် ပြောလိုက်ရင်း....

"အဆောက်အဦတွေရဲ့ ထောင်ဘက်တာဟာ လွယ်ရိုး ခေါ်တဲ့ လာရှိုးမြို့တော်ခင်ဗျ"

"ဒီလိုဆိုရင် လာရှိုးရောက်တို့ ဆယ်မိုင်လောက်ဘဲလိုတော့တယ်



တောင်ဆင်းတောင်တက် လမ်းတော့ကရှိနေလို့ ဆယ်မိုင်ကို တရက် ပြင်းပြင်းတော့ဆင်းကြရလိမ့်မယ်"

မြေပြင်ဆီမှ ခုခံ၍ပစ်သံ-ခတ်သံများ တချက်တလေမှပေါ်ထွက် မလာသည်ကြောင့် ဗိုလ်ကြီးအောင်မင်းကျော်သည် စဉ်းစားလိုက်ရာမှ....

"ရန်သူလေကြောင်း တိုက်စစ်သက်သက်၍ ဖြစ်နေတယ်၊ ခံစစ်အနေနဲ့ တချက်တလေမှ ပြန်ပေါ်မလာတာ မကောင်းဘူးဗျို.... ဂျပန်တွေအခြေအနေက သိပ်မခိုင်မာတဲ့ လက္ခဏာဗျို၊ စဉ်းစားမိတယ် ဗိုလ်စိန်ပန်း"

"ကျွန်တော်လဲ ဒီလိုဘဲစဉ်းစားမိတယ်၊ ကြည့်ပါလား ခင်ဗျာ၊ ခုအထိ အထက်ကနေနေပြီးဗုံးတွေသွန်ချနေတာ"

"ကဲ-ကဲ....တောင်အောက် ဆင်းကြစို့ရဲ့....လာရှိုးကို မြင်နေရပြီမို့ သိပ်ပြီးမဝေးနိုင်တော့ဘူးဗျို၊ လာကြ-ဆင်းကြ"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ရှေ့ဆုံးမှနေ၍ တောင်ဆင်း မြေးလမ်းကလေးအတိုင်း ဆင်းသက်ခဲ့ပါတော့သည်။ နောက်မှ ခြေလျင်တပ်ဖွဲ့များ၊ လားများသည် တတန်းကြီးဆက်လက်၍ ဆင်းသက်ခဲ့ကြသည်။

လမ်းပြ-ပုညနှင့် အဖေါ်-သုမနတို့နှစ်ဦးသည် သူတို့အချင်းချင်း စကားပြောဆိုတိုင်ပင်ရင်း ရှေ့မှလမ်းပြခေါ်ဆောင်သွားပါတော့သည်။

တတောင်ဆင်းတတောင်တက် သျှိကြီးမြိုင်ကြီးထဲမှ အထပ်ထပ် ဖြတ်ကာ ခပ်ပြင်းပြင်းချီတက်ခဲ့ကြသော ဗမာ့တပ်မတော် အထူးတပ်ဖွဲ့ဝင် ဗိုလ်ကြီး-အောင်မင်းကျော်တို့ ရဲမက်များသည် နောက်ကျင်း ဒေသ မြေပြန့်ရှိ လူနေအိမ်ခြေအဆောက်အဦများကို လှမ်း၍

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ကြသည်ကြောင့် စိတ်လှုပ်ရှားမှု ခံစားကြရပြီး အမျိုးမျိုး ပြောဆိုဝေဖန်နေကြပါသည်။

တနေကုန် ခရီးပြင်း ချီတက်ခဲ့ကြသော ဗိုလ်ကြီး-အောင်မင်းကျော်တို့ အထူးတပ်ဖွဲ့သည် ညနေ နေဝင်ခါနီးမှ မြေပြန့်သို့ဆင်းရန် နောက်ဆုံးတောင်တန်းပေါ်သို့ နေရာယူ ထပ်စခမ်းချမိကြပါတော့သည်။

"လာကြ....ဗိုလ်ညွန့်မောင်-ဗိုလ်စိန်ပန်း-ဗိုလ်စံသူအောင်တို့ နက်ဖြန် ကျွန်တော်တို့ လားရှိုးမြို့ထဲကို မယောင်မလယ်နဲ့ အရပ်ဝတ် အရပ်စား ဝတ်ပြီး အခြေအနေ စုံစမ်းကြည့်ရအောင်၊ ပြီးမှ တွေ့ရှိနေရတဲ့ အခြေအနေ ပေါ်မှာ မူတည်ပြီး ရှေ့ လုပ်ငန်းစဉ်တွေကို ဆုံးဖြတ်ကြရမယ်"

ဗိုလ်ကြီး-အောင်မင်းကျော်က အစီအစဉ်ကိုချမှတ်လိုက်ပါသည်။ သူတို့တပ်စခမ်းချနေရာမှ ခြောက်မိုင်ကျော်သာဝေးသည့် မြေပြန့်ဆီမှ မော်တော်ကားသံများ သဲ့သဲ့ ထွက်ပေါ်လာတော့၏။

"အာဂ-ဂျပန်တွေ....နေ့ခင်းမှာ အားလုံး ငြိမ်သက်ပြီးမှ ညဥ့်အမှောင်ရောက်တဲ့အခါမှာ စစ်ရေးလှုပ်ရှားမှုတွေ လုပ်ဆောင်နေကြတယ်ဗျို"

အမှတ်တမဲ့ ဗိုလ်ကြီး-အောင်မင်းကျော်ကပြောလိုက်ပါသည်။ သို့ရာတွင် မြို့တွင်းဆီမှ မီးရောင် မှိန်မှိန်ကလေးများသာ တွေ့ရှိရပေ၏။ တောင်ခိုးတော့သန်းဝေကာ တက်လာသည်ကြောင့် တခဏကြာတွင် လားရှိုးမြို့၏မြင်ကွင်းမှာ ပျောက်ကွယ်သွားပါတော့သည်။

အထူးတပ်ဖွဲ့တပ်စခမ်းချချိန်မှ ကင်းရဲဘော်များ၏ ခတ်တိုးတိုး စကားသံများသာ တဟူးဟူးတိုက်ခတ်နေသည့်လေထဲဝယ် ခတ်သဲ့သဲ့ ကြားနိုင်ကြပါတော့သတည်း။

နောက်တနေ့ လားရှိုးမြို့မြေသို့ဟင်းရွက်နှင့်သစ်သီးများများထမ်း



ပိုးက ရှမ်းအမျိုးသား အဝတ်အစားများနှင့် ဝတ်ဆင်ကာချင်းကပ်လာသော ဗိုလ်ကြီး-အောင်မင်းကျော်နှင့် ဗိုလ်စိန်ပန်းတို့ကို အခြားရှမ်းအမျိုးသားများ၏ကြားမှတွေ့ရှိနိုင်ကြပါသည်။

မြို့အဝင်ဂျပန်ဂိတ်ရုံးတွင် ခေတ္တရပ်တန့်ကာ ဂျပန်စစ်သားများက ပစ္စည်းများရှာဖွေခြင်းကို တယောက်စီခံယူပြီးနောက် ဗိုလ်ကြီးအောင်မင်းကျော်တို့တောင်းထဲမှ ငှက်ပျောသီးနှစ်ဖီးကို ဂျပန် စစ်သားများ ဆွဲယူပြီး မြို့တွင်းသို့ဝင်ခွင့်ပြုလိုက်ပါသည်။ တမြို့လုံးတွင် ဂျပန်စစ်ကားများ၊ ဂျပန်စစ်တပ်များဖြင့် ဒင်းကြမ်း တပ်စခမ်းချထားသည်ကိုတွေ့ရပေ၏။

ဗိုလ်ကြီး-အောင်မင်းကျော်တို့သည် အထမ်းအပိုးများနှင့် လှည့်လည်ကာ တမြို့လုံး၏အခြေအနေကို အကဲခတ်လေ့လာပြီး၊ ဂျပန်စစ်သားများ—ပြောပုံဆိုပုံများကို တစေ့တစောင်း နားထောင်စနစ်ရင်း အရေးအကြီးဆုံးဖြစ်သည့် ဗမာ့တပ်မတော်သားများကို ရှာဖွေနေကြပြန်သည်။ မြို့၏မြောက်ဘက်စွန်း တနေရာတွင်မူကား....ဗမာ့တပ်မတော်မှ တပ်ဖွဲ့တဖွဲ့ကိုတွေ့လိုက်ရပေ၏။ ဗိုလ်ကြီး-အောင်မင်းကျော်သည် အသီးအရွက်ရောင်းဟန်ဖြင့် ဗမာ့တပ်မတော် တပ်ကလေး၏အနီးသို့ချဉ်းကပ်ကာ ရဲဘော်များ၏ ပြောပုံဆိုပုံများကို နားထောင်လိုက်ပါသည်။

"မင်းတို့ရဲဘော်တွေ မြို့ထဲကိုအဲကြောင်းမဲ့ မထွက်ရဘူး၊ ဂျပန်စစ်သားတွေကရန်စရင်လဲ ပြန်ပြီးရန်မဖြစ်ရဘူး၊ ဒို့တပ်မတော်ကို ဂျပန်တွေက အပြစ်ရှာရန်စနေတာကို မင်းတို့သိဘို့လိုတယ်၊ ဗုံးခိုကျင်းတွေကို ခုတန်းဖြတ်ပြီးရင် ဆက်ပြီးတူးကြ"

ဗိုလ် အဆင့်အတန်းရှိသူတဦးက သူ၏လက်အောက်ရှိတပ်စုကို အမိန့်ပေးနေသံများကိုကြားလိုက်ရတော့၏။ ထို့ကြောင့် ဗိုလ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အောင်မင်းကျော်တို့ နှစ်ဦးသည် တပ်စခမ်းရှိ ကင်းစောင့် ရဲဘော် နှစ်ဦးဆီသို့ အသာချဉ်းကပ်သွားရောက်ကြသည်။

"ဘာကိစ္စရှိလို့လဲ....ခင်ဗျားတို့အဲဒီနေရာမှာခေတ္တရပ်ပါ"

ကင်းစောင့် ရဲဘော်တယောက်က စတင်ကာ မေးမြန်း စုံစမ်းသည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်က ကင်းစောင့်ရဲဘော်အား-

"ဒို့ဗမာတွေပါ....ရဲဘော်....မင်းတို့ ကင်းမှူးကတဆင့် မင်းတို့ တပ်မှူးကိုတွေ့ချင်တယ်၊ သွားပြီးအကြောင်းကြားလိုက်ပါကွာ"

တောင်းပန်လိုက်မှ ရဲဘော် တ ယောက် သည် မသင်္ကာသော မျက်လုံးတွေနှင့် ခဏကြည့်ရှုအကဲခတ်ပြီး....

"အောင်မျိုးရေ....မင်း-ဒီလူနှစ်ယောက်ကို ဘယ်မှမသွားစေနဲ့ ငါကင်းမှူးဆီသွားပြီး အစီရင်ခံလိမ့်မယ်"

တာဝန်ပေးအပ်ကာ ရဲဘော်တယောက်သည် ခတ်သုတ်သုတ်နှင့် ကင်းရုံးဆီသို့ ထွက်ခွါသွားပါသည်။ ချက်ခြင်းပင် ကင်းမှူးသည် အရေးတကြီးလိုက်ပါလာပြီး....

"ခင်ဗျားတို့ဘယ်သူတွေတုန်း-ဝတ်ထားတာကတော့ ရှမ်းအမျိုးသား အဝတ်အစားတွေပါ"

စတင်ကာမေးမြန်းသည်တွင် ဗိုလ်ကြီး-အောင်းမင်းကျော်သည်-

"မင်းတို့တပ်မှူးဘယ်သူလဲ-ငါ့နံမယ်က အောင်မင်းကျော်ပေါ့ အရေးကြီးတဲ့ကိစ္စနဲ့ တွေ့ချင်လို့ကွာ"

"ဗိုလ်ကြီး-လှသိန်းကိုသွားခေါ်စမ်းကွာ....ဟေ့-စံထွန်း"

မယုံသင်္ကာဖြစ်နေသောကင်းမှူးကသူတို့၏တပ်မှူးအကြီးအကဲကို လှမ်းခေါ်လိုက်ပါသည်။

မကြာမီ ဂျပန်ခေါ်ရှည် တချောင်းကို ခါးပါတ်တွင် ချိတ်ကာ ဗိုလ်အဆင့်အတန်းရှိသူ ဗမာ့တပ်မတော်မှ အရာရှိတဦးသည် လိုက်ပါလာပေါ်တော့သည်။



တင်းမှူးကအလေးပြုပြီး အခြေအနေကိုသတင်းပို့လိုက်ပါသည်၊

'တဆိတ်....ဗမာတွေဖြစ်ပေမဲ့ ကျွန်တော်တို့မှာ တာဝန်တွေရှိပါတယ်၊ ဘာကိစ္စနဲ့ကျွန်တော့်ကို တွေ့ချင်ပါသလဲ ဒီကမိတ်ဆွေ တွေ"

"ဟေ့-လှသိန်း၊ အမ်မာ....မင်း-ငါ့ကိုမမှတ်မိဘူးလား"

ဗိုလ်စိန်ပန်းသည် လှမ်း၍ နှုတ်ဆက်လိုက်မှ ဗိုလ်လှသိန်းသည် ရုတ်တရက်အံ့အားသင့်သွားပြီး ဗိုလ်စိန်ပန်းကို သေသေချာချာ ပြန်၍ ကြည့်ရင်း....

"ဟာ....စိန်ပန်းကြီးလား၊ နေအုံး မင်းတို့တပ်ဖွဲ့ဘာလိုလို့ တချပ်ဟပ်တွေအခြေမှန်"

အေး-ဖြေးဖြေးပြော.... ဟောဒါ ဒို့တပ်မှူး ဗိုလ်ကြီး-အောင်မင်းကျော်ပေါ့-....မင်းရုံးထဲသွားပြီး အခြေအနေတွေ တိုင်ပင်ရအောင်"

ဤတွင် ဗိုလ်ကြီးအောင်မင်းကျော်အား ဗိုလ်လှသိန်းသည်တပ်မတော်တုံးတန်းစဉ်လာအတိုင်း ခြေစုံရပ်ကာ အလေးပြုလိုက်ရာ.... ဗိုလ်ကြီးအောင်ကျော်သည် ခေါင်းငုံ့ကာ ပြန်လှန်၍ အရိုအသေပြုင်ရင်း....

"ဂျပန်တွေအခြေအနေ ဘယ်လိုလဲဗိုလ်လှသိန်း"

"သိပ်မဟန်ဘူးဗိုလ်ကြီး၊ မကြာခဏ ကျွန်တော်တို့ဗမာတပ်ကို ရန်စနေတာဘဲ၊ မြို့ထဲမှာလဲ သူတို့သိပ်ပြီးထင်ရာစိုင်းနေတယ်၊ နယ်လူထုဟာ သိပ်အခံရခက်နေပြီ"

"မြို့အဝင်မှာ ငါတို့တောင်းထဲက ငှက်ပျောနှစ်ဖီးကိုအတင်းဆွဲယူထားလိုက်တယ်ကွာ- ရောက်ရောက်ခြင်း ငပုတွေနဲ့ တော့ ပြဿနာတွေ့ရပြီး"

ဗိုလ်လှသိန်းသည် ဗိုလ်ကြီးအောင်မင်းကျော်တို့နှစ်ယောက်အား

www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီး သူ၏တပ်ဖွဲ့ရုံးထဲသို့ခေါ် ဆောင်သွားပါသည်။ ဟင်းသီးဟင်းရွက်တောင်းများကိုမူ ကျွန် ရဲဘော်များက သယ်ယူ လိုက်ကြပါသည်။

"ပြောရမှာတွေတော့ အများကြီးဘဲဗိုလ်လှသိန်း၊ ကျွန်တော်တို့စစ်ဌာနချုပ်ကို ဒီကကြေးနန်းနဲ့ ပို့လို့ရသလား....၊ ကျွန်တော်တို့တပ်ဖွဲ့ပြန်ရောက်လာတဲ့အကြောင်း"

"ဂျပန်တပ်ကတဆင့် ပို့ရပါတယ်၊ ဂျပန်မြို့တော်တပ်မှူးကိုလဲ ကျွန်တော်တို့သွားပြီးသတင်းပို့ရပါလိမ့်မယ်"

"တပ်ကရဲဘော်တွေရောဗိုလ်ကြီး"

"တနေရာမှာထားခဲ့တယ်၊ သိပ်မကြာပါဘူး၊ ကျွန်တော်တို့တပ်ဖွဲ့ကို ဘယ်လိုသတင်းတွေထွက်နေသလဲ ဆိုစမ်းပါအုံး"

ဗိုလ်ကြီးတို့အထူးတပ်ဖွဲ့တွေဟာ တရုပ်တပ်တွေရဲ့နောက်ပိုင်းကို ဖေါက်သွား စစ်ဌာနချုပ်တွေကို မုန်တိုင်းဆင်ပြီး တိုက်တာတွေကို စစ်ဌာနချုပ်ကသိရတယ်၊ ဂျပန်စစ်ဘက်ကလဲ မှန်ကြောင်း အသိအမှတ်ပြုတယ်၊ နောက်ကြားရတဲ့သတင်းကတော့ တရုပ်တပ်တွေက တပ်မကြီးတတပ်နဲ့ လေကြောင်းကအကူအညီယူပြီး ဗိုလ်ကြီးတပ်ဖွဲ့ကိုအပြုတ်လိုက်ပြီးအတိုက်ခံရလို့ တပ်ဖွဲ့ဝင်တွေအားလုံး သေကြေပျက်စီးကုန်ပြီလို့ ထင်နေကြတယ်၊ ဘာမှ ဝိုင်ယာလက်အဆက် အသွယ်လဲမရဘူးဆိုတဲ့"

"အင်း....ထင်လဲထင်စရာပေဘဲဗျာ၊ ဖြစ်ပျက်ပုံတွေ ကသက်ဦးဆံဗျား တိုင်းရင်းခိုက်ရင်း နယ်ကျွံခဲ့ပုံတွေကို ပြန်ပြောရင် တညလုံးဆုံးမှာမဟုတ်ပါဘူးဗျာဗိုလ်လှသိန်း၊ ကျွန်တော့တပ်ဖွဲ့က ဆိုရင် စုစုပေါင်း ရဲဘော်အေးမောင် တယောက်ဘဲကျဆုံးခဲ့တယ်၊ တရုပ်ဘက်က ဆိုရင် တော့ တပ်ခွဲတခွဲထက် မနည်းတန်း ကျမယ်ဆိုတာ



အတတ်ပြောရဲတယ်၊ ဒါထက် ကျွန်တော်တို့စစ်ဌာနချုပ်ကို ရှေ့ဦးစွာသတင်းပို့ရအောင်"

ပြောပြောဆိုဆိုနှင့် ဗိုလ်ကြီးအောင်မင်းကျော်သည် အရေးကြီးသောအချက်အလက်များကိုမှတည်၍ သူနှင့်သူ၏တပ်ဖွဲ့ ချောမောစွာပြန်လည်ရောက်ရှိကြောင်းကို သတင်းပို့ရန် ရေးသား အစီရင်ခံနေပါသည် မကြာမီ ဗိုလ်လှသိန်းသည် သက်ဆိုင်ရာသို့ ဝိုင်ယာလက်နှင့်သတင်းပို့ရန် သက်ဆိုင်ရာ ဂျပန်တပ်ဖွဲ့သို့သွားရောက်ရန် အရေးတကြီးစီစဉ်လိုက်ရပေ၏။ ဗိုလ်စိန်ပန်းနှင့် တပ်မှ အခြားအရာခံတဦးတို့သည် နောက်ပိုင်းရှိ ဗိုလ်ကြီးအောင်မင်းကျော်၏ တပ်ဖွဲ့ရှိရာသို့ ပြန်လည်ကာ တပ်ဖွဲ့ကို မြို့တွင်းသို့ချီတက်ခဲ့ရန် ဗိုလ်ကြီးအောင်မင်းကျော်က အမိန့်ပေးလိုက်ရပေ၏။

## စစ်ရေးအခြေ ဗမာမြေဝယ်

ရန်ကုန်နေပြည်တော်ရှိ ဗမာ့တပ်မတော်စစ်ဝန်ကြီးရုံး၏အလယ်ခမ်းမဆောင်တွင်း၏ ရှုခင်းဖြစ်ပါသည်။

တရုပ်တပ်ဖွဲ့မှ တိုက်ခိုက်ရရှိလိုက်သည့်မောင်းပြန်လက်နက်များ ကျည်ဆံများ၊ အရေးကြီးသော စာရွက်စာတမ်းကို တခမ်းတနားပြသထားပေ၏။ ရန်သူ့တပ်များ ရရှိခဲ့သည့် ဝိုင်ယာလက်စက်ကိရိယာများနှင့် ရိက္ခာထုပ်များ၊ အဝတ်အစားများမှာလည်း တန်းစီလျက် ခင်းကျင်းပြသထားသည်ကို တွေ့နိုင်ပေ၏။

ခမ်းမကြီးထဲတွင် ဗမာ့တပ်မတော်မှ ထိပ်တန်း အရာရှိကြီးများနှင့် ဂျပန်စစ်ဘက်မှ ထိပ်ထန်းဦးစီးအရာရှိကြီးများတို့သည် ခမ်းမကြီးပြည့်လျှံခမန်း စုံစုံညီညီရောက်ရှိနေကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဗမာ့တပ်မတော်စစ်ဦးစီးအရာရှိ ဗိုလ်မှူးကြီးသည် ထိုင်ရာမှထ၍ အထူးတင်ဖွဲ့ ပြန်လည်ဆိုက်ရောက်လာခြင်းအကြောင်းကို အစီရင်ခံလိုက်ပါသည်။ ဗိုလ်ကြီး အောင်မင်းကျော် နှင့် ဗိုလ်ညွန့်မောင်၊ ဗိုလ်စိန်ပန်း၊ ဗိုလ်စံလှအောင်နှင့် တပ်ကြပ်ကြီးများကိုလည်း စစ်ဝတ်စုံဝတ်ဆင်ကာ ခမ်းမကြီး၏နောက်ပိုင်းကျကျတွင် အသင့်နေရာယူကာထိုင်လျက်တွေ့နိုင်ပေ၏။ ထို့နောက် စစ်ဦးဗိုလ်မှူးကြီးက နိပ္ပန် စစ်ဘက်ဆိုင်ရာ ဗိုလ်မှူးကြီးဆီသို့ အထူးတပ်ဖွဲ့မှ ရရှိခဲ့သည့် လက်နက်များကို ကြည့်ရှုစစ်ဆေးရန်ပန်ကြား သတင်းပို့ လိုက်သည်။ ရောက်ရှိခဲ့ကြသည့်ထိပ်တန်းအရာရှိကြီးများသည် မိမိတို့နေရာမှ အသီးသီးထ,ကာ ရှေ့ဆုံးမှ နိပ္ပန်စစ်ဌာနချုပ်ဦးစီးဗိုလ်မှူးကြီးနှင့်ရုံးအဖွဲ့၊ နောက်မှ ဗမာ့တပ်မတော်ဦးစီးဗိုလ်မှူးနှင့်ရုံးအဖွဲ့ဝင်များ၊ အထူးညွှန့်သည်တော်၊ သတင်းစာဆရာများနှင့် ဗိုလ်ကြီးအောင်မင်းကျော်နှင့် သူ၏ရဲဘော်များစသည်တို့ပြင် တသည်းကြီး လှည့်လည်ကာ တရုပ်တပ်များဆီမှ ရမိခဲ့သည့် မောင်းပြန်လက်နက်များ၊ စာရွက်စာတမ်းများနှင့် စစ်ဝတ်များ၊ရိက္ခာပစ္စည်းများကို တခုစီလိုက်လန်ကြည့်ရှု ဝေဘန်သံများထွက်လာပါသည်။ ဂျပန် ဆင် ပေ တိုင်အဖွဲ့မှ တရုပ်စစ်ဌာနချုပ်မှ ဖမ်းဆီးရမိခဲ့သည့် စာရွက်စာတမ်းများကို ယူငင်ကာ တောင်းခံလိုက်ပြီး အရေးတကြီး လေ့လာ လိုက်ကြပါသည်။ နာရီဝက်ခန့်ကြာမှပင် မိမိတို့အသီးသီးနေရာကိုပြန်ထိုင်ကြပြီး....

ဂျပန်စစ်ဘက်မှ မေးခွန်းထုတ်လိုက်ပါသည်။

"တရုပ်ပြည်နယ်ထဲကို ဘယ်လောက်အထိ လှည့်ပါတ်ပြီးစစ်မျှားခဲ့ရပါသလဲ၊ ပြည်တွင်းအခြေအနေ ဘယ်လိုသိခဲ့ရသလဲ ဗိုလ်ကြီး အောင်မင်းကျော်"

"တရုပ်ပြည်နယ်နိမိတ်တလျောက်မှာတော့ ရန်သူတပ်တွေ လှုပ်



...ယာ လမ်းပန်းအဆက်အသွယ်ကောင်းတဲ့နေရာတိုင်းမှာဘဲ တွေ့ခဲ့ရပါတယ်၊ ဝ,နယ်တလျောက်နဲ့ တောထူထပ်တဲ့ဒေသတွေမှာဆိုရင်...မှ စစ်မဖြစ်တဲ့အတိုင်းဘဲတွေ့ရတယ်"

"တရုပ်ပြည်နယ်စပ်ထဲရောက်နေတုံး....စစ်ဌာနချုပ်ကို ဘာဖြစ်လို့ ဝိုင်ယာလက်စက်နဲ့ သတင်းပို့ မဆက်သွယ်ခဲ့သလဲ"

"နေ့စဉ်နေ့တိုင်းလိုလို ရန်သူလေကြောင်းရန် အ နေ နဲ့ လည်း...ကောင်း၊ ရန်သူရဲ့ အင်အားကြီးမားတဲ့ တပ်မကြီးနဲ့ နယ်စပ်တ...လျောက်မှာ မမှနောက်ရှာဖွေနေကြအတွက် ဝိုင်ယာ လက်စက်နဲ့ သတင်းမပို့ နိုင်ပါဘူး၊တကယ်လို့ ပို့ခဲ့လျှင် ကျွန်တော်တို့အထူးတပ်...ရောက်ရှိနေတဲ့နေရာကို ရန်သူကြားဖြတ် အသံဖမ်းစက် တွေက ...ယူရရှိနိုင်ပါတယ်"

ဂျပန်ကင်ပေတိုင်အဖွဲ့ စစ်ဗိုလ်မှူးတဦးက တရုပ်စစ်ဌာန ချုပ်မှ ရရှိခဲ့သည့်အမိန့်စာတခုကို မေးမြန်းစစ်ဆေးနေသော ဂျပန် စစ်ဦးစီးဗိုလ်မှူးကြီးဆီသို့တင်ပြလိုက်ပါသည်။ ဂျပန်စစ်ဦးစီးဗိုလ်မှူးကြီးသည် တရုပ်စာများကို ဘာသာပြန် အရာရှိ တဦး၏ အကူအညီဖြင့် အရေးတကြီးလေ့လာခိုင်းရင်း....

"မှန်တယ်....တရုပ် စစ်ဌာနချုပ်က ဗမာစစ်တပ်ကိုမတွေ့ တွေ့အောင် ရှာဖွေဘို့ အထူးအမိန့်တရုပ်ထုတ်ထားတယ်၊ရန်သူ့ အဆက်အသွယ်တွေ၊သတင်းပို့ချက်တွေဖြတ်ယူနားထောင်ဘို့ လေကြောင်း...က လိုက်နေပြီ ရန်သူ့စခမ်းကိုရှာဖွေဘို့၊ ပြီးတော့ သူတို့လူယုံတွေ၊...ကျူတွေလွှတ်ပြီး ဗမာတပ်တွေကိုရှာဖွေဘို့ အစီအစဉ်အမိန့်တွေ...ထုတ်ထားတဲ့ အကြောင်းအရာတွေ...."

"နောက်ဆုံး အချက်ကတော့ ခုလိုတပ်လုံးမပြုတ်ဘဲ မသေ မ...ပျောက်နဲ့ ရန်သူ၏အရေးကြီးတဲ့ အချက်အခြာစစ်ဌာနချုပ်တွေကို ...ကျကျနန ထိထိရောက်ရောက် တိုက်ခိုက်သုတ်သင်လာပြီး၊ အောင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ခံနိုင်တဲ့ ဗမာတပ်ကို ကျွန်တော်တို့ နိပ္ပန်စစ်ဌာနချုပ် အနေနဲ့ အလေးအနက်ဂုဏ်ပြုပြီး ချီးကျူးလိုက်ပါတယ်၊ ဗမာပြည်နယ်မြေပေါ်က အထူးတာဝန်တရပ်အနေနဲ့ စေလွှတ်ခြင်းခံရတဲ့ ဂျပန်တပ်ဖွဲ့ရော ဗမာတပ်ဖွဲ့တဖွဲ့ပါ ရှုတ်တရက် ထိုးစစ်ဆင်ရေး စီမံကိန်းမှာ ဗမာတပ်ဖွဲ့တဖွဲ့တဲ့ အောင်အောင်မြင်မြင် ပြန်လာနိုင်တာကို ကျွန်တော်တို့ တွေ့ရှိရတယ်၊ ဒီနေ့ညစာ အောင်မြင်တဲ့ အထိမ်းအမှတ်နဲ့ အနေနဲ့ ကျွန်တော်တို့ ဂျပန်စစ်ဌာနချုပ်က ကျွေးမွေးဂုဏ်ပြုပါတယ်....”

စသည်ဖြင့် ရိုးသားပွင့်လင်းစွာဖြင့် နောက်ဆုံး အဖြေပေးသွားပါတော့သည်။

ထိုနောက် နိပ္ပန်စစ်ဘက်အရာရှိကြီးများကို ဗမာ့စစ်ဌာနချုပ် အကြီးအကဲများက အလေးပြု နှုတ်ဆက်ကာ စစ်ရေး စစ်ရာများ အကြောင်း ဆွေးနွေးပြီးနောက် နိပ္ပန်စစ်ဘက်တာဝန်ခံ အားလုံးသည် ထွက်ခွာသွားကြပါတော့သည်။

ဗမာ့တပ်မတော် စစ်ဌာနချုပ် တာဝန်ခံဗိုလ်မှူးကြီးမှ ဗိုလ်ကြီး အောင်မင်းကျော်ကို သူ၏ရုံးခန်းတွင်းသို့ သီးသန့်ခေါ်ယူပြီး လက်ရှိ အခြေအနေကိုဆွေးနွေးပါတော့သည်။

“ဂျပန်တွေကိုကြည့်ရတာ တမျိုးဘဲ၊ ဗိုလ်ကြီး-အောင်မင်းကျော် ဘယ်လိုထင်မြင်သလဲ....ဟက်ဟက် ပက်ပက် ဝမ်းသာရမှာ ခုတော့ ဝတ်ကျေတန်းကျေသဘောမျိုး ရှိနေတယ်”

“ကျွန်တော်ထင်တာကတော့ ကျွန်တော်နဲ့ တပ်ဖွဲ့ကို မသက်သာတဲ့ အမှုအယာတွေရှိနေပုံဘဲ၊ နောက်တချက်ကတော့ ကျွန်တော်တို့ဗမာ့ တပ်မတော်နဲ့ ဂျပန်တပ်မတော်တွေ တာဝန်တွေ အသီးသီးယူပြီး နှစ်တပ်ယှဉ်ပြီး အထူး တပ်ဖွဲ့ အနေနဲ့ ထွက်ခဲ့ပြီး သေဘေးတွေက လွတ်ခဲ့တာရယ်၊ ပြီးတော့ ကျွန်တော်တို့တပ်ဖွဲ့ အောင်ပွဲတွေရယူပြီး



ပြန်ရောက်ခဲ့တာကို သူတို့ဂျပန်တပ်တွေထက်သာနေလို့ သူတို့လူကြီးပိုင်းက မနာလိုတဲ့စိတ်တွေရှိနေပုံဘဲ ဗိုလ်မှူးကြီး”

“အေး-ဟုတ်တယ် ဗိုလ်ကြီး-အောင်မင်းကျော်၊ ဝိုင်ယာလက်နဲ့ သတင်းမပို့တာတောင် ရေးကြီးခွင့်ကျယ်လုပ်ပြီး၊ မေးလား မြန်းလား လုပ်နေတုန်းမှာ ကင်ပေတိုင်ဘက်က ဝင်ပြီး တရုပ်တပ်တွေကိုကရတဲ့ အမိန့်စာကိုဝင်ပြလို့ နို့မို့ရင် အတော်ရှင်းနေရအုံးမှာ လူတွေဟာ ငါတို့တပ်တွေအပေါ် ရန်စွာနေတယ်၊ အပြစ်လဲ အမြဲတမ်း ရှာနေတယ်၊ အခုဒီတော့ ဗိုလ်ကြီး-အောင်မင်းကျော်ရဲ့ တပ်သားတွေ အားလုံး သူတို့ဂျပန်ဘက်က အစ်ထုတ်ရင် တသံထည်း ထွက်ဘို့၊ ဖြေနိုင်ဘို့အမိန့်ပေးထား၊ လှည့်ပြီး စစ်ဆေးချင် စစ်ဆေးမယ်”

ဦးစီးဗိုလ်မှူးကြီးသည် အတွင်းရေးကိစ္စများကို ဗိုလ်ကြီး-အောင်မင်းကျော်ကို ခေါ်ယူကာ သတိပေးထားလိုက်ခြင်း ဖြစ်ပါသည်။ ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏တပ်ဖွဲ့ကိုတန်းစီကာ သက်ဆိုင်ရာ ဂျပန်တပ်များက ဘယ်လိုမေးမေး သူမူလကြိုတင် ပြောကြားချက်အတိုင်း တသံထည်းသာဖြေကြားရန် လေးလေးနက်နက် သတိပေးလိုက်ပါသည်။

ဂျပန်စစ်ဌာနချုပ်၏ သီးသန့်ထမင်းစားခန်းမကြီးထဲတွင် ညစာစားပွဲကို နိပ္ပန်စစ်ဘက်ထိပ်တန်းအရာရှိများရော၊ ဗမာ့တပ်မတော် ဦးစီးထိပ်တန်းအရာရှိများနှင့် ဗိုလ်ကြီး-အောင်မင်းကျော်၊ ဗိုလ်ထွန်းမောင်၊ ဗိုလ်စိန်ပန်း၊ ဗိုလ်စံလှအောင်တို့ပါ စတင်ကာ စားသောက်နေကြပါပြီ။ ရယ်ရယ်မောမောနှင့် ဂုဏ်ပြုလုပ်ကာ စားသောက်နေကြသော်လည်း ဗမာအရာရှိများသည် ဂျပန်များ၏ အရိပ်အခြေကို အကဲခတ်ရင်း သတိကြီးစွာထားလျက် စားသောက် ပြောဆိုနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်ဘက် အရာရှိများက ဗိုလ်ကြီး-အောင်မင်းကျော်နှင့် ဗိုလ်ညွှန့်မောင်တို့ သုံးဦးကို အရက်ချူးဆက်ကာ သောက်သုံးနေ သော်လည်း ဗိုလ်ကြီး-အောင်မင်းကျော်က အနည်းအညှာ တောင် ပန်ရင်း ဘိလပ်ရည်ကိုသာဖိ၍သောက်ကာ ရယ်ရယ်မောမော ဖြေ ပယ်လိုက်ပါတော့သည်။

"ဘယ့်နှယ် တိုက်အေးစံ....နည်းနည်းပါးပါး သောက်စမ်းပါ ပျော်ပျော်ရွှင်ရွှင်ပေါ့ဗျာ"

အနီးရှိ ကင်ပေတိုင်ဘက်မှ ဗိုလ်မှူးတဦးက ဗိုလ်ကြီး-အောင်မင်း ကျော်ကို အရက်သောက်ရန် ဆွယ်တရားဟောလိုက်သည်ဘွင် ဗိုလ် ကြီး-အောင်မင်းကျော်သည်....

"သီးခံပါ ဗိုလ်မှူး....ကျွန်တော်တို့ သိပ်ခရီးပန်းလာပြီး၊ ရှေ့ အင်မတန်ကောင်းမွန်တဲ့အရက်တွေသောက်မိရင် ကျွန်တော်တို့အစာ အဟာရ မမှန်တဲ့ဗိုက်တွေက လက်ခံနိုင်မှာမဟုတ်ဘူးခင်ဗျ၊ အင်မတန် ကျေးဇူးတင်လှပါတယ် ဗိုလ်မှူး"ပြန်လှန်၍ တောင်းပန်နေပါသည်။

"ဒါနဲ့ တရုပ်တပ်တွေ လက်နက်အင်အား- လူအင်အား ကောင်းသလား၊တိုက်ရတာဘယ်လိုလဲ....စစ်ရေးစစ်ရာရော အစီအစဉ် ကောင်းရဲ့လား"

"လက်နက်ကတော့ အမေရိကံလက်နက်တွေဘဲဗိုလ်မှူး၊ လူ အင် အားလဲ များပါတယ်၊ ဒါပေမဲ့ စိတ်ဓါတ် မခိုင်မာတာရယ်၊ စစ် ပညာကြတော့ သိပ်အထင်ကြီးစရာ မရှိပါဘူး ဗိုလ်မှူး....ကျွန်တော် တို့နဲ့ ရင်ဆိုင်ရတဲ့တပ်မတွေမှာ သူတို့ဘက်ကအကျအဆုံး အင်မတန် များပြားခဲ့ပါတယ်၊ လေတပ်အကူအညီ အမြဲတမ်းရှိပြီး၊ လူအုပ်နဲ့ ဖိတိုက်တာမို့ ခံစစ်လုပ်ပြီး လှည့်ပတ်တိုက်ထုတ်ခဲ့ရပါတယ်"

အဖြေကောင်းသွားသည်ကြောင့် ကင်ပေတိုင်ဗိုလ်မှူးသည် မျက် နှာ အနည်းငယ်ကြည်လင်လာပါသည်။



"တိုက်အေးစံနဲ့ ရှဲဘော်တွေ လှည့်လည်ပြီး တရုပ် နယ်ထဲမှာ ရောက်နေတုန်း တရုပ်တပ်တွေက သူတို့နဲ့ပေါင်းဘို့ တရားမဟော ဘူးလား၊ ရိက္ခာပြဿနာဘယ်လိုလုပ်ပြီးရှင်းခဲ့သလဲ....တိုက်အေးစံတို့ စစ်မြေပြင်ထွက်ပြီး ပြန်ရောက်တဲ့အထိ စုစုပေါင်း ကိုးလတင်းတင်း ဘဲ၊ ဒီကြားမှာ ရိက္ခာပြဿနာအခက်အခဲတွေစရာရှိပါတယ်"

ကင်ပေတိုင်ဗိုလ်မှူးသည် တစတစ အစ်၍ထုတ်လိုဟန်ဖြင့် မေး မြန်းလိုက်သည်တွင်....

"တရုပ်ဘက်သားတွေနဲ့ ကျွန်တော်တို့ တရားဟောဘို့အချိန်ကို မရပါဘူး၊ ကျွန်တော်တပ်ဖွဲ့က ရုတ်တရက် ပေါ်လာပြီး၊ ရန်သူကို ရုတ်တရက် အပိုင်တိုက်ထုတ်တဲ့ နည်းပရိယာယ် သုံးနေရတာကိုး.... ရိက္ခာကတော့ ရန်သူတပ်တွေက တိုက်လို့ရတာတွေလဲ သုံးရတယ်၊ ရပ်ထဲရွာထဲက ပိုက်ဆံပေးပြီးဝယ်သုံးရတာလဲရှိပါတယ်၊ တခါတခါ အင်မတန်ရှားပါးပြီး သိုဝှက်ထားတဲ့ ရိက္ခာခြောက်တွေကိုထုတ်သုံး ရပါတယ်၊ ကျွန်တော်တို့တပ်ဖွဲ့ဟာ တရုပ်ပြည်နယ်ထဲကို သိပ်မရောံ ပါဘူး၊ နယ်စပ်မှာရှိတဲ့ တောင်ပေါ်သား တွေ နယ်ပါယ်ထဲမှာ လှည့်ပတ်ကာ တရုပ်တပ်မကြီးတွေကို ရှောင်ရင်း စစ်ရေး ငင်နေရ ခြင်း ဖြစ်ပါတယ်၊ တရုပ်တပ်မကြီးတွေက ဗမာပြည်ဘက် ထွက်မဲ့ လမ်းတွေတလျှောက်မှာ ဆို့ပိတ်ထားပြီး ကျွန်တော်တို့ထွက်ပေါက် မရှိလို့ ဒီလိုဘဲ ဘေးလွတ်ရာအသာရှိပြီး၊ တခါတခါ ရန်သူတပ် ကလေးတွေကို အလစ်ဝင်စီးနင်းရင်း ရိက္ခာကိုရအောင် ယူခဲ့ရပါ တယ် ဗိုလ်မှူး"

"ကောင်းပါလေ့ဗျာ ...ကျေနပ်စရာ တွေဘဲ၊ ကဲ-ကဲ....လင်း သုံးဆောင်ကြအုံး၊ ကျွန်တော်တို့ နိပ္ပန်တပ်တွေကဖြင့် တိုက်အေးစံရဲ့ တပ်အကြောင်းကို ခုလောလောဆယ်မှာ အပြောဆုံးပဲ....၊ အုံဩ

www.burmeseclassic.com

www.burmeseclassic.com



လောက်ဘုံဃ်ရာ စွန့်စားခြင်းနဲ့ အောင်မြင်ခြင်းယှဉ်တွဲနေတဲ့ ဗမာ့တပ်ဖွဲ့လို့ အမည်ပေးထားကြတယ်"

သူတို့တပ်များ၏ အတွင်းရေး အကြောင်းကို အနည်းငယ်ရှင်းပြကာပြောရင်း စကားလက်စကို သတ်လိုက်ပါသည်။ ဗိုလ်ကြီးအောင်မင်းကျော်အဘို့ ဂျပန်များ၏အတွင်းစိတ်ဓါတ်ကောက်ကျစ်ယုတ်မာပုံများကို တစိမ့်စိမ့်စဉ်းစားမိပါတော့သတည်း။

ဗမာ့တပ်မတော်ကိုသာမက ဗမာအမျိုးသားလုံးကို ဂျပန်စစ်ဘက်အာဏာပိုင်တို့သည်နိုင်လိုမင်းထက်ပြုမူလာကြသည်။ ဗိုလ်ကြီးအောင်မင်းကျော်ကိုယ်တွေ့မျက်မြင်ကိစ္စများကို ကြုံတွေ့လာရပြန်တော့၏။ ဘယ်နေရာတွင် ဂျပန်စစ်ဘက်က ရွာသူရွာသားများ၏ မျိုးစပါးတွေကိုအတင်းသိမ်းခြင်း၊ ရွာကိုမီးရှို့ခြင်း၊ အမျိုးသမီးတွေဘယ်နှစ်ယောက်အစော်ကားခံရခြင်း စသည့် မကောင်းသတင်းတွေနှင့်အတူ ဗိုလ်ကြီးအောင်မင်းကျော်နှင့် ခင်မင်ရင်းနှီးကြသော ကျေးရွာသူရွာသားများအဘို့ ချေးတပ်ဆွဲခြင်းခံရသည့်ဘေးမှ လွတ်ကင်းစေရန် အကြံဉာဏ်များတောင်းခံ လာလေ့ရှိပေ၏။

မြို့ပေါ်ရှိ လူလပ်တန်းစားများအဘို့ နေ့စဉ် ကြက်ကောင်ရေကိုဂျပန် မာစတာများ၏ ဆုံးဖြတ်ချက်အမိန့်အရ ပြည့်အောင်ဖမ်းဆီးပို့အပ်ရခြင်း၊ ဂျပန်စစ်သားများ မျက်စေ့ကြသောကုန်ပစ္စည်းမှန်သမျှ ဘိုး၊ဘွား၊ပိုင် အမွေရသည့်ပမာ အဘိုးအခတစုံတရာမပေးဘဲ ဆွဲယူခံချခြင်း စသည့် လက်ငင်းဘေးအန္တရာယ်များအပြင် ရန်သူအင်္ဂလိပ် အမေရိကန် ဗုံးကြဲလေယာဉ်ပျံများ၏ အုပ်လိုက်ချီကာ ဗုံးကြဲခြင်းစသည့် ကြောက်မက်ဘွယ်ရာ စစ်ဘေးစစ်ဒဏ်ကို တလှည့် ခံရသလောက်....

"ရန်သူစပိုင်ရှိတယ်"ဟု အထင်မြင်ပြကာ ဂျပန်ကင်ပေတိုင်အဖွဲ့၏ စပိုင်ရှာဖွေခြင်း၊ ဝါအမဲလိုက်ခံရခြင်းစသည့် အန္တရာယ်ဆိုးကြီး



များကို မြို့တွင်းရှိလူတန်းစားများသည် နေ့စဉ် နာရီပိုင်းနှင့် အမျှ ရင်တဖိုဖို နားတစွင့်စွင့် ခံစားနေကြရှာတော့၏။

သူ၏ရှေ့မှောက်တွင် မမြင်ချင်အဆုံး၊မကြားချင်အဆုံးဖြစ်ပျက်နေသော ဖက်ဆစ်ဂျပန်များ၏ ရမ်းကား ယုတ်မာမှုများ ကြားမှ သစ္စာဖေါက်အမျိုးသမီးများ၏ ဂျပန်ကတော်များသည် ရွှေမျက်မှန်တဝင်းဝင်း ဂျပန်စစ်ဗိုလ် စစ်သားများနှင့်ယှဉ်တွဲကာ ခတ်ပြောင်ပြောင်လမ်းသလားနေကြသလောက် တဖက်က ဗမာ့ တပ်မတော်သားများအဘို့ သစ္စာဖျက် အသားထဲက လောက်ကောင်မ,များကို ရက်ရက်စက်စက်ချေမှုန်းရန် ဒေါသချောင်းချောင်း ထွက်နေကြပါတော့၏။ ဗိုလ်ကြီးအောင်မင်းကျော်၏ဘဝမှာ အသက်ရှင်လျက်နှင့် ငရဲဘုံရောက်သည့်ပမာ စိတ်ဆင်းရဲနေရှာပေ၏။ ဘယ်အရပ်ကဘုန်းကြီးကျောင်းကို ဂျပန်စစ်တပ်က အတင်းတက်၍အပိုင်စီးပြီး ဘုန်းတော်ကြီးများကို ရင့်ရင့်သီးသီး ကျောင်းပေါ်မှ မောင်းချလိုက်သောသတင်းကို ဗိုလ်ကြီးအောင်မင်းကျော်၏နားထဲ၌ အကြားရဆိုးဆုံး အမင်္ဂလာသတင်းပင်ဖြစ်စေ၏။

"နေနှင့်ကြအုံးကွာ မင်းတို့မိစ္ဆာဒိဋ္ဌိကောင်တွေ မကြာတော့ဘူး ဘုရားမှန်း တရားမှန်း၊ သံဃာမှန်းမသိကြတဲ့အကောင်တွေ"

ကြီဗိုလ်းအောင်မင်းကျော်သည် သူ၏ခါးရှည်ကိုကိုင်ရင်း ကြိမ်းဝါးမိသည်အထိ ခံရပြင်းသည့် ဒေါသထန်မိရှာပါတော့သည်။

မကြာမီ သူ၏အမှုထမ်းဗိုလ်ကြီးတဦးက သူ၏အနီးတို့ ဦးကပ်၍ အရေးတကြီးခတ်တိုးတိုးလာပြောလိုက်ရာ....

"ဟုတ်ရဲ့လားကွ-ရဲဒင်ရ"

"သေချာပါတယ်-စိစဉ်နေပြီ သူငယ်ချင်း"

ဗိုလ်ကြီးရဲဒင်ပြောကြားလိုက်ရာ....

"တချိဳတမောင်းတွေ့ကြသေးတာပေါ့ ဗိုလ်ရဲဒင်၊ ဒင်းတို့တော့

www.burmeseclassic.com

www.burmeseclassic.com



လား၊ လူထုကို ဒီလောက် နိပ်စက်အနိုင်ကျင့်နေတာတွေ”

ဗိုလ်ကြီးရဲဒင်၏ ဖက်ဆစ် တော်လှန်ရေးကိစ္စကို တော်လှန်ရေးခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိသော ဗမာ့တပ်မတော်အကြီးအကဲတာဝန်ခံတို့က စီစဉ်နေသော အင်မတန်အရေးကြီးသည့် လျှို့ဝှက်ထားသည့်သတင်းကို နှစ်ယောက်သားဆွေးနွေးနေခြင်းသာဖြစ်ပေ၏။

“ဒါနဲ့ အောင်မင်းကျော်ရေ-မင်းကို အင်မတန်မိတ်ဖွဲ့ချင်တဲ့ အမျိုးသမီးတွေရှိတယ်ဟေ့-ငါ့ကို အတင်း မင်းဆီလိုက်ပို့ခိုင်းနေလို့ကွာ၊ ဗိုလ်မှူးတင်ငွေရဲ့နှမတွေလေ-၊ ပြီးတော့-နိုင်ငံရေးမှုးသင်တန်းဆရာမ စုစုမြိုင်တို့ကလဲ မင်းနံမည်က သိပ်ကြီးနေသလော့ မင့်ကိုသိပ်ကြည့်ညိုနေကြတယ်ကွ”

“ဒါတွေအသာထားပါရဲဒင်၊ ဒို့တတွေ ဖက်ဆစ်ငပုတွေကိုတချီတမောင်း ရာဇဝင်ကြွေးဆပ်ကြဘို့ ဘယ်လိုစခမ်းသွားကြမယ်ဆိုတာ တိုင်ပင်ဘို့အရေးကြီးနေပြီမဟုတ်လား၊ ဘာမှမဟုတ်တဲ့ဂုဏ်တွေ-ပကာသနတွေကို ဒို့ရဲဘော်တာတွေ ဂရုမစိုက်ကြပါနဲ့၊ အချိန်မဖြုန်းပါစေနဲ့ကွာ”

ဗိုလ်ကြီးအောင်မင်းကျော်သည် မနှစ်မျို့ဟန်ဖြင့် တောင်းပန်ပြောဆိုနေပါတော့သည်။

## ချစ်ရေးအတိတ်၊စစ်သွေးစိတ်ဖြင့်

ဆောင်းရာသီ၏ အစွမ်းပြ လေအေးကလည်း ဗိုလ်ကြီးအောင်မင်းကျော်အဘို့ အအေးဓါတ် တွေ့ပေါ်လာလေလေ သူ၏အတိတ်ဘဝဖြစ်စဉ်ချစ်ခဏ်းတွေကသည်းသူ့အားချက်ခြင်း အဟောင်းမှအသစ်ဖြစ်ကာ တစိမ့်စိမ့် တဘန်းတန်း သတိရနေစေတော့၏။ရှပ်ရည်



နှင့် ပညာသမာဓိအရာတွင် သူမတူအောင် ချောလှသော တောင်တန်းကေရီ သခင်မကြီး၏ လှပခန့်ငြားသော ပကတိမျက်နှာတော်ကို ဗိုလ်ဗိုကြီးအောင်မင်းကျော်သည် ပြန်လည် မြင်ထင်လာသည်နှင့် အမျှ ငေးမောနေမိရှာ၏။စောစမ်းနွဲ့၏ ချိုပြုံးကြည့်ရှင်သောမျက်နှာကလေးကိုလည်း တရေးရေးမြင်လာပြန်၏။ သို့ရာတွင် ယခုအခါ၌ သူ၏တိုင်းပြည်နှင့် လူမျိုးတို့အတွက် ခံယူထားသည့်စစ်တာဝန်ကြီးကိုလည်း ချက်ခြင်းသတိရမိသလောက် နှောင်ကြိုးတင်းခြင်းခံရသည့်အဖြစ်ကိုလည်း ဗိုလ်ကြီးအောင်မင်းကျော်သည် ရင်လေးစွာဖြင့် စဉ်းစားနေမိရှာပါသည်။ စဉ်းစားရင်းပင် ဗိုလ်ကြီးအောင်မင်းကျော်က တောင်တန်းကေရီသခင်မကြီးတို့ဆီသို့ စိတ်ဇောအာရုံတွေသည် တဟုန်တည်းရောက်ရှိသွားရှာပါသည်။

ဘုရားခမ်းမကြီးထဲတွင် တောင်တန်းကေရီသခင်မကြီးအစိုးရာနှင့်ဝင်နေသော ပုံသဏ္ဍာန်သည် ထင်ထင်ရှားရှား တွေ့လိုက် ရပေ၏။ သူ၏လက်ဝဲဘက်၌ စောခမ်းနွဲ့သည်လည်း တောင်တန်းကေရီသခင်မကြီးနှင့်အတူယှဉ်တွဲကာ သမထလုပ်ငန်းများကို လုပ်ဆောင်ကျင့်သုံးနေသည်ကို ဗိုလ်ကြီးအောင်မင်းကျော်သည် ရုပ်ရှင်ပိတ်ကားပေါ်တွင် လှမ်း၍တွေ့မြင်ရသည့်အမြင်မျိုးအတိုင်း ထင်ရှားစွာတွေ့နေရပေ၏။ ထူးခြားချက်တချက်မှာ စောခမ်းနွဲ့၏ အခြေအနေမှာ သိသိသာသာကြီး ကိုယ်လေးလက်ဝန်ရှိနေကြောင်းနှင့်တောင်တန်းကေရီသခင်မကြီး၏ အခြေအနေမှာ မူမှန်သဏ္ဍာန်မျိုးကို တွေ့ကြရပြီး တရားလုပ်ငန်းတွင် များစွာအားထုတ် နှလုံးသွင်းနေသည့် အတွက် ဗိုလ်ကြီး အောင်မင်းကျော်သည် စိတ်ထဲတွင် လေးနက်စွာကြည်ညိုမြတ်နိုးရင်း “သာဓု” သုံးကြိမ်ခေါ်လိုက်ရှာပါသည်။

ထိုနောက် သူ၏စိတ်ဓါတ်သည် တပ်မတော်ဂူဘက်သို့ပျံ့နှံ့၍ ရောက်ရှိသွားသည်၌ သူမြင်နေရသော အမြင်ဓါတ်တွေသည် ကွယ်

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားပြီး သူ၏အိပ်ခမ်းနံရံထိုးထိုးကြီးသာ တွေ့လိုက်ရသည့်ကြောင့် သူ၏စိတ်ထဲ၌ဟာ၍ လွမ်းစိတ်တွေ တဖွားဖွားပေါ်ထွက်နေရှာပါတော့၏။

"ဗိုလ်ကြီး....ဗိုလ်ကြီး"

သူ၏တပ်ဖွဲ့မှ တာဝန်မှူး၏အရေးတကြီးအသံဖြင့် လာရောက်၍ခေါ်သဖြင့် ချက်ခြင်းပင် သူသည် အိပ်ရာမှလူးလဲကာထရင်း....

"ဘာလဲဗိုလ်အေးမောင်"

ပြန်လှန်၍ထူးလိုက်ရာ၊ တာဝန်မှူးဗိုလ်အေးမောင်သည် အမြန်ဆုံးသူ့ရှေ့မှောက်သို့ရောက်ရှိလာပြီး အလေးပြုလိုက်ပြီးနောက်....

"တပ်ကြပ်ကြီးစိုးသိန်း ဂျပန်စစ်သားတွေနဲ့ ရန်ဖြစ်လာပြီး ဂျပန်စစ်သားနှစ်ယောက်ကို ဓါးနဲ့ ခုတ်ခဲ့တယ်ဗိုလ်ကြီး....၊ အပြင်မှာဂျပန်တွေ အတော်စုစုဝေးဝေးဖြစ်နေကြတယ်ခင်ဗျ"

"ဟာ-တယ်မိုက်တဲ့အကောင်ဘဲ၊ သေသေချာချာ မှာထားရက်နဲ့ စိုးသိန်းရယ်"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ကပြာကယာစစ်ဝတ်စုံများလဲလှယ်လိုက်ပြီး သူ၏ရုံးဆီသို့ထွက်လာခဲ့ပါသည်။

"ဟေ့ စိုးသိန်းလာစမ်း....မင်း-ဘာတွေဖြစ်လာသလဲ"

တပ်ကြပ်ကြီးစိုးသိန်းသည် သူ၏တပ်မှူး ဗိုလ်ကြီး-အောင် မင်းကျော်ကိုအလေးပြုလိုက်ပြီး....

"ဂျပန်နှစ်ယောက် ကျွန်တော့်ရှေ့မှာ အမျိုးသမီးတယောက်ကို ဝိုင်းဆွဲပြီး လူမဆန်တာလုပ်နေတာနဲ့ ကျွန်တော်သွားပြီးတားတယ်၊သူတို့က ကျွန်တော့်ပါးကို ရိုက်တာနဲ့ ကျွန်တော်က ဓါးနဲ့ခုတ်ချခဲ့တယ်၊ တယောက်တော့ခေါင်းပြတ်သွားတယ်၊ တယောက်က စလွယ်သိုင်းဓါးဒဏ်ရာနဲ့ လမ်းဘေးမှာလဲကျန်ရစ်ခဲ့တယ်"

"ကောင်းပါပေ့ကွာ.... ဒီဖက်ဆစ်ကောင်တွေကလဲ တရားလွန်



တယ်၊ မင်းကလဲ ဒီအရေးထဲမှာကွာ၊ကဲကွာဖြစ်ပြီးတဲ့ကိစ္စရှိစေတော့ မိန်းခလေးရော"

"သူ့အိမ်ကို ကျွန်တော်ရောက်အောင် လိုက်ပို့လိုက်တယ် ဗိုလ်ကြီး၊ဆေးလိပ်လိပ်တဲ့ မိန်းမကောင်းလေးပါခင်ဗျား"

"နေအုံးစိုးသိန်း၊မင်းခုတ်တာကို ဒီ့ပြင်ဂျပန်တွေကမြင်သလား"

"ကျွန်တော်ခုတ်သတ်တုန်းမှာ အနီးအနားမှာတော့ ဂျပန်တွေမရှိဘူး၊ အရပ်ထဲကလူတွေကို ဂျပန်တွေ လိုက်မေးရင်တော့ ဗမာစစ်သားတယောက် ဓါးနဲ့ခုတ်သွားတယ်လို့ ပြောကြမှာပါဘဲဗိုလ်ကြီး"

"ကိုင်း-ဗိုလ်အေးမောင် စိုးသိန်းကို အရပ်ဝတ်အစားလဲပေးပြီးတော့ လျှို့ဝှက်တဲ့လမ်းက တပ်အပြင်ပို့ပြီး မြင်းတပ်က ဗိုလ်စံရှင်းဆီ ခဏပို့ထား၊ ဂျပန်တွေ ဒီတပ်ကိုလာရှာချင်ရှာမယ်၊ တပ်ထဲကိုအဝင်မခံနဲ့ ကင်းတွေနောက်ထပ်တိုးပြီးချထား၊ တပ်ကိုအဆင်သင့်အပြင်ခိုင်းလိုက်ပေတော့"

အရေးတကြီးအမိန့်များပေးအပ်ကာဗိုလ်ကြီးအောင်မင်းကျော်သည် ကြိုတင်ပြင်ဆင်မှုများ ပြင်ဆင်လိုက်ပါသည်။ဗိုလ်အေးမောင်သည် တပ်စုမှူးများကိုခေါ်ယူကာ ချက်ခြင်းတပ်ကို အဆင်သင့်ပြင်ဆင်လိုက်ပါသည်။

မိနစ်နှစ်ဆယ်ခန့်အကြာတွင် ဂျပန်စစ်သားများ၏ ဆူဆူညံညံအသံများကို တပ်ဝန်းတံခါးဆီက ထွက်ပေါ်လာတော့သည်။ ဗိုလ်ကြီးအောင်မင်းကျော်သည် ဗိုလ်ညွန့်မောင်၊ ဗိုလ်အေးမောင်တို့နှင့်အတူ တပ်ဝန်းတံခါးဆီသို့ ချက်ခြင်းထွက်၍ကြည့်လိုက်ရာ၊ ဂျပန်စစ်သား ဆယ်ငါးယောက်ခန့်သည် တပ်ထဲသို့အတင်းဝင်ရန် ကျိုးစားနေသည်ကိုတွေ့ရပြီး ကင်းစောင့်ရဲဘော်များကလည်း သေနတ်များနှင့်ပစ်ခတ်ရန် ချိန်ရွယ်နေသည်ကြောင့် ဂျပန်ဘာသာနှင့် ဗိုလ်ကြီးအောင်မင်းကျော်က လှမ်း၍....

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ကြတာလဲ....မင်းတို့ဘယ်တပ်ကလဲ"

မေးရင်း တံခါးဝဆီသို့ရဲတင်းနာ တက်သွားလိုက်သည်။

"ဟိုမှာ- သူတို့တပ်ကအရာရှိဖြစ်မှာဘဲ အဲဒီအကောင်ကိုဝိုင်းချကွာ"

ဂျပန်စစ်ဗိုလ်တဦး၏ အသံကြောင့် ဗိုလ်ကြီး အောင် မင်းကျော်သည်....

"ဘာလဲ-မင်းတို့က စစ်မှုထမ်းအချင်းချင်း ရန်သူဖြစ်ချင်ကြသလား၊ မင်းတို့ စည်းကမ်းမရှိကြဘူးလား၊ သူများတပ်ထဲဝင်ချင်ရင် ခွင့်တောင်းရတဲ့ထုံးစံ နားမလည်ဘူးလား-လူမိုက်တွေ"

ကြိမ်းဝါးရင်း ဂျပန်တစုကို ရင်ဆိုင်လိုက်ရာ၊ ဂျပန်စစ် သား နှစ်ယောက်က လှံစွပ်တပ်ထားသော ရိုင်ဖယ်များနှင့် ဗိုလ်ကြီးအောင် မင်းကျော်ကို တက်၍ထိုးရန်ပြေးအလာတွင် ဗိုလ်ကြီး အောင်မင်းကျော်၏ ခြောက်လုံးပြူးသေနတ်သည် အဆင်သင့်ထုတ်၍ချိန်လိုက်သည်ကြောင့် ဂျပန်စစ်ဗိုလ်က ဒေါသကြီးစွာနှင့်....

"ဒီအကောင်ကို ထိုးသတ်ကြကွာဟေ့"

ဟု အမိန့်ပေးလိုက်ပြီး သူ၏ခြောက်လုံးပြူးကိုဆွဲ ထုတ်လိုက်ရာ-အနီးဆုံးရှိ ဗိုလ်ညွန့်မောင်သည် လျင်မြန်စွာ ဂျပန်စစ်ဗိုလ်၏ ညာဘက်လက်ကို စစ်ဘိနပ်ဖြင့်ခတ်၍ထုတ်လိုက်ရာ ခြောက်လုံးပြူးသည် လွင့်စင်သွားပြီး ဘေးမှ အရံသင့်ချိန်ထားသော ဗမာစစ်သားများက ဂျပန်များကိုပစ်ခတ်ရန် နီးနီးကပ်ကပ် ချိန်ရွယ် လိုက် ပါတော့သည်။ ဂျပန်စစ်ဗိုလ်နှင့် စစ်သားများသည် တဟူးဟူးဒေါသထွက်နေကြပြီး ရှေ့သို့အတင်းပစ်ခတ်ရန် အားထုတ်လိုက်တွင် ဗိုလ်ကြီး အောင်မင်းကျော်က ပစ်ခတ်ရန် အမိန့်ပေးရန်အတွက် ပါးစပ်ဟရန် အသင့်ဖြစ်လိုက်ချိန်တွင်....

"အားလုံးရပ်လိုက်ကြ-ဒါဘာလုပ်တာလဲ"



ဂျပန်စစ်ဗိုလ်ကြီးတဦး၏ အရေးတကြီးအမိန့်သံကြောင့် အမိန့်သံထွက်ပေါ်ရာဆီသို့ အားလုံးစုပြုံ၍ကြည့်လိုက်သည်တွင် ဂျပန်မြို့တော်တပ်ဘက်မှ ဗိုလ်မှူးကြီးတဦးနှင့် ကင်ပေတိုင် အရာရှိများကို တွေ့ရပေ၏။

"မင်းတို့အပြင်ထွက်သွား၊ ဘာလဲ-စစ်စည်းကမ်း နားမလည်ဘူးလား"

ကင်ပေတိုင်စစ်ဗိုလ်က ဂျပန်စစ်သားများကိုဆဲဆိုကာ တပ် တံခါးဝမှ နှင်ထုတ်လိုက်ပြီး....

"ဘယ်လိုဖြစ်ကြတာလဲ-ဗမာအရာရှိ၊ မြို့ထဲမှာ ဘာတွေဖြစ်တယ်ဆိုတာများသိသလား"

"မြို့ထဲ ဘာတွေဖြစ်တယ်ဆိုတာ ကျုပ် ဘာမှသိစရာမလိုဘူး....၊ ကျုပ်တပ်ထဲကို ကျုပ်အမိန့်မရဘဲ အတင်းဝင်လာတာကြောင့်ကျုပ်နဲ့ ခင်ဗျားတို့နိပ္ပန်စစ်တပ်နဲ့ စကားများတယ်၊ ပြီးတော့ ကျုပ်ကို လှံစွပ်နဲ့ ထိုးဖို့၊ ခြောက်လုံးပြူးနဲ့ ပစ်ဖို့ အမိန့်ပေးတာကို ကျုပ် စကားပြောရလိမ့်မယ်၊ ဒါ-ဘာသဘောလဲ-ဗမာတပ်နဲ့ ဂျပန်တပ်ဟာ ရန်သူလား-မဟာမိတ်လား"

"မင်းတို့ထဲက အရာရှိနဲ့ မျက်မြင်သက်ရှိထွက်ခဲ့ ကျန်တဲ့စစ်သားတွေ ခုချက်ခြင်း မင်းတို့တပ်ကိုပြန်ကြ"

ဂျပန်ဗိုလ်မှူးကြီးသည် ချက်ခြင်းအခြေအနေကိုအုပ်ထိန်းလိုက်ပြီး လူစုခွဲလိုက်ပါသည်။

"မြို့ထဲမှာ ဂျပန်စစ်သားနှစ်ယောက်ကို ဗမာစစ်သား တယောက်က ဓါးနဲ့ ခုတ်သွားတယ်၊ ကျုပ်တို့နိပ္ပန်စစ်သားတယောက် သေကျန်ရစ်ခဲ့တယ်၊ တယောက်ဒဏ်ရာပြင်းပြင်းထန်ထန်ရခဲ့တယ်၊ အဲဒီဓါးနဲ့ ခုတ်တဲ့ဗမာစစ်သား ခုဘယ်မှာလဲ"

"ဗမာစစ်သားတိုင်း ကျွန်တော့တပ်ကလို့ပြောလို့ ရမှာလား....

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီး၊ တတိုင်းလုံး တပြည်လုံးရှိနေတဲ့ကိစ္စဘဲ....၊ ဘယ်သူက ကျွန်တော့တပ်ကစစ်သားလို့ ပြောသလဲ၊ ဗိုလ်မှူးကြီးတို့ မသင်္ကာရင် ကျွန်တော့်ရဲဘော်တွေတန်းစီပေးမယ်- ကြိုက်သလိုလိုက်ကြည့်ပါ၊ အဲဒီဓါးနဲ့ ခုတ်တဲ့ရဲဘော်တွေ့ရင် ဆွဲထုတ်ဖမ်းသွားပါ၊ ကြိုက်သလိုစီရင်ပါ ကျေနပ်ရဲ့လား”

ဂျပန်ယောက်ဖတော်ချင်ပုံရသော အရပ်ထဲမှလူတယောက်ဆီသို့ ဂျပန်စစ်ဗိုလ်က တိုးတိုးတိုင်ပင်လိုက်ပြီး....

“ကောင်းပြီ....တန်းစီလိုက်၊ ကျွန်တော်ကိုယ်တိုင် ကြည့်မယ်”

ဗိုလ်ကြီး အောင်မင်းကျော်သည် ;သူ၏တပ်ဖွဲ့ကို လက်နက် ကာယာ အစုံဖြင့် တန်းစီခိုင်းလိုက်ပြီး ဂျပန်ဗိုလ်မှူးကြီးနှင့် ကင်ပေတိုင် အသတ်ခံရသော ဂျပန်တပ်မှ အရာရှိတဦးနှင့် သက်သေဗမာတဦးပါ တပ်သားများကို တဦးချင်းလိုက်လံ၍ ကြည့်ရှုရှာဖွေ ခိုင်းလိုက်ပါသည်။ တတပ်လုံးရှိရဲဘော်များကို ကင်းတပ်စုမှ အမြန်ဆုံး အပြန်ပြန် အလှန်လှန် ရှာဖွေစစ်ဆေးပြီး၊ တပ်ကြပ်ကြီး-စိုးသိန်းကို မှတ်မိလိုက်သော ဗမာသက်သေက မရှာနိုင်သည့် အဆုံးတွင် ဂျပန် စစ်ဗိုလ်များသည် လက်လျှော့လိုက်ရပေ၏။

“ကဲ....ရှင်းပြီ၊ ကျေနပ်ပြီမဟုတ်လား၊ နောက်ကို ဒီလိုစွပ်စွဲချင်ရင် ခိုင်ခိုင်မာမာနဲ့ လုပ်ပါ၊ ကျုပ်တို့ခင်ဗျားတို့နိပ္ပန်စစ်တပ်တွေဟာ မဟာမိတ်တပ်ချင်းဖြစ်ကြတာမို့ တတပ်နဲ့ တတပ်အထင်အမြင်မမှားစေချင်ဘူး”

ဓါးခုတ် ခံရသော ဂျပန်စစ်တပ်မှ စစ်ဗိုလ်သည် သက်သေကို စိတ်ဆိုးမာန်ဆိုးနှင့်ဖိကာ ပါးနားများကို တဖြောင်းဖြောင်း ရိုက်ရင်း....တိုတိုတောင်းတောင်းပင်....

“ဝမ်းနည်းပါတယ် တိုက်အေးစံ”



ပြောကာ သူ၏အကြီးအကဲ ဂျပန်ဗိုလ်မှူးကြီးကိုအလေးပြုကာ လှည့်၍ထွက်သွားပါတော့သည်။

“ခုလိုဖြစ်ရတာ အများကြီး ဝမ်းနည်းပါတယ် ဗိုလ်မှူးကြီး.... ကျွန်တော်တို့ဟာ နူနယ်တဲ့ စစ်တပ်ကို အုပ်ချုပ်ရတဲ့ တာဝန်ခံတွေ ဖြစ်ပေမဲ့ စစ်စည်းကမ်းဥပဒေကို အလွန်လေးစားပါတယ်၊ ပြီးတော့ နောင်တော် နိပ္ပန်စစ်တပ်ကိုလဲ ချစ်ကြည်လေးစားပါတယ်၊ ခုလို အထင်မှား အမြင်မှားဖြစ်ရတဲ့ကိစ္စကို အင်မတန်ဝမ်းနည်းမိပါတယ်၊ ဗမာစစ်သားတယောက် ဆိုတဲ့ ကိစ္စ သက်ဆိုင်ရာ စစ်ဌာနချုပ်ကို ကျွန်တော်ချက်ခြင်းအစီရင်ခံပါ့မယ်၊ ဘယ်တပ်ကဆိုတာ သေသေချာချာမရ,ရအောင်စုံစမ်းပြီး အရေးယူဖို့ဖြစ်ပါတယ်”

“ကျေနပ်ပါတယ်တိုက်အေးစံဗိုလ်ကြီး၊ ကျွန်တော်တို့အနေနဲ့ လဲ ဂျပန်နဲ့ ဗမာ ရန်မဖြစ်ရအောင် အချိန်မှီ ဝင်ရောက်ထိမ်းသိမ်းပေးခြင်း ဖြစ်ပါတယ်၊ တခါတခါ ဘယ်တပ်ဖွဲ့ကမဆို မပြောပလောက်တဲ့ အမှားအယွင်းတွေရှိရင် သီးခံပြီး ထိမ်းသိမ်းသွားကြဖို့ လိုပါတယ်၊ ခုလို ကူညီမှုပေးအပ်တဲ့ အတွက် အင်မတန် ကျေးဇူးတင်ပါတယ်၊ ကိုင်း....ကျွန်တော်တို့ကိုသွားခွင့်ပြုပါအုံး”

ဗိုလ်မှူးကြီးက နှုတ်ဆက်လိုက်ရာ ဗိုလ်ကြီး-အောင်မင်းကျော်က ဖေါ်ရွှေစွာဖြင့် အလေးပြုအရှိအသေ ပေးလိုက်ပြီးနောက် ဂျပန် ဗိုလ်မှူးကြီးရော ကင်ပေတိုင် အဖွဲ့ဝင်တွေပါ ကားဆီသို့လှည့်ကာ ထွက်ခွါသွားကြပါသည်။

“အတော်ဆိုးတဲ့ စိုးသိန်း—၊ ငပုတွေကလဲ သူတို့တပ်သားတွေ အသတ်ခံရတော့ ဘယ်မှာကျေနပ်ပါ့မလဲ... ဒီကိစ္စကို လက်စပျောက်အောင် လုပ်မှဖြစ်မယ် ဗိုလ်ညွန့်မောင်—၊ ငပုတွေနဲ့ ကျုပ်တို့ တချီတမောင်း ပွဲဦးထွက်တည်ရမြဲ အောက်မေ့လိုက်တာဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီး-အောင်မင်းကျော်သည် သက်ပြင်းတချက်ချကာ သူ၏ လက်အောက် အရာရှိများကိုပြောလိုက်ပါသည်။

“ရဲဘော်တွေကလဲ သေနတ်တွေနဲ့ ပစ်ချတော့မလို့၊ ကင်းရှေ့ စောင့်က စက်သေနတ်နှစ်လက်နဲ့ အသင့်ချိန်ထားတာ၊ ပုတွေမမြင် လိုက်ဘူး၊ ကျွန်တော်တို့အနေနဲ့တော့ ဗိုလ်ကြီးကိုနည်းနည်းမှအထိ မခံနိုင်ဘူး၊ ဖြစ်ချင်ရာတွေဖြစ်သွားသွားဘဲ”

“ကိုင်း....ရဲဘော်တွေကို ခေတ္တ အနားပေးလိုက်....ကင်းကိုတော့ ဒီအတိုင်းပြန်ချထား၊ စီစဉ်စရာတွေစီစဉ်ကြရအောင်”

ဗိုလ်ကြီး-အောင်မင်း ကျော်၏ တပ်ဖွဲ့နှင့် ဂျပန်စစ်သားများ အချင်းဖြစ်ပွားရသကဲ့သို့ အလားတူ ဂျပန်စစ်သားများ၏စော်ကား ရမ်းကားမှုကြောင့် မျိုးချစ်စိတ် ပြင်းပြလှသော ဗမာစစ်သားတို့ သည် လူမှုအရေးတွင် လက်ပိုက်ကြည့်မနေနိုင်ဘဲ ကိုယ်ထိလက်ရောက် ဝင်ရောက်ကူညီကာ ဂျပန်စစ်သားတွေကိုလက်စားချေသည်ကြောင့် မကြာခဏ အချင်းများမှုများ ဖြစ်ပွားသည်မှာ ဖက်ဆစ်တော်လှန် ရေး၏ ပဏာမနိဒါန်းပိုင်းကလေးများပင် ဖြစ်ချေ၏။

ဗမာ့တပ်မတော်စစ်ဌာနချုပ်၏ ရုံးတက်ချိန်ကာလ ဖြစ်ပေ၏။ ရုံးနယ်မြေတလျှောက်၌ ကင်းစောင့် ရဲဘော်များ၏ လှုပ်ရှားသွား လာသံများဖြင့် ဖုံးလွှမ်းနေကြသလောက် ရုံးခန်းများ အတွင်း၌ တာဝန်ခံများ၏အလုပ်အကိုင်များအတွက် အသက်ဝင်လှုပ်ရှား နေ ခိုက်ပင်....

“အဲဒီ တပ်မဟာနယ်မြေအတွက် နိုင်ငံရေးမှူးနဲ့ အမျိုးသမီးဌာန အတွက် အမျိုးသမီးတပ်ဖွဲ့က နှစ်ယောက်ထည့်ပေးလိမ့်မယ်၊တခြား သူတွေမဟုတ်ပါဘူး၊ ဗိုလ်မှူး-တင်ဌွေရဲ့နှမ ‘ထွေး’နဲ့ ခေါင်းဆောင် ဦးထွန်းတင်ရဲ့ သမီး ‘စုစုမြိုင်’ တို့ဖြစ်တယ်၊ ဗိုလ်ကြီးအောင်မင်းကျော် က ဒီအမျိုးသမီးနှစ်ယောက်ရဲ့ လုံခြုံမှုကိုတာဝန်ယူရလိမ့်မယ်၊ လုပ်



တာ ကိုင်တာတွေကို သိပ်သတိထားပါ၊ ပုတွေကလဲ ပိုက်စိပ်တိုက် လိုက်ပြီး အနံ့ခံနေကြတယ်၊ ဗိုလ်ချုပ် အောင်ဆန်းအနေနဲ့ ထိပ် ဆုံးက တာဝန်ရှိတဲ့ စစ်သေနာပတိ ဖြစ်တဲ့အတိုင်း အချိန်မကျမီ ပုတွေကို ကျွန်တော်တို့ ခု လုပ်ဆောင်ကြမဲ့ အစီအစဉ်ကို မရိပ်မိ အောင် ပရိယာယ်သုံးနေရတယ်”

စစ်ဆင်ရေးတာဝန်ခံ ဗိုလ်မှူး-စောမောင်သည် ဗိုလ်ကြီး-အောင် မင်းကျော်အား ခေါ်ယူကာ တာဝန်များကိုအသေးစိပ် ပြောပြနေ ပါသည်။

“ကျွန်တော်တို့တိုက်ခိုက်တဲ့တပ်ဖွဲ့မှာထားပေးပါ ဗိုလ်မှူး၊ကျွန် တော် တပ်မဟာရုံးအဖွဲ့မှာ မနေပါရစေနဲ့၊ တိုက်ရခိုက်ရမှ ကျေနပ် မှာ မို့ပါ”

“ဒါကတော့ မဖြစ်နိုင်ဘူး ဗိုလ်ကြီး-အောင်မင်းကျော်၊စစ်ဦးစီး အဖွဲ့က ဗိုလ်ကြီး-အောင်မင်းကျော်ကို ဒီတပ်မဟာ လုံခြုံရေး ဌာန အတွက် သီးသန့်ရွေးထုတ်ပြီး တာဝန်ပေးထားတာကို ကျွန်တော်က တာမှုပြင်လို့ ဆင်လို့ ရွှေ့ပစ်လို့ မရဘူးဗျာ”

ဖက်ဆစ်တော်လှန်ရေး တိုင်းဌာနခွဲရာ၌ သူမလိုလားသော တာ ဝန်ကို ထမ်းဆောင်ရမည့်အရေးကြောင့် တိုက်စစ်သို့ရွှေ့ပြောင်းရန် ကရေးဆိုနေသောဗိုလ်ကြီး-အောင်မင်းကျော်ကို ဗိုလ်မှူး၊စောမောင် က မေတ္တာ ရပ်ခံနေခြင်းသာ ဖြစ်ပေ၏။ ထိုကြောင့်လည်း အမိန့် အာဏာကို မလွန်ဆန်နိုင်သည့်အဆုံး၌ ဗိုလ်ကြီး-အောင်မင်းကျော် သည် တာဝန်ခံကိုအလေးပြုကာ ရုံးခန်းအပြင်ဘက်သို့ ထွက်ခဲ့ရပါ သည်။

“ဗျို....ဗိုလ်ကြီး-အောင်မင်းကျော် ဒီကိုခဏဗျာ”

ရုံးခန်းတခန်းဆီမှ လှမ်း၍ ခေါ်လိုက် သည်ကြောင့် ဗိုလ်ကြီး အောင်မင်းကျော်သည် လှမ်း၍ကြည့်လိုက်ရာ ထောက်ပန့်ရေး ရုံး

www.burmeseclassic.com

www.burmeseclassic.com



ခမ်းမှ ဗိုလ်မှူး-တင်ငွေဖြစ်နေသောကြောင့် ချက်ခြင်းအလေးပြုကာ ရုံးခမ်းထဲသို့ဝင်ခဲ့ရပြန်သည်။

ရုံးခမ်းအတွင်းတနေရာ၌ကား ခေတ်ဆန်ဆန်ဝတ်စားထားသော အမျိုးသမီး နှစ်ဦးကို တွေ့လိုက်ရပေ၏။ နှုတ်ခမ်းနီ ပါးနီ ဆိုးကာ ဆံပင်မှာ အနောက်တိုင်းဆန်ဆန် ပုံပြင်ထားသည်ကိုပါ တွေ့လိုက်ရပေ၏။ အမျိုးသမီးနှစ်ဦးက ဗိုလ်ကြီး-အောင်မင်းကျော်ကို အင်မတန် ဖေါ်ရွေလိုသောအရိပ်လက္ခဏာများ အရှင်းသား တွေ့လိုက်ရသော်လည်း ဗိုလ်ကြီး-အောင်မင်းကျော်အဘို့ သူနှင့် တကြိမ်တခါမှ မသိဘူးသော အမျိုးသမီးများဖြစ်နေ၍ ဣန္ဒြေရရနှင့် ဗိုလ်မှူး တင်ငွေ ညွှန်ပြသော ကုလားထိုင်တလုံးပေါ်တွင် ဝင်ရောက်ထိုင်လိုက်ရပေ၏။

"ကြုံကြိုက်တုန်းမှာ ဗိုလ်ကြီး-အောင်မင်းကျော်ကို ကျွန်တော့်နှမတွေနဲ့ မိတ်ဆက်ပေးပါရစေ.... ဟောဒါက ထွေး၊ ဟောဒါက စုစုမြိုင်ပါဘဲ၊ မကြာခင်မှာ ဗိုလ်ကြီး-အောင်မင်းကျော်တို့ တိုင်းကို သူတို့ရောက်ရှိပြီး၊ ရှေ့လုပ်ငန်းစဉ်တွေကို လုပ်ဆောင်ပါလိမ့်မယ်၊ ဗိုလ်ကြီး-အောင်မင်းကျော်အနေနဲ့ တတ်နိုင်သမျှစောင့်ရှောက်ပါ၊ လိုအပ်တဲ့ အကူအညီတွေလဲပေးပါဗျာ"

"ဟုတ်ကဲ့-ဗိုလ်မှူး...."

ခတ်တိုတိုပင်ဖြေကြားလိုက်ပါသည်။ ထွေးအမည်ခံ အမျိုးသမီးက ချက်ခြင်း ထိုင်ရာမှထ,ကာ....

ဗိုလ်ကြီးသတင်းတွေကိုကြားရပါတယ်၊ အထူးတပ်ဖွဲ့ကိုအုပ်ချုပ်ပြီး နယ်စပ်မှာပွဲကြီးပွဲကောင်းတွေ တိုက်ခိုက်အောင်မြင်ခဲ့တယ် ဆိုတာ....ထွေးနဲ့ စုစုမြိုင်တို့ကဖြင့် လူကိုမတွေ့ဘူးပေမဲ့ နံမည်ကိုကြားကတည်းက တွေ့ချင်-မိတ်ဖွဲ့ချင်နေပါတယ်ရှင်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ.... တပ်မတော်သားတိုင်းဟာ



တာဝန်အရ တိုက်ရခိုက်ရမှာပါဘဲ၊ ကျွန်တော်တယောက်ရဲ့ နံမည်ကောင်းတာ-ကြီးတာကို မလိုလားပါဘူး၊ တပ်တော်က ပေးအပ်တဲ့ တာဝန်ကျေပြွန်ဘို့ဘဲ အဓိကထားပါတယ်ခင်ဗျာ"

"ဘယ်ဟုတ်မှာလဲ ဗိုလ်ကြီးရဲ့၊ ဗမာ့တပ်သာမကဘူး ဂျပန်တပ်တွေထဲမှာတောင် ဗိုလ်ကြီးရဲ့ တကယ့်သတ္တိစွန့်စားမှုတွေဟာ ရေပန်းစား နံမည်ကြီးနေတဲ့ ကိစ္စဘဲ၊ မနေ့ကဆိုရင် မေဂျာ-စုံဇူးကီနဲ့ တွေ့လို့ ဗိုလ်ကြီးအကြောင်းတွေ ပြောခဲ့ကြသေးတယ်၊ ဂျပန်တပ်ဆိုရင် အထူးတပ်ဖွဲ့အနေနဲ့ စေလွှတ်တာ တပ်လုံး ပြုတ်ခဲ့ရတယ်.... ဗိုလ်ကြီးတပ်ဖွဲ့ကျမှ ရဲဘော် တယောက်သာ ကျပြီး၊ ရန်သူ့ဆီက လက်နက်တွေ၊ ရိက္ခာတွေရအောင်ယူပြီး ကိုးလလုံးလုံး ယှဉ်ပြီးပြိုင်ပြီး ရန်သူစခမ်းတွေကိုတိုက်ခိုက်နိုင်တာဟာ စစ်ရေးစစ်ရာမှာကြွမ်းကျင်မှု ရှိနေကြတာကို ဂျပန်တပ်တွေက သိပ်ချီးကျူးနေကြတယ်"

"ဒါကတော့ ဒေသကြွမ်းကျင်မှုနဲ့ ဗိုလ်ချုပ် အောင်ဆန်းရဲ့ ကျေးဇူးပေါ်မှာရှိနေပါတယ်၊ မစုစုမြိုင်လိုအပ်တဲ့ အကူအညီတွေ ရှိရင်လဲပြောပါ၊ အထူးသဖြင့် ဆေးဝါးတွေ လိုပါလိမ့်မယ်၊ နွေကာလမှာအလုပ်လုပ်ကြမှာမို့ မျက်စင်းဆေးတွေ၊ ဝမ်းဖေါ-ဝမ်းရောင်-ဝမ်းကျဆေးတွေ၊ ချေးငုပ်တဲ့အခါသုံးဆောင်ရတဲ့ ဆေးဝါးတွေ လိုပါလိမ့်မယ်ခင်ဗျာ"

"ကျေးဇူးတင်ပါတယ်ရှင်"

အမျိုးသမီး နှစ်ယောက်စလုံးက ဝမ်းမြောက် ဝမ်းသာစွာဖြင့် ပြိုင်တူလိုပင်ပြောလိုက်ပါသည်။

"ဗိုလ်မှူး....ကျွန်တော့် ဒီမြင်ကိစ္စရှိသေးသလားခင်ဗျာ"

"အို....မရှိပါဘူး၊ ထွေးနဲ့မြိုင်တို့နဲ့ မိတ်ဆက်ပေးရုံပါဘဲ.... သွားနိုင်ပါပြီ"

ဗိုလ်မှူး-တင်ငွေက သွားခွင့် ပြုလိုက်သည်ကြောင့် ဗိုလ်ကြီး-

www.burmeseclassic.com

www.burmeseclassic.com



အောင်မင်းကျော်သည် အလေးပြုလိုက်ပြီးနောက် အမျိုးသမီး နှစ်ယောက်ကိုပါ နှုတ်ဆက်လိုက်ပြီး ထွက်လာခဲ့ပါသည်။

အမျိုးသမီး နှစ်ယောက်သည် ဗိုလ်ကြီး အောင်မင်းကျော်၏ အင်မတန် ယောကျ်ားပီသလှပသော မျက်နှာကိုယ်လုံးကိုယ်ပေါက် ကို စိတ်ထဲတွင်ကြိတ်ကာ အကြီးအကျယ်သဘောကျနေကြပါသည်၊

"အလွန်တော်တဲ့လူဘဲ....ဗိုလ်ကြီးအောင်မင်းကျော်ဟာ ခေတ် ပညာလဲ ကောင်းကောင်းတတ်တယ်၊ တက္ကသိုလ်ပညာလဲရှိတယ်"

ဗိုလ်မှူး-တင်ငွေသည် ဗိုလ်ကြီး-အောင်မင်းကျော်အကြောင်းကို အနည်းငယ်ပြောလိုက်ပါသည်။

"စပို့မင်းနဲ့ တူတယ်၊ ကိုယ်လုံး ကိုယ်ပေါက်ကလဲ အင်မတန် ကောင်းပြီး၊ ရုပ်ကလဲအလွန်မြင့်တယ်၊ အမျိုးသမီးတွေနဲ့ အတော် စမ်းပွင့်မဲ့အရာရှိဘဲ"

စုစုမြိုင်က ရယ်မောရင်းပြောလိုက်ရာ ဗိုလ်မှူး-တင်ငွေသည်....

"ဒီလူလား— အင်မတန် အမျိုးသမီးတွေနဲ့ ကင်းရှင်းနေတဲ့လူ- ပြီးတော့ အရက်တို-ဆေးလိပ်တို့ဆိုရင် ဝေလာဝေးဘဲ"

"ဟုတ်တယ်မြိုင်....ခု-သူ့ကြည့်ရတာ ခတ်အေးအေး၊ခတ်တည် တည်ဘဲ၊ ဘယ်လိုလူမျိုးလဲမသိဘူးနော်"

သုံးဦးသားသည် ဗိုလ်ကြီး အောင်မင်းကျော်၏ အကြောင်းကို တိုင်ပင်ဆွေးနွေးနေကြပါသည်။

မကြာမီ ဖိုက်ဆစ်တော်လှန်ရေးအတွက် တိုင်းဌာနချုပ်များ ဖွဲ့ ကိုင်သည့်အမိန့်စာကို ဗိုလ်ကြီးအောင်မင်းကျော်သည်ရရှိခဲ့ပေသည်။ ဗိုလ်ကြီး-အောင်မင်းကျော်နှင့် သူ၏တပ်ဖွဲ့ကို ဗိုလ်မှူး-ထင်ကျော် အုပ်ချုပ်သည် တိုင်းအောက်တွင်ရောက်ရှိသွားပြီး၊ ဒုတိုင်းမှူးအဖြစ် ဗိုလ်မှူး သိန်းအောင်က တာဝန်ယူ၍ တိုင်းဌာန လုံခြုံရေး အတွက် ဗိုလ်ကြီး-အောင်မင်းကျော်က တာဝန်အသီးသီး ယူကြရလေသည်။



"လာလေ....ဗိုလ်ကြီး- အောင်မင်းကျော်၊ ထမင်းဝင်ပြီး စားပေ တော့"

ထွေးသည် တိုင်းမှူး ဗိုလ်မှူး ထင်ကျော်နှင့် စားသောက်နေရာမှ ဗိုလ်ကြီ အောင်မင်းကျော်ကို ထမင်းစားခေါ်လိုက်ရာ—

"နေပါစေ ထွေး....ကျွန်တော်ရဲ့ ရဲဘော်တွေနဲ့ အတူတူစား ပါ့မယ်၊ ဟောဒီကအလုပ်ကလေး မပြီးသေးလို့ပါ"

ထွေးသည် သူမတို့နှင့်အတူ ထမင်းပွဲသို့ တပျော်တပါးမစား သောက်သည့် ဗိုလ်ကြီး-အောင်မင်းကျော်ကိုမဖကျနပ်သောမျက်လုံး ကလေးများနှင့်အတူ ကြည့်လိုက်ပါသည်။

"တကယ်အလုပ်လုပ်တဲ့လူဘဲ ဗိုလ်သိန်းအောင်၊ ပြီးတော့ သူ့ ရဲဘော်တွေနဲ့ ဘယ်တော့မှမခွဲဘူး"

တိုင်းမှူးကြီးသည် ဗိုလ်ကြီး-အောင်မင်းကျော် ထွက်ခွါသွားရာ သို့ကြည့်ရင်း ပြောလိုက်ရာ ထွေးသည်....

"အားလုံးကောင်းပါတယ်၊ ဒါပေမဲ့ ဗိုလ်ကြီး-အောင်မင်းကျော် မှာ ချို့ယွင်းချက်တခုရှိတယ်၊ပေါင်းသင်းဆက်ဆန်ရေးမှာလိုသေး တဲ့ အချက်ဘဲ"

ညနေ စစ်ရေးလေ့ကျင့်ခန်း ဆင်းသောအချိန်သို့ ဆိုက်ရောက် လာပါတော့သည်။ ဗိုလ်အောင်မင်းကျော်သည် တိုင်းစစ်ဌာနချုပ်ရှိ တာဝန်ခံများအား အရေးကြုံလျှင် တိုက်ခိုက်နိုင်အောင် စစ်ရေးစစ် ရာ ပြင်ဆင်မှုများ လုပ်ဆောင်ရန် တာဝန်ရှိသည့်အတိုင်း စစ်ရေး လေးကျင့်ခဏ်းဆင်းရန်အတွက် လူစုရန်အချက်ပေးလိုက်၏။

သို့ရာတွင် ထွေးနှင့်မြိုင်တို့သည် ပျင်းရိဖင့်နွဲ့စွာဖြင့် တန်းစီးရာ သို့ လာနေသည်ကြောင့် ကျန်တာဝန်ခံများမှာ တန်းစီပြီး ဖြစ်နေ သည်အတွက်....

"အမျိုးသမီးနှစ်ဦး အမြန်လာပြီးတန်းစီပါ"

www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍အမိန့်ပေးလိုက်ရာ ထွေးနှင့်မြိုင်တို့သည် နှုတ်ခမ်းများ ရှူ သွားပြီး၊ မကျေမနပ်နှင့်တန်းဝင်၍စီရပေ၏။

"ခုအချိန် အခါမှာ စစ်ရေးစစ်ရာ ကာလဘဲ၊ တာဝန်ခံတို့ဟာ စစ်ရေးစစ်ရာကိစ္စတွေကို ပျော်ပွဲစားထွက်သလို သဘောမထားရဘူး၊ လူတိုင်း-ရဲဘော်တိုင်းဟာ တာဝန်ကို အထူး လေးစားရမယ်၊ ဒါကြောင့် ထွေးနဲ့မြိုင်တို့ဟာ စစ်စည်းကမ်းနဲ့ အမိန့်ကို အတိအကျ လိုက်နာပါ"

ဗိုလ်ကြီးင်အောင်မင်းကျော်က တန်းစီအပြီးတွင် သတိပေးစကား ပြောကြားလိုက်ပါသည်။

ညနေပိုင်း ထမင်းစားချိန်တွင် တိုင်းမှူး၊ ဒုတိုင်းမှူးနှင့် ထွေး မြိုင် အစရှိသည့် တပ်မဟာရုံးအဖွဲ့ဝင်များ ထမင်းစားခိုက်တွင် ဗိုလ်ကြီး အောင်းမင်းကျော်သည် ကင်းတာဝန်များရှိနေ၍ ရုတ်တရက် တမင်းပွဲသို့ မပါဝင်နိုင်ဘဲရှိနေစဉ်တွင်....

ထွေးသည် နေ့ခင်း လေ့ကျင့်ခန်းကိစ္စကို မကျေမနပ် ဖြစ်နေသည့်အလျောက်....

"ဒီနေ့ညနေလေ့ကျင့်ခန်း ဆင်းတဲ့အခါမှာ ထွေးတို့ အနည်းငယ် နောက်ကျတာနဲ့ ဗိုလ်ကြီး အောင်မင်းကျော်က အတော် ဆူတယ်၊ တန်းစီပြီး သတိပေးတာတွေ ခံရတယ်၊ နောက်ကျတာကလဲ နောက်ပိုင်းတာဝန်လုပ်ငန်းတွေမပြီးပြတ်သေးတော့ နောက်ကျတာပါဘဲ"

စတင်ကာ သူမတို့၏ ခံစားချက်ကို သွယ်ဝိုက်သည့်နည်းနှင့် တိုင်တန်းလိုက်ရာ၊ ဗိုလ်မှူးသိန်းအောင်မှာ ထွေးတို့နှင့် မသွေမျိုး နီး စပ်တော်သူဖြစ်၍....

ဗိုလ်ကြီး-အောင်မင်းကျော်ကိုပြောပါအုံးမယ်-ဒီကိစ္စအတွက်"



"အဲဒီလူကြည့်ရတာ သိပ်စစ်ဝါဒဆန်တာဘဲအကိုကြီး....၊ နေရာတိုင်းမှာ အမိန့်နဲ့ချိုင်းချင်တယ်"

မြိုင်သည် တစခမ်းထကာ အဆင်းတွင်ဆီးကပ်လိုက်ရာ တိုင်းမှူးက လူကြီးပြီပြီ-ထိမ်းထိမ်းသိမ်းသိမ်းပြောဆိုရန်အတွက်....

"သူ့တာဝန်အရ စေခိုင်းတာဖြစ်ပါလိမ့်မယ်၊ ဗိုလ်သိန်းအောင်ပြောတဲ့အခါမှာလဲ-အဆင်ပြေအောင် ညှိနှိုင်းတဲ့သဘောနဲ့ ပြောပါဗျာ"

အမှန်မှာ ထွေးကြီးနှင့်မြိုင်တို့သည် သူမတို့အား ဗိုလ်ကြီးခအောင်မင်းကျော်က ရင်းရင်းနှီးနှီး ရောရောဝင်ဝင် မရှိခြင်းအတွက် မကျေနပ်ကာ အချက်အလက်များကို မှုတည်ကာ ဗိုလ်ကြီး အောင်မင်းကျော်အပေါ်၌ အာဃာတ ထားနေခြင်းသာဖြစ်ပေ၏။ ညချမ်းကာလ-စာဖတ်ခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ထိုစင်္ခြာနချုပ်တွင် အလုပ်စတင်ကာလုပ်ကိုင်နေစဉ်တွင် ဗိုလ်ကြီး အောင်မင်းကျော်သည် ထွေးနှင့်မြိုင်တို့ရှိရာအခန်းထဲသို့ဝင်ရောက်လာပြီး....

"ညနေခင်းက ကိစ္စအတွက် ထွေးနဲ့မြိုင် ကျွန်တော်နဲ့ဆွေးနွေးကြဘို့ပါဘဲ"

စကားပလ္လင်ခံကာပြောလိုက်သည်တွင် ထွေးနှင့်မြိုင်တို့သည် မာနကလေးတွေအရင်းခံကာ ရှိနေသူများပြီပြီ—

"ဒီကိစ္စအတွက် ဘာမှဆွေးနွေးစရာမလိုတော့ဘူးဗိုလ်ကြီး၊ ဗိုလ်မှူးသိန်းအောင်က ထွေးနှင့်မြိုင်အစား ဗိုလ်ကြီးကို ဆွေး နွေး လိမ့်မယ်"

အထက်က အာဏာသံပါပါနှင့်ပြောလိုက်ရာ....

"ဒီလိုဆိုရင်လဲ-ပြီးတာဘဲဗျာ၊ ထွေးနဲ့မြိုင် ကျွန်တော့အနေနဲ့တော့ အထက်ကပေးအပ်တဲ့ အမိန့်နဲ့တာဝန်အရတော့ ခာယ်နည်းနဲ့ဖြစ်ဖြစ် ကျေပြွန်အောင်လုပ်ရမဲ့စစ်သားမို့ စစ်စည်းကမ်းတော့

www.burmeseclassic.com

www.burmeseclassic.com



တပြားမှအလျှော့ပေးမှာမဟုတ်ဘူးဆိုတာတော့ မြဲမြဲ မှတ်ထားကြစေလိုတယ်”

အေးဆေးစွာပြောလိုက်ပြီး ခြေလှမ်းတင်းတင်းနှင့် ထွက်ခွါလာခဲ့ပါသည်။ နောက်တနေ့နံနက် ရုံးအလုပ်ချိန်၌ ဗိုလ်မှူးသိန်းအောင်သည် ဗိုလ်ကြီးအောင်မင်းကျော်အားခေါ်ယူကာ မနေ့ညခင်းတွင်တွေ့နှင့်မြို့ငတို့ တိုင်တန်းချက်အရ စုံစမ်းမေးမြန်းလိုက်သည်။

“မိန်းခလေးတွေဖြစ်နေတော့ ဗိုလ်ကြီးအောင်မင်းကျော် အနေနဲ့ သိမ်သိမ်မွေ့မွေ့ ဆက်ဆန်မှုကောင်းမယ်ဗျာ၊ ပြီးတော့ ဟိုနေ့က သူတို့ရေချိုးသွားမလို့ဟာ ဗိုလ်ကြီးအောင်မင်းကျော်ကသူတို့နေ့ကို ရဲဘော်နှစ်ယောက်ထည့်မပေးလို့ သူတို့ရေမချိုးရဘူးလို့ ဘိုင်တယ်”

“မှန်ပါတယ်ဗိုလ်မှူး၊ ဟိုရုံးက ရုံးအဖွဲ့အားလုံးတာဝန်တွေနဲ့ အလုပ်လုပ်နေထုံးမှာ အမျိုးသမီးနှစ်ယောက်က ရေချိုးချင်တာနဲ့ အရေးကြီးတဲ့အလုပ်တွေကိုချခဲ့ပြီး လိုက်မပို့ဘူးကျွန်တော်အမိန့်ပေးတယ်၊ ကျွန်တော့အနေနဲ့တော့ အမိက တပ်မတော်အလုပ်ကိုဘဲ ဦးစားပေးရမှာပါဘဲ၊ ပြီးတော့- စစ်ရေးပြ လေ့ကျင့်ခဏ်း ဆင်းချိန်မှာ စည်းကမ်းဟာ အင်မတန်အရေးကြီးတဲ့အခိုက်မှာ- ဒီအမျိုးသမီးနှစ်ယောက် စည်းကမ်းပျက်တာကို ခွင့်ပြုလိုက်ရင် ကျန်တဲ့စည်းကမ်းလိုက်နာတဲ့ ရုံးအဖွဲ့ဝင်တွေပါ ပေါ့လျော့တဲ့ စည်းကမ်းပျက်ချင်တဲ့ စိတ်တွေကူးစက်လာမှာမို့ ကျွန်တော်ကတော့ ပြင်းပြင်းထန်ထန်သတိပေးလိုက်ရတာပါဘဲ”

“အေးဗျာ....-ကြည့်သာအလိုက်သင့် သူတို့ နှစ်ဦးနဲ့ အဆင်ပြေအောင်ကြည့်လုပ်ပါ ဗိုလ်ကြီး-အောင်မင်းကျော်”

ဗိုလ်ကြီးအောင်မင်းကျော်သည် အတန်ကြာ စဉ်းစားလိုက်ပြီး-

“ဗိုလ်မှူးကို ကျွန်တော်တောင်းပန်ပါရစေ၊ ကျွန်တော်ကို ဒီ



ပြင်အရေးကြီးတဲ့တပ်ဖွဲ့တွေ ပို့ပေးပါခင်ဗျာ၊ ဒီမှာဆက်ပြီးထားရင် အမျိုးသမီးတွေဆာလဲ ကျွန်တော်ကိုမြင်တိုင်း စိတ်ကောင်းမှာမဟုတ်ဘူး၊ ကျွန်တော်ကလဲ စစ်စည်းကမ်းက တချက်မှလျော့ နိုင်မှာမဟုတ်တော့ ကြာရင် ပဋိပက္ခဖြစ်မှာဘဲဗိုလ်မှူး”

“ကောင်းပြီလေ-ဗိုလ်ကြီးအောင်မင်းကျော်၊ တိုင်းမှူးကိုအခြေအနေကြည့်ပြီး ကျွန်တော်အစီရင်ခံပေးမယ်၊ ဗိုလ်ကြီး အောင်မင်းကျော်ရဲ့ ပွင့်လင်းတဲ့ သဘောထားကိုသိရတာ ကောင်းပါတယ်ဗျာ ခက်တာက အမျိုးသမီးနှစ်ယောက်က ကျွန်တော်တို့တပ်မတော်လူကြီးပိုင်းကာစေလွှတ်တာတွေမို့ သူတို့ စိတ်ကျေနပ်အောင်လဲတဖက်တလမ်းကကြည့်လုပ်ရတယ်ဗျို့”

ဗိုလ်ကြီးအောင်မင်းကျော်လည်း ဒု-တိုင်းမှူးကို အလေးပြုလိုက်ပြီး တပ်စခမ်းအနီးရှိ လက်နက်ကိုင်ထပ်ဖွဲ့များကိုစစ်ဆေးရန်ထွက်လာခဲ့ပါသည်။ ဗိုလ်မှူးသိန်းအောင်သည် တိုင်းမှူး၏ရုံးခမ်းထဲသို့ အရေးတကြီး ဝင်ရောက်သွားပြီး ဗိုလ်ကြီး-အောင် မင်းကျော် ၏ တောင်းဆိုချက်ထို ဆွေးနွေးပါတော့သည်။

မကြာမီရက်တပါတ်အတွင်း ၊ ဗိုလ်ကြီး-အောင်မင်းကျော်အား သူ၏အထူးတပ်ဖွဲ့နှင့်အတူ အစွန်ဆုံးဒေသတခုသို့ ချက်ခြင်းပြောင်းရွှေ့ရန်အမိန့်ကို လက်ခံရရှိပါတော့သည်။ ဗိုလ်ကြီး-အောင်မင်းကျော်၏တာဝန်ယူရသောဒေသသည် ရန်သူကျပန်တပ်များနှင့် အနီးကပ်ဆုံးနေရာဖြစ်ပြီး အန္တရာယ်များပြားလှသော အဆိုးဆုံးနေရာပင်ဖြစ်ပေ၏။

မတ်လ ၂၇-ရက်နေ့ သို့မဟုတ်- ဖက်ဆစ်ဂျပန်များကို တပ်မတော်နှင့်ပြည်သူလူထုက စစ်ကြေငြာသောနေ့တနေ့

မြို့ကလေးတမြို့၏အစွန် ကင်ပေတိုင်ရုံးခမ်းတပိုက်၏ ရှုခင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အား တော်လှန်မည်ကိုသတင်းရရှိထားသော ဂျပန်ကင်ပေတိုင်တပ်ဖွဲ့က လှုပ်ရှားမှုပေးနေသည့်ဗမာအကျင်းသားများ၊ နိုင်ငံရေးခေါင်းဆောင်ပိုင်း လူကြီးများနှင့် အမျိုးသမီးများကိုတသီကြီးဖမ်းဆီးထား သော ခေတ်သစ်ငရဲခမ်း ဖြစ်သော ဌာနလည်းဖြစ်ပေ၏။

ကင်ပေတိုင်ရုံးခမ်းအတွင်း၌ သားသတ်ရုံမှ သတ်ဖြတ် ပြီးသော ဝက်များ၊ ကြက်များကိုဆုတ်၍ ဇောက်ထိုးဆွဲချိပ်ထားသကဲ့သို့ဗမာ့သားကောင်းကိုလည်း ဂျပန်ဖက်ဆစ်တို့က ခြေထောက်မှဆွဲကာလေထိုးကြိုးများ၊ ကြေးနန်းကြိုးများဖြင့် ချီနေ၁င်ကာ ဇောက်ထိုးဆွဲ၍ စစ်ဆေးနေသော ညအချိန်အခါလည်းဖြစ်ပေ၏။ ရိုင်ဖယ်ကိုလှစ်ပတ်ကာ စောင့်ရှောက်နေသော ဂျပန်စစ်သားများ ကို လည်း အချုပ်ခမ်းတံခါးပေါက်များ အတွင်းခမ်း တလျှောက်၌ လှုပ်လှုပ်ရှားရှားတွေ့နိုင်ပေ၏။ အတွင်းရုံးခမ်းတနေရာတွင်မူကား၊ ကင်ပေတိုင်စစ်ဗိုလ်မှူးတဦးသည် အသက်အရွယ်ကြီးကြီး ဗမာအမျိုးသားတဦးကို စတင်ကာစစ်ဆေးနေခိုက်ပင်....

"မှန်မှန်ပြောရင် ကောင်းတယ်ရှိတယ် - မှန်မှန်မပြောရင် သေမယ်ရှိတယ်ကား"

ဟိန်းဟောက်လိုက်ပြီးနောက်....

"ဘိရှမာစစ်သားတွေ ဘယ်မှာရှိတယ်-သိသလား"

အသားထဲကလောက်ကောင် ဗမာစကားပြန်ကကြားမှနေ၍....

"ပြောလိုက်စေ အဘိုးကြီး၊ အလကား ကြားက အသတ်ခံနေရမယ်၊ ဗမာစစ်သားတွေဘယ်မှာရှိတယ်ဆိုတာ၊ သူတို့ဘာတွေကြံစီနေကြတယ်ဆိုတာ"

အမေးခံရသောအဘိုးကြီးသည် တုံတုံရီရီနှင့်....



"ကျွန်တော်တို့ဘာမှမသိကြပါဘူး စစ်ဗိုလ်ကြီးရယ်၊ ဗမာ စစ်သားတွေကို တခါကထမင်းကျွေးရတာဘဲရှိပါတယ်"

"မကောင်းဘူးရှိတယ် ဘတ်ဂါး....လိမ်ပြောတယ်ရှိတယ်"

ကြိမ်းဝါးလိုက်ပြီး အဘိုးကြီး၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်ပြီး....

"ခုတခါ — ကောင်းကောင်း မေးတယ်ရှိတယ်နော် ပြောပါ၊ မာစတာ အများကြီး စိတ်ဆိုးတယ်ရှိတယ်၊ ဘိရှမာ စစ်သားတွေ ဘာလုပ်သလဲ....သူတို့သူခိုးရှိတယ် ဘယ်မှာနေသလဲ"

အဘိုးကြီးသည် ကြောင်၍ကြည့်နေရှာပါသည်။ သူမသိသော ကိစ္စကို သိပါသည်ဟူ၍ အဘယ်မှာဖြေနိုင်ပါအံ့နည်း။

"ပြောလိုက်လေ.... အလကား နေရင်း နာချင်တယ် ထင်တယ် အဘိုးကြီး"

ဂျပန်စကားပြန်က ဘေးတီးကာ ချိမ်း ချောက် လိုက် ပြန် ၏။ အဘိုးကြီးသည် မဖြေဘဲ ငိုင်နေစဉ်တွင် ကင်ပေတိုင် စစ်ဗိုလ်သည် အနီးရှိပွက်ပွက်ဆူနေသည့် ရေနွေးအိုးထဲမှ ရေနွေးများကို ရေမှုတ်နှင့် ခတ်၍ အဘိုးကြီးမျက်နှာကို တအားပက်ချလိုက်ရာ အဘိုးကြီးသည် ဝိုးဝိုးဝါးဝါးနှင့် မချိတင်ကဲခံလိုက်ရရှာတော့၏။

"ခိုးရား....ဘိရှမာ ကောင်းကောင်းမေးတယ် ကောင်းကောင်း မပြောရင် မာစတာစိတ်ဆိုးတယ်"

အနီးရှိ တပ်ကြပ်ကြီးကို ဂျပန်ဘာသာဖြင့် တစုံတရာ အမိန့်ပေးလိုက်ပါသည်။

အချုပ်ခမ်းအတွင်း၌ အစီအရီ ဇောက် ထိုး ဆွဲ ခြင်း ခံရသော အကျဉ်းသမားများကို ဂျပန်စစ်သည် ပြောင်လှောင်ကာ လက်သိပ်ဖျားနှင့် မထိတထိထိုးရင်း သေနတ်ဒင်နှင့်ပါ ထိုးနှက်ရင်း လမ်းလျှောက်နေသလောက် မှောင်ရိပ်တွင်း၌ သေသေချာချာကြည့်နိုင်

www.burmeseclassic.com

www.burmeseclassic.com



မှ လှုပ်ရှားနေသော သဏ္ဌာန်မဲမဲများကို တွေ့မြင်နိုင်တော့သည်။ မဲမဲသဏ္ဌာန်များသည် ချုံပုတ်နှင့်အကာအကွယ်များရှိရာသို့ ရိပ်ကနဲ ဇွေ့ကနဲ ခြေသံလုံးဝမကြားရအောင် ကြိတ်ကာချဉ်းကပ်တက်ရောက် နေကြလေသည်။

ဆယ့်ခြောက်နှင့်အရွယ်ရှိ အမျိုးသမီးကလေး တဦးကို ဂျပန်စစ်သားနှင့် တပ်ကြပ်ကြီးက ကြမ်းတမ်းစွာဖြင့် လက်တဖက်ဆီက ဆွဲကာ ကင်ပေတိုင်ဗိုလ်ဆီသို့ ခေါ်ဆောင်လာတော့၏။ ခလေးမကလေးသည် မျက်နှာတွင်ရေနွေးပူလောင်းခံရ၍ အသားနီမြန်းနေသော သူမ၏ဖခင်ကြီးကိုတွေ့လိုက်ရသည်တွင်....

"အမယ်လေး....အဖေရဲ့ ခံရလေခြင်းနော်"

ပူ၍ကြောက်လန့်တကြားအော်ဟစ်ငိုကြွေးလိုက်ပါသည်။ ကင်ပေတိုင် စစ်ဗိုလ်သည် ရွှေသွားတွေပေါ်အောင်ပြုံးရယ်ပြီး....အဘိုးကြီးကိုကြည့်ကာ....

"ကောင်းကောင်းပြောပါ မပြောရင် ဘိရုမာမိန်းမ မကောင်းဘူး ရှိမယ်ကား" သမီးဖြစ်သူကို လက်ညှိုးနှင့်ပြရင်း....

"ဘိရုမာစစ်သား ဘယ်မှာရှိသလဲ"

အဘိုးကြီးသည် ခံပြင်းလှသောမျက်နှာဖြင့်....

"မသိလို့ မသိဘူးပြောတာဘဲ မသိဘူးကွာ"

အံကြိတ်ရင်းပြောလိုက်ရာ ဂျပန်စစ်ဗိုလ်သည် ဖြုန်းကနဲထ၍ ရပ်လိုက်ပြီး အမျိုးသမီးအပေါ်အင်္ကျီကို အတင်းဆွဲ၍ ဆုပ်ချလိုက်ရာ ရှေ့ပိုင်းမှဇာဘော်လီအင်္ကျီပါပြုသွားသည်ကြောင့် ခလေးမကလေးသည် ရှက်အားကြီးစွာဖြင့် သူမ၏လက်တဖက်နှင့် သူမ၏အရှက်ကို ကာကွယ်လိုက်ရာ ဂျပန်စစ်ဗိုလ်က အမျိုးသမီးကလေး၏အထက်ပိုင်း အဝတ်အစားကို အားလုံးဆွဲကာဖြဲချလိုက်ပြီး ကျန်စစ်သားများကို



အမိန့်ပေးလိုက်ရာ ဂျပန်စစ်သားက အမျိုးသမီးကလေး၏ ထမီကို အတင်းဆွဲချွတ်ချလိုက်ပါသည်။

အဘိုးကြီးသည် သူ၏ရှေ့၌ သူ၏သမီးပျိုကလေးကို အရှက်ခွဲသည်ကြောင့် ဒေါသကြီးစွာဖြင့် ကြိုးတုပ်များကြားမှ အတင်းရုန်းကန်၍ထလိုက်ရာ ဂျပန်စစ်ဗိုလ်သည် အဘိုးကြီးကို စိတ်ဆိုးမာန်ဆိုးနှင့် ခေါက်ချတ်ကာ ခုတ်ရန်အမြောက်တွင် တဒိုင်းဒိုင်း တော်မီဂန်း ပစ်ခတ်သံများသည် တခဲနက် ထွက်ပေါ်လာပြီး၊ ဂျပန်စစ်ဗိုလ်ရော ဂျပန်တပ်ကြပ်ကြီးနှင့်စစ်သားများပါ ရှက်တရက်အနီးကပ်၍ ၄၅-ဘို ကျည်ဆံများဖြင့်ထိမှန်ခြင်းခံရ၍ ကိုးယိုးကားယားကျဆုံး ကုန်တော့၏။

"ဝင်....လှ စွပ်ထိုး အကုန်သတ်ကြဟေ့"

ဗိုလ်ကြီးအောင်မင်းကျော်၏ ကြောက်မက်ဘွယ်ရာ အမိန့်သံနှင့် အတူ ဓါးရှောင်ရှော-လှံစွပ်ရှောင်များပါအဖွဲ့သားပေါ်ထွက်လာပြီး၊ စက်သေနတ်သံများနှင့် တော်မီဂန်း ပစ်သံများပါ တခဲနက် ကမ္ဘာပျက်သကဲ့သို့ ပေါ်ထွက်ဖုံးလွှမ်းသွားပါတော့၏။

"အဘ-အဘ ဘာမှမကြောက်နဲ့၊ ကျွန်တော်တို့ဗမာ့တပ်မတော်ကပါ"

ဗိုလ်ကြီးအောင်မင်းကျော်သည် ကင်ပေတိုင်စစ်ရုံးကိုအလစ်တွင် ဝင်၍ အပိုင်တိုက်ခိုက်သုတ်သင်ပြီး၊ အဘိုးကြီး၏ကြိုးတုပ်ကိုဓါးနှင့် ဖြတ်ကာဖြေရင်း အားပေးစကားပြောလိုက်ပါသည်။

"အင်း....ငါ့သားကြီးတွေကိုး၊ အဆာသမီး အေးကြည် လွတ်ရဲ့လား"

"ကျွန်တော်တို့အနားမှာရှိပါတယ် အဘ....ဘာမှစိတ်မပူပါနဲ့၊ အဘဒီလာလာ ဒီဘက်ကို"

ဗိုလ်ကြီးအောင်မင်းကျော်သည် အဘိုးကြီးသာအဖကိုကာယ်ပွင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်း၊ ဇောက်ထိုးချိနေ့ာင်ခြင်းခံနေရသော အကျဉ်းသား များကို လည်း အရေးတကြီး အနှောင်အဖွဲ့မှကယ်တင်စေရန်အမိန့်ပေးလိုက် သည်။

ကျန်တဲ့တပ်စုက အခမ်းတွေထဲမှာ ပုန်းနေမဲ့ဂျပန်တွေကို အကုန် သတ်ကွာ....စာရွက်စာတမ်းတွေကိုမီးနဲ့ ရှို့၊ လက်နက်တွေကို တပ်စု နှစ်ကသိမ်း၊ ဆယ်မိနစ်အတွင်း အပြီးအစီးလုပ်ကြ"

အရေးတကြီးအမိန့်ပေးကာ ဖက်ဆစ်ဘီလူး ကင်ပေတိုင်တသင်း ကို အပြီးအပိုင်သုတ်သင်ကာ အောင်ပွဲတပွဲ အရယူလိုက်တော့၏။

စစ်ဆိုသည်မှာ ရှုံးတခါနိုင်တလှည့်နှင့် စခမ်းသွာရမြဲဖြစ်သည့် အလျော တချီတချီတွင် ဗိုလ်ကြီး အောင်မင်းကျော်တို့ ဗမာ့တပ် မတော် ဘက်ကလည်းခံရချက်များ ရှိနေပေတော့သည်။ အင်အား ကြီးမားလှသော ရန်သူဂျပန် တပ်များသည် တိုင်းစစ်ဌာနချုပ်ကို သတင်းရရှိသွားပြီး လေးဘက်လေ ဘန်က ဖိ၍ တိုက်ခိုက်နေကြပြီ တကား။

တိုင်းမှူး ဗိုလ်မှူးထင်ကျော်နှင့် ဗိုလ်မှူး သိန်းအောင်တို့သည် ရှိသမျှ ရသမျှအင်အားနှင့်ဖိကာခုခံတိုက်ခိုက်လျက် သေနတ်သံ၊ စက် သေနတ်သံ၊ စိန်ပြောင်းသံများ ဆူညံနေတော့၏။ ရန်သူဂျပန်တပ် များ အနေနှင့် နှစ်လက်မစိန်ပြောင်း၊ သုံးလက်မ စိန်ပြောင်းကြီး များအပြင် ကွင်းပစ်အမြောက်တွေပါအသုံးပြုကာ မလျှော့တမ်းစစ် ဆင်မှုဖြင့် တိုင်းစစ်ဌာနချုပ်ကို ကျကျနနဝိုင်းရံကာ အပြုတ်တိုက်နေ ခြင်းပင်ဖြစ်ပေ၏။

ဝုန်းကနဲ-ဒိုင်းကနဲ မော်တာကျည်ဆံများ၏ ပေါက်ကွဲသံများ သည် တိုင်းစစ်ဌာနချုပ်အဖွဲ့ဝင်များ နေရာယူထားရာတဝိုက်၌ အဆဲ နက် ထုံဟီးကာ ပေါက်ကွဲနေပါတော့သည်။ စက်သေနတ်သံများ၊ ရိုင်ဖယ်သံများ လည်း စစ်ဌာနချုပ် ကာကွယ်ရေးတပ်ဖွဲ့နှင့် ဂျပန်



စစ်သားနှင့်ရင်ဆိုင်နေရသော ရှေ့တန်းစစ်မျက်နှာဆီက အဆက် မပြတ် ပေါ်ပေါက်လျက် အကြိတ်အနယ် တိုက်ပွဲကြီးတရပ်ကို ဖန် တီးနေစေ၏။ ဂျပန်စစ်ဘက်မှ စစ်မိန့်ပေးသံများ၊ ရှေ့သို့တိုး၍ အတင်းမှုတိုင်းဆင်ရန် သက်ဆိုင်ရာ ဖက်ဆစ်ဂျပန် တပ်မှူးများ၏ ကျယ်လောင်သောအသံများကို တိုင်းဌာနချုပ်မှပင် ကောင်းစွာ ကြားနိုင်ပေ၏။

မကြာမီ ရှေ့တန်းစစ်မျက်နှာ၌ တာဝန်ယူနေရသော တိုက်ခိုက် ရေး တပ်ဖွဲ့မှ ဒုတာဝန်ခံသည် အရေးတကြီးနှင့် တိုင်းစစ်ဌာနချုပ်သို့ ကျည်ဆံကြား ဗုံးကြားမှ ရောက်ရှိလာတော့၏။

"ဗိုလ်ကြီး-ဖေအောင်က သတင်းပို့ခိုင်းပါတယ် ဗိုလ်မှူး၊ ဂျပန် တွေက အတင်းလုချင်းကပ်တိုက်ကြတယ်၊ ဖိတက်နေတယ်၊ တချို့ နေရာမှာ လူစွပ်တိုက်ပွဲကလေးတွေဖြစ်နေပြီ၊ ဒါကြောင့် နောက်ကို ဆုတ်ခိုင်းဘို့ အမိန့်လာတောင်းပါတယ်"

တိုင်းမှူး-ဗိုလ်မှူးထင်ကျော်သည် မှန်ပြောင်းနှင့်ညအမှောင်တွင်း မှ ရန်သူများသဲသဲမဲမဲတိုက်ခိုက်နေခြင်းကို ကြည့်ရှုနေရာမှ....

"နောက်မဆုတ်ရဘူး၊ တလက်မမှမလျှော့နဲ့-မဆုတ်နဲ့....ဗိုလ် ဖေအောင်ကိုပြောလိုက်၊ တိုင်းရုံးက နောက်ထပ်တပ်စုတစုကိုပို့လိုက် မယ်လို့ ပြောလိုက်"

ထိုနောက် တိုင်းဌာနချုပ်တွင် ကပ်သီးကပ်သပ် ကျန်နေသော တပ်စုတစုကို ရှေ့တန်းသို့စစ်ကူပို့လိုက်ရတော့သည်။

"အခြေအနေသိပ်ဆိုးနေပြီ ဗိုလ်သိန်းအောင်၊ ငပုတွေက ကျုပ် တို့ တိုင်းဌာနချုပ်ကို လွတ်ပေါက်-ထွက်ပေါက်မရှိအောင် ပိတ်ပြီး ဝိုင်းတာဘဲ အင်အားကယ်ပြီးမသေးဘူးဗျ၊ တကယ်လို့ ဂျပန်တွေ အတင်းဖေါက်လာရင် ထွေးနဲ့မြိုင်တို့ကို ဗိုလ်သိန်းအောင်က လာခေါ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ပြေးနိုင်အောင် ရှေ့ဆောင်ပေတော့၊ မိမယ်ဆိုရင် ထွေးနဲ့မြိုင်ကို သူတို့ပေးထားတဲ့ ခြောက်လုံးပြူးနဲ့ ပစ်သတ်ခိုင်း၊ အရှင်မိသွားရင် ထွေးနဲ့မြိုင် မသက်သာဘူး"

နောက်ဆုံးအမိန့်ကိုပေးအပ်လိုက်ပါသည်။

"ဗိုလ်မှူး ...ကျွန်တော်တို့တပ်ကူတွေမလာနိုင်ဘူးလား၊ တတပ်တပ်ကတော့ သိနိုင်ပါတယ်ခင်ဗျာ"

ဗိုလ်သိန်းအောင်သည် ဒေသအတွင်း၌ ဖြန့်ထားသောသူတို့တပ်ဖွဲ့များကို မျှော်မှန်းတမ်းတသောအသံဖြင့် မေးလိုက်ရာ...

"သူတို့နယ်မြေမှာလဲ ငပုတွေက အင်နဲ့အားနဲ့ ဖိတိုက်ချင်တိုက်နေရမယ်၊ တိုင်းဌာနချုပ်က ရဲဘော်တွေကို ခံစစ်ကြောင်းထဆင်းခိုင်း၊ မော်တာတွေက ကျုပ်တို့စခမ်းတွေဆီဖိုပစ်နေပြီဗျ"

ထွေးနှင့်မြိုင်တို့သည် စစ်လွယ်အိတ်ကိုယ်စီနှင့် မျက်လုံး အပြူးသား ရှိနေစဉ်တွင် တိုင်းမှူး-ဗိုလ်မှူးထင်ကျော်၏ နောက်ဆုံးအမိန့်ပေးချက်ကို ကြားရသည်ကြောင့် သူတို့အဘို့အခြေအနေမှာ မျှော်လင့်စရာမရှိကြောင်းကို ရိပ်မိလိုက်ပါတော့သည်။

တချို့ ရှေ့တန်းစစ်မျက်နှာ၌ ဂျပန်တပ်များ၏ လှံစွပ်ထိုးရာ 'ရား-ရား-ရား' ဟူသော စစ်ကြွေးကြော်သံများသည် အလျှိုအလျှိုထွက်ပေါ် နေချေပြီတကား။ တိုင်းမှူး-ဗိုလ်မှူး ထင်ကျော်သည် ညာဘက်လက်မှခါးရှည်ကိုကိုင်ရင်း ကြိတ်မနိုင်ခဲမရဖြစ်နေသလော ရန်သူက ထွက်ပေါက်ဟူသမျှပိတ်ကာ တိုက်ခိုက်နေမှုအတွက် မည်သည့် နေရာမှ ပေါက်ထွက်နိုင်ရန် အကွက်ကောင်းကို မျှော်နေပါတော့သည်။

ဗိုင်းကနဲ-ဝုန်းကနဲ ကျရောက်ပေါက်ကွဲသော မော်တာကျည်သံများ၏အသံနှင့်အတူ ဂျပန်တပ်များသည် ဆူဆူညံညံဖြစ်သွားတော့၏။ ထို့ကြောင့် တိုင်းဗိုလ်မှူး- ထင်ကျော်သည် မည်သည့် ဆိုက



ပစ်ခတ်လိုက်သည့် မော့တာကျည်သံများ ဖြစ်သည်ကိုလှမ်း၍ မှန်ပြောင်းနှင့် ကြည့်လိုက်သည့်အခါ၌ ဂျပန်တပ်များပေါ်သို့ ဆက်တိုက် မော်တာကျည်ဆံများကျရောက်ပြီး တိုက်ရိုက်ထိမှန်နေကြောင်းကို တွေ့လိုက်ရပေ၏။

တခဏအတွင်း၌ စက်သေနတ်အကြီးများ၊ စက်သေနတ်အသေးများနှင့် ပစ်ခတ်သံများဆူညံစွာထွက်ပေါ်၍လာချေ၏။ တိုင်း စစ်ဌာနချုပ်ကို လေးဘက်လေးတန်ဝိုင်းရံထားသော ဂျပန်စစ်တပ်များ၏ နောက်ကျောဆီမှ မမျှော်လင့်သောစစ်မျက်နှာတရပ်သည် ချက်ခြင်း ကာလတွင် ပေါ်ပေါက်လာချေ၏။ ဂျပန်တပ်များ၏ အရေးတကြီး စစ်မိန့်သံများနှင့် နောက်ပိုင်း အသစ်ပေါ်လာသော စစ်မျက်နှာများသို့ ပြန်လည်ခုခံပစ်ခတ်သံမျ ားသည် အလျှိုအလျှိုပေါ်ထွက်လာချေ၏။

"ဗိုလ်သိန်းအောင်....ငပုတွေကို ကျုပ်တို့ဒပ်တွေက နောက်ပိုင်းကဝင်ပြီးတိုက်ပြီဗျို၊ ဒါကြောင့် ကျုပ်တို့အတွင်းကတပ်တွေက ရှေ့ကိုစုပြီးပြန်တက်တိုက်ခိုင်း၊ ဒီကောင်တွေ စစ်မျက်နှာနှစ်ဖက်ညှပ်နေပြီ"

ဒုလက်ထောက်ကို တိုင်းစစ်ဌာနချုပ်တပ်များကို အမိန့်ပေးရန် စေခိုင်းလိုက်ပါသည်။

တိုက်ပွဲကြီးကား ကြောက်မက်ဘွယ်ရာ ပြင်းထန်လှပါပေ၏။ ရှဲကနဲ-ရဲကနဲ ပေါက်ကွဲသောလက်ပစ်ဗုံးသံများ၊မီးကျည်များနှင့် နားကွဲမတတ် လွင့်စင်တက်လာသည့် မော်တာကြီးများ၏ အသံများသည် စစ်မြေပြင်တဝှမ်းတွင် ကမ္ဘာပျက်သည့်အလား ထင်မှတ်စေရ၏။ ဂျပန်တပ်များသည် စစ်နှစ်ဖက်ညှပ်သည့်ကြား၌ ကြာကြာမခံနိုင်ဘဲ ဆုတ်ခွာစပြုနေပါသည်။ သို့ရာတွင် ပစ်သံ ခတ်သံများကား မစဲနိုင်သေးချေ။

မကြာမီ အမြှင့်မှလာရောက်တိုက်ခိုက်သော ဗမာ့တပ်မတော် စစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းသည် အတွင်းရှိတိုင်းဌာနချုပ်စစ်ကြောင်းနှင့် ဆုံမိကြလေ၏။

"တိုင်းမှူးဘယ်မှာလဲ တိုင်းမှူး"ဟု အော်၍ သတင်းပို့ မေးလိုက်ရာ-

"တက်ခဲ့ဟေ့ —"

ဗိုလ်သိန်းအောင်ကခေါ်ယူလိုက်ပြီး ရောက်ရှိလာသည့်ဗိုလ်တဦးကို တိုင်းမှူးဆီသို့ခေါ်ခဲ့လေသည်။

ဗိုလ်ကြီး-အောင်မင်းကျော် ဦးဆောင်သော တိုက်ခိုက်ရေးတပ်ဖွဲ့အင်အား လေးရာငါးဆယ် ရန်သူတပ်များကို အပြင်ကဖို့၍တိုက်ခိုက်နေပါကြောင်း ယခုဆုတ်ပြေးသောရန်သူများနောက်ကို ဆက်လက် တိုက်ခိုက်ရန် လိုက်နေပါကြောင်း"

အလေးပြုကာ သတင်းပို့ လိုက်ပါသည်။

"ဟာ....ဗိုလ်ကြီးအောင်မင်းကျော် ကိုယ်တိုင်ပါလာသလား....ကောင်း....ဆုတ်ပြေးတဲ့ ရန်သူနောက်ကို လိုက်တိုက်ပါ၊ ကျန်တဲ့ တိုင်းကာကွယ်ရေးတပ်ဖွဲ့တွေ ရှေ့တန်းမှာနေရာယူထား"

ဗိုလ်မှူးသည် ချက်ခြင်း အမိန့်သစ်တရပ်ကိုပေးလိုက်ရပါသည်၊

မကြာမီပင် ဒဏ်ရာရရှိသောရဲဘော်များကို တိုင်းစစ်ဌာနချုပ်ရှိ ဆေးခန်းဆီသို့ထွဲကာ ထမ်းပိုးကာယူဆောင်လာကြတော့၏။

"တကယ့် အရေးမှာ ဗိုလ်ကြီးအောင်းမင်းကျော်ဟာ ခရီးရောက်တယ် ဗိုလ်သိန်းအောင်၊ ရဲဘော်ရဲဘက်စိတ်ဓါတ်ကြီးမားတဲ့ တပ်မှူးတယောက်ဗျ"

တိုင်းမှူးက ဗိုလ်မှူးသိန်းအောင်ကို လှမ်း၍ပြောလိုက်သည်ကို ထွေးနှင့်မြိုင်တို့က ကြားလိုက်ရပြီး သူမတို့၏ ဗိုလ်ကြီး- အောင်မင်းကျော် အပေါ် အထင်လွဲမှုအတွက် များစွာနောင်တရရှိသွားကြပါတော့သည်။

တိုက်ပွဲကြီးဖြစ်ပွားပြီး နှစ်ရက်မြောက်သောနေ့ နံနက်ပိုင်းကာလ



ဗိုလ်ကြီး-အောင်မင်းကျော်သည် တိုက်ပွဲကြီးအတွင်း၌ ကျန်ကျသည့် ခဲယမ်းမီးကျောက်များကိုအစားဖြည့်ရန် တိုင်းစစ်ဌာနချုပ်သို့ လာရောက်၍ထုတ်ယူရန် ရောက်ရှိနေပါသည်။ တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ-အရာခံ တပ်သားများသည် ဗိုလ်ကြီး အောင်မင်းကျော်နှင့် ရဲဘော်များကို များစွာလေးစားကာ ရှိသေလာကြတော့၏။ တိုင်းမှူးနှင့်တွေ့ဆုံပြီး လက်နက်ဌာနသို့သွားရန် ရုံးတရုံးမှတရုံးသို့အကူးတွင်....

"ဗိုလ်ကြီး....ခဏကလေး"

မိန်းမသံတသံကြောင့် ဗိုလ်ကြီးအောင်မင်းကျော်သည် လှည့်၍ကြည့်လိုက်ရာ၊ သူ့နောက်သို့အမှီလိုက်လာသောထွေးကို တွေ့လိုက်ရပေ၏။

"ဘာကိစ္စလဲထွေး"

ခတ်တည်တည်အသံဖြင့် ပြန်၍ ဗိုလ်ကြီး-အောင် မင်းကျော်က မေးမြန်းလိုက်သည်တွင်....

"ထွေး နည်းနည်းစကားပြောချင်လို့....သိပ် မကြာစေရပါဘူး ဗိုလ်ကြီး"

"ဟုတ်ကဲ့-လှမ်းလျောက်ရင်းပြောပါထွေး၊ ကျွန်တော်ဒီပြင်အလုပ်တွေလဲရှိပါသေးတယ်ထွေး"

"ဟို....ဟို....ဗိုလ်ကြီးနဲ့ ထွေးတို့ တခါတုံးက အဆင်မပြေခဲ့တာကို ခွင့်လွှတ်ပါလို့ ထွေးကတောင်းပန်ပါရစေ"

"ကိစ္စမရှိပါဘူးထွေး၊ ပြီးတဲ့ကိစ္စတွေကို ကျွန်တော် အမှတ်မထားပါဘူး မေ့တောင်မေ့နေပြီဥစ္စာ"

ထွေးသည် ပြောသင့်မပြောသင့်ကို ချင့်ချိန်နေပြီးမှ မရှင်းသာရှင်းအသံကလေးဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



"ဒါ့ထက်ဗိုလ်ကြီး၊ ထွေးနဲ့ လွတ်လွတ်လပ်လပ်စကားပြောရအောင် ထွေးတို့အခန်းကို ခဏလာခဲ့ပါလား-ဟင်"

"ကျွန်တော်မှာ အချိန်မရှိဘူးထွေး၊ ရဲဘော်တွေ ကျွန်တော်နဲ့ တွေ့ဆုံဖို့စောင့်နေကြတယ်၊ ပြောစရာရှိရင်- ဒီမှာဘဲလမ်းလျှောက်ရင်းပြောပါလား၊ ထွေးနဲ့ ကျွန်တော်ဘဲရှိနေတဲ့ကိစ္စဘဲထွေးရယ်"

တောင်းပန်သည့်မျက်နှာဖြင့်ဗိုလ်ကြီး- အောင်မင်းကျော်က ခွင့်ပေးလိုက်ရာ...

"တခြားမဟုတ်ပါဘူး.... ထွေးနဲ့ မြိုင်နဲ့ ကို ဗိုလ်ကြီးက ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဖြစ်မဲ့သွားချင်ဘူးလားဟင်"

"ခုလိုနေထိုင်ကြတာ ခင်မင်ရင်းနှီးနေတာဘဲ မဟုတ်လားထွေး၊ ပြောပါအုံး ဘယ်လိုလဲ ခင်မင်ရင်းနှီးတယ်ဆိုတာ"

"မဟုတ်ဘူးဗိုလ်ကြီး၊ ထွေးတို့ကတော့ ဗိုလ်ကြီးနံမည်ကို ကြားကတဲကအင်မတန် ပွန်းပွန်းတီးတီးနေထိုင်ကြချင်တယ်၊ ဒါပေမဲ့-ဗိုလ်ကြီးက ခတ်တည်တည်နေလာတော့ ထွေးတို့ ဘယ်မှာစိတ်ကောင်းပါ့မလဲ၊ ဝင်ထွက် သွားလား-စားလား သောက်လားနေကြရင်ပိုပြီး မရင်းနှီးသွားဘူးလားဗိုလ်ကြီး"

ထွေးသည် ရှင်စစမျက်နှာကလေးဖြင့် မေးလိုက်ရာ- ဗိုလ်ကြီး-အောင်မင်းကျော်သည် အေးဆေးသောမျက်နှာဖြင့်....

"သိပ်ပြီး ရင်းရင်းနှီးနှီးဖြစ်လာရင် သံယောဇဉ်တွေတွယ်လာတတ်တယ်ထွေး၊ သံယောဇဉ်ဆိုတာ သိပ်ကောင်းတာမဟုတ်ဘူး"

"အို....ဗိုလ်ကြီးကလဲ ပိုပြီးခင်မင်လာတော့ မကောင်းဘူးလား-ဗိုလ်ကြီးမှာလဲ လွတ်လွတ်ပ်လလပ် ထွေးတို့မှာလဲ လွတ်လွတ်လပ်လပ် အခြေအနေမှာ"

"ဗျာ....ကျွန်တော့်မှာ မိန်းမနဲ့ သားတွေ-သမီးတွေနဲ့ ထွေး၊



ဝမ်းနည်းပါတယ်၊ ဒါကြောင့် သံယောဇဉ်အပိုအတွယ်မခံချင်လို့ ပါထွေးရယ် တောင်ပန်ပါရစေ"

"ဟင်" ဟူသော အလွန်အမင်းအံ့သြသင့်သွားသောထွေးအဘို့ ကိုတခွန်းသာ အဖြေထွက်နိုင်ပြီး မှန်းချက်နှင့်နှမ်းထွက်ကွာဝေးချင်တိုင်းကွာဝေးနေသည်ကြောင့် ချာကနဲလှည့်ကာ ဗိုလ်ကြီး-အောင်မင်းကျော်ဆီက အပြေးကလေးပြန်လာခဲ့ပါတော့၏။ ဗိုလ်ကြီး-အောင်မင်းကျော်သည်ပြုံး၍....

"ခုမှဘဲရှင်းပါတော့တယ်ဗျာ" ဟူသောအသံနှင့် သက်ပြင်းချကာ သူ၏လုပ်ကိုင်စရာကိစ္စများ လုပ်ဆောင်ရန် လှည့်ထွက် ခဲ့ပါတော့သည်။

ဖက်ဆစ်တော်လှန်ရေးကား အစ, အလယ်,အဆုံး, ဆုံးခမ်းတွင် အစနှင့် အလယ်ပိုင်းသို့ရောက်ရှိပြီး ဗမာ့တပ်မတော်၏ နေရာအနှံ့ အပြား ထိုးစစ်ဆင်မှုနှင့် မဟာမိတ်တပ်များ၏ အလုံးအရင်းနှင့်ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဖက်ဆစ်ဂျပန် တပ်များသည် ဗမာပြည် အရှေ့ပိုင်းသို့အလုံးအရင်းနှင့် ဆုတ်ခွါနေကြပါတော့သည်။

နွေဝိမာန်၏အကြိုတော် ဥသြငှက်သံက သာယာသလော့ လောကကြီးကို ဖျက်ဆီးစေသည့် စစ်လက်နက်ပေါက်ကွဲသံများ နှင့် ပဋိပက္ခဆန့်ကြင်နေခြင်းသာဖြစ်ပေ၏။ သဘာဝ၏ သာယာမှုကို စစ်ဘီးလူးဝါဒီ ဆန့်ကျင်ရေးတိုက်ပွဲများ၏ ပေါက်ကွဲသံများက ဆန့်ကျင်ဖျက်ဆီးနေခြင်းသာဖြစ်ပေ၏။ ပြင်းထန်လှသော တိုက်ပွဲများ တပွဲပြီးတပွဲ ဆင်နွှဲခဲ့ရသော ဗိုလ်ကြီး-အောင်မင်းကျော်အဘို့ စိတ်ပန်း၊ လူပန်းဖြစ်ကာ တိုက်ပွဲများဝေးသည့်ကာလတွင်မိမိ၏ယာယီစခမ်းတွင် အပန်းဖြေနားနေမိပါသည်။ သူသည် ဆိပ်ငြိမ်ရာနေရာတွင် စဉ်းစားရင်း တောင်တန်းကေရီသခင်မကြီး နှင့် စောခမ်းနွဲ့တို့ထံသို့စိတ်စေလျှက် မျှားစွာသတိရနေရှာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဘက်သက်လျာ သခင်မကြီးညီအမနှင့် ကွဲကွာခဲ့ရသည့် ရက်ပေါင်းကိုလည်း ရက်အပိုင်းအခြားတွက်၍ ကြည့်လိုက် သည်တွင် ဆယ်လတင်းတင်းပြည့်ခဲ့သည်ကို သိရှိရတော့သည်။ ထို့ကြောင့်သူသည် သူ၏လွှင့်ပါးနေသော သမာဓိစိတ်ဓါတ်ကို ပြန်လည်ချုပ်တည်းကာ သမထဝင်စား၍ ကြည့်လိုက်တော့သည်။ လေလွှင့်နေသောစိတ်များသည် မိနစ်ပိုင်းအတွင်း ပြန်လည်၍ ပရိကံတည်ကာ ဗိုလ်ကြီးအောင်မင်းကျော်အဘို့ သမဓိရရှိခဲ့ပါတော့သတည်း။

## အောင်ပြီ....အောင်ပြီ

နက်နဲသော စိတ်လုပ်ငန်း၏ အမြတ်ဆုံး အမြင့်မားဆုံး သမထလုပ်ငန်းတွင်ဝင်စားခဲ့သော ဗိုလ်ကြီးအောင်မင်းကျော်အဘို့ သူ၏ပါတ်ဝန်းကျင်တဝိုက်မှ မြင်ကွင်းများသည် ရုပ်ခြင်း ကွယ် ပျောက်သွားခဲ့ပြီး ကြီးမားသော ရွှေရောင်တဝင်းဝင်းနှင့် နန်းတွင်းဆောင်ကြီးတခုကို သူ၏မနောစိတ်တွင် ဘွားကနဲ မြင်တွေ့လိုက်ရပေ၏။ နန်းဆောင်တွင်း၌ ထွက်ချီဝင်ချီနှင့် နန်းတွင်းသူများသည် ဝမ်းမြောက်ဝမ်းသာသောမျက်နှာများနှင့် မြင်တွေ့လိုက်ရပြီး၊ တစုံတခုကို စုပြုံ၍ကြည့်နေကြခြင်းသာဖြစ်ပေ၏။

နန်းတွင်းသူများနှင့် အတွင်းပုဂ္ဂိုလ်ကြီးလေးပါးတို့သည် ပျော်ရွှင်လန်းစွာဖြင့် ကြည့်ရှုနေကြသော အရာဝတ္ထုကား-ဖြူဆွတ်သော အနှီးပိတ်များအကြားတွင် ခြေကားယား-လက်ကားယားနှင့် လှုပ်ရှားနေကြသော မျက်လုံးကလေးတွေအပြူးသားနှင့် နီတာရဲ ချစ်စဘွယ် မွေးကာစ ရက်ပိုင်းသား ခလေးနှစ်ဦးပင်ဖြစ်ပေ၏။ လူမမယ်ကလေးနှစ်ဦးသည် ဘေးခြင်းယှဉ်ကာ အိပ်လျက် လောကကြီးကို တအံ့သြသြမျက်လုံးကလေးတွေနှင့်ကြည့်ကာနေရှာပါသည်။ ခလေး



ငယ်နှစ်ဦး၏အောက်၌ ရွှေလင်ပန်းထချုပ်စီခင်းကျင်း ထားသည်ကိုပါ ဗိုလ်ကြီးအောင်မင်းကျော်သည် ထူးခြားသောမြင်ကွင်းထဲတွင် တွေ့မြင်နေရပေ၏။ ထိုအခိုက် နန်းတွင်းသူများသည် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အရိုအသေပေးသည့်သဘောနှင့် ပုဆစ်ဒူးချခစားလိုက်သည်ကို တွေ့ရပြီးနောက် တောင်တန်း ကောရီ သခင်မကြီးနှင့် စောမာလာတို့သည် ဣန္ဒြေရစွာဖြင့် တလှမ်းခြင်းနင်းကာနန်းတွင်းဆောင်ထဲသို့ကြွလာပေ၏။

နန်းတွင်းသူနှစ်ဦးသည် ခလေးငယ်တယောက်စီကို ယုယစွာပွေ့ချီကာ တောင်တန်းကောရီသခင်မကြီး နှင့် စောမာလာ တို့၏ လက်တော်သို့ဆက်သလိုက်ပါသည်။ ဗိုလ်ကြီးအောင်မင်းကျော်၏ရင်ထဲတွင် မြင်ကွင်းကို အံ့အားသင့်စွာကြည့်ရင်း တဒိတ်ဒိတ်ရင်ထဲမှနှလုံးသားတွေခုန်နေတော့၏။ တောင်တန်းကောရီ သခင်မကြီးသည် ကျေနပ် ရွှင်ပြနေသော မျက်နှာတော်ဖြင့် ခလေးနှစ်ဦးကို အတန်ကြာ ချစ်မြတ်နိုးစွာကြည့်လိုက်ပြီး ...

“မောင်တော်သခင်ကြီးများ မြင်တွေ့နိုင်ရင်ဖြင့် သူ့ရင်သွေးတော် သားအာဇာနီနှစ်ယောက်အတွက် ဘယ်လောက်များ စိတ်အားတက်တော်မူရှာမလဲဘဲ ညီမတော်ရယ်”

ဟူ၍ ပြုံးရွှင်စွာဖြင့် စောမာလာသို့လှမ်း အမိန့်ရှိတော် မူလိုက်ပါသည်။

ဤတွင်မှ ဗိုလ်ကြီးအောင်မင်းကျော်သည်“ဟာ”ဟူသော ဝမ်းသာလွန်း၍ လည်ချောင်းဝတွင် အလုံး ဆို့သွားသော အသံကြီး ရုတ်တရက်ပေါ်ထွက်ကာ သမထဝင်စားရာမှ ဖြုန်းကနဲ သတိရမိပေတော့၏။ ချက်ခြင်းပင် ဦးသုံးကြိမ် ချကာ ရတနာသုံးပါးကို ကန်တော့ပြီးနောက် တကိုယ်လုံးပီတိတွေဖြာတက်သွားပြီး....

“အောင်ပြီ-အောင်ပြီ-အောင်ပြီ”ဟူ၍ ကျယ်လောင်စွာ ကြွေး

www.burmeseclassic.com

www.burmeseclassic.com



ကြော်လိုက်မိတော့၏။ ဤတွင် ခတ်လှမ်းလှမ်း စစ်ရုံးဆီကလည်း....

"အောင်ပြီ-အောင်ပြီ အရေးတော်ပုံအောင်ပြီ" ဟူသော အရာနှင့် တပ်သားများ၏ကြွေးကြော်သံများသည် တုံ့ပြန်ကာပေါ်ထွက်လာတော့၏။

"ဘာလဲဟေ့ - ဘာလဲ....ဘာအောင်တာလဲ"

ရဲဘော် အချို့က စစ်ရုံးမှခုန်ပေါက် ပြေးလွှား လာကြသော အရာရှိ၊ တပ်သားများကို လှမ်း၍မေးလိုက်ရာ

"ငပုတွေလက်နက်ချလိုက်ပြီ၊ ဝိုင်ယာလက်သတင်းရပြီကွ....စစ်ကြီး ပြီးပြီ ရဲဘော်တို့"

ထခဲနက်ကြွေးကြော်သံများသည် တပ်စခမ်းကိုလွှမ်းမိုးသွားပြန်တော့သည်။ ဗိုလ်ကြီးအောင်မင်းကျော်သည် ရဲဘော်များ၏ပြောကြဆိုကြသံများကိုကြားလိုက်သည်ကြောင့် သူ၏ခေါင်းနှင့်ပုခုံးနှစ်ဖက်ပေါ်မှ ဝန်ထုပ်ကြီးသည် ဘုတ်ကနဲ မြည်သံကြီးနှင့်အတူ မြေကြီးပေါ် ပစ်ကျသွားသည်ထင်လိုက်ရပါတော့သည်။ တပ်စခမ်းတခုလုံး စစ်ပြီးဆုံသွားသည်ကြောင့် ပျော်ရွှင်နေသောရဲဘော်များ၏သီချင်းဆိုသံ၊ ကခုန်သံများသည် ဆူညံ တုံ့လှုပ်နေတော့သည်။

ထိုအခိုက်တွင် ဗိုလ်ကြီးအောင်မင်းကျော်ဆီသို့ အရေးတကြီးနှင့်လာနေသော စစ်ဘိနပ်သံများကိုကြားလိုက်ရပေ၏။ ရှေ့ဆုံးမှ ဗိုလ်ညွန့်မောင်၊ နောက်မှ ဗိုလ်စိန်ပန်းနှင့် ဗိုလ်စံလှဘော်တို့ ဖြစ်ကြ၏။ သုံးဦးသား အလေးပြုလိုက်ပြီး....

"ဗိုလ်ကြီး....ငပုတွေ လက်နက်ချလိုက်ပြီခင်ဗျ၊ စစ်ကြီးပြီးပြီ....ကောင်းပါတယ်ခင်ဗျာ၊ ခင်ဗျားတို့ ကျွန်တော်တို့ တာဝန်တွေ.... ဒီအချိန်အခါကစပြီး ပြီးဆုံးသွားတာအေးတာပေါ့ဗျာ"

ဗိုလ်ကြီးအောင်မင်းကျော်သည် ပြုံးရွှင်စွာဖြင့်ပြောလိုက်သည်တွင်....



"ကျွန်တော်တို့ ဘယ်တော့ပြန်ကြမလဲ ဗိုလ်ကြီး၊ ဒီမှာကြာကြာ မနေချင်တော့ဘူး၊ အမှန်အတိုင်းပြောရရင် ရွှေမြို့တော်မှာဘဲ ကျွန်တော်တို့ စိတ်တွေရောက်နေတာကြာပြီ"

ပွင့်လင်းစွာ ဗိုလ်စိန်ပန်းသည် သူ၏ခံစားမှုကို တင်ပြလိုက်ပါသည်။

"ဟုတ်တယ်-ဟုတ်တယ် ဗိုလ်စိန်ပန်း၊ ကျွန်တော့်သားနှစ်ယောက်လဲ လူ့ပြည်မှာရောက်နေကြပြီဗျ"

"ဗိုလ်ကြီးအောင်မင်းကျော်က ဝမ်းသာ တုံ့လှုပ်စွာဖြင့် ပြောလိုက်ရာ....

"ဟာ... နိပ်ဟ၊ ဒါမှ တကယ့်မင်္ဂလာကြီးဘဲ"

ဗိုလ်ညွန့်မောင့်သည် ထခုန်ခမန်းကြွေးကြော်လိုက်ပါသည်။

"ပြန်ကြတာပေါ့ဗျာ....ကျုပ်တို့ ဗိုလ်ချုပ်ကြီး အောင်ဆန်းက တပ်ကထွက်ခွင့်ပေးတဲ့နေ့ဟာ ကျုပ်တို့ပြန်ဘို့စီစဉ်ရမဲ့နေ့ဘဲ၊ ရဲဘော်တွေကို လိုက်ပြီး တိုးတိုးတိတ်တိတ် သတိပေးပါး ပြန်လိုက်ချင်တဲ့ ရဲဘော်တွေရှိရင်....

"ဟာ....ခုတင်ကဘဲ ရဲဘော်တွေက ကျွန်တော်တို့သုံးယောက်ကို လာပြီး ပြန်ဖို့အရေးပြောဆိုလို့ ဖြောင်းဖျခဲ့ရပါသေးတယ် ဗိုလ်ကြီး၊ ကျွန်တော်တို့ရသင့်ရထိုက်တဲ့အခွင့်အရေး ရာထူးတွေ၊ လခတွေလဲ စိတ်ထဲမှာထည့်ပြီး မစဉ်းစားတော့ဘူး၊ ပြန်ဘို့အရေး တခုဘဲ စဉ်းစားနေတယ်ခင်ဗျ"

"ကောင်ပြီလေ ကျွန်တော်အားလုံးယူမယ်၊ ကျွန်တော့်ရဲဘော်တွေ စိတ်မထိခိုက်ရအောင်စီစဉ်ပါ့မယ်၊ အခြေအနေမပျက်စေနဲ့.... ရွှေမြို့တော်ကိုရောက်ခဲ့တဲ့ရဲဘော်တိုင်းကို ပြန်ဖို့အရေး နိုးကပ်နေကြောင်း သတိပေးပါ၊ လိုက်တာမလိုက်တာ သူတို့တာဝန်၊ သတိပေးဘို့ဟာ ကျွန်တော်တို့လူကြီးတွေရဲ့ တာဝန်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဗိုလ်ကြီး....ကျွန်တော်တို့ သုံးယောက် အမြန်ဆုံးစီစဉ် ဆောင်ရွက်ပါမယ်ခင်ဗျာ"

ဗိုလ်ညွှန့်မောင်တို့သုံးဦးသည် အလေး ပြုလိုက်ပြီး နောက်ပိုင်းသို့ လှည့်ထွက်သွားပါတော့သည်။

မကြာမီ စစ်ဦးစီးမှူး ဗိုလ်မှူးသည် နောက်ပါရုံးအဖွဲ့ဝင် တာဝန်ခံများနှင့်အတူ ဗိုလ်ကြီးအောင်မင်းကျော်တို့တပ်မဟာသို့ဆိုက်ရောက်လာပါတော့သည်။ တတပ်ဖွဲ့လုံးကို တန်းစီရစ်ပြီး ဗိုလ်ချုပ် အောင်ဆန်း၏ အမိန့်စာကို ဖတ်ကြားနာခံစေပြီး ခွင့်သုံးလ ပေးပြီးနောက် ဗမာ့တပ်မတော်မှထွက်လိုလျှင် ထွက်ခွင့်ပြုကြောင်း၊ ဆက်လက်အမှုထမ်းလိုသူများအတွက် မည်သည့်နေ့ရက်တွင် မည်သည့်မြို့သို့ မပျက်မကွက် သတင်းပို့ရမည့် အကြောင်းကို ကြေငြာလိုက်ပြီး၊ ရသင့်ရထိုက်သောလစာများကိုထုတ်ယူရန်ပါ ညွှန်ကြားလိုက်ပါသည်။

တန်းဖြုတ်ပြီးနောက် ဗိုလ်ကြီးအောင်မင်းကျော်နှင့် သူ၏တပ်ဖွဲ့ဝင်များသည် တပ်မတော်မှနုတ်ထွက်သည့် အမိန့်ကို တောင်းယူပြီး၊ ရသင့်ရထိုက်သော ငွေကြေးများကို တိုက်ပွဲတွင်ကျဆုံးသော သားမယားများနှင့် ဒဏ်ရာရရှိသောရဲဘော်များကို အချိုးကျ ထောက်ပံ့ကူညီရန် ပုံ၍ပေးအပ်ကာ မိမိတို့ ရည်မှန်းချက်အတိုင်း ဗိုလ်ကြီး-အောင်မင်းကျော် သပ်သပ်စီစဉ်ထားသော ခြံဝင်းကျယ်ကြီးထဲတွင် ရွှေ့ပြောင်းကာ နေထိုင်လိုက်ကြပါသည်။ လက်နက်များကိုမူ သက်ဆိုင်ရာ အာဏာပိုင်များဆီသို့ပို့ အပ်ပြီး မိမိတို့အနေဖြင့် စုပေါင်း၍ အလုပ်တခု လုပ်ကိုင်မည်ဖြစ်ကြောင်း သတင်းလွှင့်ကာ ထားလိုက်ကြပါသည်။

အရာရှိ တချို့သည် ဗိုလ်ကြီး-အောင်မင်းကျော်အား မကြာမီ ဖွင့်လှစ်တော့မည့် တပ်မတော်တွင်ဆက်လက်အမှုထမ်းရန်၊ ဗိုလ်ရွေး အဖွဲ့သို့ဝင်ရောက်အမှုထမ်းရန် ဆွယ်တရားဟောကြသော်လည်း ဗိုလ်



ကြီး-အောင်မင်းကျော်က လိမ္မာစွာဖြင့် မိမိ၏ငယ်သားရဲဘော်များနှင့် မခွဲနိုင်ခြင်းကြောင့် အပြင်လောကတွင်ကုန်သည်လုပ်ငန်း၊သတ္တုတွင်း လုပ်ခွန်းများ လုပ်ကိုင်လိုကြောင်းကို ပြော၍ လွှတ်လိုက်ပါသည်။

ဗမာပြည်ကိုသိမ်းပိုက်လိုက်ပြီးသော ကြားကာလဖြစ်၍ ဗြိတိသျှအစိုးရ၏လက်ပါးစေ ပုလိပ်များကလည်း နိုင်ငံရေးသမား-ရဲဘော်ဟောင်းများကို အမြဲတစေ စောင့်ကာ အပြစ်ရှာသောကာလ ဖြစ်တော့၏။ ဘယ်နေရာတွင် ရဲဘော်ဟောင်းများကို ဓါးပြမှုနှင့်ဆင်ခြင်း၊ တော်လှန်စဉ်အခါက ရန်သူအဖြစ်နှင့် သုတ်သင်ခဲ့သော ကိစ္စများနှင့် ပတ်သက်၍ လူသတ်မှုများဖွင့်ကာ ရဲဘော်ဟောင်းများ၊ နိုင်ငံရေးသမားများကို ဗြိတိသျှအစိုးရသည် စတင်အရေးယူကာ ဖိနှိပ်စပြုခဲ့လေသည်။

ဗမာပြည်နှင့် ဗမာလူတုကြီးတရပ်လုံးကို သူတို့၏သံခ္ခါဘိနပ်အောက မထွက်တမ်း ကျေးပိုင်-ကျွန်ပိုင်အဖြစ်နှင့် ထားလိုသောဆန္ဒသာ ဖြစ်ပေ၏။

ဗိုလ်ကြီး-အောင်မင်းကျော်သည် နောက်ပိုင်းတွင် မိဘလုပ်ကိုင်ကျွေးမွေးရမည့် တာဝန်ရှိသောရဲဘော်များ၊ နေ့ံပိုင်း သားမယားရှိပြီး မလွှတ်လပ်သော ရဲဘော်များကို မိမိတို့နေရပ်သို့ပြန်၍ မိဘသားမယားများကို လုပ်ကိုင်ကျွေးမွေးရန်တရားဟောပြီး ပြန်စရိတ်စခ အဖြစ်နှင့် ငွေကြေးအလုံအလောက်အပြင် ရင်းနှီးစားသောက်ရန်အတွက် ငွေတထောင်စီကိုပေးအပ်ကာ ပြန်လွှတ်လိုက်ပါသည်။

နောက်ပိုင်းတွင် တာဝန်မရှိသူများနှင့် ရွှေမြို့တော်တွင် အိုးအိမ်ထောင်ကျခဲ့သည့် ဗိုလ်-အကြပ်တပ်သား လေးဆယ့်ငါးယောက် အပြင် သပ်သပ် နောက်ထပ်ရဲဘော်နှစ်ဆယ်တို့ကို ဘယ်လိုဖြောင့်ဖျ

www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ဖျ၍ နေရပ်ကိုမပြန်လိုကြသည့်အဆုံးတွင် နောက်ဆုံးစာရင်းပိတ်ကာ စောင့်ရှောက်ကျွေးမွေးနေရပေ၏။

ဗိုလ်ကြီးအောင်မင်းကျော်သည် အထက်အောက်ဗမာပြည်တွင် စစ်ရေးကာလ ပြီးခါစဖြစ်နေ၍ လမ်းပန်းအဆင်မပြေနိုင်သေးသည်ကတကြောင်း၊ မိမိတို့ချီတက်ရမည့်ခရီးလမ်းပန်း အခြေအနေကလဲ ရှည်လျားသလောက် တဖက်က မည်သူမျှ မသိနိုင်ရန် ကြိတ်၍ ကြံစည်ကာ အချိန်ကိုစောင့်နေရခြင်းသာဖြစ်ပေ၏။

တနေ့တွင် ပုလိပ်ဘက်နှင့် စစ်ဘက်တို့ပူးပေါင်းကာ ဗိုလ်ကြီးအောင်မင်းကျော်နှင့် ရဲဘော်ရဲဘက်များ စုဝေးနေထိုင်ရာ ခြံကြီးထဲသို့ ဝင်ရောက်လာပြီး ပထမဦးစွာ လက်နက်ပုန်းများကို ပိုက်စိတ်တိုက်ကာ ရှာဖွေလိုက်ကြသည်။ လက်နက်ပုန်းတစုံတရာမတွေ့သည့်နောက်တွင် ဗိုလ်ကြီးအောင်မင်းကျော်အား သက်ဆိုင်ရာဗြိတိသျှစစ်အုပ်ချုပ်ရေးနှင့် ပုလိပ်အဖွဲ့မှ....

"မည်သည့်အကြောင်းကြောင့် ဤသို့ လူစုလူဝေးနှင့် နေထိုင်ကြသနည်း၊ မည်သူကထောက်ပန့်၍ ဤလူများနေထိုင်စားသောက်ရန် ငွေကြေးရသနည်း" ဟူသော မေးခွန်းများနှင့် စစ်ဆေး စုံစမ်းနေပါတော့သည်။

ဗိုလ်ကြီးအောင်မင်းကျော်သည် မိမိနှင့် ရဲဘော်များသတ္တုတွင်းလုပ်ငန်းကို လူအားနှင့်ချီ၍လုပ်ကိုင်ရန်အတွက် စုရုံးထားခြင်းဖြစ်ကြောင်းကို ရှင်းရှင်းပြောပြကာ ယခုမိမိပင် အသုပ်အတွက်ငွေရင်းမြှုပ်ကာ ကျွေးမွေးသားကြောင်းကို ဖြေကြားလိုက်ပါသည်။ သို့ရာတွင် ဗြိတိသျှအုပ်ချုပ်ရေးဘက်မှ ဗိုလ်ကြီးအောင်မင်းကျော်၏ အဖြေမှာ သဘာဝကျသော်လည်း မယုံသင်္ကာစိတ်တွေ ရှိနေသလော် ဗိုလ်ကြီးအောင်မင်းကျော်နှင့် ရဲဘော်များ၏ သွားလာမှုကိုစောင့်ကြပ်ကာ ကြည့်ရှုစစ်ဆေးပါတော့သည်။



ဗိုလ်ကြီးအောင်မင်းကျော်သည် မိမိတို့သည် မည်သည့်နိုင်ငံရေးနှင့်မပတ်သက်ခြင်း၊ မည်သည့်ရာဇဝတ်မှုနှင့်မပတ်သက်ခြင်းစသည့်အဖြစ်အနေသာ ကင်းရှင်းစွာနေထိုင်ပါလျက်၊ ဤကဲ့သို့ မိမိတို့အား လူဆိုး- သူလျှိုများသဘွယ် စောင့်ကြပ် စစ်ဆေးနေခြင်းကိုများစွာမခံမရပ်နိုင်ဖြစ်လာတော့၏။ ဤအချိန်အခါမျိုး၌ကြက်မင်းကို မြောက်မင်းမကယ်နိုင်တော့ ဗြိတိသျှစစ်အုပ်ချုပ်ရေး ကြားကာလဖြစ်သည့်အလျောက် အရာရှိဆိုးများ၊ပုလိပ်ဆိုးများ မင်းနိုင်သောအချိန်အခါလည်းဖြစ်ပေ၏။ မိမိတို့အား ဗြိတိသျှစစ်ဘက်ကဤမျှလောက် သဲသဲမဲမဲ အာရုံစိုက်နေသည့်အချက် အလက်ကို ဗိုလ်ကြီးအောင်မင်းကျော်နှင့် သူ၏တပ်ဖွဲ့မှ ဗိုလ်သွန်မောင်တို့လူစုက လိုက်လန့်၍လေ့လာစုံစမ်းသည့်အခါတွင် အရေးပါ အရာ ရောက် သောအုပ်ချုပ်ရေးတာဝန်ခံ မျက်နှာဖြူအရာရှိများလောက၌ ထွေးသည်အတော်ပေါ်ပြူလာဖြစ်နေသလောက်၊ ဝင်ထွက်သွားလာနေသည်ကိုပါတွေ့ရပါတော့သည်။ ယခင်အခါက ထွေး သည် ဗိုလ် ကြီးအောင်မင်းကျော်ကို များစွာအရေးပေး ဂရုစိုက်ကာ ချည်းကပ်လိုတယ်၊ ယခုအချိန်အခါတွင် ဗိုလ်ကြီးအောင်မင်းကျော်တို့ကိုလမ်းတွင်တွေ့ဆုံမိကြသောအခါ၌ မမြင်ချင်အောင်ဆောင်ခြင်း၊မသိချင်ဟန်ဆောင်ခြင်းအပြင် ဗြိတိသျှအုပ်ချုပ်ရေးသမားများ ဂျစ်ကားပေါ်၌ တတွဲတွဲလိုက်ပါသွားနေသည်ကိုပါတွေ့ကြပါတော့သည်။

အတွင်းကျကျပုဂ္ဂိုလ်တဦးဆီမှ ဗိုလ်ကြီးအောင်မင်းကျော် ဆီသို့ တိတ်တဆိတ်အကြောင်းကြားချက်ကို ရရှိပါတော့သည်။ထွေးသည်သူ၏အကို အင်္ဂလိပ်စစ်တပ်ထဲမှာ၊ကပ္ပတိန်တဦးနှင့်အကြောင်းပြုကာ ဗြိတိသျှ စစ်အုပ်ချုပ်ရေးအရာရှိများ နှင့် များစွာ ခင်မင်ရင်းနှီးသွားခဲ့ကြပြီး ဗိုလ်ကြီးအောင်မင်းကျော်နှင့် ရဲဘော်များသည် ဂျပန်ထဲမှထွက်နေကြသော နိုင်ငံရေးသမားများနှင့် မအောင်းမြင်း အ

www.burmeseclassic.com

www.burmeseclassic.com



သက်မွေးရန်ကြံစီနေသော လူပိုလူဆိုးများဖြစ်ကြောင်းကို မမှန်သတင်းပေးပို့ထားချက်ရှိကြောင်း သတင်းစကားရရှိပါသည်။

"ဒီအမျိုးသမီးဟာ စိတ်ထားအတော်ယုတ်ညံ့လှချည်လား ဗိုလ်ညွန့်မောင်၊ သူမိုလို့မရှက်တာ ခုဆိုရင် ကျွန်တော်တို့တော်လှန်ရေးလုပ်ဖော်လုပ်ဖက်တွေကို မတူမတန်တဲ့ အမှုအရာတွေနဲ့ ဆက်ဆံနေဘယ်၊ ဟိုတုံးကများဗျာ....ကျွန်တော်တို့အနားကိုချည့် ကပ်ချင်လွန်းလို့ အခွင့်အရေးကောင်းကောင်းတွေ ခြောင်းရ မြှောင်းရတာ အမေ ဘဲ"

"ကျွန်တော့ ဗိုလ်ကြီးကို ဒီအမျိုးသမီးဟာ တခါကစွဲလန်းခဲ့ဘူးတယ်ထင်တယ်၊ သူ့အကြံမအောင်တော့ ရန်သူအဖြစ် စခမ်းသွားတာဖြစ်ရမယ်ခင်ဗျာ့"

"မှန်တယ်ဗိုလ်ညွန့်မောင်၊ ကျွန်တော်တို့ကိစ္စတွေပြီးအောင် မြန်မြန်စီစဉ်မှဖြစ်မယ်၊ ဒီအမျိုးသမီးဟာ အားကြီး ခြေရှုပ်တယ်၊ မျိုးဖျက်မပြီပြီ ကျွန်တော်တို့အားလုံးကို အခဲမကျေနိုင်ဘူး၊ အဲဒီတော့ ဗိုလ်ညွန့်မောင်က ကျွန်တော်တို့ရဲဘော်တွေအတွက် အနွေးထည်တွေ အိပ်ရာတွေရှာဗျာ၊ ငွေလိုသလောက်ယူသွား၊ ကျွန်တော်တို့ ရွှေမြို့တော်ကယူလာတဲ့ရွှေတွေကို ဒီနေရာမှာ ငွေနဲ့လဲလှယ်ပြီးသုံးပါ၊ပြီးတော့ စက်ကောင်းတဲ့ကားကြီး ငါးစင်းဝယ်ဗျာ....၊ ကျွန်တော်က လမ်းပန်းခရီးအခြေအနေကို တိကျအောင်စုံစမ်းမယ်"

"ဟုတ်ကဲ့ဗိုလ်ကြီး....၊ ဒီမှာကြာကြာနေရရင် လူသတ်မှုတွေဖြစ်ကုန်လိမ့်မယ်-မကြာခဏဘဲ၊ ပုလိပ်တွေကလဲ စစ်လားဆေးလားနဲ့ တဏှာယ် ရာဇဝင်လူဆိုးကြီးတွေကျနေတာဘဲဗိုလ်ကြီး"

"မြန်မြန်သာစီစဉ် လမ်းမှာလိုအပ်တဲ့ဆေးဝါးနဲ့ ရိက္ခာတွေလဲ ပါနိုင်ရင်ကောင်းတယ်၊ အဝတ်အစားတွေနဲ့ ရိက္ခာတွေကို ဒီတဲမှာ



မယူခဲ့နဲ့ တနေရာရာမှာစုထား၊ အားလုံးအဆင်သင့်ဖြစ်မှကျွန်တော်တို့ ခြေရာဖျောက်ပြီး ထွက်ကြတာပေါ့ဗျာ"

"ဗိုလ်စိန်ပန်းနဲ့ ဗိုလ်စံလှဘော်တို့က ခြံထဲကရဲဘော်တွေကို... သိပ်ပြီးအပြင်မထွက်စေနဲ့ ပုလိပ်တွေကအပြစ်ရှာနေတဲ့အချိန်အခါမှာ-ကျွန်တော်တို့က သူတို့ထောင်ထားတဲ့ပိုက်ထဲမကျမိအောင် ဂရုစိုက်နိုင်မှတော်ရုံကြမယ်"

ဗိုလ်ကြီးအောင်မင်းကျော်သည် မန္တလေးရှိသူ၏ရဲဘော်ဟောင်းတဦးအား ရှမ်းပြည်မြောက်ပိုင်းခရီးစဉ်တလျောက်၌ အခြေအနေကောင်းမကောင်းကို စုံစမ်းစေပြီး ခုနှစ်ရက်အတွင်း သတင်းပြန်ပို့ရန် စီစဉ်လိုက်လေသည်။ မော်တော်ကားများနှင့် ဓါတ်ဆီပုံးများရရှိရန်အတွက် ငွေကိုလမ်းခင်းကာ လုပ်ဆောင်ရယူရန် ဗိုလ်ညွန့်မောင်တို့ကိုစေလွှတ်လိုက်ပြန်သည်။

ထိုအခါတောအတွင်းတွင် ပုလိပ်ဘက်မှ ဗိုလ်ကြီးအောင်မင်းကျော်တို့အား မျက်ခြေမပြတ်စောင့်ကြပ်ကြည့်ရှုနေယုံမျှမက သူတို့ခဏတဖြုတ်အပြင်ထွက်ခဲ့လျှင် နောက်မှ တကောက်ကောက်လိုက်လံ၍ စုံစမ်းနေပြန်တော့၏။ ထွေး၏ချောက်တွန်းထားချက်ကြောင့် ဗိုလ်ကြီးအောင်မင်းကျော်နှင့်ရဲဘော်များသည် လျှို့ဝှက်သောနိုင်ငံရေးတခုခုကို လုပ်ဆောင်နေရုံမျှမက အကြမ်းဖက်သည့်လုပ်ငန်းများကိုလုပ်ဆောင်ကြိမ့်မည် ဟူသောသတင်းကို ပုလိပ်အဖွဲ့မှ ယုံကြည်နေသောကြောင့်ဖြစ်ပေ၏။

မှောင်မိုက်သော ညတညဖြစ်ပေ၏။ ခေတ်ပျက်ပြီးခါ ဖြစ်၍ လျှပ်စစ်မီးရောင်များကလည်း အင်အားမရှိလှသောကြောင့် မှိန်ပျပျ ဝါးဖြစ်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီး-အောင် မင်း ကျော် တို့ခေတ္တနေထိုင်ရာ ခြံကြီးအတွင်းမှ သီချင်းဆိုသံ၊ စကားပြောသံများသည် ခါတိုင်းအချိန်ကာလများကဲ့သို့ ထွက်ပေါ်နေပါသည်။ ခြံတံခါးဝနှင့်မလှမ်းမကမ်းရှိ လဘက်ရည်ဆိုင်အတွင်း စုံထောက်နှစ်ဦးသည် လဘက်ရည်သောက်ရင်း ခြံအတွင်းသို့ လူဝင်လူထွက်မျက်ခြေမပြတ် ကြည့်ရှုနေခိုက်ဖြစ်ပေ၏။ သို့ရာတွင် ခြံနောက်ပိုင်းမလှယ်ပေါက်မှ ရဲဘော်များသည် လေးယောက်တတွဲ၊ ငါးယောက်တတွဲစီဖြင့် ခြေသံကို တစုံတရာမထွက်စေရန် နင်းလျက် တနေရာဆီသို့ ရုပ်ဖျက်ကာသွားခနကြပေ၏။ ညဆယ့်နှစ်နာရီအချိန်တွင် သီချင်းဆိုသံ၊ ရယ်သံများအဆုံးသတ်ပြီး၊ ခြံကြီးထဲမှရဲဘော်များ၏ စခမ်းသိမ်း ညအိပ်ရေးအတွက် လျပ်စစ်မီးမီးများငြိမ်းသတ်လိုက်ပြီး စကားပြောသံသဲ့သဲ့များသာထွက်ပေါ်နေပေ၏။

"ဒီနေ့ဘော့ ဘာမှမထူးခြားပါဘူး ဦးခရှမောင်....၊ ဒီလူတွေ သိပ်လှုပ်ရှားမှုမရှိတော့ဘူးဗျ၊သုံးရက်အတွင်း သူတို့ ခေါင်းဆောင် ဗိုလ်ကြီး-အောင်မင်းကျော်နဲ့ နောက်ပါသုံးယောက်ကို ဆွဲထားရင် သူတို့စုရုံးထားတဲ့ အင်အားပျက်သွားမှာပေါ့၊ ဆွဲဘို့လဲ ရာဇဝတ် ဝန်ကြီးက စီစဉ်နေပြီဗျ"

"ကောင်းပါတယ်ဗျာ....ဒါမှ ခင်ဗျားတို့ကျုပ်တို့ နေ့စဉ် ရက်ဆက် လာလာပြီးစောင့်ကြည့်နေရတဲ့ ဒုက္ခလဲ ငြိမ်းသွားမှာပေါ့ဗျာ ဒီလူတွေ ဘာအကြံအစီရှိမှန်းလဲမသိဘူးဗျ....၊ သူတို့ ကြည့်ရတာလဲ စိတ်ဓါတ်ပျက်နေတဲ့ လူတန်းစားတွေလဲမဟုတ်ဘူး၊ ပျော်ပျော် ပါးပါး စားစားသောက်သောက်ပါဘဲ၊ ဘယ်ကငွေကြေးရလို့ ချောင်ချောင် လယ်လယ် သုံးစွဲနေထိုင်ကြတယ်မသိဘူး"

စုံထောက်နှစ်ယောက်သည် အချင်းချင်းခတ်တိုးတိုးဆွေးနွေးကာ သူတို့လွယ်အိတ်ကို ပုခုံးတွင်လွယ်လိုက်ပြီး မိမိတို့ရုံးဆီသို့ ပြန်ထွက်ခဲ့



ကြလေသည်။

နံနက်သုံးနာရီခန့် အချိန်တွင် ကားကြီးငါးစင်းသည် အခြားကုန်သည်ကားများနှင့်အတူ ရောနှောကာ အထက် ဗမာပြည်ဆီသို့ စတင်ကာမောင်းနှင်ထွက်ခွါလာခဲ့ကြလေသည်။ တားလမ်းဆုံများ၌ ဖွင့်လှစ်ထားသည့် စစ်ဆေးရေးအဖွဲ့က ကားများကိုထွက်ခွါခွင့် ပြုလိုက်သည့်နောက်တွင် အရှိန်ပြင်းပြင်းနှင့် မောင်းနှင်ကာ မန္တလေးဘက်ဆီသို့ တဝီဝီစက်သံများဖြင့် ဆူညံစွာ ထွက်ခွါသွားကြ ပေပြီတကား။

မန္တလေးအဝင်တွင် သက်ဆိုင်ရာဂိတ်ကိုအုပ်ချုပ်သော စစ်ပုလိပ်များနှင့် နယ်ပုလိပ်များ၊ ကားတိုင်းကို စစ်ဆေးခြင်းခံရပါသည်။ ဗိုလ်ကြီး-အောင်မင်း၏စီမံချက်အတိုင်း ဗိုလ်ညွှန့်မောင်တို့ လူစုသည် ဝီစကီပုလင်းများနှင့် စီးကရက်ဘူးများကိုသေတ္တာတလုံးတွင် ထည့်ကာ တစုံရာမပြောကြားဘဲ ကင်းရုံးတွင်းသို့ ရဲတင်းစွာယူဆောင်၍ လူကြီးဖြစ်သူ ဂေါ်ရာစာသင်ဆီသို့ပေးအပ်လိုက်သည်တွင် တာဝန်ခံဂေါ်ရာစာသင်သည် ကျေးဇူးတင်ကြောင်းပြောလိုက်ပြီး၊ ဗိုလ်ကြီး-အောင်မင်းကျော်တို့ ကားငါးစီးကို တစုံတရာ စစ်ဆေးခြင်းမပြုဘဲ လျောလျောလျူလျူ ထွက်ခွါသွားခွင့် ပြုလိုက်ပါသည်။ မြို့ပြင်လူရှင်းသောနေရာတွင်ဗိုလ်ကြီး-အောင်မင်းကျော်သည် သူတို့စီးလာသော ကားနံပါတ်များကို အရေးတကြီး လဲလှယ်ကာ ဓါတ်ဆီကိုအပြည့်ထည့်ရင်း မေမြို့ဘက်သို့ စက်ကုန်ဖွင့်ကာ မောင်းနှင်စေတော့သည်။

နောက်ပိုင်းရှိ ဗိုလ်ကြီး-အောင်မင်းကျော်တို့ နေထိုင်ရာမြို့ပေါ်၌ကား၊ ပုလိပ်တွေအဘို့ ခေါင်းမီးတောက်နေတော့၏။ လူတအုပ်ကြီး ပျောက်သွားသည်ကို မသိလိုက်ရကောင်းလားဟု မျက်နှာဖြူရာဇဝတ်ဝန်ကြီးသည် ပုလိပ်များကိုဖိကာကြိမ်းမောင်းရင်း ဗိုလ်ကြီး-အောင်

www.burmeseclassic.com

www.burmeseclassic.com



မင်းကျော်တို့ ပျောက်ကွယ်သွားရခြင်း အကြောင်းရင်းကို လိုက်လံစုံစမ်းကာ ပုလိပ်ဌာနအသီးသီးသို့ ကြေးနန်းနှင့်အရေးတကြီးသတိပေး ကြေငြာလိုက်ပါသည်။

ဗိုလ်ကြီး-အောင်မင်းကျော်တို့သည် နောင်ချိုတွင် ညအိပ်ကာ ညဆယ့်နှစ်နာရီထိုးတွင် ဆက်လက်၍ခရီးထွက်ခဲ့ကြပြန်သည်။ သူတို့ခရီးထွက်ခဲ့ရသည့် အကြောင်းရင်းကို မည်သူမျှမသိရန်၊ မရိပ်မိရန်အင်မတန် သျှို့ဝှက်စွာလုပ်ဆောင်ရခြင်းလည်းဖြစ်ပေ၏။ ဂုတ်ထိပ်တံတားစခန်းကိုကျော်လွန်ပြီးနောက် နံနက်နှစ်နာရီခန့်တွင် ကျောက်မဲ မြို့ကိုဖြတ်ကျော်၍တက်ခဲ့ပြန်သည်။ နံနက်ခြောက်နာရီ အချိန်ခန့်သီပေါမြို့အတွင်းသို့ ဆိုက်ရောက်ခဲ့သည်။ မြို့အဝင်ဂိတ်ရှိ စစ်ပုလိပ်များက ကားငါးစီးကိုလျော့လျော့လျှုလျှု သွားခွင့်ပြုလိုက်သော်လည်း သီပေါအထွက် လားရှိုးအကူးတံတားထိပ်တွင်အသင့်စောင့်နေသောပုလိပ်များက ကားများကိုရပ်တန့်ကာ ကားပေါ်၌ ပါရှိသည့် လူများကိုစစ်ဆေး ကြည့်ရှုလိုက်ပါသည်။

"ခင်ဗျားတို့ ဘယ်သွားမှာလဲ....လူများလှချီလား၊ ယောကျ်ားချည်ဘဲ"

"ကျွန်တော်တို့ သိန္နီမှာ သတ္တုတွင်းတူးဘို့ ကံထရိုက်လုပ်ငန်းရတာနဲ့ တက်လာတာပါခင်ဗျာ"

ဗိုလ်ကြီး-အောင်မင်းကျော်သည် ပရိယာယ်သုံးကာ ပြောလိုက်ပြီး....

"ကဲပါဗျာ....ခင်ဗျားတို့စားဘို့-သောက်ဘို့ လဘက်ရည်ဘိုး-"

ပြောပြီး ငွေတရာ ထုတ်ပေးလိုက်ပါသည်။ သို့ရာတွင် ပုလိပ်များကား စားနေကြကြောင်းဖါးကြီးများသာ ဖြစ်ကြပေ၏။

"နေအုံး...ခင်ဗျားတို့ကားငါးစီး ကျုပ်တို့မသက်ဘူး၊ မြို့ထဲကိုပြန်မောင်း၊ ခင်ဗျားတို့နေရပ်တွေ၊ ထောက်ခံချက်တွေ ကြည့်ပြီးမှ



သွားခွင့်ပြုမယ်၊ ဟော့-ဒရိုင်ဘာ....မြို့ထဲကပြန်မောင်း"

ရာဇဝတ်အုပ်တဦးသည် အရက်မူးသံကြီးနှင့် အမိန့်ပေးလိုက်ရာ ဗိုလ်ကြီး-အောင်မင်းကျော်က သူ၏ခေါင်းပေါ်မှဦးထုပ်ကိုချွတ်ကာ အချက်ပေးလိုက်သည်နှင့် တပြိုင်နက်ထည်း သူ၏ရဲဘော် များသည် ရာဇဝတ်အုပ်နှင့် နောက်ပါပုလိပ်လေးဦးတို့ကို အသံတချက်မှမထွက်နိုင်အောင် ဖမ်း၍ ကာ ကြိုးများနှင့် တ၍ ထည်း တုပ်နှောင်ကာ ကားပေါ်သို့ ပစ်၍တင်လိုက်ကြပါသည်။ ဖမ်းထားသော ပုလိပ်လေးဦးတို့၏ ပါးစပ်ကို အဝတ်များနှင့် ဆို့ကာ အိပ်ယာလိပ်များအောက်တွင် စုပုံထားပြီး ရဲဘော်များက သူတို့အပေါ်မှဖိ၍ ထိုင်လိုက်၏။ ပုလိပ်တွေဆီမှ ခြောက်လုံးပြူးနှင့် ရိုင်ဖယ်လေးလက်ကို ဗိုလ်ကြီး အောင်မင်းကျော်တို့ ရှေ့ဆုံးကားထဲတွင် ဝှက်၍ယူဆောင်ခဲ့ပေ၏။ ကားကြီးငါးစင်းကား ခတ်မှန်မှန်မောင်းနှင်ကာထွက်လာပြီး သုံးမိုင်ခန့် အရောက်တွင် လူရှင်းခိုက်တွင် ကားများကို ရပ်လိုက်ပြီး သီပေါနှင့်လားရှိုးဆီသို့ တယ်လီဖုန်းကြိုးများ အားလုံးကို ဖြတ်ချိုင်းလိုက်ပြီးနောက် လားရှိုးဆီသို့ ဆက်လက်ထွက်လာခဲ့ကြပြန်၏။

လားရှိုးမြို့တွင်းသို့ဝင်ရန် ငါးမိုင်ခန့် အရောက် တွင် ရှေ့ဆုံးမှ ကင်းထောက်ကားအဖြစ်နှင့် ဗိုလ်ကြီး အောင်မင်းကျော်ကိုယ်တိုင် သွားရန် စက်ကိုလျှော့ကာ နောက်ပိုင်းကားများဆီသို့ မှာကြားနေပါသည်။ ထိုအခိုက်တွင် လမ်းဘေးရှိ လှည်းလမ်းပေါ်မှ ရှမ်းအဝတ်အစားနှင့်လူနှစ်ယောက်သည် အူယားဖါးယားပြေးလာသည်ကို တွေ့လိုက်ရပေ၏။

"သခင်ကြီး.သခင်ကြီး ပါတယ်မဟုတ်လား"

ဗမာအသံဖြင့် အရေးတကြီးလှမ်း၍မေးလိုက်သည်ကြောင့် ဗိုလ်ကြီး-အောင်မင်းကျော်သည် ရှမ်းနှစ်ယောက်၏အသံကိုကြားဘူးပါသည်ဟု အောက်မေ့ကာစဉ်းစားလိုက်ပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲဟေ့....မင်းတို့" အသံပေးလိုက်သည်တွင်...

"ဟော....သခင်ကြီးဒီမှာဟေ့—ပုညှ"

ရှမ်းတယောက်သည် ဝမ်းသာအားရစွာနှင့် ကားဆီသို့ပြေးတက်လာပြီး....

"ဒီတက်လမ်းကိုလှည့်မောင်းပါသခင်ကြီး၊ မြို့ထဲဝင်လို့ မဖြစ်ဘူး အားကြီးရှုပ်တယ်"

"မာ....ပုညသို့ပါကလား၊ မင်းတို့ ဘယ်တုန်းကတည်း ရောက်နေကြသလဲ...အခန့်သင့်လိုက်တာကွာ"

ဗိုလ်ကြီးအောင်မင်းကျော်သည် ဝမ်းသာအားရစွာဖြင့် နောက်မှ မေးလိုက်သည်တွင် လမ်းပြဟောင်းဖြစ်သူ ပုညသည် နဖူးမှ ချွေးပေါက်ကြီးများကိုသုတ်ရင်း....

"ဒီလမ်းမှာစောင့်နေတာ သုံးရက်ရှိသွားပြီသခင်ကြီး၊ သခင်မကြီးက ကြိုတင်ပြီး သခင်ကြီးတို့ကို ပြန်ပြီးလမ်းပြခေါ်ဆောင်ခဲ့ဘို့ စေလွှတ်လို့ လာခဲ့ရတယ်သခင်ကြီး"

"ဘယ်လိုလဲပုည သခင်မကြီးက ကြိုတင်ပြီးစေလွှတ်လိုက်တာလဲ ပြောစမ်းပါအုံး"

"မှန်ပါတယ်သခင်ကြီး၊ သခင်ကြီးတို့ရောက်မယ်ဆိုတာ၊ သခင်မကြီးက ရက်ပိုင်းနဲ့ သိတော်မူခဲ့တယ်၊ ပုညတို့နှစ်ယောက်ကို လွန်ခဲ့တဲ့ဆယ့်ငါးရက်ကစပြီး အောက်ကျဉ်းကိုစေလွှတ်လိုက်တယ်....ပြီးတော့-လားရှိုးမြို့ထဲကို မဝင်စေရဘဲ လှည်းလမ်းကနေပြီး တောင်ပေါ်တက်တဲ့လမ်းအထိခေါ်ခဲ့ရမယ်လို့ တိတိကျကျ အမိန့်ပေးထားပါတယ်သခင်ကြီး"

"အေး—ကောင်းပြီ၊ ရဲဘော်တို့ ကားတွေ လှည်းလမ်းဘက်ကို ကွေ့ဆင်းကြ"

မကြာမီ ကားငါးစီးသည် လားရှိုးမြို့ဆီသို့ သွားနေသောကတ္တ



ရာစေး ကားလမ်းမကြီးပေါ်မှ အရှေ့ဘက်သေား လှည်းလမ်းနီနီကလေးဆီသို့လှည့်ကာဆင်းခဲ့ကြပါသည်။ ပုညတို့ကိုတွေ့ဆုံကာ ဝင်ခဲ့ပြီးနောက် လျှိုဝှက်သော တောင်ကျောဆင်းဆီသို့ ကားငါးစင်းကို မောင်းနှင်လမ်းပြစေပါတော့သည်။ ဗိုလ်ကြီး အောင်မင်းကျော်သည် သူတို့ဖမ်းဆီးလာသောပုလိပ်ငါးယောက်အတွက်စဉ်းစားရင်းလိုက်ပါလာခဲ့ပါသည်။

## နောက်ဆုံးပိတ်တိုက်ပွဲ

မိုင်နှစ်ဆယ်ခန့်ရောက်ရှိသည်တွင် ဗိုလ်ကြီး-အောင်မင်း ကျော်သည် ကားများကိုရပ်တန်းကာ ကားပေါ်၌ ဖမ်းဆီးယူဆောင်လာခဲ့သည် ပုလိပ်ငါးဦးကို ကားပေါ်မှချခိုင်းလိုက်၏။ ရာဇဝတ်အုပ်နှင့်ပုလိပ်လေးဦးကို သူ့ရှေ့မှောက်သို့ခေါ်ယူလိုက်ပြီး....

"ဗမာအချင်းချင်း ဗိုလ်ကျနိုင်ငံစက်ချင်ရင် ဒီတက် ဆိုးတဲ့အဖြစ်မျိုးနဲ့ တိုးမိမယ်၊ ပထမနဲ့ နောက်ဆုံးအကြိမ်ဖြစ်တဲ့ အင်္ဂလိပ်ကို သိပ်အားကိုးပြီး အမျိုးသားစိတ်ကင်းမဲ့နေရင်- စောစောသေတတ်တယ်"

ခတ်တိုတို သတိပေးစကား ပြောလိုက်ပြီး နောက် ပိုင်း သို့ ကုန်ကြောင်းမှ ပြန်၍လွှတ်လိုက်ပြီးနောက် သူတို့၏လက်နက်ငါးလက်ကို ယူထားလိုက်ပါသည်။ ပုလိပ်ငါးဦးစလုံး နောင်တရသည့်မျက်နှာဖြင့် ခြေလျင် ထွက်ခွာသွားကြသည်နောက် ကားများကို ရှေ့သို့ဆက်လက်မောင်းနှင်းခဲ့ပြီး၊ နောက်ထပ် ဆယ်မိုင်ခန့်အရောက်တွင် ရှမ်းရွာတရွာကိုစတင်ကာတွေ့လိုက်ရပေ၏။

အိမ်ခြေသုံးဆယ်မျှသာရှိသော ရှမ်းရွာကလေးတွင် ကားများကို ရပ်ခိုင်းပြီး နံနက်စာ စားသောက်လိုက်ကြပြီး တောင်ပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



တက်ရန် ချက်ခြင်းပင် စီစဉ်လိုက်ပါတော့သည်။ ပါရှိလာသည့် ဆယ်ရှစ်ရက်ခန့်ရိက္ခာများနှင့် ဆေးဝါးများကို သူ၏ရဲဘော်များကို တာဝန်ခွဲဝေပေးလိုက်ပြီး ပုညတို့နှစ်ယောက်၏ ကြိုတင်စီမံထားသည့် လားအကောင်နှစ်ဆယ်တွင် အိပ်ရာလိပ်များ၊ ဆေးဝါးများကိုတင် ဆောင်ကာ ကားငါးစင်းကို အောင်မြေသို့အရောက်မောင်းနှင်ယူခဲ့ ပြီး ဓါတ်ဆီလောင်းကာ မီးရှို့ဖျက်ဆီးလိုက်ကြပါသည်။

မကြာမီ တောင်ပေါ်သို့သက်သော ခြေသွား လမ်းကလေး အ တိုင်းတက်ကာ မြင့်မားသောတောင်ကြီးများကို စတင်ကာဗိုလ်ကြီး အောင်မင်းကျော်နှင့်အဖွဲ့ဝင်များသည် တက်ခဲ့ကြပါတော့သည်။ ညနေ ငါးနာရီခန့်တွင် ဗိုလ်ကြီးအောင်မင်းကျော်တို့လူစု ဥတ္တရပုရ ပြည်မှ ပြန်လာသည့် လားရှိုးမြို့ကြီးကို လှမ်း၍မြင်နိုင်သော တောင် ထိပ်စခမ်းပေါ်သို့ ဆိုက်ရောက်လာပါတော့သည်။ မိုးရာသီဘက်သို့ ရောက်လာသည့်အချိန်အခါကြောင့် ကောင်းကင်ယံဆီမှ လျှပ်ပန်း လျှပ်နွယ်များသည် ဝင်းကနဲဝင်းကနဲနှင့် မိုးနတ်မောင်က မာန်တင်း ကာ ဟိန်းဟောက်ချင်းပမာ မိုးခြိမ်းသံများသည် ဆူညံစွာဖြင့် ကိုးရပ်ခွင်တွင် ပေါ်ထွက်နေလေသည်။ ဗိုလ်ကြီးအောင်မင်းကျော် နှင့် သူ၏ရဲဘော်များသည် ကြီးမားသော ကျောက်မိုးကြီးအောက် တွင် တညတာအတွက် စခမ်းချကာ၊ ညစာကို ချက်ပြုတ်စားသောက် ရင်းအနားယူလိုက်ကြပါသည်။

နံနက်သင်းခါနီး၌ မိုးကလည်းတဖွဲဖွဲရွာ၍ချလာပါသည်။ နံနက် စာအတွက် ကာဖီနှင့် မုန့်များကို စားသောက်ပြီး နေ့ခင်းစာ အ တွက် ချက်ပြုတ်ကာ ထုတ်ပိုးပြီး မိုးဖွဲဖွဲရွာသည့်အထဲမှပင် ရှေ့စခမ်း ဆီသို့ခရီးထွက်ခဲ့ကြပေ၏။ သူတို့အားလုံးအတူ တပျော်တပါးခရီး ထွက်ခဲ့စဉ်တွင် လက်နက်ဟူ၍ ပုလိပ်ငါးယောက်ဆီက ယူငင်ထား လိုက်သော ရိုင်ဖယ်လေးနက်နှင့် ခြောက်လုံးပြူးတလက်သာ ပါရှိ



ခဲ့ပေ၏။ ဗိုလ်ကြီး အောင်မင်းကျော်သည် မိုးရွာသည့်ကြားမှပင် မနားမနေချီတက်နေခြင်းမှာ သူတို့ဥတ္တရပုရ နေပြည်တော်ကအပြန် တွင် တောင်ကြားထဲတွင် ဝှက်ထားခဲ့သော အမေရိကံ မောင်း ပြင် လက်နက်များကို အရယူငင်ရန်ရည်ရွယ်ချက်ကြောင့်ပင်တည်း။

နှစ်ရက်ကြာသောကာလတွင် ဗိုလ်ကြီးအောင်မင်းကျော်တို့တပ် ဖွဲ့သည် လက်နက်များမြှုပ်ထားသည့် တောင်ကြားစခမ်းထဲသို့ရောက် ရှိခဲ့၏။ နွေကာလတုန်းကသည်း ရေခမ်းခြောက်၍မနေဘဲ ရေတ ဟောဟော စီးဆင်းနေသော ချောင်းများ-လမ်းများကို ဖြတ်ကျော် ၍ ဗိုလ်ကြီးအောင်မင်းကျော်တို့တပ်ဖွဲ့ဝင်များ ခက်ခက်ခဲခဲ ချီတက် ခဲ့ကြပြီး လက်နက်များဝှက်ထားရာ ကျောက်ဂူ ခြေရင်းသို့ ဆိုက် ရောက်လာပါတော့သည်။

ဗိုလ်ကြီးအောင်မင်းကျော်နှင့်ဗိုလ်ညွန့်မောင်တို့လူကြီးပိုင်းများ က ကျောက်ဂူတွင်းသို့ လက်နှိပ်ဓါတ်မီးနှင့်ထိုးကာဝင်ရောက်ပြီး သူ တို့ထားရှိခဲ့သည့်လက်နက်များ၏အခြေအနေကို ကြည့်လိုက်၏။ ခြေ ရာလက်ရာမပျက်တန်းတွေ့ရှိရပြီး လက်နက်များ ထည့်ထားသည့် သတ္တုဘူးကြီးများကို ဖွင့်ကာ အတွင်းမှ မောင်းပြန်လက်နက်များ ကို အရေးတကြီးထုတ်၍ ရဲဘော်များကိုဝေငှလိုက်ပြီး အမဲဆီများ ကို ပြောင်စင်စွာ တိုက်ချွတ်လိုက်၏။ ကျည်ဆံများကိုလည်းစလွယ် များတွင်ထည့်ကာ လက်နက်မဲ့ချီတက်လာသောရဲဘော်များအဖြစ် မှ ခေတ်မီလက်နက်အစုံအလင်ကိုင်ဆောင်နေသည့် ရဲဘော်များအ သွင်သို့ နာရီပိုင်းအတွင်း၌ ပြောင်းလဲ ဖန်တီးလိုက်ခြင်း ဖြစ်ပေ၏။ မော်တာလက်နက်များကိုလည်း လားများပေါ်သို့တင်စေ၏။

ထိုနေ့ညအဘို့ တောင်ကြားစခမ်းတွင် စခမ်းချကာ အေး အေး လူလူအနားယူရန်စီစဉ်ခိုက်တွင် သူတို့လာ ခဲ့သည့်လမ်း ဘက်မှ ရှမ်း အမျိုးသားနှစ်ဦးကို တွေ့လိုက်ရသည်ကြောင့် ဗိုလ်ကြီးအောင်မင်း

www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် မှန်ပြောင်းနှင့်လှမ်း၍ကြည့်လိုက်သည့်အခါတွင် သူတို့ဖြတ်ကျော်လာခဲ့ရသည့် ပထမတောင်ခြေစခန်းရှိ ရှမ်းရွာမှ ရှမ်းအမျိုးသားနှစ်ဦးဖြစ်မှန်းသိလိုက်ရပေ၏။

"ပုညရေ...ဟောဟိုကမိတ်ဆွေနှစ်ယောက် နောက်ပိုင်းကလိုက်လာပြန်ပြီ၊ ဘာကိစ္စလဲမသိရဘူး၊ ကျန်တဲ့ရဲဘော်တွေက အသင့်နေရာယူထားကြ"

ချက်ခြင်းအမိန့်ပေးလိုက်လေသည်။

ရဲဘော်များသည် ကျောက်တုံးကျောက်ဆောင်များ အတွင်း၌ ချက်ခြင်းနေရာယူထားလိုက်ကြပြီး တောင်ပေါ်မှဆင်းလာနိုင်သည့် လမ်းများဆီသို့ ရန်သူအခြေအနေကို လှမ်း၍ကြည့် လိုက် ကြသည်။ သို့ရာတွင် ရန်သူ၏ အရိပ်လက္ခဏာတခုတလေမှမတွေ့ရဘဲ ရှမ်းနှစ်ယောက်သာ သူတို့ဆီသို့အရေးတကြီးနှင့်ဆင်းလာသည်ကိုတွေ့ရလေ၏။

လမ်းပြ-ပုညသည် ရှမ်းဘာသာနှင့် ခတ်လှမ်းလှမ်းမှနေ၍ မေးမြန်းလိုက်သည်တွင် ရွာမှလိုက်လာသည့်ရှမ်းနှစ်ယောက်က ချက်ခြင်းပင်ပြန်၍ဖြေလိုက်သည်။

"သခင်ကြီးတို့ပြန်လွှတ်လိုက်တဲ့ ပုလိပ်လေးငါးယောက်က စစ်တပ်တွေကိုခေါ်ပြီး သူတို့ရွာကတဆင့် သခင်ကြီးတို့ကားတွေဆီကို လိုက်လာကြတယ်၊ရွာသားတွေကိုလဲ သခင်ကြီးတို့ကိုလက်ခံရမလား ဆိုပြီး နှိပ်စက်နေလို့ သူတို့ နှစ်ယောက်ဟာ ကျွန်တော်မျိုးတို့နဲ့ ဆွေမျိုးမကင်းကြတဲ့လူတွေမို့ ရွာမှာမနေရဲတော့ဘဲ ကျွန်တော်မျိုးတို့ ခြေရာတွေခံပြီး လိုက်လာခဲ့ကြတယ်"

"ဒီလိုကိုး—ပုလိပ်တွေ ကောင်းကောင်းမှန်မှန်ပြန်လွှတ်လိုက်တာ ရွာသူရွာသားတွေ ဒုက္ခပေးဘို့ဖန်တီးလိုက်သလိုဖြစ်နေပြီကိုး"

မကြာမီ ရွာသား နှစ်ယောက်သည် ခြေကုန် လက်ပန်း ကျသည့်



အခြေအနေများဖြင့် သူတို့စခန်းချရာသို့ ပင်ပန်းစွာဝင်ရောက်လာကြသည်။

"လမ်းမှာဘာတွေတွေ့ခဲ့သေးသလဲ....ခြေရာအသစ် ဘိနပ်ရာတွေ တွေ့ခဲ့သလား မေးကြည့်စမ်း ပုည"

ရှမ်းနှစ်ယောက်သည် တောင်ခြေအတက်တုန်းက ကုလား စစ်တပ်တွေမြင်ရလို့ သူတို့တောထဲမှာခဏဝင်ပြီးပုန်းခဲ့ရတယ်၊ သခင်ကြီးတို့ကို သူတို့အစိုးရက စစ်တပ်များအကြီးဆုံးခြေရာခံပြီး တောနင်းရှာမလို့ ဆိုတာ သူတို့နှစ်ယောက် သိခဲ့ရတယ်၊ ရွာကိုလဲမီးနဲ့ ရှို့မလို့တဲ့"

"ကျွန်တော်တို့ ပုလိပ်တွေကိုပြန်လွှတ်လိုက်တာ သိပ်နာတာဘဲ ဗိုလ်ကြီး"

တပ်ကြပ်ကြီး စိုးသိန်းသည် တော်မီဂန်းကိုကိုင်ရင်း မကျေမချမ်းနိုင်သောအသံဖြင့် ပြောလိုက်ပါသည်။

"ဒီလောက်တော့ မဆိုးဝါးတန်ဘူးအောက်မေ့မိတယ် ဆရာစိုးသိန်း၊ပြီးတော့ သတ်ပစ်လောက်အောင် အပြစ်တွေကမတွေ့တော့ ရှေ့တက်ပြီးခေါ်ခဲ့လို့ လဲမကောင်းတာနဲ့ လွှတ်ပစ်ခဲ့တာယ်"

ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏လက်ပတ်နာရီကိုကြည့်ရင်း ဖြေကြားလိုက်သည်။

"ညစာချက်ပြုတ်ပြီးကြရင် တောင်ပေါ်တက်ပြီးအိပ်ကြရမယ်၊ ဒီနေရာဟာခံစစ်အတွက်နေရာမကောင်းဘူး၊ ဒါကြောင့် ရေဗူးတွေ ရေအိတ်တွေထဲမှာ ရေအပြည့်ထည့်ခဲ့ကြ— ဆယ့်ငါးမိနစ် အတွင်း တောင်ပေါ်တက်မယ်"

ချက်ခြင်းအစီအစဉ်တမျိုးပြောင်းလိုက်ရပြီး၊ ကင်းများကို ချက်ခြင်း ချထားလိုက်ပါသည်။ ဆယ့်ငါးမိနစ် ကြာသည့်နောက်တွင် သူတို့ထပ်ဖွဲ့ကရှေ့သို့ခရီတက်ရမည့် တောင်ပေါ် လမ်းအတိုင်း ဆက်

www.burmeseclassic.com

လက်တက်ခဲ့ပြီးနောက် မိုးလုံလေလုံနေရာကောင်းသော ကျောက်မိုးကြီးများရှိရာနေရာတွင် ညအိပ်စခမ်းအဖြစ် နေရာယူလိုက်ပြီး ကင်းပုန်းတွေကို ကျကျနနချထားလိုက်ပါတော့သည်။

အမှောင်ထုသည် မကြာခင်ပင် တောင်တန်းကြီးများနှင့်တောင်ရိုးများပေါ်၌ ကျရောက်လာသည့် ညလွှာအခင်းအဖြစ်နှင့် လွှမ်းမိုးသွားပါတော့သည်။

"ည ဘယ်သူမှဆေးလိပ်မသောက်နဲ့၊ လက်နှိပ်ဓါတ်မီးကိုအရမ်းမထိုးနဲ့ တောင်အောက်ကနဲ့ အဝေးအရပ်က ဆေးလိပ်မီးနဲ့ လက်နှိပ် ဓါတ်မီးရောင်ကိုလှမ်းမြင်နိုင်တယ်"

ဗိုလ်ကြီးအောင်မင်းကျော်သည် ကာဘိုင်သေနတ်ကိုယမ်းတောင့်ကာပ် တပ်ကာ အရံသင့်ကိုင်လျက် သူ၏ရဲဘော်များကို ညွှန်ကြားချက် ပေးလိုက်ပါသည်။

တညလုံး ကင်းအလှည့်ကျတာဝန်ယူကာ အိပ်စက်ခဲ့ကြပေသည်။ နံနက်လင်းခါနီး၌ ကင်းတာဝန်ကျသော ဗိုလ်စိန်ပန်းနှင့် ကင်းတပ်စုက ဗိုလ်ကြီး-အောင်မင်းကျော်ကိုနှိုး၍ တောင်ခြေ တလျှောက်မှ လှုပ်ရှားမှုအသံများနှင့်လက်နှိပ်ဓါတ်မီးရောင်များကိုတွေ့ရကြောင်း သတင်းပို့လိုက်လေသည်။

ဗိုလ်ကြီး-အောင်မင်းကျော်သည်မှန်ပြောင်းကိုထုတ်ကာ တောင်ခြေရှိ ရေဆိပ်တဝိုက်သို့ ကြည့်လိုက်သည့်အခါတွင် လှုပ်ရှားနေသော လူတော်တော် များများကို တွေ့လိုက်ရပေ၏။ ထို့ကြောင့် သူတို့စခမ်းချရာနှင့်တမိုင်ခန့်သာ တောင်တက်လမ်းအနေနှင့် ဝေးသောနေရာထွင် ရန်သူတပ်များရောက်ရှိသည်ကို တွေ့ရခြင်းဖြင့် သူ၏တပ်ဖွဲ့ကို ချက်ခြင်းအသင့်ပြင်စေကာ လားအကောင်နှစ်ဆယ်နှင့် ရိက္ခာပစ္စည်းများကို ဗိုလ်စံလှဘော်နှင့်တပ်စုတစုကို တာဝန်ပေးအပ်ကာ



ရှေ့ပြေးတပ်ဖွဲ့အနေနှင့် ဥတ္တရံပုရမြို့တော်ဘက်ဆီသို့ ချီတက်ရမည့် လမ်းကြောင်းအတိုင်း ရှေ့သို့ချီတက်ခိုင်းလိုက်၏။

လမ်းတွင် ရန်သူအခြေအနေ ထူးခြားချက်တွေ့ခဲ့လျှင် သတင်းပြန်၍ပို့ရန် အထိးညွှန်ကြားချက်ပါ တပါတည်း ပေးအပ်စေပြီး၊ ချက်ခြင်းချီတက်ခိုင်းလိုက်ပါသည်။

ဗိုလ်ကြီး-အောင်မင်းကျော်သည် ကျန်လက်နက်ကိုင် တပ်ဖွဲ့များ၏ အင်အားကိုတွက်ကြည့်လိုက်သည်။ စက်သေနတ်ကြီးတလက်၊ စက်သေနတ်ကလေး သုံးလက်နှင့် နှစ်လက်မမော်တာအပါအဝင် တော်မီဂန်း၊ မောင်းပြန်ရိုင်ဖယ်ကိုင်အင်အား လေးဆယ့်ငါးယောက်နှင့် နေရာကောင်းမှ တန်ပြန်ထိုးစစ်ဆင်ရလျှင် နောက်ကလိုက်လာသည့် ရန်သူအဘို့ တချီအင်္ကိုက်မိကာ မှတ်လောက်သားလောက် ဆုံးမနိုင်မည့် အရေးကို စဉ်းစားမိသည်ကြောင့် တောင်တက်လမ်း၏လက်ဝဲလက်ယာဘက် ကုန်းကောင်းအမြင့် တဖက်တချက်မှတပ်ကိုဖြန့်ကာ နေရာယူကားပြီး စက်သေနတ်ကြီးကိုလည်း တောင်ထိပ်အမြင့်ဆုံးရှိ ချုံများအကြားတွင် နေရာချထားလိုက်ပါသည်။

အရှေ့ဆီမှ နေရောင်ခြည်ကလေး များသည် မြင့်မားလှသော တောင်တန်းကြီးများကို ဖြတ်ကျော်၍ ဗိုလ်ကြီး-အောင်မင်းကျော်တို့ တပ်ဖြန့်ထားရာတောင်တန်းပေါ်သို့ ကျရောက်နေပါတော့သည်။ ကျေးငှက်တွေလည်း နံနက်အရုဏ်ဦး အိပ်တန်းတချိန်ဖြစ်၍ အစာရှာဖွေရေးအတွက် ညံ့ညံ့စီစီအော်မြည်ကာအိပ်တန်းမှဆင်းနေတော့၏။ တောင်ခြေဆီမှ တရွေ့ရွေ့တက်လာကြသည့် ကုလားစစ်တပ်များ၏ ရှေ့ပြေးတပ်စိပ်ကိုလှမ်း၍ တွေ့မြင်လိုက်ရတော့သည်။

ကင်းတပ်စိပ်နောက် ဂိုက်တရာခန့်အကွာမှ တတန်းစီက ချီတက်လာသော ဂေါ်တခါးတပ်သားများနှင့် ပုလိပ်အင်အား သုံးဆယ်ခန့်တို့ကို ဗိုလ်ကြီး-အောင်မင်းကျော်၏မှန်ပြောင်းအတွင်း၌ထင်းထင်း

www.burmeseclassic.com

www.burmeseclassic.com



စွာ တွေ့မြင်လိုက်ရပေ၏။ နောက်ဆုံး၌ လားများကို ရိက္ခာပစ္စည်းတင်ကာလိုက်ပါလာသည့် ပန်ချာပီတပ်စိပ်တစိပ်ကိုလည်း တရွေ့ရွေ့ တောင်တက်လမ်းမှ ဘက်ပေါကြသည်ကို ထွက်ခါစ နေရောင်တွင် အတိုင်းသားပေါ်နေတော့၏။

ဗိုလ်ကြီး-အောင်မင်းကျော်သည် တပ်စိပ် တစိပ်ကို သူတို့ ပုန်းအောင်းရာရွှေ့သို့ ဂိုက်နှစ်ရာမှန့်တွင် ရွှေ့ပြောင်း နေရာယူစေပြီး၊ ရှေ့ဆုံးမှချီတက်လာသည့် ရန်သူရှေ့ပြေး ကင်းတပ်စိပ်ကို ၎င်းကအချက်ပေးလိုက်လျှင် အပိုင်စီး၍ တိုက်ခိုက်ဘို့ တာဝန်ပေးလိုက်၏။

နာရီဝက်ခန့်အကြာတွင် ရှေ့ဆုံးမှ ဘရင်းဂန်းတလက်၊ စတင်းနှစ်လက်နှင့် ရိုင်ဖယ်များ ကိုင်ဆောင်လာသော ပန်ချာပီ တပ်စိပ် (ဆယ့်နှစ်ယောက် အင်အား) သည် တောင်ကျောလမ်း အတိုင်းမှ တက်လာပြီး ဗိုလ်ကြီး-အောင်မင်းကျော်တို့ ပုန်းအောင်းနေရာ ရှေ့ဂိုက်ဆယ်ခန့်မှဖြတ်၍ ရှေ့သို့ကင်းထောက်ရင်း ဆက်လက်တက်သွားပါသည်။ မကြာမီ နောက်တပ်မသည် စကားတပြောပြောနှင့် ဗိုလ်ကြီး-အောင်မင်းကျော်တို့ရှေ့မှ ဖြတ်၍လွန်သွားပြီး၊ ပုလိပ်တပ်ဖွဲ့များသည် ရယ်ကာမောကာဖြင့် ဗိုလ်ကြီးအောင်မင်းကျော်တို့အနီးသို့ အရောက်တွင် ဗိုလ်ကြီး အောင်မင်းကျော်က ကာဘိုင်နှင့် ချိန်ကာ သူပြန်လွှတ်လိုက်သော ရာဇဝတ်အုပ်နှင့် ပုလိပ်များကို ချိန်၍ စတင်ကာပစ်ချလိုက်သည်တပြိုင်နက် လမ်းဘေးရှိတောင်ထိပ်များ၌ အရိပ်သင့်နေရာယူနေသော ရဲဘော်များကလည်း လက်နက်မျိုးစုံနှင့် ဖိကာ ပစ်ခတ်ချလိုက်သည်တွင် ပြင်းထန်သော လက်နက်မျိုးစုံ၏ ပေါက်ကွဲသံကြီးများသည် တိတ်ဆိတ်နေသော နံနက် စောစောအချိန်ကို ထခဲနက်ဖို့ခွင်းသွားပါတော့တသည်။

အမှတ်တမဲ့ အတိုက်ခံရခြင်းနှင့် နီးကပ်စွာပစ်ခတ်တိုက်ခိုက်ခြင်း ခံရသည့်ကြောင့် ဗိုလ်ကြီး-အောင်မင်းကျော်တို့ကို လိုက်လံဖမ်းဆီး



ရန် ချီတက်လာသော ဗြိတိသျှအစိုးရ၏ ကြေးစား တပ်များအဘို့ ဆောက်တည်ရာမရနိုင်ဘဲ နေရာအကာအကွယ်ယူပြီး ပြန်လည် ပစ်ခတ် ခုခံတိုက်ခိုက်နေကြပါသည်။

ဗိုလ်ကြီး-အောင်မင်းကျော်၏ ကာဘိုင်ကျည်ဆံ ကိုးတောင့်၏ ဒဏ်ချက်ကြောင့်ရာဇဝတ်အုပ်၊ ပုလိပ်သုံးဦးနှင့် ကုလားစစ်သား နှစ်ဦးတို့သည် ထိမှန်ကျဆုံးခဲ့ပြီးနောက် အနီးကပ်ဂိုက်ငါးဆယ်အတွင်း မောင်းပြန်လက်နက်များနှင့်ဖိကာလက်ဦးမှုရရှိပြီးပစ်ခတ်တိုက်ခိုက်ခြင်း ခံရသည့်ကြောင့် ရန်သူဗြိတိသျှ ကြေးစားတပ်များအဘို့ ပစ်ဆုတ်-ဆုတ်စပြုနေပါပြီ၊ လူသွားလမ်းပေါ်၌ အတုံးအရုံးကျဆုံးနေသော သူတို့၏ဘက်မှ အလောင်းနှင့် လက်နက်များကို ပြန်လည်၍ကောက်မယူနိုင်ဘဲကိုယ်လွတ်ပစ်ကာ တောင်ဆင်းလမ်းအတိုင်းဆုတ်ခွါနေပါတော့သည်။

တောင်ထိပ်၌ ဝှက်ထားသော စက်သေနတ်ကြီး ဆီမှ ဆုတ်ခွါပြေးနေသောရန်သူတပ်များကို ခေါင်းမထောင်နိုင်ရန်တ ဝေါဝေါ ဖိကာ ပစ်ခတ်နေတော့သည်။ လက်နက်မျိုးစုံနှင့်ပစ်ခတ်သည့်ကြားမှပင် ရန်သူတပ်သားများသည် လူးကာလိမ့်ကာဖြင့် ပြန်လည်ပစ်ခတ်ရင်း တောင်အောက်သို့ အရဆင်း၍ ဆုတ်ခွါပြေးကြတော့သည်။

ဗိုလ်ကြီး-အောင်မင်းကျော်သည် ရန်သူများ ဆုတ်ခွါရာနောက်သို့ ဘေးမှပန်း၍မလွှတ်တမ်း လိုက်လံပစ်ခတ်ပြီး၊ တောင်ထိပ်မှဆီးကာ နောက်ထပ်ရန်သူများ တန်ပြန်ထိုးစစ် မဆင်နိုင်ရန် နေရာယူထားလိုက်ပြီး သူ၏ရဲဘော်များကို ရန်သူအကြွင်းအကျန် များနှင့်ရန်သူ့လက်နက်ပစ္စည်းများကို အမြန်ဆုံး သိမ်းယူ သုတ်သင်ရန် အတွက် အမိန့်ပေးလိုက်ပါသည်။

ရန်သူဘက်မှနှစ်ဆယ့်ရှစ်ယောက်ကျဆုံးပြီး ဘရင်းနှစ်လက်၊ ရိုင်ဖယ် ခြောက်လက်၊ စတင်းသုံးဆယ်တို့ ကျရစ်ခဲ့ပြီး ခဲယမ်းမီးကျော

www.burmeseclassic.com

www.burmeseclassic.com



စွာ တွေ့မြင်လိုက်ရပေ၏။ နောက်ဆုံး၌ လားများကို ရိက္ခာပစ္စည်း တင်ကာလိုက်ပါလာသည့် ပန်ချာပီတပ်စိပ်တစိပ်ကိုလည်း တရွေ့ ရွေ့ တောင်တက်လမ်းမှ ဘက်ပေါ်ကြသည်ကို ထွက်ခါစ နေရောင် တွင် အတိုင်းသားပေါ်နေတော့၏။

ဗိုလ်ကြီး-အောင်မင်းကျော်သည် တပ်စိပ် တစိပ်ကို သူတို့ ပုန်း အောင်းရာရှေ့သို့ ဂိုက်နှစ်ရာမှန့်တွင် ရွှေ့ပြောင်း နေရာယူစေပြီး၊ ရှေ့ဆုံးမှချီတက်လာသည့် ရန်သူရှေ့ပြေး ကင်းတပ်စိပ်ကို ၎င်းက အချက်ပေးလိုက်လျှင် အပိုင်စီး၍ တိုက်ခိုက်ဘို့ တာဝန်ပေးလိုက်၏။

နာရီဝက်ခန့်အကြာတွင် ရှေ့ဆုံးမှ ဘရင်းဂန်းတလက်၊ စတင်း နှစ်လက်နှင့် ရိုင်ဖယ်များ ကိုင်ဆောင်လာသော ပန်ချာပီ တပ်စိပ် (ဆယ့်နှစ်ယောက် အင်အား) သည် တောင်ကျောလမ်း အတိုင်းမှ တက်လာပြီး ဗိုလ်ကြီး-အောင်မင်းကျော်တို့ ပုန်းအောင်နေရာ ရှေ့ ဂိုက်ဆယ်ခန့်မှဖြတ်၍ ရှေ့သို့ကင်းထောက်ရင်း ဆက်လက်တက်သွား ပါသည်။ မကြာမီ နောက်တပ်မသည် စကားတပြောပြောနှင့် ဗိုလ် ကြီး-အောင်မင်းကျော်တို့ရှေ့မှ ဖြတ်၍လွန်သွားပြီး၊ ပုလိပ်တပ်ဖွဲ့ များသည် ရယ်ကာမောကာဖြင့် ဗိုလ်ကြီးအောင်မင်းကျော်တို့အနီး သို့ အရောက်တွင် ဗိုလ်ကြီးအောင်မင်းကျော်က ကာဘိုင်နှင့် ချိန် ကာ သူပြန်လွှတ်လိုက်သော ရာဇဝတ်အုပ်နှင့် ပုလိပ်များကို ချိန်၍ စတင်ကာပစ်ချလိုက်သည်တပြိုင်နက် လမ်းဘေးရှိတောင်ထိပ်များ၌ အရံသင့်နေရာယူနေသော ရဲဘော်များကလည်း လက်နက်မျိုးစုံနှင့် ဖိကာ ပစ်ခတ်ချလိုက်သည်တွင် ပြင်းထန်သော လက်နက်မျိုးစုံ၏ ပေါက်ကွဲသံကြီးများသည် တိတ်ဆိတ်နေသော နံနက် စောစော အချိန်ကို တခဲနက်ဖြိုခွင်းသွားပါတော့သည်။

အမှတ်တမဲ့ အတိုက်ခံရခြင်းနှင့် နီးကပ်စွာပစ်ခတ်တိုက်ခိုက်ခြင်း ခံရသည်ကြောင့် ဗိုလ်ကြီး-အောင်မင်းကျော်တို့ကို လိုက်လံဖမ်းဆီး



ရန် ချီတက်လာသော ဗြိတိသျှအစိုးရ၏ ကြေးစား တပ်များအဘို့ ဆောက်တည်ရာမရနိုင်ဘဲ နေရာအကာအကွယ်ယူပြီး ပြန်လည် ပစ် ခတ် ခုခံတိုက်ခိုက်နေကြပါသည်။

ဗိုလ်ကြီး-အောင်မင်းကျော်၏ ကာဘိုင်ကျည်ဆံ ကိုးတောင့်၏ ဒဏ်ချက်ကြောင့်ရာဇဝတ်အုပ်၊ ပုလိပ်သုံးဦးနှင့် ကုလားစစ်သား နှစ် ဦးတို့သည် ထိမှန်ကျဆုံးခဲ့ပြီးနောက် အနီးကပ်ဂိုက်ငါးဆယ်အတွင်း မောင်းပြန်လက်နက်များနှင့်ဖိကာလက်ဦးမှုရရှိပြီး ပစ်ခတ်တိုက်ခိုက် ခြင်း ခံရသည်ကြောင့် ရန်သူဗြိတိသျှ ကြေးစားတပ်များအဘို့ ပစ် ဆုတ်-ဆုတ်စပြုနေပါပြီ၊ လူသွားလမ်းပေါ်၌ အတုံးအရုံးကျဆုံးနေ သော သူတို့၏ဘက်မှ အလောင်းနှင့် လက်နက်များကို ပြန်လည်၍ ကောက်မယူနိုင်ဘဲကိုယ်လွတ်ပစ်ကာ တောင်ဆင်းလမ်းအတိုင်းဆုတ် ခွာနေပါတော့သည်။

တောင်ထိပ်၌ ဝှက်ထားသော စက်သေနတ်ကြီး ဆီမှ ဆုတ်ခွာ ပြေးနေသောရန်သူတပ်များကို ခေါင်းမထောင်နိုင်ရန်တ ဝေါဝေါ ဖိကာပစ်ခတ်နေတော့သည်။ လက်နက်မျိုးစုံနှင့်ပစ်ခတ်သည့်ကြားမှ ပင် ရန်သူတပ်သားများသည် လူးကာလိမ့်ကာဖြင့် ပြန်လည်ပစ်ခတ် ရင်း တောင်အောက်သို့ အရဆင်း၍ ဆုတ်ခွာပြေးကြတော့သည်။

ဗိုလ်ကြီး-အောင်မင်းကျော်သည် ရန်သူများ ဆုတ်ခွာရာနောက်သို့ ဘေးမှပန်း၍မလွတ်တမ်း လိုက်လံပစ်ခတ်ပြီး၊ တောင်ထိပ်မှဆီးကာ နောက်ထပ်ရန်သူများ တန်ပြန်ထိုးစစ် မဆင်နိုင်ရန် နေရာယူထား လိုက်ပြီး သူ၏ရဲဘော်များကို ရန်သူအကြွင်းအကျန် များနှင့်ရန်သူ့ လက်နက်ပစ္စည်းများကို အမြန်ဆုံး သိမ်းယူ သုတ်သင်ရန် အတွက် အမိန့်ပေးလိုက်ပါသည်။

ရန်သူဘက်မှနှစ်ဆယ့်ရှစ်ယောက်ကျဆုံးပြီး ဘရင်းနှစ်လက်၊ ရိုင် ဖယ် ခြောက်လက်၊ စတင်းသုံးဆယ်တို့ ကျရစ်ခဲ့ပြီး ခဲယမ်းမီးကျော်

www.burmeseclassic.com

www.burmeseclassic.com



တင်လာသော လားလေးကောင်သည် တိုက်ပွဲကြားမှ လွတ်ပြီး တောင်ပေါ်ကျန်ရစ်သဖြင့် အလွယ်တကူဖမ်းယူလိုက်ပါသည်။

ဗိုလ်ကြီးအောင်မင်းကျော်က သူတို့ဘက်မှထိခိုက်သူများစာရင်းကို စစ်ဆေးကြည့်ရှုလိုက်သည်။ ပုခုံးစွန်း၌ဒဏ်ရာရရှိသွားသော ဗိုလ်ညွန့်မောင်ကို ရဲဘော်နှစ်ယောက်က တွဲလျက်တွေ့ရပြီး၊ အခြားရဲဘော်လေးယောက်မှာ ဒဏ်ရာပြင်းထန်စွာရရှိသွားသည်ကို တွေ့ရသဖြင့် အထိရောက်ဆုံးသော ခေတ်မှီဆေးဝါးများဖြင့် ဆေး-တပ်ကြပ်ကြီး ထွန်းမောင်က ကုသရင်း အဆိပ်မတက်ရန်နှင့်အနာမရင်းရန် ဆေးတလုံးစီ ချက်ခြင်းထိုး၍ ကုသလိုက်ပါသည်။ ထိုနောက် တိုက်ပွဲဖြစ်ပွားရာနယ်မြေမှ ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏တပ်ဖွဲ့ကို ရှေ့စခမ်းဆီသို့ ရွှေ့ပြောင်းချီတက်ခဲ့ပါသည်။ ဗိုလ်ညွန့်မောင်နှင့် ဒဏ်ရာအပြင်းဆုံးရဲဘော်တယောက်ကို လားတကောင်စီပေါ်တွင်တင်ဆောင်၍ ရှေ့သို့ချီတက်စေပါသည်။ နေ့တနာရီခန့်တွင် ရှေ့မှကင်းထောက်တပ်အဖြစ်ချီတက်ခဲ့သော ဗိုလ်စံလှအောင်၏ တပ်စုနှင့်ပြန်၍ပေါင်းမိကြပြီးနောက် ညစခမ်းချရေးအတွက် ဗိုလ်ကြီး-အောင်မင်းကျော်သည် နေရာကောင်းကို ရွေးချယ်နေပြန်ပါသည်။ ညဘက်တွင် ဒဏ်ရာရရှိခဲ့သော ဗိုလ်ညွန့်မောင်နှင့်ရဲဘော်လေးဦးစလုံး ဒဏ်ရာအရှိန်ကြောင့် အဖျားသွေးဝင်လာသည်ကြောင့် ဆေးတပ်ကြပ်ကြီးသည် သူတတ်စွမ်းသမျှ ဆေးဝါးများဖြင့် တိုက်ကျွေးပေးနေပါသည်။

ကိုးရပ်ခွင်လုံးပိန်းပိတ်အောင် မှောင်နေတော့၏။ ကောင်းကင်ပြင် တခိုမှ မပွင့်တပွင့် ကြယ်ကလေးများသာလျှင် တမ်မ်တိုက်တွေကြား၌ အင်အားချိ့တဲ့စွာဖြင့် လောကပြင်ကိုငုံ၍ ကြည့်နေသကဲ့သို့ ထင်မှတ်စေ၏။

အနောက်တောင်ဒေါင့်ဆီမှမိုးမင်းနဲ့ ပါလာသောလေပြင်း က



လေးသည် တဟူးဟူးတိုက်ခတ်စ ပြုလာသည်တွင် လမ်းပြ-ပုညသည် တစုံတခုသတိရမိပုံဖြင့် ဗိုလ်ကြီး-အောင်မင်းကျော်ဆီသို့ ချက်ခြင်းရောက်ရှိလာပြီး....

"သခင်ကြီး....ဒီနေ့ည ဒီဘက်တောင်ခြေမှာစခမ်းမချဘဲ ညခြင်းရှေ့ရအောင်၊ မိုးရွာချရင် နက်ဖန်ဟိုဘက်တောင်ခြေကိုမကူးနိုင်ဘူးဘုရား၊ ချောင်းကျရေ အင်မတန် စီးတယ်—အရှိန်ပြင်းတယ်"

ဗိုလ်ကြီးအောင်မင်းကျော်သည် ပုည၏အကြံပေးချက်မှာသဘာဝကျသည်ကြောင့် တပ်ကို ချက်ခြင်း ရှေ့ပြောင်းရန် စီစဉ်လိုက်ရပေ၏။ ပင်ပန်းနေသောရဲဘော်များအဘို့ သူတို့၏ လက်နက်ပစ္စည်းများကို မှောင်မဲမဲထဲတွင် ချက်ခြင်းစုရုံး၍ လမ်းပြ-ပုည ရှေ့ဆောင်ကာ စတင်ခရီးဆက်ဘို့ နောက်မှ ထက်ချပ်မကွာ လိုက်ခဲ့ရပေ၏။

လားပေါ်မှ ဗိုလ်ညွန့်မောင်နှင့်ရဲဘော်တဦးကို ဗိုလ်ကြီးအောင်မင်းကျော်ကိုယ်တိုင် ဘေးမှစောင့်ရှောက်ကာ တဖက်တောင်ခြေရှိ စခမ်းသစ်ဆီသို့ မိုးမသဲမီ အချိန်လုကာ စောင့်ရှောက် ကြပ်မတ်၍ ခေါ်ဆောင်ခဲ့လေသည်။ တောင်ခြေရှိချောင်းမကြီးထဲသို့ ရောက်အောင် တနာရီခန့်ဆင်းပြီးနောက် ချောင်းတဖက်ကမ်းခြေသို့ ဆယ်မိနစ်ခန့် ကူးခဲ့ပြီး၊တဖန် တောင်တက်လမ်းအတိုင်းတက်ပြီး တောင်ကျောပေါ်ရောက်အောင် တက်ခဲ့ကြပြန်သည်။

ဝန်ထုပ်တွေက လေးလံလာခြင်း၊ ခရီးပမ်းလာခြင်းတို့ကြောင့် ရဲဘော်များအဘို့ တလှမ်းခြင်းလှမ်းလိုက်တိုင်း ပင်ပမ်းနွမ်းနယ်လာကြပါသည်။ တောင်ကျောပေါ်သို့မရောက်မီအောင် လေးဆယ့်ငါးမိနစ်ခန့်တက်ခဲ့ပြီးနောက် မြေညီသောနေရာကောင်းတခုတွင် စခမ်းချရန် ရွေးချယ်လိုက်ကြပေ၏။ ကျောက်ထူထပ်သော တောင်တန်းများ ဖြစ်၍ အပြင်သို့ ချွန်ထွက်နေသော ကျောက်ဖျာကြီးများ



www.burmeseclassic.com

www.burmeseclassic.com



အောက်နှင့် မိုးလေဒဏ်မှ ခိုကပ်၍ရနိုင်သည့် ကျောက်ခေါင်းများ အတွင်း၌ ဗိုလ်ညွန့်မောင်နှင့်လူနာများ၊ ရိက္ခာများကို နေရာချလိုက် ပြီးနောက် ကင်းများကိုလည်း စနစ်တကျချထားလိုက်ရာ ဗိုလ်ကြီး အောင်မင်းကျော်သည် ဗိုလ်ညွန့်မောင်တို့ကို အားပေးစကား ပြော ကြားလိုက်ပါသည်။

"ကျွန်တော့်အတွက်ဘာမှမပူပါနဲ့ ဗိုလ်ကြီး၊ ပခုံးကဒဏ်ရာက ကိုက်တာသာခုပါဘဲ၊ ဖျားတာကတော့ ဒဏ်အေးမိခဲ့တဲ့အတွက်ပါဘဲ မကြာခင်သက်သာသွားပါလိမ့်မယ်"

ဗိုလ်ညွန့်မောင်သည် ပက်လက်အိပ်စက်နေရာမှ ပြောလိုက်ပါ သည်။

ဗိုလ်ကြီး-အောင်မင်းကျော်သည် ဒဏ်ရာအရှိန်- အအေးမိသည့် အရှိန်ကြောင့် အပြင်းဖျားနေသော ရဲဘော်၏အခြေအနေကိုကြည့် ကာ ရေနွေးဆွတ်ထားသောမျက်နှာသုတ်ပုဝါကိုညှစ်ကာ ရဲဘော် ၏ မျက်နှာနှင့်နဖူးပြင်ကို သုတ်ပေးနေပါသည်။ ဆေးတပ်ကြပ်ကြီး က အဖျားကျဆေးတလုံးကို ရဲဘော်၏တင်ပဆုံသို့ ထိုး၍ပေးလိုက် ပြီး...

"ဒီဂရီ တရာ့လေးရှိတယ် ဗိုလ်ကြီး၊ နက်ဖန်နံနက်ဆိုရင် အဖျား ကျကောင်းပါရဲ့"

"ကျိုးစားပြီးကုကြပါ ရဲဘော်၊ ထိုးဆေးတွေလဲအများကြီး ယူ လာခဲ့တာကြိုက်သလိုသုံး၊ ရဲဘော်ထက် ဘာမှတန်ဖိုးမရှိဘူး ဆရာ လူမောင်"

"ကျွန်တော်တညလုံးမအိပ်ပါဘူး ဗိုလ်ကြီး၊ နာရီပိုင်းနဲ့ အခြေ အနေကိုစမ်းသပ်ပြီး ဆေးကိုလိုသလိုသုံးသွားပါမယ်ခင်ဗျာ"

ထိုအခိုက်တွင် မိုးသက်လေပြင်းကျလာကာ နောက်ဆက်တွဲ အ ဖြစ် မိုးပေါက်တွေတဝေါဝေါရွာဆင်းလာတော့၏။ ရာသီဥတု အ



ခြေ အနေကလည်း အတော်အေးလာသည်ကြောင့် ဗိုလ်ကြီး အောင် မင်းကျော်သည် ဒဏ်ရာရရှိခဲ့သော ရဲဘော်များအားလုံးကို သူကိုယ် တိုင် ဂွမ်းစောင်များနှင့် လိုက်လံ၍ အနွေးဓါတ်ရရှိစေရန် ခြုံလွှမ်း ပေးလိုက်ပါတော့သည်။

ကိုးရပ်လွှင်လုံးမိုးသံလေသံများဖြင့် ဟိန်းတောက်ကာ စားခမန်း ဝါးမြိုခန်း သဲသဲမဲမဲရွာနေစေတော့၏။

## နောက်ဆုံးနှုတ်ဆက်ခြင်း

ညလုံးပေါက် ရွာသွန်းနေသော မိုးသည် နံနက် ရှစ်နာရီ ခန့်မှ အနည်းငယ်စဲသွားတော့သည်။ အရှေ့ဆီက နေရောင်ခြည် ဖြူ ဖြူ ကလေးများက တညလုံးထွေးမလုံ ချမ်းခဲ့သော ဗိုလ်ကြီး-အောင် မင်းကျော်တို့ ရဲဘော်များကို မေတ္တာသက်ဆောင်အဖြစ် ဖြန့်ချီလိုက် သကဲ့သို့ပင်....

ယမန်နေ့ညက သူတို့ ဖြတ်ကျော်ခဲ့သော ချောင်းကြီးသည် ယခုအခါ၌ ရေစီးတဝေါဝေါ မြည်ဟီးနေသော ရေမချောင်းကြီး အဖြစ် ကြောက်မက်ဘွယ်ရာအသံဆိုးများဖြင့် တောင်ကျရေများစီး ဆင်းနေပါတော့သည်။ သစ်တုံးများ၊ ဝါးများသည် ရိပ်ကနဲ-မဲကနဲ ရေစီးအင်မတန်သန်လှသောအရှိန်နောက်တွင် မျောပါနေတော့၏။ ဗိုလ်ကြီး-အောင်မင်းကျော်သည် မှန်ပြောင်းနှင့် နောက်ပိုင်း အခြေ အနေကို လှမ်း၍တဖက်ကမ်းခြေသို့ ကြည့်လိုက်သည်တွင် သူ့အဘို့ ရှတ်တရက် အံ့အားသင့်သွားစေတော့၏။

တဖက်ကမ်းထိပ်၌ မဲမဲကျွတ်မျှ ရောက်ရှိနေသော ဗြိတိသျှတပ် များကို တွေ့လိုက်ရရုံမျှမက သူတို့ဆီသို့ကြည့်ကာ အချင်းချင်း တိုင် ပင် နေကြပုံတို့ကို ဗိုလ်ကြီး-အောင်မင်းကျော်ကတွေ့ရှိလိုက်ရပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့စခန်းချရာနှင့် ရန်သူတပ်များရပ်နေရာ ကြားဂိုက်လေးရာခန့်တွင် ရေစီးသန်လှသော ချောင်းပြင်ကျယ်ကြီးက ကန့်လန့်ခြားသလို ခြားနေ၍ ရန်သူများ ကြိတ်မနိုင်ခဲမရ ဖြစ်နေပုံတွေ့ရပေ၏။ မကြာမီ ဗိုလ်ကြီး·အောင်မင်းကျော်တို့တပ်စခန်းဘက်သို့ သုံးလက်မကျည်ဆံများကျရောက်လာ ပေါက်ကွဲနေတော့၏။ ကြိုတင်၍ လှုံ့ဆော်ရာ ကျောက်ဆောင်များ၊ ကျောက်ထုံးများကြား၌ နေရာယူထားခဲ့ခြင်းကြောင့် ထိခိုက်မှု တစုံတရာ မဖြစ်သော်လည်း ရန်သူဖြတ်သွားကြေးစားတပ်များက ဗိုလ်ကြီးအောင်မင်းကျော်တို့စခန်းချနေသည့်နေရာကို ကျကျနနတွေ့ရှိသွားခြင်းဖြစ်ပေ၏။

ဗိုလ်ကြီးအောင်မင်းကျော်သည် သူတို့တရပ်တပ်တွေကိုတိုက်ခိုက်စဉ်က ရယူခဲ့သောမော်တာကြီးများကို အဆင်သင့်တပ်ဆင်ထားရာဆီသို့ ဗိုလ်ကြီးအောင်မင်းကျော်သည်ပြေး၍ ရန်သူတပ်များ၏ နေရာ အကွာအဝေးတို့ပါ ညွှန်ကြားလိုက်ပြီး ပြန်လည်ခုခံပစ်ခတ်ရန် ဗိုလ်စံလှဘော်တပ်စုကို အမိန့်ပေးလိုက်ပါသည်။

မကြာမီ မော်တာကြီးသုံး လက်မပွင့်ထွက်သွားသော ကျည်ဆံများသည် တဖက်ကမ်းထိပ်၌စုပြုံကာ ရပ်ကြည့်နေကြသည့်ဖြတ်သွကြေးစား တပ်များ အလယ်တည့်တည့်သို့ တိုက်ရိုက်ကျရောက်ကာ တဝုန်းဝုန်းပေါက်ကွဲနေကြပါသည်။

ရန်သူတပ်များသည် ကစဉ့်ကလျား ပုန်းကွယ်ကာ ချက်ခြင်းအကာအကွယ် ယူလိုက်ကြပြီး စက်သေနတ်များ၊ ရိုင်ဖယ်များနှင့် ပြန်လှန်ပစ်ခတ်လိုက်ကြပါသည်။

"ပစ်ကြပါစေကွာ....ဂိုက်သုံးရာကျော်ဆိုရင် ရှတ်တရက် ပစ်ခတ်လို့ မလွယ်ကူပါဘူး။ ကျည်ဆံတွေအရမ်းမဖြုန်းဖို့ သတိထား"

သူ့တပ်သားများကိုပြောလိုက်ပြီး၊ စခန်းရွှေ့ရေးကို စီစဉ်လိုက်ပေ၏။ ရှေးဦးစွာ ရန်သူများ၏ အပစ်အခတ်လွတ်ရာဘက်မှ စတင်၍



လူမမာများကိုရွှေ့ပြောင်းရန်နှင့် ဒုတိယအချက်မှာ ရန်သူများကို ပစ်ခတ်ပြီး မသိမသာဆုတ်ခွာရန်ဖြစ်ပေ၏။ ထို့ကြောင့် ဗိုလ်စိန်ပန်းတပ်စုတစုကိုပစ်ခတ်ရန် အမိန့်ပေးလိုက်ပြီး၊ လူမမာများကို ရန်သူ့အပစ်အခတ် လွတ်ရာဘက်မှ ဆုတ်ခွာရေးကို ဗိုလ်ကြီးအောင်မင်းကျော်ကိုယ်တိုင် တာဝန်ယူကွပ်ကဲကာ ရိက္ခာတင်လားများနှင့် အပိုလားများ ကျောက်ထုံးများ အကာအကွယ်ယူစေပြီး၊ နိမ့်ရာဘက်မှ လှည့်ပတ်ကာ စတင်၍ ဆုတ်ခွာလိုက်ပါသည်။ ဒုတိယ အသုတ်မှာ ဒဏ်ရာရရှိသောလူမမာများနှင့် စစ်လက်နက်ပစ္စည်းကို ဆုတ်ခွာစေ၏။

ဗိုလ်စိန်ပန်းနှင့်တပ်စုကလည်း တချက်ခြင်းပစ်ခတ်ကာ တပ်သိမ်းပေးလျက်ရှိကြပေ၏။ ရန်သူများဘက်မှလည်း သုံးလက်မမော်တာများနှင့် ပြန်လည်၍ပစ်ခတ်စပြုလာပါသည်။ နာရီဝက်ခန့် အကြာတွင် အရေးကြီးသည့်လူနာများနှင့် စစ်ပစ္စည်းလက်နက် များသည် ဘေးလွတ်ရာသို့ရောက်ရှိကြသည်တွင် ဗိုလ်စိန်ပန်းသည် သူ၏တပ်စုကို တပ်စိပ်လိုက်ပစ်ခတ်ကာ တပ်စိပ်လိုက်နောက်ပိုင်းသို့ ဆုတ်ခွာစေပါသည်။

တဖြည်းဖြည်းနှင့် ပစ်ခတ်သံများသည် ဝေးသည်ထက်ဝေးကာ ကျန်ရစ်ခဲ့တော့၏။ ဗိုလ်ကြီးအောင်မင်းကျော်သည် ပုညကို အရေးတကြီး မေးမြန်းလိုက်ပါသည်။

"ချောင်းရေက ဘယ်တော့လောက်အစီးလျော့သွားမလဲ ပုည"

"လေးငါးရက်ဟာ အနည်းဆုံး သခင်ကြီး....၊ ခုနေသတ္တိရှိရင် ဘယ်သူဖြတ်ကူးကူး မပါတော့ ပုညလည်ပင်းစင်းပေးမယ်၊ ရန်သူတွေ ဖြတ်မကူးဝန့်ပါဘူးသခင်ကြီး၊ ဒီနေ့ည တညအိပ်စခန်းလှန်ရင် သူတို့မလိုက်ရဲပါဘူး၊ သူတို့နယ်မြေကလွန်ခဲ့ပြီမို့ ပါ သခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ....နက်ဖန်လွှန်ရင် အတွင်း၀ နယ်ကို ရောက်အောင် ချီတက်ကြမယ်၊ လူနာတွေကို သက်သာတဲ့နည်းနဲ့ သယ်ယူဘို့ အရေးကြီးတယ်ရဲဘော်"

ဗိုလ်ကြီးအောင်မင်းကျော်သည် ဗိုလ်ညွှန့်မောင်ဆီသို့ သွားရောက်၍ နဖူးကိုစမ်းသပ်ကြည့်လိုက်ရာ အတော်ပူနေသည်ကို တွေ့ရပေ၏။

"ရောက်ခါနီးပါပြီဗိုလ်ညွှန့်မောင်၊ ကျွန်တော်စိတ်မကောင်းပါဘူး၊ ခုလိုထိခိုက်မိတယ်ဆိုတာ"

ဝမ်းနည်းသောအသံဖြင့် ဗိုလ်ကြီး—အောင်မင်းကျော်က ပြောလိုက်သည်တွင် ဗိုလ်ညွှန့်မောင်သည် လား၏ဇက်ကြိုးကို ဘယ်လက်ဖြင့် ဆုပ်ကိုင်ရင်း....

"နေသာပါတယ် ဗိုလ်ကြီး၊ စစ်သားဆိုတာ ဒုက္ခနဲ့ သုခဒွန်တွဲနေတဲ့ဘဝမှာ ထာဝစဉ်ရပ်နေရတဲ့ လူတွေမို့ ကျွန်တော့်အတွက် သိပ်ပြီးအရေးမထားပါနဲ့ ဗိုလ်ကြီး၊ စိတ်ချမ်းသာအောင်သာ ဦးဆောင်သွားပါ"ဟု ပြောကြားလိုက်ပါသည်။

ဆယ်ရက်မြောက်သောနေ့ နံနက်ကာလ...

မျှော်လေတိုင်းလည်း တောင်အထပ်ထပ်-တောအထပ်ထပ် စိမ့်ပတ်ဆိုင်းကာ မှုံမှိုင်းနေတော့သည်။ တိမ်ခိုးတွေနှင့် တောင်ထွဋ်တောင်စွန်းများသည် မကြာခဏ ထိတွေ့ကာ စစ်ခင်း နေသကဲ့သို့ ထင်မှတ်နေရအောင် သဘာဝကဖန်တီးလျက်....

ဗိုလ်ကြီး-အောင်မင်းကျော်တို့အဘို့ ခါတိုင်းနှစ်ရက်သွားရသော ခရီးကို သုံးရက်ကြာမျှ သွားနေရပေ၏။ လူမမာများနှင့် မိုးဥတုကာလတွင် ခါတိုင်း ဆောင်းနှင့်နွေကာလကဲ့သို့ သွားလာရေးမှာ မလွယ်ကူလှပေ။

ရေတတန်-ကုန်းတတန်ဘက်ရခြင်း၊ လမ်းများကချော်နေခြင်းနှင့် မိုးသိပ်သည်းထန်သည့်အခါတွင် မိုးဝင်ခိုနေရခြင်းစသည့် ရာသီ



ခရီးထင်သလောက် မပေါက်ရောက်ချေ။

ဥတု အခက်အခဲကြောင့် ခရီးထင်သလောက် မပေါက်ရောက်ချေ။ နောက်ပိုင်းမှ ရန်သူတပ်များ၏ အရိပ်လက္ခဏာ တစုံတရာကို မတွေ့ရသော်လည်း စိတ်မချရသည့် ခရီးလမ်းဖြစ်၍ ဗိုလ်ကြီး-အောင်မင်းကျော် အဘို့ ကြာကြာတနေရာတွင်စခန်းမချတော့ဘဲ တက်နိုင်သမျှ ခြေလှမ်းနိုင်သမျှရှေ့မှိုတော်ဆီသို့ တရွေ့ရွေ့ ချီတက်နေပါတော့၏၊

ဗိုလ်ကြီးအောင်မင်းကျော်သည် ဗိုလ်ညွှန့်မောင်ကို သွားရောက်စမ်းသပ်ကြည့်ရာ အပြင်းဖျားနေသည်ကို တွေ့ရသည်ကြောင့် လားပေါ်၌ မတင် ခိုင်းတော့ဘဲ ရဲဘော် လေးယောက်ကျ ထမ်းစင်နှင့်ထမ်းရန်စီစဉ်လိုက်ရပေ၏။ ဒဏ်ရာနှင့် ရဲဘော်လေးယောက်အနက် သုံးယောက်မှာ ဒဏ်ရာမှသက်သာသော်လည်း ကျန်တယောက်အဘို့ ၌ အနာတွင် ပြည်များလိုက်လာခြင်းကြောင့် အနာရှိန်တက်ကာ ဖျားနေပြန်တော့၏။ ဆေးတပ်ကြပ်ကြီးသည် သူတတ်စွမ်းသမျှ ဆေးဝါးကောင်းများနှင့် မနေမနားပြုစုနေသော်လည်း ဗိုလ်ညွှန့်မောင်၏အနေအထားမှာ အတော်ဆိုးဝါးလျက်တွေ့ရပြီး အဆုပ်အအေးမိသောရောဂါ ချဉ်းကပ်နေလျက်ရှိကြောင်းကို နောက်ဆုံး ၌သိရှိလိုက်ရပေ၏၊ အင်ကျက်ရှင်ဆေးများကို တလုံးပြီး တလုံး ထိုးကာ ဆေးတပ်ကြပ်ကြီးသည်ကုစားလျက် ခရီးလမ်းချီတက်ရာမှရပ်နားလိုက်ရသည် ပြုစုကာနေလိုက်သိုင်း ဗိုလ်ညွှန့်မောင်၏အဖျားဒီကရီကိုတိုင်းရင်း ရောဂါမှာ ရက်ရက်စက်စက်အေးလာသလော ရှာပါသည်။ ရာသီဥတုကလည်း ရက်ရက်စက်စက်အေးလာသလော မိုးကလည်း စဲသည်ဟူ၍မရှိနိုင်အောင် သဲသဲမဲမဲရွာလျက် ရှိပေတော့၏။ ရဲဘော်များအဘို့ မိုးဒဏ်-လေဒဏ် ရင်ဆိုင်ခြင်းတိုင်း ရင်ဆိုင်နေရပေ၏။ တချို့ ရဲဘော်များသည် အအေး မိလာခြင်းကြောင့် ချောင်းဆိုး နာစေးရောဂါတွေ 'ဖျောက်ကြား ဖျောက်ကြား' ပေါ်လာတော့၏။ ညသို့နှင့်ပင် တညလွှတ်ခဲ့ပါတော့သည်။

တနေ့ကုန် မိုးထဲလေထဲ၌ ဗိုလ်ကြီးကြီးနှင့်ချီတက်ခဲ့ရသော ရဲဘော်

www.burmeseclassic.com

www.burmeseclassic.com



မင်းကျော်ကို ပုဆစ်ထူးတုပ်ခ စားလိုက်ပြီး ဦးတိုက်လျက်ရှိသောသမှ ပြုနေကြပါသည်။ အတန်ကြာမှ တောင်တန်းကေရီသခင်မကြီးသည် ပြုံးရွှင်စွာဖြင့် ထ ရှဲရပ်လိုက်ပြီး….

"သခင်ကြီး အမောတော်ပြေအောင် နှမတော် ဘုရားကို နှစ်ညအိပ်ခရီးက အရံသင့်သာကြိုဆိုခြင်းဖြစ်ပါတယ်"

"သိပ်ဝမ်းမြောက်ပါတယ် သခင်မနဲ့ စောခမ်းနွဲ….ဒါထက်-"

ဗိုလ်ကြီး-အောင်မင်းကျော်သည် သူအလွန်တရာသိလိုသောမေးခွန်းတပုဒ်ကို ပါးစပ်မှ ထွက်ရ-မေးရကောင်းနိုး၊ မမေးရကောင်းနိုး အနေနှင့် ချီတုံချတုံရှိနေပါသည်။

"မောင်တော်သခင်ကြီးရဲ့ ရင်သွေး- သားတော်နှစ်ပါးရွှေနန်းတော်မှာ ပျော်စံမြန်းရင်း ကျန်ရစ်ခဲ့ပါကြောင်းပ ဘုရား"

တောင်တန် ကေရီသခင်မကြီးသည် ရယ်မောသံကလေးသဲ့သဲ့ဖြင့် ကြားရသူတိုင်းအသဲအေးစေဘို့အသံမျိုးဖြင့် လျှော်တင်လိုက်မှ-

"ဩြော်-သားတော်တွေကျမ်းမာရင် ပြီးတာပါဘဲသခင်မကြီး— ဒါထက်-သခင်ကြီးရဲဘော်တွေ အဘော်မမာလာကြဲတယ်၊အခြေအနေဆိုးနေကြတယ်သခင်မကြီးရဲ့"

"ဆေးဝါးများ ကုစားပေးရန် ဘုရားနှမတော်များ အရံသင့်ရှိကြောင်းပါဘုရား"

တောင်တန်းကေရီ သခင်မကြီး သည် ချက်ခြင်းပင် ဗိုလ်ကြီး-အောင်မင်းကျော်၏ စိတ်ပူပန်မှုကိုသိရှိသည့် အတိုင်း စောခမ်းနွဲ၏ လက်တွင်းမှ ဆေးကွမ်းအစ်ကလေးကိုလှမ်း၍တောင်းယူလိုက်ပေ၏။

ဗိုလ်ကြီးအောင်မင်းကျော်သည် ဗိုလ်ညွန့်မောင်နှင့် ဒဏ်ရာပြင်းထန်သောရဲဘော်တို့ကို ထမ်းစင်ဖြင့် သူတို့ရှေ့မှောက်သို့ယူလာရန် တမိနစ်မဆိုင်းတန်းအမိန့်ပေးလိုက်ပါသည်။ ချက်ခြင်းပင်ဗိုလ်ညွန့်မောင်နှင့် ဒဏ်ရာနှင့် ရဲဘော်တို့ကို ယှဉ်တွဲလျက် ထမ်းစင်တခုစီနှင့်



တောင်တန်းကေရီသခင်မကြီးအနီးသို့ပို့ အပ်လိုက်တော့သည်။

တောင်တန်းကေရီသခင်မကြီးသည် ဗိုလ်ညွန့်မောင်၏နဖူးပြင်ကို ယုယစွာဖြင့်စမ်းသပ်၍ကြည့်လိုက်ပြီး အတန်ကြာအာရုံပြုနေရှာ၏။

"အသက်မိုလို့ တော်သေးတယ်သခင်ကြီး….နက်ဖန်မွန်းတည့်ဆိုရင်-သခင်ကြီးရဲ့ စစ်မှူးအသက်ကို ဘုရားနှမတော်မကယ်နိုင်တော့ဘူး အချိန်လွန်ဘို့ သိပ်နီးကပ်နေရှာပြီ"

လျှောက်တင်လိုက်ပြီး ရွှေရေတခေါင်းမှ ရေတခွက်ငှဲကာ နက်မှောင်သော ကျောက်ပြင်ကလေးပေါ်တွင် အရောင်ဖြူတွေ တဖိတ်ဖိတ် တောက်နေသော ကွမ်းသီးလုံးခန့် ဖြူဖြူအလုံးကလေးကို သွေးကာ ရွှေခွက်ကလေးတခုထဲသို့ထည့်လိုက်ပါသည်။

"ဒီဆေးရည်ကို မောင်ငယ်စစ်မှူးနဲ့ ရဲမက်တွေပါးစပ်ထဲကို ရေခံဘို့ ကျွေးစားပါသခင်ကြီး၊ အင်မတန်အရေးကြီးပါတယ်….ဆေးမိမှ အသက်ရှင်နိုင်ရေးကို ဆုံးဖြတ်နိုင်ခွင့်ရှိပါတယ် သခင်ကြီးဘုရား"

ဗိုလ်ကြီးအောင်မင်းကျော်သည် ငွေဇွန်းတချောင်းကို တောင်းယူကာ ဗိုလ်ညွန့်မောင်၏ မေးခိုင်နေသောပါးစပ်ကို ဇွန်းအမြီးနှင့် ကလန့်ကာ ဟ လိုက်ပြီး….

"ဆေးစက်ချလို့ ရပါပြီ နှမတော်….အရံသင့်ရှိနေပါပြီ"

တောင်တန်းကေရီ သခင်မကြီးသည် သူမ၏လက်ညှိုးကို ရွှေခွက်ထဲတွင် နှစ်လိုက်ပြီးနောက် လက်ညှိုးမှတဆင့် ဗိုလ်ညွန့်မောင်၏ပါးစပ်ထဲသို့ ဆေးရည်ခုနစ်စက်တိုင်အောင် သွန်းလောင်းချလိုက်ပြီး ဒဏ်ရာနှင့် အဖျားဝင်နေသော ကျန်ရဲဘော်ကိုလည်း ဆေးရည်ခုနစ်စက်တိတိ ဗိုလ်ကြီး-အောင်မင်းကျော်၏ အကူအညီဖြင့် တိုက်ကျွေးပြုစုလိုက်ပါသည်။

စောခမ်းနွဲသည် ပိုးပဝါကလေးကိုရွှေဖလားမှ ရေမွှေးနှင့်ဆွတ်ကာ ဗိုလ်ညွန့်မောင်၏မျက်နှာပြင်၊ နဖူးဆံစများကိုမကြာခဏပွတ်

www.burmeseclassic.com

www.burmeseclassic.com



သပ်ပေးလိုက်ပြီး၊ ဒဏ်ရာဆီသို့လည်း ရေစက်များချကာ ပေးလိုက်သည်။ နောက်တဖန် ရဲဘော်ကိုလည်း ဗိုလ်ညွှန့်မောင်ကို ပြုစုနည်းအတိုင်း စောခမ်းနွဲ့ကပြုစု၍ပေးလိုက်ပါသည်။

ဗိုလ်ကြီးအောင်မင်းကျော်နှင့် သူ၏တပ်ဖွဲ့ဝင်များသည် အသက်မရှူနိုင်စတမ်း ဗိုလ်ညွှန့်မောင်နှင့် ဒဏ်ရာနှင့်ရဲဘော်တို့ဆီသို့ မျက်တောင် မခတ်နိုင်ကြဘဲငေးကာ အရိပ်အခြေကို အကဲခတ်နေကြမိသည်။

နှစ်ယောက်စလုံး အသက်ရှူသံသည် မြင်း၍မြင်း၍ လာချေ၏။ ဖြူဖတ်ဖြူရော်ရောင် သွေးကင်းနေသောမျက်နှာပြင်များတွင် ပန်းနုရောင်များသည် တမုဟုတ်ချင်း ပေါ်ထွက်လာချေ၏။ ထို့နောက် အသက်ရှူမှန်၍ ညီ၍လာချေ၏။ သတိလစ်နေသော ဗိုလ်ညွှန့်မောင် ပါးစပ်မှ....

"ဗိုလ်ကြီး-ဗိုလ်ကြီး....အမယ်လေ မောလိုက်တာ ရေပေးပါ"

ဟူ၍ သတိရလာပြီး ရေကိုတောင်းလိုက်ရာ စောခမ်းနွဲ့က ရွှေရေတခေါင်းထဲမှငှဲ့ယူထားသောရေအနည်းငယ်ကို ဗိုလ်ညွှန့်မောင်၏ ပါးစပ်ထဲသို့လောင်းချပေးလိုက်၏။ ဗိုလ်ညွှန့်မောင်သည် ပက်လက်မှ တစောင်းလှည့်လိုက်ပြီး ပြန်၍နှစ်ချိုက်စွာအိပ်သွားပြန်တော့၏။ ဒဏ်ရာနှင့်ရဲဘော်အတွက် သတိပြန်ရလာပြီး....

"အနာကကိုက်တယ်....အနာကအားကြီး ကိုက်လှချီကလား"

မပြီကလာပြီကလာနှင့် ငြီးတွား လိုက်သည်တွင်၊ တောင်တန်းကေရီ သခင်မကြီးသည် ရွှေကွမ်းအစ် သေးသေးကလေး အတွင်းမှ အဝါရောင်ဆေးမြစ်တမြစ်ကိုနုတ်ယူလိုက်ပြီး ကျောက်ပြင်တွင်ရေနှင့် သွေးကာ စည်းနှောင်ထားသော ပတ်တီးစများကိုဖြေခိုင်းလိုက်ပြီး ဆေးရည်ကို မရှိမရှာ ကိုယ်တိုင် လိမ်းကျံ ပေးလိုက်ပါသည်။ ငြီးတွားနေသောရဲဘော်သည် မီးကိုရေနှင့် သတ်လိုက်သကဲ့သို့ ငြိမ်ကျ



သွားပြီး တခေါခေါနှင့်အိပ်မောကျသွားပါတော့၏။

"ဗိုးရိမ်စရာမရှိတော့ပါဘူးသခင်ကြီး၊စိတ်ချတော်မူပါဘုရား"

ဗိုလ်ကြီး-အောင်မင်းကျော်သည် သူ၏နဖူးပြင်မှချွေးပေါက်ကြီးများကို ယခုမှပင် လက်ကိုင်ပုဝါနှင့် သုတ်နိုင်ခွင့်ရရှိတော့၏။ ကျန်ရဲဘော်များသည် ဝမ်းမြောက်စမ်းသာနှင့် ချက်ခြင်း အမောတွေ ပြေပျောက်သွားပါတော့သည်။

မိုးသားများသည်ကင်းစင်လာသလောက် မလင်းတလင်း လရောင်ကလေး ခပ်ရေးရေး သည့်လည်း တောင်ထိပ် စခမ်းထိတွင် ငွေရောင်များဖြန့်ချိနေတော့၏။ အရံသင့်ထိုးထားသော မီးလုံလေလုံတဲများအတွင်းဝယ် တောင်တန်းကေရီ သခင်မကြီးတို့ ညီအမနှင့် ဗိုလ်ကြီး-အောင်မင်းကျော်တို့သည် ဇာတ်ပေါင်းခဏ်းတွေကို ပြန်၍ ပြောဆိုနေကြသလောက် ဥတ္တရံပူရ မြည်သူမြည်သားများနှင့် ဗိုလ်ကြီး-အောင်မင်းကျော်၏ ရဲဘော်များသည် ခင်မင်ရင်းနှီးခဲ့သူများ ဖြစ်ပြီ မမောနိုင်-မပန်းနိုင် တရုံးရုံး စကားတွေပြောလျက် အလွမ်းသယ်နေခိုက်ဖြစ်ပေ၏။

"မာလာဝတီ....ပုညနဲ့ အောက်ကျွင်းက ပါလာတဲ့ ရှမ်းအမျိုးသား နှစ်ယောက်ကို ရှေ့တော်သွင်းလိုက်စမ်း"

အမိန့်ပေးလိုက်ရာ လမ်းပြပုညနှင့်ရှမ်းအမျိုးသားနှစ်ယောက်သည် အလွန်ရိုသေစွာဖြင့် ပုဆစ်ဒူးတုပ်ဝင်ရောက် ခစားလိုက်ကြသည်တွင် တောင်တန်းကေရီသခင်မကြီးသည် ရှမ်းဘာသာနှင့် အောက်ကျွင်းမှ လိုက်လာသောရှမ်းအမျိုးသားနှစ်ယောက်ကို တလုံးခြင်းမေးမြန်းနေပါသည်။

ရှမ်းအမျိုးသားနှစ်ယောက်မှ အင်မတန်ပြီသလှသောရှမ်းစကားကို ပိုင်နိုင်စွာ ပြောဆိုနိုင်သော တောင်တန်းကေရီ သခင်မကြီးကို မြော်၍ပူးရင်း ရှတ်တရက်အံ့အားသင့်ကာ တခွန်းပဲလေမှပင်ပြန်၍

www.burmeseclassic.com

www.burmeseclassic.com



လျှောက်တင်ရန် မေ့နေခဲ့ကြပါသည်။ တောင်တန်းကေရီ သခင်မကြီးက ရှမ်းဘာသာနှင့်....

"အမောင်တို့ဆုံးဖြတ်ချက်ကို သခင်မကြီးသိပါရစေ"

ဟူ၍ ရှမ်းဘာသာနှင့် ထပ်မံ၍သတိပေးလိုက်မှ ရှမ်းလုလင်နှစ်ဦးသည် ရှည်လျားစွာဖြင့် ရှမ်းဘာသာနှင့် ပြန်၍ လျှောက်တင်နေပါသည်။ တောင်တန်းကေရီ သခင်မကြီးသည် ဗိုလ်ကြီး—အောင်မင်းကျော် ဘက်သို့လှည့်၍အထက်တန်းကျလှသောအင်္ဂလိပ်ဘာသာနှင့်-

"အောက်ကျင်းမှ ရန်သူအန္တရာယ်ကြောင့် လိုက်ပါလာကြတဲ့ ရှမ်းအမျိုးသားနှစ်ယောက်က ရွှေမြို့တော်တွင် ရိုးမြေကျနေထိုင်ခွင့် တောင်းနေတယ်၊ မောင်တော်ဘုရား သခင်ကြီးရဲ့ အကြံဉာဏ်ကို အမိန့်တော်ရှိပါ"

ဤတွင် ဗိုလ်ကြီးအောင်မင်းကျော်သည်....

"သူတို့သဘောအတိုင်း နေထိုင်ခွင့်ပြုသင့်ပါတယ် သခင်မကြီး၊ ဒါနဲ့ သခင်မကြီး အင်္ဂလိပ် စကားပြောနည်းကို ဘယ်လိုလုပ်ပြီး သင်ကြားတတ်မြောက်ခဲ့သလဲ....မောင်တော် သခင်ကြီး မသိရဘူးလား...."

အင်္ဂလိပ်ဘာသာ နှင့်ပင် ပြန်၍မေးလိုက်ရာ တောင်တန်းကေရီ သခင်မကြီးသည် တချက်ပြုံးလိုက်ပြီးနောက်—ဂျပန်ဘာသာနှင့်....

"တရာ့တပါး လူမျိုးတိုင်းဘာသာ စကားများသာမက ကျေးငှက် တိရစ္ဆာန်တွေရဲ့ ဘာသာ စကားပင် တတ်မြောက် နိုင်သော သမထပညာကို သခင်ကြီးကျိုးပမ်းခဲ့ရင် ကိုယ်တွေ့သိရှိတတ်မြောက်နိုင်ခွင့်ရှိပါတယ်ဘုရား"

ဟူ၍ ဘာသာတမျိုးဖြင့်လှည့်၍ အဖြေ ပေးလိုက်သည်ကြောင့် ဗိုလ်ကြီး-အောင်မင်းကျော်သည် ခေါင်းတညိတ်ညိတ်နှင့် များစွာ ကျေနပ်သွားပါတော့သည်။



ရှမ်းအမျိုးသားနှစ်ဦးကို တောင်တန်းကေရီသခင်မကြီးက နေထိုင်ခွင့်ပြုကြောင်း အမိန့်ချမှတ်လိုက်ပြီး၊ မြန်မာဘာသာဖြင့်....

"မောင်တော် သခင်ကြီး နောက်ကို မိတ္တာရန်သူတွေကလိုက်ဘို့ ကျိုးစားနေကြတယ်၊ ဒါကြောင့် မြေမျက်နှာပြင် အခြေအနေတွေ ပြောင်းလွဲပစ်ဘို့လိုပါတယ် သခင်ကြီး"

"ဟုတ်တယ်....ရန်သူတွေက ထက်ချပ်မကွာ လိုက်နေကြတယ် သခင်မကြီး၊ သင့်သလိုစီမံပေတော့"

ဗိုလ်ကြီး အောင်မင်းကျော်သည် တိကျသောအဖြေကို ပေးလိုက်သည်တွင် တောင်တန်းကေရီသခင်မကြီးသည် ထ၍ရပ်လိုက်ပြီးနောက် အနောက်ဘက်သို့မျက်နှာမူကာ မျက်စေ့နှစ်လုံးမှိတ်၍ စိတ်အာရုံစုစည်းလိုက်ပြီး သမထဝင်စာ-လိုက်ပါသည်။ ထိုနောက် သူမ၏ ညာလက်ကိုဆန့်တန်း၍ တောင်မှ-မြောက်၊ မြောင်မှ့တောင်ဘက်သို့ အပြန်ပြန်အလှန်လှန်လေးငါးချီလှုပ်ရှားသည့်အခကာ၌ အနောက်ဘက် မိုင်ငါးဆယ်ခန့်အကွာမှ အနောက်စူးစူး တပြင်တွင် မြေကြီးများတုန်ဟီးကာ သွက်သွက်ခါ၍ ကြွတက်လာတော့သည်။ ထိုနောက် သွက်သွက်ခါကာတော်လဲပြီး ချောင်ကြီးလှုပ်နေပါတော့သည်။ တောင်ကြီးများပြိုသံများသည် ဟီး၍ထွက်ပေါ်လာချေ၏။

တောင်တန်းကေရီသခင်မကြီးသည် သူမ၏ ညာလက်ကို ပြန်၍ ရုတ်သိမ်းလိုက်မှ လျှောင်လှုပ်ခြင်းသည် တန့်ကနဲရပ်သွားပါတော့၏။

ရဲတော်များနှင့် ဥတ္တရံပုရပြည်သားများသည် တအံ့သြသြမျက်နှာတွေဖြင့် သူတို့၏သခင်မကြီး၏ စိတ်တန်ခိုး ပညာစွမ်းကို အသာကြည့်ရှုကာ များစွာလေးစားကြည်ညိုစိတ်ခတွေ တဘွားဘွား ပေါ်ပေါက်လာပါတော့သည်။

ရက္ခဘုမ္မိမြို့တော် အဝင်တံခါးအပြင်မှစ၍ သဲဖြူခင်း ရာဇလမ်းကာရံလျက် ဗမာ့ဒေါင်းလံကြီးများ တဝင့်ဝင့်နှင့် တခဲနက်သော

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူပြည်သားများ ကြိုဆိုသော မင်္ဂလာ ကောင်းချီးသံများသည် မိုးပြိုမန်းသိုက်မြိုက်ကျယ်ဝန်းလှပေ၏။ ဗိုလ်ကြီး-အောင်မင်းကျော် တောင်တန်းကောရီသခင်မကြီး၊ စောခမ်းနွဲ့တို့နောက်မှ အတွင်းပုဂ္ဂိုလ်ကြီးလေးပါး နှင့် ရဲရွှေတော်များ၊ ထိုနောက်မှ ဗိုလ်ကြီးအောင်မင်းကျော်၏ရဲဘော်များနှင့် လမ်းပြပုဂ္ဂိုလ်တို့ကို ဂုဏ်ပြုကြိုဆိုသော မင်္ဂလာအခမ်းအနားမှာ ကြက်ပျံမကျ စီကားလှပါပေ၏။ သံမန်းပေါက်ပေါက်များ၊ ပန်းဖလ်များဖြင့် ကြဲဖြန့်ခြင်း၊ ကမ်းလှမ်းခြင်း စသည့် များစွာ ပဏ္ဏာရလှသော မင်္ဂလာ အစီအစဉ်ကြိုဆိုမှုများကြောင့် ရဲဘော်များအဖို့၌ သူတို့တွေ့ကြုံခံစားရသည့် ဘေးဒုက္ခအပေါင်းတို့မှ အားလုံးမေ့ပျောက်ကုန်ကြပါသည်။

မင်္ဂလာစည်တော်သံများကြားမှ ရွှေကြိုးငွေကြိုးများဖြင့် လမ်းခင်းထားသည့်အတိုင်း ဗိုလ်ကြီးအောင်မင်းကျော်တို့သည် ရက္ခဘုမ္မိ နန်းတော်ဦးဆီသို့ ဆက်လက်ချီတက်ခဲ့ကြပြီး၊ နန်းရင်ပြင်ရာဇပလ္လင်ပေါ်သို့ အရံသင့်တင်ထားသော မင်းမြောက်တန်ဆာ ငါးပါးကိုလည်းတွေ့လိုက်ရပေ၏။

ဗိုလ်ကြီးအောင်မင်းကျော်နှင့် သခင်မကြီးတို့ ညီအမတော် နှစ်ပါးသည် သလွန်တော်တခုတွင်ထိုင်လိုက်သည်နောက်၌ အပျိုတော်များသည် ကတီပါအနီဖြင့် ထွေးပိုက်ထားသည့် ခလေးနှစ်ဦးကို ဗိုလ်ကြီး-အောင်မင်းကျော်၏လက်တွင်းသို့ ဆက်သ လိုက်ပါတော့သည်။ ထွားထွား ကြိုင်းကြိုင်း ဖြူဖြူ ဖွေးဖွေး နှင့် ရုပ်ပိုင်းစီသာ အသက်အားဖြင့်မကွာခြားခဲ့သော ခလေးညီနောင်နှစ်ဦးသည် ပါးစပ်မှ တအားအားအသံထွက်ရင်း ဗိုလ်ကြီးအောင်မင်းကျော်၏မျက်နှာကို တန်းတန်းစွဲကြည့်ရှုနေကြပါသည်။

တောအထပ်ထပ် တောင်အထပ်ထပ် ဖြတ်ကျော်ခဲ့ရသော အသွားအပြန်ခရီးဒုက္ခ၊ သေနတ်များ၊ လှံ ရှပ်များ၌ ကျားကျားရား



ရားစွန့်စားတိုက်ခိုက်ခဲ့ရသော စစ်သားဒုက္ခ၊ ချစ်သူနှင့် ဝေးခဲ့ရသော ကွာခြားမှုဘဝဒုက္ခများသည် ဗိုလ်ကြီး အောင်မင်းကျော်အဖို့ ရေရွှင်သောရွှေကြာ၊ တိမ်လွှာကင်းစင်သောရွှေလမင်းကဲ့သို့ စိတ်မချမ်းသာမှုအားလုံး မေ့ပျောက်ကာ သူ၏ရင်သွေး သားတော်နှစ်ပါးကို ရွှန်းရွှန်းစားစားကြည့်ရင်း မပြောနိုင်အောင်ဝမ်းသာကြည်နူး နှစ်သက်နေမိပါတော့သတည်း။

မင်္ဂလာ စည်တော်သံများသည် ချိမ့်ချိမ့်သဲမျှ နန်း ရင်ပြင် တလျှောက်တွင်လှိုင်ခတ်ကာ များစွာကြည်နူး နာပျော်ဘွယ် ဖြစ်စေတော့၏။ ရဲဘော်များနှင့် ကွဲခွါနေခဲ့ရသော အိမ်သူဇနီးများ၊ ဆွေမျိုးများ၏ နှုတ်ဆက်သံ မေးခွန်းသံများသည်လည်း ဥတ္တရုံပုရပြည်အဘို့အသာယာဆုံးသောအချိန်အခါအဖြစ် ဖန်တီး ပေါ်ပေါက်စေတော့သည်။

ဗိုလ်ကြီးအောင်မင်းကျော်သည် သူ၏လက်နက်ကိုင်ရဲဘော်များကို အောက်မြို့တော်တွင် တမန်ကြီးထံတွင်အပ်နှံခဲ့ပြီးနောက် တောင်တန်းကောရီသခင်မကြီးနှင့် စောခမ်းနွဲ့တို့ကိုခေါ်ယူခဲ့ပြီး သားတော်နှစ်ပါးနှင့်အတူ သီလဝံသမြို့တော်ဆီသို့ သုံးရက်အကြာတွင် ခရီးဆက်ထွက်ခဲ့လေသည်။

သီလဝံသ မြို့စောင့်သူ မြို့တော်သားများ၏ အဖူးအမျှော်အပူဇော်ကိုခံယူကြပြီးနောက် တောင်တန်း ကောရီ သခင်မကြီး၏ စီစဉ်ချက်အရ အတွင်းမြို့တော်ဆီသို့ တဖန်ဆက်လက်၍ ခရီးထွက်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသာယာသော အာရုံ့တို့ဖုံဝေးရာအတွင်းမြို့တော်၏ရင်ပြင်၊ တသွင်သွင်တိုက်ခတ်သောလေပြေဝယ်၊ ပန်းပေါင်းစုံရနံ့များသည် တကြိုင်ကြိုင်မွှေးနံ့ပြန့်ကာ သူတော်စင်သူတော်ကောင်းတို့အတွက် လက်ဆောင်မွန်အဖြစ် ဂုဏ်ပြုဆက်သနေသကဲ့သို့ပင်....

ငွေတောင်၊ ရွှေတောင်၊ ပတ္တမြားတောင်ကြီးများ၏ရောင်ပြန်ဟပ်မှုကြောင့်အတွင်းမြို့တော်၏မြေပြင်သည် လှပတင့်ဆန်းလှသော အရောင်မျိုးစုံထွက်ပေါ်နေပါသည်။ စမ်းချောင်းကလေးများမှ ကြည်လင် အေးမြလှသော ရေစီးသံ သဲ့သဲ့ကလေးများ သာယာလျက် ဂီတသံများအဖြစ် အတွင်းမြို့တော်၏ အေးမြသာယာမှုကို ဩဘာပေးနေသည့်အလား ကြည်နူးစရာ အသံများအဖြစ် ပေါ်ထွက်နေတော့၏။

မိသားဖသားစုံညီစွာဖြင့် ဗိုလ်ကြီးအောင်မင်းကျော်၊ တောင်တန်းကေရီသခင်မကြီး၊ စောခမ်းနွဲ့၊ သားတော်နှစ်ပါး နှင့် အတွင်းပုဂ္ဂိုလ်ကြီးလေးဦးတို့သည် ဘိုးအာယု ရှေ့မှောက်တွင် ကန်တော့လျက်ရှိကြပေ၏။

"သခင်ကြီး....ရှေ့ဆက်ပြီး စစ်တိုက်ချင်တဲ့ဆန္ဒတွေ ရှိသေးသလား"

"ဘိုးအာယုက မေးမြန်းသည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်သည် ပြေအေးသောအသံဖြင့်....

"သတ္တဝါအချင်းချင်း သေကြေပျက်စီးစေတဲ့ ခိုက်ရန်ဒေါသစိတ် ရှေ့ဆောင်တဲ့ စစ်တိုက်ခိုက်မှုကို မလိုလားပါတော့ဘူး ဘိုးဘိုးရယ်၊ မကောင်းတဲ့အလုပ်မှန်းရိပ်မိပါပြီ"

"သာဓု....သာဓု....သာဓု၊ လောဘ—ဒေါသ—မောဟ- စိတ်သုံးပါးဟာ သတ္တဝါတွေကို အပါယ်ဘုံဆွဲသွင်းတဲ့ ရန်သူကြီးသုံးပါး



ကဲသခင်ကြီး၊ ကောင်းပြီ-ကောင်းပြီ-ဒီလိုသူတော်ကောင်းစိတ်ဓါတ်တွေရှိဘိုကိစ္စ ဘိုးဘိုးတို့ ကျိုးပန်းလာခဲ့ကြတာ-၊

"ဒါနဲ့ သခင်ကြီးရဲ့ ဖြစ်စဉ်ဘဝတွေကို မသိချင်ဘူးလား၊ တကြိမ်တခါက သခင်ကြီးစိတ်ဓါတ်ပြောင်းလာရင် ဘိုးဘိုးက ဖွင့်ဟပြန်ပြောမယ်လို့ ဂတိထားခဲ့တဲ့ကိစ္စတဲ"

"သိချင်ပါတယ်ဘိုးဘိုး၊ တခါတခါတော့ အိပ်မက်မက်နေတယ်လို့ထင်မိပါတယ်"

"ကိုင်း....လာကြ-လာကြ...၊ သိပြီးရင်လဲ ဘယ်လိုမှစိတ်တဲ့မှာ ဘက်ပြီးမထားနဲ့ လူမျိုးနဲ့ရာဇဝင်ဆိုတာကတော့ ရှိစမြဲဘဲ"

ရှေ့ဆောင်ကာ ဘိုးအာယုသည် လမ်းပြကာခေါ်ဆောင်ခဲ့ပါသည်။ အတွင်းမြို့တော်၏ တောင်ဘက်အစွန်ဆုံးကျောက်ပြသာဒ်ကြီး အတွင်းသို့ရောက်ရှိခဲ့ကြပြီးနောက် ကျောက်တံခါးကြီးကိုဘိုးအာယုက ဖွင့်ကာပြသလိုက်ရာ....၊ အရပ်အမောင်း ထောင်ထောင် မောင်းမောင်းနှင့် အသက်ခြောက်ဆယ်ခန့်အရွယ်တော်ရှိ ဘုန်းတော်ကြီး တပါး၏ရုပ်ပုံကြီးကို ဖူးတွေ့လိုက်ရပေ၏။ ဘုန်းတော်ကြီး၏ ညာဘက်လက်၌ တောင်ဝှေးတချောင်းကိုင်ဆောင်၍ထားပြီး မျက်နှာတော်မှာ အင်မတန်ကြည်ညိုစရာကောင်းလှပေ၏။

"အောက်က ကမ္ပည်းစာကိုဖတ်ကြစမ်း"

ဘိုးအာယုက ညွှန်ကြား လိုက်သည်တွင် ဗိုလ်ကြီး-အောင်မင်းကျော်သည် ရှေးလက်ရေးမူမျိုးနှင့် ရေးသားထားသည့် မြန်မာစာလုံးများကို လှမ်း၍ဖတ်လိုက်ရာ....

"အသျှင်ရေဝတ လူဝတ်ကြောင် ဘွဲ့တော် မင်းကြီးရန်အောင် သက္ကရာဇ် ၁၀၀၄-ခုနှစ်၊ ပျံလွန်သည်"

ဟူသောစာလုံးများကို ဖတ်ရှုလိုက်ရပေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီပုဂ္ဂိုလ်ဟာ သခင်ကြီးနဲ့ သခင်မကြီးတို့ရဲ့ ကျေးဇူးရှင် ဘခမည်းတော်ကြီး ဖြစ်ပေတယ်၊ ဘိုးအာယုကတော့ဆရာတော်ဘုရားရဲ့ လက်သုံးလူရိုတပည့်ရင်းဖြစ်ခဲ့လို့ ဆရာတော်ကြီး ပေးအပ်ခဲ့တဲ့ တာဝန်အရ၊ ပညာစုံပေါက် လူလားမြောက်အောင် သင်ကြားပို့ချရမဲ့တာဝန်ကို ယူထားရတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်"

ဗိုလ်ကြီး အောင်မင်းကျော်သည် အဓိပ္ပါယ်မရှင်းသည့်ကြောင့်-

"ကျွန်တော်တို့နဲ့ မင်းကြီးရန်နောင်ဘယ်လိုတော်စပ်ပြီးဆွေမျိုးတော်စပ်ခဲ့သလဲ ဘိုးဘိုး....အမိန့်ရှိပါအုံး"

"ကောင်းပြီ ကောင်းပြီ....တိုတိုနဲ့ လိုရင်းကို ရှင်းရလိမ့်မယ်....၊ အတိတ်ကိုပြန်မပြောလို့ ဘာမှအကျိုးကျေးဇူးမရနိုင်ဘူး"

"သက္ကရာဇ် ၇၆၃-ခုနှစ်မှာ ထီးနန်းစည်းစိမ်ကို လက်ခံရရှိတဲ့ ရွှေနန်းကျော့ရှင်မင်းရဲ့ အိမ်ရှေ့ သားတော် မင်းကြီး ညို၊ အိမ်ရှေ့မိဖုရားဟာ သခင်ကြီးရဲ့ မိဘနှစ်ပါး ကျေးဇူးရှင်တွေ ဖြစ်ကြတယ်၊ သခင်မကြီးကတော့ သခင်ကြီး-မင်းကြီးရန်အောင်ရဲ့ ရင်သွေးသမီးတော် ဖြစ်တယ်၊ စောခမ်းနွဲ့အမည်ခံ စောသန်္ဒါကတော့ ရွှေနန်းကျော့ရှင်ရဲ့ သားတော်အငယ် မင်းကြီးထွေးနဲ့ မိုးညှင်းသခင်မတို့စုံဖက်ရာမှ ရရှိတဲ့သမီးတော်ဖြစ်ကြတယ်"

"သခင်ကြီးက ဝတ်ကြောင်ကိုရှုမှန်းပြီး တောထွက်တဲ့ အခါမှာ အားကိုးရာမဲ့နေတဲ့ သခင်ကြီးနဲ့ စောသန်္ဒါတို့ဟာ— အရွယ်မရောက်တရောက်အဝမှာ သခင်ကြီး-မင်းကြီးရန်နောင် နောက်ကိုလိုက်ပါလာခဲ့ကြတယ်၊ သုံးဦးသားအတူနေပြီး၊ လူလားမြောက်တဲ့အခါမှာ ဆရာတော်ဘုရားက သခင်ကြီးတို့သုံးဦးစလုံးကို လောကီပညာရပ်တွေကိုလိုက်စားသင်ကြားခိုင်းခဲ့တယ်၊ အခြေခံပညာ တတ်မြောက်ခဲ့ပြီး၊ ရှေ့ရင့်မာသော ပညာအဆင့်သို့တက်ခါနီးမှာ သုံးဦးစလုံး ဂတိသစ္စာဆိုခဲ့ကြတယ်…၊ သခင်ကြီးကို တောင်တန်း ကေရီ



အမည်ခံ မြန်န္တာနဲ့ စောခမ်းနွဲ့အမည်ခံ စောသန်္ဒါတို့က အိမ်ထောင်ရှင် အဖြစ်နဲ့ လက်ဆက်ပြီး ဗုဒ္ဓသာသနာ ကမ္ဘာကို နေ့သို့လင်းစေရန် လုပ်ဆောင်ပါမယ်လို့ သစ္စာအဓိဋ္ဌာန်ဆိုပြီး၊ ပညာအဆင့် အတန်း ဆက်ခံခဲ့ကြတယ်"

"လောကီပညာနည်းအရ အသက်ရှည်အောင်၊ ရုပ်တွေမပျက်စီးအောင်၊ အကြွားအမြင့်စတဲ့ လောကီတံခိုးတွေလဲ အတော်ကလေး ရရှိခဲ့ကြတယ်၊ ဆရာတော်ဘုရားအနေနဲ့ တော့ လောကုတ္တရာစစ်စစ် ကျင့်သုံးခဲ့တဲ့ အတိုင်း သက်တော် တရာကျော်မှ ပျံလွန်ခဲ့တဲ့အတွက် ကျန်ရစ်ခဲ့တဲ့ တာဝန်ကြီးကို ဘိုးသက်ရှည်ခေါ်တဲ့ဘိုးအာယုကအားလုံး ယူပြီး လောကီပညာစခမ်းတွေသင်ပေးခဲ့တယ်"

"အဲဒီတုန်းမှာ သီပေါကို မိစ္ဆာအင်္ဂလိပ်တွေက ဖမ်းဆီးသွားပြီး ဗုဒ္ဓသာသနာညှိုးနွမ်းတယ်ဆိုတဲ့ သတင်းကြားရတာနဲ့ တပြိုင်နက်ထည်း ဇာတိသွေးမပျောက်နိုင်တဲ့ ဘွဲ့မည်ဟောင်း 'သူရမင်းကျော်' ဘွဲ့နာမရှိတဲ့သခင်ကြီးဟာ ဒေါသစိတ်အားကြီး ကြီးမားပြီး အဆုံးမှာ ပညာသင်ရင်း တန်းလန်းက ခန္ဓာနာမ်အိမ် ပြောင်းခဲ့ရတယ်၊ စောသန်္ဒါခမျာလဲရင်ကွဲနာရဲ့ ဘဲ သခင်ကြီး-သူရမင်းကျော်နဲ့ အတူ ခန္ဓာနာမ်အိမ်ပြောင်းခဲ့ရတယ်"

' ကံအားလျော်စွာ တောင်တန်းကေရီသခင်မကြီးဘွဲ့ခံ မြန်န္တာ သခင်မကြီးတပါးထည်း ကျန်ရစ်ခဲ့ပြီး သုံးဦးစုံဖက် ဘဝခြင်းပြန်ဆုံမိဘို့ ဘိုးအာယုနဲ့ သခင်မကြီးပါ နေ့စဉ်နှင့်အမျှ ပညာစခမ်း၊ ဒါန စခမ်း၊ သီလစခမ်းတွေနဲ့ ကျိုးပန်းခဲ့ရလို့ ခုပြန်ပြီး သုံးဦးစလုံးဆုံမိကြခြင်းဖြစ်ပေတယ်"

ကိုင်း....ဖြစ်သမျှ-တွေ့ကြုံသမျှ ဘဝနာထားပြီး၊ ရှေ့ကိုကိုယ့် အဓိဋ္ဌာန်မပျက်အောင်ကျိုးစားပြီး လောကီ-လောကုတ္တရာ လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



များ အောင်မြင်အောင်ကျိုးစားကြဖို့ ဘိုးအာယုက ထပ်လောင်း သတိပေးလိုက်ပါတယ်”

ဗိုလ်ကြီးအောင်မင်းကျော်၊ မတောင်တန်းကေရီသခင်မကြီး၊ စောခမ်းနွဲ့တို့သည် သူတို့၏ကျေးဇူးရှင်ရုပ်တုကို ရှိသေစွာဖြင့်ဦးချ ကန်တော့လိုက်ကြပြီး ဘိုးသက်ရှည်ကိုလည်း ဦးချကန်တော့လိုက်ကြပါသည်။

“သာသနာ့တဝက်လဲခါနီးပြီမို့ ကျိုးစားနိုင်မှ တော်ရုံကျမယ်၊ ကမ္ဘာမှာဗုဒ္ဓသာသနာ နေလို လလို ထွန်းလင်း ပေါ် နိုင်အောင် ပေါက်ပေါက် ရောက်ရောက် စွမ်းဆောင်အားထုတ်နိုင်ပါစေ သတည်း။

ဘိုးအာယု၏ဆုပေးခြင်းကို ဗိုလ်ကြီးအောင်မင်းကျော်၊ တောင်တန်း ကေရီ သခင်မကြီး၊ စောခမ်းနွဲ့တို့ သုံးဦးသားသည် ကျေနပ်ဝမ်းမြောက်စွာဖြင့် ခံယူလိုက်ကြပြီး ကြည်ရွှင်သောနှလုံးသားများဖြင့် သံသရာဘဝခရီးစဉ်မှာ သုံးဦးသားမကွာအတူ နိဗ္ဗူရွှေပြည်သို့ စုညီတက်လှမ်းနိုင်ကြရန် ထက်သန်သောစိတ်ဓါတ်များနှင့် အချင်းချင်း ဖလှယ်ကာ သုံးဦးစလုံး အပြုံးခြင်းလည်း ကြွယ်လိုက်ကြပါတော့သတည်း။

## တောင်းပန် မေတ္တာရပ်ခံချက်

ဤသို့ ဗိုလ်ကြီး-အောင်မင်းကျော်၏ မေတ္တာရပ်ခံချက်အတိုင်း ဝတ္ထုတပုဒ်အဖြစ် ပြီးမြောက်အောင် ရေးလိုက်ခြင်းအတွက် စာရေးသူ အနေဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း။



ဝတ္ထုဇာတ်ကြောင်း ‘ကြောင်ကွက်များ’ ‘ဟာကွက်’များ တွေ့ရှိခဲ့လျှင် စာရေးသူ၏တာဝန်သာဖြစ်ပြီး၊ ဗိုလ်ကြီး-အောင်မင်းကျော်၏ နေ့စဉ်မှတ်တမ်းသုံးအုပ်ကို ကောင်းစွာအသုံးမပြုတတ်သော စာရေးသူ၏ ချို့ယွင်းချက်များအဖြစ် မှတ်ယူစေလိုပါကြောင်း။ ။

မေတ္တာကြည်ရွှင် စေတနာမွန်ဖြင့်—

ဗိုလ်ထာရာ

(ရဲဘော်သုံးကျိပ်၊

www.burmeseclassic.com

www.burmeseclassic.com



သေသပ်ကောင်းမွန်၍ လုပ်ငန်းပိုင်ရှင်းများ၏ ကျေနပ်မှုရှိစေရန်
★ အတူးလုပ်ဆောင်ပေးလျက်ရှိသော ★

# သိဒ္ဓိဗလရောင်စုံပုံနှိပ်တိုက်

ကာလာ ရောင်စုံပုံနှိပ်ခြင်း-စာအုပ်စာစာတမ်း အမျိုးမျိုးများနှင့်၊
ပေါင်းကြွ ဘိတ်စာ အမျိုးမျိုး၊
ရွှေရောင်-ငွေရောင်-ပလပ်စတစ် နိုင်လွန်အိပ် ရောင်စုံ ပုံနှိပ်လုပ်ငန်း
တို့ကို၊
ခေတ်မှီသောစက်များဖြင့် ပြုလုပ်ပေးနေပါသည်။

## လုပ်ငန်းပိုင်ရှင်ကြီးများ၏ စိတ်တိုင်းကျ
## ဖြစ်မဖြစ်သိရှိရန်

တခါတခေါက် ကြွရောက်၍ အပ်နှံတော်
မူကြပါ။

အမှတ် (၂၇၆) ဘားလမ်း ရန်ကုန်။ (ဖုံး- ၁၀၈၁၅)

www.burmeseclassic.com